၇ ရက် သတင်းဂျာနယ်

# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI
MEN'S AND LADIES' WEARS



အတွဲ(၁၀)၊ အမှတ်(၁၆) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက် ၊ ကြာသပတေး၊ (ဇူလိုင် ၇ ၊ ၂၀၁၁)




တိုးမြှင့်ပင်စင်လစာတောင်းခံလွှာတင်ရန် ပင်စင်ဦးစီးဌာနသို့ ရောက်ရှိလာသည့် ပင်စင်စားများကို ဇူလိုင်၄ရက်က တွေ့ရစဉ်
ဓာတ်ပုံ - ဇေယျာမောင်မောင်(အမရပူရ)

## ပို့ကုန်ပေါ်အခွန်ကောက်ခံခြင်း သုံးရာခိုင်နှုန်းစတင်လျှော့

အားမာန်

ရန်ကုန် - ဇူလိုင်၂

ပို့ကုန်လုပ်ငန်းရှင်တိုင်းလိုလားနေသော ပြည်ပသို့ပို့ကုန်တင်ပို့ရာတွင် ရရှိသောငွေအပေါ်မှ ၁၀ရာခိုင်နှုန်း အခွန်ကောက်ခံခြင်းကိုစတင်လျှော့ပေါ့ပေးလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပို့ကုန်ရငွေမှကုန်သွယ်လုပ်ငန်းခွန်၈ရာခိုင်နှုန်းနှင့် အရောင်းခွန် ၂ရာခိုင်နှုန်း၊ စုစုပေါင်း ၁၀ရာခိုင်နှုန်းကောက်ခံနေရာမှ ကုန်သွယ်ခွန်ကို၃ရာခိုင်နှုန်း လျှော့လိုက်ကာ ၅ရာခိုင်နှုန်းကို သာဇူလိုင်၁ ရက်မှစတင်ကောက်ခံတော့မည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဇွန်လ၃၀ရက်စွဲဖြင့် ကြေညာချက် အမှတ်၁၀၈/ ၂၀၁၁ ကို တရားဝင်ထုတ်ပြန်လိုက်သည်။

စာ(၁၂)သို့

## စက်သုံးဆီဈေး ရှိသင့်သောနှုန်းထက် ပိုများနေကြောင်း တာဝန်ရှိသူပြောကြား

အားမာန်

ရန်ကုန်၊ ဇွန် - ၃၀

ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် ယခုလပိုင်းအတွင်း ရောင်းချပေးနေသောဈေးနှုန်းများမှာ ရှိသင့်သောနှုန်းထက် များနေကြောင်း သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူက ဇွန်လ ၂၉ရက်တွင် စက်သုံးဆီဆိုင်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့ကြောင်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သောလုပ်ငန်းရှင်များကပြောသည်။

စာ(၁၂)သို့

## နိုင်ငံသားအမည်ခံ ပြည်ပမြှုပ်နှံမှုများက အိမ်ခြံမြေဈေးပိုခိုင်မာစေ

စာ(၂၅)သို့



# အနိမ့်ဆုံး ပင်စင်လစာ ကျပ်နှစ်သောင်းမှ အမြင့်ဆုံး ကျပ်တစ်သိန်းတစ်သောင်းရရှိမည်


## နိုင်ငံအတွင်း စုစုပေါင်း ပင်စင်စား ဝန်ထမ်း ရှစ်သိန်းကျော်ရှိ

ကျော်သီဟ၊ ငြိမ်းငြိမ်းနိုင်

စာ(၂၉)သို့


- ပင်စင်လစာသစ်ခံစားဖို့ ဘယ်လိုဆောင်ရွက်မလဲ ၂၈
- တိုးမြှင့်ပင်စင်လစာ ဘယ်လိုတွက်မလဲ ၃၀
- မိခင်ဌာန ဖျက်သိမ်းထားသော ပင်စင်စားအချို့အခက်တွေ့ ၂၉
- ပင်စင်စားတို့ပျော်၍ အင်ဆားဗစ်တို့ မျှော် ၂၇


တိုးမြှင့်ပင်စင်လစာခံစားခွင့်နှင့်ပတ်သက်သည့်သတင်းအချက်အလက်ဆောင်းပါးတို့ကိုတင်ဆက်ထားပါသည် စာ ၂၇

7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

# ပစ်သတ်ခံရမှုကြောင့် တစ်နှစ်အတွင်း ထိုင်းရောက် မြန်မာရွှေ့ပြောင်းလုပ်သား ၁၆ ဦးသေဆုံး

**သဇင်ထွေး**

**ရန်ကုန်၊ ဇွန် – ၂၄**

ထိုင်းရဲတပ်ဖွဲ့မှ ပစ်သတ်ခဲ့မှုအပါအဝင် ၂၀၁၀ ပြည့်နှစ်အတွင်း ထိုင်းနိုင်ငံနယ်စပ်သို့တရားမဝင်သွားရောက်ခဲ့သော မြန်မာရွှေ့ပြောင်းလုပ်သား ပစ်သတ်ခံရမှုကြောင့် စုစုပေါင်း ၁၆ ဦးသေဆုံးခဲ့ကြောင်း လူကုန်ကူးမှုတိုက်ဖျက်ရေး ငါးနှစ်စီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ရက်တွင်မြန်မာရွှေ့ပြောင်းလုပ်သား ၁၂ဦးအား ထိုင်းနိုင်ငံ၊ ဘန်ကောက်သို့ တရားမဝင်ပို့ဆောင်ရန် မဲဆောက်တောလမ်းအတိုင်းခေါ်ဆောင်လာစဉ် ထိုင်းအမှတ်(၆)ရဲတိုင်း၊အမှတ်(၄၈)ဂိတ်ရဲအဖွဲ့က သေနတ်နှင့် ပစ်ခတ်သဖြင့် မြန်မာရွှေ့ပြောင်းလုပ်သား ကျား၅ဦး၊မ၄ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလ ၂၁ ရက်တွင် ၇ မိုင်ရွာ၊ကော့သောင်းနေသူလေးဦးတို့မှာစက်လှေဖြင့် ပင်လယ်ပြင်သို့သွားရောက်စဉ်ထိုင်းလူမျိုးဓားပြအဖွဲ့က ဓါးပြတိုက် လူသတ်ခဲ့သဖြင့် လေးဦးလုံး သေဆုံးခဲ့ပြီး ယင်းလ ၂၅ရက်တွင်ကော့သောင်းမှထိုင်းနိုင်ငံ၊ရနောင်းသို့ တရားမဝင်သွားရောက်သည့် မြန်မာရွှေ့ပြောင်းလုပ်သား ၁၅ ဦးသည် ရနောင်းမြို့ဟင်းခြံရပ်ကွက်၊ ဘန်းစံမလင်းရေနက်တံတားသို့ရောက်ရှိပြီး ထိုင်းလူမျိုးတစ်ဦးမောင်းနှင်သောမော်တော်ဖြင့် ဆက်လက်ထွက်ခွာလာစဉ် ရနောင်းမြို့အနီး ပစ်ခတ်ခံရသဖြင့် ယာဉ်ပေါ်ပါသူမြန်မာကလေးငယ် သုံးဦး သေဆုံးခဲ့ကြောင်း ၂၀၁၀နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

"ဒီလို သေဆုံးမှုတွေဟာ တော်တော်ရုပ်ဆိုးပါတယ်။တရားမဝင်သွားရောက်တဲ့အတွက် မလိုအပ်ဘဲသေဆုံးရတယ်။အခုတရားဝင်ပတ်စ်ပို့တွေကို နယ်စပ်တွေက နေထုတ်ပေးနေပါတယ်။ ရွှေ့ပြောင်းလုပ်သားတွေအတွက် စီမံချက်တွေနဲ့ အဆင်ပြေပြေသွားရောက်အလုပ်လုပ်နိုင်ရန်နှစ်နိုင်ငံအရာရှိကြီးတွေဆွေးနွေးနေပါပြီ" ဟုလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်က ပြောသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သောလူကုန်ကူးမှုများကိုသုံးသပ်ရာ၌ တရားမဝင်ရွှေ့ပြောင်း လုပ်သားနှင့်လူမှောင်ခိုမှုမှ တစ်ဆင့်လူကုန်ကူးမှုသို့ပြောင်းလဲသွားသည့်ဖြစ်စဉ်အများအပြားတွေ့ရှိရကြောင်း နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

## ရာသီဥတုအခြေအနေကြောင့် ပြည်တွင်း၊ ပြည်ပလေကြောင်းခရီးစဉ်များ နှောင့်နှေးမှုများဖြစ်နေ

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် – ၂**

ရာသီဥတုအခြေအနေကြောင့်ပြီးခဲ့သည့်လမှစ၍ ပြည်တွင်း၊ပြည်ပလေယာဉ်ခရီးစဉ်များအား အချိန်စောင့်ဆိုင်း၍ ထွက်ခွာရမှုများ မကြာခဏကြုံတွေ့လာရကြောင်း လေကြောင်းလိုင်းမှ တာဝန်ရှိသူများကပြောသည်။

"ဒီနေ့စစ်တွေကိုမထွက်ဖြစ်ဘူး။ ပြီးခဲ့တဲ့ တစ်လလုံး စစ်တွေကို အချိန်နောက်ကျပြီးမှ ထွက်ခဲ့ရတယ်"ဟု ပြည်တွင်းခရီးစဉ်များ ပျံသန်းပေးနေသော လေကြောင်းလိုင်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



**ရန်ကုန်လေဆိပ်တွင် ရပ်နားထားသည့် လေယာဉ်တစ်စီး**

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ထို့အပြင် ဇူလိုင်လ ၁ ရက်ကလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်လေဆိပ်တွင် မိနစ်၃၀ခန့်ကြာလေယာဉ်အဆင်း၊အတက်မပြုလုပ်နိုင်ခဲ့ကြောင်းလေကြောင်းလိုင်းများထံမှသိရသည်။

လေယာဉ်များအနေဖြင့် လေယာဉ်ဆင်းသက်ချိန်တွင် လေတိုက်နှုန်း တစ်နာရီ မိုင် ၃၀ တိုက်ခတ်နေခြင်းနှင့် လေယာဉ်ကွင်းအား တစ်မိုင်အမြင့်မှ မမြင်ရပါက ဆင်းသက်၍မရကြောင်း သိရသည်။

မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်၏အဆိုအရမြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှစ၍ ရာသီဥတုပြောင်းလဲမှုနှင့် ကြုံတွေ့လာရပြီး မိုးရွာသွန်းမှုပုံစံမှာလည်း ပြောင်းလဲလာခဲ့သည်ဟုဆိုသည်။

ရာသီဥတုအခြေအနေကြောင့် စစ်တွေ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းနှင့်ဟဲဟိုးမြို့များတွင်လေယာဉ်ဆင်းသက်ချိန် ပြောင်းလဲမှုနှင့် မကြာခဏ ကြုံတွေ့လာရကြောင်းသိရသည်။

## ဆန်အထူးပြုကုမဏီများ ဓာတ်မြေဩဇာကို အကြွေးစနစ်ဖြင့် ဝယ်ယူခွင့်ရ

**အားမာန်**

**ရန်ကုန်၊ ဇူလိုင် – ၂**

စွမ်းအင်ဝန်ကြီးဌာနက ဆန်အထူးပြုကုမ္ပဏီများသို့ ယူရီးယားဓာတ်မြေဩဇာ(ပုလဲ)ကို ခြောက်လဆိုင်း အကြွေးစနစ်ဖြင့် စတင်ရောင်းချပေးနေကြောင်း ဆန်အထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများကပြောသည်။

စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မြောင်းတကာ၊ ပုသိမ်၊ သရက်မှ ဓာတ်မြေဩဇာစက်ရုံများက ထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာကို ခြောက်လဆိုင်း အကြွေးစနစ်ဖြင့် ဆန်အထူးပြုကုမ္ပဏီတစ်ခုလျှင် တန်ချိန် ၂၀၀နှုန်းဖြင့် ယခုနှစ် မိုးစပါးမှစတင်၍ ထုတ်ရောင်းခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူက ပြောသည်။

တစ်တန်လျှင် ၃၈၀,၀၀၀ နှုန်းဖြင့် ရောင်းချခြင်းဖြစ်၍ တစ်အိတ်လျှင် ၁၉,၀၀၀ ကျပ် ကျသင့်ပြီး ပြင်ပတွင် ဝယ်ရသောနှုန်းနှင့်စာလျှင် သက်သာကြောင်း ဆန်အထူးပြုကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ၎င်း၏အဆိုအရ ပြင်ပတွင် ယူရီးယားဓာတ်မြေဩဇာတစ်အိတ်လျှင် ၂၁,၀၀၀ ဝန်းကျင်အထိ ရောင်းချကြောင်း သိရသည်။

စပါးစိုက်တောင်သူများသို့ သွင်းအားစုနှင့် နည်းပညာများထောက်ပံ့ပေးပြီး၊ ချေးငွေထုတ်ပေးသော ဆန်အထူးပြုကုမ္ပဏီပေါင်း လက်ရှိတွင် ၃၀ကျော်ရှိကာ ၎င်းကုမ္ပဏီများမှာ ၂၀၀၉ခုနှစ်မှစတင်၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။

# ပြည်ပမှ စက်သုံးဆီ တစ်လ ဂါလန်သန်း ၃၆၀ ကျော်တင်သွင်း

**အားမာန်**

**ရန်ကုန်၊ ဇွန် – ၂၉**

မြန်မာနိုင်ငံအတွက် တစ်လလျှင် ဒီဇယ်နှင့် အဆင့်မြင့်စက်ဆီ(အောက်တိန်း) ပျမ်းမျှ ဂါလန်ပေါင်း ၃၆၀ ကျော် တင်သွင်းနေရကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များကိုကိုးကား၍ စက်သုံးဆီတင်သွင်းသော လုပ်ငန်းရှင်အချို့က ပြောသည်။




**ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်**

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

နေပြည်တော်ရှိစွမ်းအင်ဝန်ကြီးဌာနရုံးတွင် ဇွန်လ ၂၉ရက်က ပြုလုပ်ခဲ့သော အစည်းအဝေး၌ တာဝန်ရှိသူများက လက်ရှိမြန်မာနိုင်ငံအတွက် ပြည်ပမှ တင်သွင်းနေသော ဒီဇယ်နှင့် အောက်တိန်း စုစုပေါင်း ဂါလန်သန်း ၃၆၀ ကျော်ရှိပြီး ကားများအတွက် ရောင်းချပေးမှုမှာ ဂါလန်သန်း ၆၀ ကျော်သာရှိကြောင်း လုပ်ငန်းရှင်များကို စာရင်းဇယားနှင့်တကွ ရှင်းပြခဲ့သည်။

တစ်လလျှင် ဒီဇယ်ဂါလန်ပေါင်း ၃၄၈ သန်းကျော် တင်သွင်းပြီး ကားများအတွက် ရောင်းချပေးရမှုမှာ ၅၅ သန်းကျော်သာရှိသည်ဟုဆိုသည်။ထို့အပြင်အောက်တိန်း တင်သွင်းမှုမှာ တစ်လလျှင် ဂါလန် ၂၅ သန်းကျော်ရှိပြီး ကားများအတွက်ရောင်းချရမှုမှာဂါလန် ၁၅ သန်းကျော်သာရှိသည်ဟု စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများကို ကိုးကား၍ အထက်ပါလုပ်ငန်းရှင်များကပြောသည်။ထို့ကြောင့်ဒီဇယ်နှင့်အောက်တိန်း လစဉ်တင်သွင်းမှုများထဲမှ ဂါလန်သန်း ၃၀၀ ကျော်မှာ ကားအတွက်မဟုတ်ဘဲ အခြားကဏ္ဍများတွင် အသုံးပြုနေခြင်းဖြစ်ကြောင်းလည်း ၎င်းတို့က ဆိုသည်။ ကျောက်စိမ်းနှင့် ရွှေတူးဖော်ရေးလုပ်ငန်းများမှာ စက်သုံးဆီအများဆုံးအသုံးပြုသော လုပ်ငန်းများဖြစ်နိုင်ပြီး နိုင်ငံတော်က ဆောင်ရွက်နေသည့်ဆောက်လုပ်ရေးစီမံကိန်းများမှာလည်း ဆီသုံးစွဲမှုများလာကြောင်း လုပ်ငန်းရှင်များကဆက်ပြောသည်။

ကျောက်စိမ်း၊ ကျောက်မျက်နှင့်ရွှေတူးဖော်ရေးလုပ်ငန်းများမှာ မိုးကာလတွင် အလုပ်နားလေ့ရှိသဖြင့် ထိုကာလ၌ ဆီဝယ်လိုအားနှင့်လိုအပ်ချက်လျော့နည်းမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များက သုံးသပ်သည်။

ပြည်တွင်း၌ ထုတ်လုပ်သည့် ဓာတ်ဆီကို စက်သုံးဆီဆိုင်များသို့ ခွဲတမ်းဖြင့် စွမ်းအင်ဝန်ကြီးဌာနက တစ်ဂါလန် ၂,၃၅၀ကျပ်ဖြင့် ရောင်းချပေးကာ ၂,၅၀၀ကျပ်ထက်မပိုသောနှုန်းဖြင့် ကားများသို့ ပြန်လည်ရောင်းချခွင့်ပြုထားသည်။ စွမ်းအင်ဝန်ကြီးဌာနက တစ်လလျှင်ဓာတ်ဆီဂါလန်ပေါင်း သန်း ၂၀ ဝန်းကျင် ထုတ်လုပ်ပေးလျက်ရှိကြောင်းလည်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.16 · JULY 7, 2011

# မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက ဆန်ပြည်ပတင်ပို့ခွင့်ပြုသော ပုံစံသစ်ကိုချမှတ်

အားမာန်၊ အောင်သူရ

ရန်ကုန်၊ ဇူလိုင် - ၂

**မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက စပါးစိုက်တောင်သူများသို့ ဈေးငွေများများပေးလျှင် ဆန်ပြည်ပတင်ပို့ခွင့်များများရသော ဆန်တင်ပို့ခွင့်ပုံစံသစ်ကို ဇူလိုင်လ ၁ရက်ကပြုလုပ်ခဲ့သောအစည်းအဝေးတွင် သဘောတူ ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။**

ဇူလိုင်လ ၁ ရက်က ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့သည့် လုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီများကို ဆန်ပြည်ပတင်ပို့ခွင့်ပြုသော ပုံစံသစ်ကို သဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း ၎င်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုပုံစံသစ်မှာ ဆန်တန်ချိန် ၂,၀၀၀ ပြည်ပတင်ပို့ပါက ဆန်အထူးပြုကုမ္ပဏီအနေဖြင့် စပါးစိုက်တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ အနည်းဆုံး ကျပ်သိန်းတစ်ထောင် ပေးရမည်ဖြစ်သည်။ ထို့အပြင် တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၁,၀၀၀ ထက် ပိုပေးသော ဆန်အထူးပြုကုမ္ပဏီများမှာ ချေးငွေထုတ်ပေးသည့်အပေါ် မူတည်၍ ဆန်တင်ပို့ခွင့် တန်ချိန်ပိုများမည်ဖြစ်ကြောင်း အသင်းမှ တာဝန်ရှိသူများကရှင်းပြသည်။

"ဒီပုံစံသစ်က ဆန်များများ တင်ပို့ချင်ရင် တောင်သူတွေကို များများချေးငွေပေးဆိုတဲ့ပုံစံပေါ့" ဟု တာဝန်ရှိသူကပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှာ ဆန်ပြည်ပတင်ပို့ခြင်းအတွက် ခွဲတမ်းသတ်မှတ်ခွင့်ကို ပြီးခဲ့သည့် ဇွန်လမှစတင်၍ သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဆန်ပြည်ပတင်ပို့ရန် ခွဲတမ်းသတ်မှတ်ခွင့်ရပြီး ရက်သတ္တပတ်အနည်းငယ်အကြာတွင် ဆန်တင်ပို့ခွင့်ပြုမည့်ပုံစံသစ်ကို ဆွေးနွေးသဘောတူခဲ့ခြင်းဖြစ်သည်။ သို့သော် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများသို့ ဆက်လက်တင်ပြထားကြောင်းလည်းသတင်းရရှိသည်။

"ဒီပုံစံသစ်က မျှတပါတယ်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့တဲ့လုပ်ငန်းမှာ ပါဝင်လုပ်ကိုင်နေတဲ့သူတွေကိုပဲ ဆန်တင်ပို့ခွင့်ပြုတာမို့လို့ပါ"ဟု ဆန်ပြည်ပတင်ပို့သော လုပ်ငန်းရှင်တစ်ဦးက သူ၏အမြင်ကိုပြောသည်။

လက်ရှိဆန်ပြည်ပတင်ပို့ခွင့်ပြုနေသောပုံစံမှာ ပြည်ပတင်ပို့သည့် ပမာဏစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကို ဆန်အထူးပြုကုမ္ပဏီများကရပြီး၊ ၂၅ ရာခိုင်နှုန်းကို ဆန်ပြည်ပတင်ပို့သည့် ရိုးရိုးကုမ္ပဏီများကရရှိသည်။ ကျန် ၂၅ ရာခိုင်နှုန်းကို ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူများက ရရှိခြင်းဖြစ်သည်။ ထိုပုံစံကိုလည်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းကပင် ဆွေးနွေးညှိနှိုင်းသဘောတူပြီး သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် ကျင့်သုံးနေခြင်းဖြစ်သည်။

ထို့ကြောင့် ဆန်ပြည်ပတင်ပို့ခွင့်ပြုသည့် ပုံစံသစ် ကျင့်သုံးပါက အထူးပြုကုမ္ပဏီများသာ ဆန်တင်ပို့လုပ်ကိုင်ခွင့်ရမည်ဖြစ်သည်။ ရိုးရိုးပို့ကုန်သွင်းကုန်ကုမ္ပဏီများအနေဖြင့် ထိုအခွင့်အရေးရရှိမည်မဟုတ်ပေ။



ဓာတ်ပုံ - အောင်အောင်

သုဝဏ္ဏကွင်းတွင် မွန်ဂိုလီးယားနှင့်မြန်မာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်

## မြန်မာလက်ရွေးစင်အသင်း တစ်နှစ်ကျော်ကြာ ပျောက်ဆုံးခဲ့သော အနိုင်ပွဲရလဒ်ပြန်လည်ရယူ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇူလိုင် - ၃

မြန်မာလက်ရွေးစင်ဘောလုံးအသင်းသည် မွန်ဂိုးလီးယားအသင်းအား အိမ်ကွင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ တစ်နှစ်ကျော်ကြာပျောက်ဆုံးနေသော နိုင်ပွဲရလဒ်ကို ပြန်လည်ရယူနိုင်ခဲ့သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ(အာရှဇုန်)ပထမအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဇူလိုင်လ ၃ရက်က သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်၌ မြန်မာအသင်းသည် ပိုင်စိုးနှင့် မိုင်အိုက်နိုင်တို့၏ ဒုတိယပိုင်း သွင်းဂိုးများဖြင့် အနိုင်ယူကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ပထမအကျော့(အဝေးကွင်း)တွင် မွန်ဂိုးလီးယားအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ထုတ်ပယ်ခံခဲ့ရသည့် ဆားဘီးယားနည်းပြနေရာတွင် တာဝန်ယူခဲ့သော နည်းပြချုပ်ဦးဆန်းဝင်းက ယခုပွဲအနိုင်ရရှိခြင်းသည် ၎င်းတော်၍မဟုတ်ဘဲ ကစားသမားများ၏ ကြိုးစားအားထုတ်မှုကြောင့်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအဖြစ် ဇူလိုင်လ ၂၃ ရက်နှင့် ၂၈ရက်တို့တွင် အိုမန်အသင်းနှင့်အဝေးကွင်း၊ အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

## CRIME CORNER

### တန်ဖိုးကျပ်၅၂သိန်းကျော် ပစ္စည်းပျောက်ဆုံးမှု ဖမ်းမိ

အိဖြူလွင်

ရန်ကုန်၊ ဇူလိုင် – ၂

လွန်ခဲ့သော တစ်လခန့်ကတည်းက နေအိမ်အခန်းတွင်း ထည့်ထားသည့်ငွေနှင့်ရွှေထည်တန်ဖိုး ကျပ်၅၂သိန်းကျော် ပျောက်ဆုံးခဲ့ရာ ခိုးယူသူအား ဖမ်းဆီးရမိခဲ့သည်။

မန္တလေး ချမ်းမြသာစည်မြို့နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့မှ စစ်ဆေးချက်များအရ ခိုးယူခံရသည့် နေအိမ်နှင့် ကပ်လျက်တွင်နေထိုင်သူက ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ၎င်းသည် ပစ္စည်းများ ခိုးယူပြီးနောက် ဆိုင်ကယ်နှင့် လက်ကိုင်ဖုန်းများ ဝယ်ယူကိုင်ဆောင်ခြင်းကို စစ်ဆေးရာမှ ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း သိရှိခဲ့ရသည်ဟု သိရသည်။

ပြစ်မှုကျူးလွန်သူအား ခိုးယူထားသည့် ရွှေထည်ပစ္စည်းများ၊ အခြားသက်သေခံပစ္စည်းများနှင့်အတူ ဇွန်လ ၇ ရက်တွင် ဖမ်းဆီးရမိခဲ့ပြီး အမှတ်(၁၁)ရဲစခန်းတွင်(ပ)၂၀၀/၂၀၁၁ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

### အမျိုးသမီးတစ်ဦးအား တ ု တ်အမျိုးသားနှစ်ဦးနှင့် လက်ထပ်ရန် ရောင်းချသူများကို အရေးယူ

ဝတ်ရည်

ရန်ကုန်၊ ဇူလိုင် – ၂

အမျိုးသမီးတစ်ဦးအား တရုတ်အ မျိုးသားနှစ်ဦးနှင့် လက်ထပ်ပေးစားရန် ရောင်းချခဲ့သူများကို လူကုန်ကူးဥပဒေအရ အရေးယူခဲ့ကြောင်းသိရသည်။

၂၀၁၀ ပြည့်နှစ် မတ်လတွင် ဖြစ်ပွားခဲ့သော အမှုအား တောင်ကြီးခရိုင်ရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ လူကုန်ကူးသူအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄အရ အလုပ်နှင့် ထောင်ဒဏ် ၁၅နှစ်ကျခံစေရန်နှင့် တရားခံနေအိမ်မှ သိမ်းဆည်းရရှိသည့် တရုတ်ယွမ်ငွေ ၂၀၊ ကျပ်ငါးသောင်းနှင့် စီဒီဘီအိုတံဆိပ် ဖုန်းအခွံတစ်လုံးတို့အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး နစ်နာသူအား လျော်ကြေးငွေကျပ်သုံးသောင်းပေးစေရန် ယခုနှစ် မေလ ၃၁ရက်က အမိန့်ချလိုက်ပြီး ပူးတွဲတရားခံအား တရားခံပြေးအဖြစ် ကြေညာကာ ဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်းသိရသည်။

အဆိုပါအမှုအား တောင်ကြီးခရိုင်တရားရုံးမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ဖြင့် တရားစွဲဆိုပြီး (ပ) ၁၅၃/၂၀၁၀ ဖြင့် အရေးယူခဲ့ ကြောင်းသိရသည်။

# ထိုင်းရွှေ့ပြောင်းလုပ်သားမှတ်ပုံတင်သည့်လေးသိန်းတွင် မြန်မာလုပ်သားသုံးသိန်းခန့် ပါဝင်

အေးမြကျော်

ရန်ကုန်၊ ဇူလိုင် – ၂

ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများကို ထိုင်းအစိုးရက တရားဝင်အလုပ်သမားလက်မှတ်များ ထုတ်ပေးလျက်ရှိရာ ထုတ်ပေးသည့်နေ့မှ နှစ်ပတ်အတွင်း အလုပ်သမားလက်မှတ်ပြုလုပ်သည့်ဦးရေမှာ လေးသိန်းကျော်ရှိပြီး မြန်မာရွှေ့ပြောင်းလုပ်သားများ အများဆုံးပါဝင်ကြောင်း ထိုင်းနိုင်ငံ အလုပ်သမားရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများကို ကိုးကားကာ ဖူးခက်ကမ်းခြေမှ အလုပ်သမားရေးရာကူညီပေးနေသူတစ်ဦးကပြောသည်။



ထိုင်းနိုင်ငံရှိ ပုစွန်အအေးခန်းစက်ရုံတွင် လုပ်ကိုင်နေသော မြန်မာလုပ်သားနှစ်ဦး ဓာတ်ပုံ – အေအက်ဖ်ပီ

ဇွန်လ ၁၅ရက်မှစတင်ကာ ရွှေ့ပြောင်းအလုပ်သမားများအတွက် တရားဝင်မှတ်ပုံတင်လက်မှတ်များကို ထုတ်ပေးလျက်ရှိရာ နှစ်ပတ်အတွင်း လေးသိန်းကျော် မှတ်ပုံတင်လာရောက်ပြုလုပ်ပြီး ထိုအထဲတွင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားပေါင်း ၂၈၀,၀၀၀ ကျော် လာရောက်မှတ်ပုံတင်ထားပြီးဖြစ်သည်။ ထိုပမာဏမှာ အခြားသောနိုင်ငံများထက် အဆများစွာ များပြားသော ပမာဏဖြစ်ကြောင်း ထိုင်းနိုင်ငံ အလုပ်သမားရေးရာဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

တရားဝင် အလုပ်သမားမှတ်ပုံတင်လက်မှတ် လာရောက်ပြုလုပ်ကြသော ရွှေ့ပြောင်းလုပ်သားများတွင် လာအိုနိုင်ငံမှ ရွှေ့ပြောင်းလုပ်သား ၃၆,၅၁၄ ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ၇၃,၈၈၀ ဦးတို့ပါဝင်ကြောင်း စာရင်းများအရ သိရသည်။

ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအလုပ်သမားအရေအတွက် သုံးသိန်းကျော်ရှိပြီး၊ ယခု အသစ်ထပ်မံပြုလုပ်ထားသော အလုပ်သမားဦးရေလေးသိန်းကျော်နှင့် ပေါင်းလျှင် တရားဝင်မှတ်ပုံတင်သော အလုပ်သမားမှာ ခုနစ်သိန်းကျော်ရှိပြီး ထိုင်းအစိုးရအနေဖြင့် ယခုသတ်မှတ်ထားသောကာလပြီးဆုံးလျှင် ဦးရေတစ်သန်းအထိရှိလာရန် မျှော်မှန်းထားကြောင်း သိရသည်။ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများကို တရားဝင်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို ဇွန်လ ၁၅ရက်မှ ဇူလိုင် ၁၄ ရက်အထိ ကာလသတ်မှတ်ကာ ထုတ်ပေးသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားများကို တရားဝင်အလုပ်သမားလက်မှတ်ထုတ်ပေးသည့်ဌာနပေါင်း ၈၆ ခု ဖွင့်လှစ်ထားကာ ဇူလိုင် ၁၄ ရက်အထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## အခွန်ရှောင်လိုသည့်နိုင်ငံခြားသားကုမ္ပဏီအတွက် ပိုင်ရှင်အမည်ခံ မြန်မာဝန်ထမ်းများထောင်ရနှစ်အထိကျနိုင်

အောင်သူရ

ရန်ကုန်၊ ဇွန် – ၃၀

နိုင်ငံခြားသားလုပ်ငန်းရှင်များက တည်ထောင်ထားပြီး မြန်မာနိုင်ငံသားဝန်ထမ်းများကို ကုမ္ပဏီပိုင်ရှင်အမည်ခံထားခံရသည့် ဝန်ထမ်းအများစုမှာ အခွန်ဥပဒေအား နားမလည်ကြကြောင်း လုပ်ငန်းရှင်များ၏ ပြောပြချက်အရ သိရှိရသည်။

“ဥပမာ အခွန်ရှောင်ရင် ထောင်ခုနစ်နှစ်လောက်ကျနိုင်တယ်ဆိုတာ သူတို့မသိကြဘူး။ လစာနည်းနည်းတိုးပေးပြီး ကုမ္ပဏီပိုင်ရှင်အမည်ခံခိုင်တာကိုလုပ်နေကြတယ်”ဟု သွင်းကုန်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြောသည်။

သက်ဆိုင်ရာက အခွန်နှင့်ပတ်သက်၍ စစ်ဆေးပါက ကုမ္ပဏီပိုင်ရှင်အမည်ခံထားသူသာဖြေရှင်းရမည်ဖြစ်ပြီး အခွန်ရှောင်ထားသည်ကို တွေ့ရှိပါက ထောင်သုံးနှစ်မှ ဆယ်နှစ်အထိကျခံရနိုင်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

နယ်စပ်ကုန်သွယ်ရေးဇုန်ဖြစ်သော (အထူးသဖြင့်) မူဆယ်ကုန်သွယ်ရေးဇုန်တွင် သွင်းကုန်လုပ်ငန်းလုပ် ကိုင်နေသူ နိုင်ငံခြားသားအများစုမှာ မြန်မာဝန်ထမ်းများကို ကုမ္ပဏီပိုင်ရှင်အမည်ခံခိုင်းထားခြင်းများရှိကြောင်း သိရှိရသည်။

ပြီးခဲ့သည့် ဧပြီလ ၁ ရက်မှ စ၍ သွင်းကုန်လုပ်ငန်း လုပ်ကိုင်သူများအား ပင်ရင်းမှ နုတ်ယူပေးသွင်းခွန်(Withholding Tax) အဖြစ် ၃ ဒသမ ၅ ရာခိုင်နှုန်းပေးဆောင်ရန် သက်ဆိုင်ရာက သတ်မှတ်ခဲ့သည်။



# ယာဉ်မောင်းလိုင်စင်ပျောက်ဆုံးသူများ မိတ္တူထုတ်ယူသည့်ဒဏ်ကြေးတိုးမြှင့်

မေဝင်းမွန်

ရန်ကုန်၊ ဇွန် – ၂၉

မော်တော်ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများအနေဖြင့် ယာဉ်မောင်းလိုင်စင်ပျောက်ဆုံးပါက မိတ္တူထုတ်ယူသည့်ဒဏ်ကြေးငွေများတိုးမြှင့်သတ်မှတ်လိုက်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် သ ယာဉ်မောင်းလိုင်စင် (ယာဉ်မောင်းသင်လိုင်စင်) ကို ၁ နှစ်၊ ကျန်ယာဉ်မောင်းလိုင်စင်များဖြစ်သော က၊ ခ၊ ဂ၊ ဃ၊ င၊ ဌ၊ စ လိုင်စင်များကို ၃ နှစ်သက်တမ်းပြောင်းလဲသတ်မှတ်ပြီးနောက် သက်တမ်းသုံးနှစ်အတွင်း ပျောက်ဆုံးမိတ္တူကို နှစ်ကြိမ်သာ ထုတ်ယူခွင့်ပေးထားကြောင်းသိရသည်။

နှစ်ကြိမ်ထက်ကျော်လွန်ပါက မိတ္တူထုတ်ပေးရန် ခိုင်လုံသည့်အထောက်အထားစိစစ်ကာ ထုတ်ပေးလျက်ရှိပြီး ပြီးခဲ့သည့်လပိုင်းမှစ၍ တစ်ကြိမ်ထုတ်ပေးတိုင်း ဒဏ်ကြေး၅၀၀၀၀ကျပ်စီတိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။



မြန်မာနိုင်ငံအတွင်း ယာဉ်စီးရေလည်း တစ်နေ့တခြားများပြားလာခြင်းနှင့်အတူ ယာဉ်မောင်းများလည်း တိုးပွားလာနေသည် — ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

၁၉၆၄ ခုနှစ်မော်တော်ယာဉ် ဥပဒေအရလမ်းများပေါ်တွင်ယာဉ်မောင်းနှင်ရာ၌ ယာဉ်မောင်းလိုင်စင်ရှိမှသာ မောင်းနှင်ခွင့်ရှိသဖြင့် သက်တမ်းရှိသည့် ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်မောင်းနှင်ရမည်ဖြစ်ကာ လိုင်စင်မပါရှိကြောင်း စစ်ဆေးတွေ့ရှိပါက ပထမအကြိမ်မှာပင် ထောင်ဒဏ်၆လအထိ ကျခံရမည်ဖြစ်ကြောင်းသိရသည်။ ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးဆောင်ရွက်ရာတွင် လိုင်စင်တုပြုလုပ်ရန်မလွယ်ကူသည့် Smart Card လိုင်စင်ထုတ်ပေးလျက်ရှိကာ သက်တမ်းကုန်ဆုံးရက်မတိုင်မီ ၃လအတွင်းသက်တမ်းတိုးရမည်ဖြစ်ပြီး၊ ကုန်ဆုံးရက်ကျော်ပါက ဒဏ်ကြေး ကောက်ခံမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက နှိုးဆော်ချက်များ ထည့်သွင်းခဲ့သည်။

## နိုက်ကလပ်များကိုလည်း အရေးယူပြီ

အိဖြူလွင်

ရန်ကုန်၊ ဇွန် – ၃၀

အနှိပ်ခန်းနှင့် ကေတီဗီဇန်းပြုပြည့်တန်ဆာလုပ်ငန်းများကို အရေးယူပြီးသည့်နောက် ရန်ကုန်မြို့တွင်းရှိ နိုက်ကလပ်များကိုပါ စတင်အရေးယူနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးတစ်ဦးကပြောကြားသည်။

ရန်ကုန်မြို့တွင် နိုက်ကလပ်များကို အများဆုံးဖွင့်လှစ်ထားရှိသည်မှာ နိုင်ငံခြားသားများအများဆုံးတည်းခိုလေ့ရှိသော နိုင်ငံတကာအဆင့်မီဟိုတယ်များတွင်ဖြစ်ပြီး ဟိုတယ်မဟုတ်သော အခြားနေရာများတွင် ဖွင့်လှစ်ထားရှိမှုမှာ နည်းပါးသည်။

ပြည့်တန်ဆာလုပ်ငန်းများနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲမှု ရောင်းချမှုများ ခိုက်ရန်ဖြစ်ပွားမှုများရှိသည့် အနှိပ်ခန်းများအားလုံးကို ပြင်းထန်စွာအရေးယူပိတ်သိမ်းပြီးသည့်နောက် ထိုသို့လုပ်ငန်းများကိုတရားမဝင်လုပ်ကိုင်နေသည့် ကာရာအိုကေဆိုင်များကိုပါဝင်ရောက်စစ်ဆေးဖမ်းဆီးမှုများပြုလုပ်ခဲ့သည်။

ယခု ရန်ကုန်မြို့တွင် ညဥ့်နက်ပိုင်းမှဖွင့်လှစ်ပြီး အထက်တန်းလွှာများသာ အများဆုံးသွားရောက်သည့် နိုက်ကလပ်များကိုပါ စတင်အရေးယူခြင်းဖြစ်သည်ဟု သိရသည်။

ဟိုတယ်များတွင် ဖွင့်သော နိုက်ကလပ်များသည် Entertainment အမည်ဖြင့် အများဆုံးဖွင့်လှစ်ကြခြင်းဖြစ်ပြီး music club အဖြစ် ဖွင့်လှစ်ကြခြင်းများလည်းရှိသည်ဟုသိရသည်။

ဟိုတယ်မဟုတ်ဘဲ အခြားနေရာများတွင်ဖွင့်သော နိုက်ကလပ်များမှာလည်း တရားမဝင်ဖွင့်လှစ်ကြခြင်းဖြစ်ပြီး နိုက်ကလပ်များကိုတရားဝင်ဖွင့်လှစ်ခွင့်ပေးထားခြင်းမရှိဟုသိရသည်။

နိုက်ကလပ်များသာ မရှိတော့ပါက ရန်ကုန်မြို့၏ ညဘက်ကားပြိုင်ပွဲများလည်း နည်းသွားနိုင်ပြီး ယာဉ်တိုက်မှုများပါ တစ်ဆက်တည်း လျော့နည်းသွားနိုင်သည်ဟု ရန်ကုန်မြို့ခံတစ်ဦးက ပြောကြားသည်။

ထို့အပြင် နိုက်ကလပ်များသည် ပြည့်တန်ဆာများ အများဆုံးစုဝေးရာနေရာလည်းဖြစ်သည်ဟု အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်တားဆီးရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် အင်န်ဂျီအိုတစ်ခုမှ ဆရာဝန်တစ်ဦးကပြောသည်။



7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

## ဆန်ကွဲ ပြည်ပတင်ပို့ခွင့်ပြန်ပြု

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် – ၂**

ပြည်ပဈေးကွက်သို့ ၁၀ နှစ်ကျော်ကြာ တင်ပို့မှုရပ်နားထားသော ဆန်ကွဲကို ဇူလိုင်လတွင် ပြန်လည်တင်ပို့ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ စုံစမ်းသိရသည်။

"ရေကြောင်းကရော Border (နယ်စပ်)ကပါ ပို့ခွင့်ပြုမှာပါ"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ဆုံးဖြတ်ရခြင်းမှာ ယခုနှစ် မိုးစပါးထွက်ချိန်နှင့် နွေစပါးထွက်ချိန်တို့တွင် စပါးများ မိုးမိ၍ အရည်အသွေးညံ့ဖျင်းသဖြင့် ကြိတ်ခွဲသည့်အခါ အကျိုးအကြေများလာခဲ့ခြင်း ဖြစ်သည့်အတွက် ထိုကဲ့သို့ ဆုံးဖြတ်ရခြင်းဖြစ်သည်ဟု အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

ထို့အပြင် ယခုနှစ်တွင် ဒေါ်လာဈေးများ ကျဆင်းနေမှုကြောင့် မွေးမြူရေးလုပ်ငန်းများကို များစွာထိခိုက်ခဲ့သည်။ အထူးသဖြင့် ပြည်ပသို့ ငါးတင်ပို့ရာတွင် ဆုံးရှုံးမှုများရှိခဲ့သဖြင့် ငါးလုပ်ငန်းရှင်များသည် ပမာဏများစွာ လျှော့ချမွေးမြူရန်စီစဉ်လာကြရကြောင်း လုပ်ငန်းရှင်များထံမှသိရသည်။

မွေးမြူရေးဈေးကွက်ပေါ် အမှီပြု၍ လုပ်ကိုင်နေရသည့် ဆန်ကွဲဈေးကွက်တွင် ဈေးနှုန်းများ ထိုးကျနေခြင်းကြောင့် ယခုကဲ့သို့ စီစဉ်နေရခြင်းဖြစ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

"ဆန်ကွဲဈေးက အရမ်းကျနေတော့ ဆန်စက်သမားတွေက လည်ပတ်ဖို့ခက်တယ်။ ဆန်ကွဲက ပြည်တွင်းမှာ မွေးမြူရေးနဲ့ အရက်ချက်လုပ်ငန်းတွေလောက်ပဲ သုံးကြတာများတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

လက်ရှိ ပြည်ပသို့ ဆန်ကွဲတင်ပို့ရန် တန်ချိန်တစ်သောင်းကျော်စီစဉ်ထားပြီး အထူးသဖြင့် တရုတ်နှင့် အာဆီယံနိုင်ငံအချို့သို့ တင်ပို့မည်ဖြစ်ကြောင်းသိရသည်။ ပြည်ပဈေးကွက်တွင် လက်ရှိဆန်ကွဲပေါက်ဈေးမှာ အရည်အသွေးအကောင်းဆုံးကို တစ်တန်လျှင် ကန်ဒေါ်လာ ၂၉၀ မှ ၃၀၀ ကြားဈေးရှိသည်။ ဆန်ကွဲကို ၁၉၉၉ ခုနှစ်မှစတင်၍ ပြည်တွင်းမွေးမြူရေးလုပ်ငန်းများနှင့် အခြားသောလုပ်ငန်းများတွင် အသုံးပြုရန် တန်ချိန်များစွာ ပြည်ပသို့ တင်ပို့မှုကိုရပ်နားထားကြောင်းလည်းသိရသည်။

"ပြည်ပပို့ဖို့ စီစဉ်နေတယ်ကြားတော့ ဈေးကွက်ထဲမှာ နည်းနည်းလှုပ်သွားတယ်။ ဈေးနှုန်းလည်း တစ်အိတ်ကို ကျပ် ၂၀၀ လောက်ဈေးတက်သွားတယ်"ဟု မော်တင်မှ ပြည်တွင်း ဆန်လုပ်ငန်းရှင်တစ်ဦးကရှင်းပြသည်။

ရန်ကုန်ဈေးကွက်၌ ဆန်ကွဲသည် ယခုရက်ပိုင်းတွင် တစ်အိတ်လျှင် ၈,၀၀၀ မှ ၁၀,၀၀၀ ကျပ်ကြားဈေးရှိသည်။ မနှစ်က ယခုအချိန်တွင် တစ်အိတ်လျှင် ကျပ် ၉,၀၀၀ မှ ၁၁,၀၀၀ ကြားဈေးရှိကြောင်း ဖျာပုံဈေးကွက်တွင်လည်း ဆန်ကွဲသည် တစ်အိတ်လျှင် ကျပ် ၇,၀၀၀ ဝန်းကျင်ရှိကြောင်းသိရသည်။

## ပစ်ခတ်မှုများရပ်သွားသော်လည်း ဒေသခံများ နေရပ်မပြန်နိုင်သေး

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဇူလိုင် – ၁**

ကချင်ပြည်နယ်အတွင်း ပစ်ခတ်မှုများ ငြိမ်သက်သွားပြီဟုဆိုသော်လည်း စစ်ဘေးတိမ်းရှောင်လာသော ကချင်တိုင်းရင်းသားများမှာ နေရပ်သို့မပြန်ရဲသေးဘဲ ဘုရားကျောင်းနှင့်ဘုန်းကြီးကျောင်းများတွင်သာ အမိကခိုလှုံနေကြရကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

ပြီးခဲ့သည့်တစ်ပတ်ကျော်ထဲကပင်ပစ်ခတ်သံများ မကြားရတော့ကြောင်းဖြင့် ပစ်ခတ်မှုဖြစ်ပွားရာဒေသများတစ်ဝိုက်လူမှုရေးလုပ်ငန်းများ လုပ်ကိုင်နေသော ၂၉နှစ်အရွယ် ကချင်တိုင်းရင်းသူ အမျိုးသမီးတစ်ဦးကပြောကြားသည်။

"ဒုက္ခသည် အများစုက လက်နက်ဒဏ်ရာရတာမျိုးတွေ မရှိပါဘူး။ ပြေးရင်းလွှားရင်းဟိုရှဒီရှ ဖြစ်တာတွေ လောက်ပဲ ရှိတာ။ နေရပ်ကိုတော့မပြန်ရဲကြသေးဘူး။ သူတို့ကလည်းစစ်တော့မဖြစ်စေချင်ဘူး။ ဒါပေမဲ့ ခုလိုမတင်မကျကြီးဖြစ်နေတာတော့ မကြိုက်ကြဘူး။ တောင်ယာချိန်ဖြစ်နေတော့သူတို့မှာအလုပ်လည်းမလုပ်နိုင်တော့ဘူးဖြစ်နေတာ"ဟု သူမက ဆက်လက်ပြောကြားသည်။

ဒုက္ခသည်များတွင် ကလေးငယ်များလည်းပါဝင်ပြီး ဒေသတွင်ကျောင်းများလည်းပိတ်ထားရာ စစ်ရှောင်လာကြသော ထိုကလေးငယ်များပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ဒေသအာဏာပိုင်များက လက်ရှိရောက်ရှိရာနေရာများတွင် ကျောင်းတက်နိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်း KIA နှင့် မြန်မာ့တပ်မတော်ကြားပစ်ခတ်မှုများ ဇွန်လ ၉ ရက်ကစတင်ခဲ့ရာမှလတ်တလောတွင်ပစ်ခတ်မှုများရပ်တန့်နေခြင်းဖြစ်သည်။

ပြည်နယ်အတွင်းလက်ရှိ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ကချင်ပြည်နယ်အတွင်းမှ တရုတ်နယ်စပ်သို့ သွားသည့်ကားလမ်းများ ပုံမှန်သွားလာနိုင်သော်လည်း ကုန်ကားများ ပြန်လည်သွားလာခြင်းမရှိသေးဘဲ ခရီး သည်တင်လိုင်းကားများသာ ပြေးဆွဲလျက်ရှိကြောင်း မြစ်ကြီးနားအခြေစိုက်မှန်လုံအငှားယာဉ်မောင်းတစ်ဦးကပြောသည်။

## အောင်မင်္ဂလာအဝေးပြေးတွင်လည်းလုံခြုံရေး ကြပ်မတ်

**အေးမြကျော်**

**ရန်ကုန် – ဇူလိုင်၂**

မြန်မာနိုင်ငံအနှံ့သို့ခရီးသွားသော ခရီးသည်များ စုဝေးရာ အောင်မင်္ဂလာ အဝေးပြေးစခန်းတွင်လည်း လုံခြုံရေးကိုတိုးမြှင့်လိုက်ကြောင်း အဝေးပြေးမှတာဝန်ရှိသူများနှင့် ကားဂိတ်များထံမှသိရသည်။

အဝေးပြေးဝင်းအတွင်းလုံခြုံရေး ဆောင်ရွက်ရန်အတွက် အဝေးပြေး လုံခြုံရေးအဖွဲ့တစ်ဖွဲ့ကိုလည်းဖွဲ့စည်းလိုက်ပြီး ထိုအဖွဲ့မှပင် အဝေးပြေးဝင်းအတွင်းလုံခြုံရေးကိစ္စများကိုကြပ်မတ်ဆောင်ရွက်နေကြောင်း အောင်မင်္ဂလာအဝေးပြေးကွင်းမှ ကားဂိတ်များထံမှသိရသည်။



တစ်နိုင်ငံလုံးရှိ မြို့ကြီးများနှင့် ဆက်သွယ်ရာအချက်အချာကျသော အောင်မင်္ဂလာအဝေးပြေးကားဝင်းကို တွေ့ရစဉ်

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

"အဝေးပြေးဝင်းထဲမှာ လုံခြုံရေးတွေပိုတင်းကျပ်ထားတယ်။ အရင်က ရှိတဲ့အဖွဲ့ကို မွမ်းမံပြီး အဝေးပြေး လုံခြုံရေးအဖွဲ့ဆိုပြီး ထပ်ဖွဲ့လိုက်တယ်"ဟုအဝေးပြေးအခြေစိုက် ရန်ကုန်–ထားဝယ် ကားဂိတ်တစ်ခုမှ ဂိတ်ပိုင်ရှင်တစ်ဦးကပြောသည်။

ယခင်ကလည်းအဝေးပြေးကွင်းအတွင်းတွင် ကားများဆိုက်ရောက်သည်နှင့် ခရီးသည်များကို ချက်ချင်းမဆင်းစေဘဲအဝေးပြေးဝင်ပေါက်အနီး လုံခြုံရေးဂိတ်အနီးတွင် ဝင်ရောက်စစ်ဆေးခံရကြောင်း ခရီးသည်များထံမှ သိရသည်။

## ငါးလအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် လောင်းကစားမှု ၃၀၀ နီးပါး ဖမ်းမိ

**ကျော်သီဟ**

**ရန်ကုန်၊ ဇူလိုင် – ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၁ နှစ်စမှ မေလအထိလောင်းကစားမှုမျိုးစုံ အမှုပေါင်း ၃၀၀ နီးပါး ဖမ်းဆီးနှိမ်နင်းခဲ့ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လောင်းကစားအမျိုးအစားအားလုံးပပျောက်ရေးအတွက် မေလဆန်းပိုင်းမှစ၍ တင်းကျပ်စွာ စီမံချက်ချမှတ်ဆောင်ရွက်ကာ၊ မြို့နယ်၊ ရပ်ကွက်အချို့တွင်လောင်းကစားအသွင်သစ်တစ်မျိုးဖြစ်သော ဘင်ဂိုလောင်းကစားအား ဖမ်းဆီးခဲ့ခြင်း၊ နှစ်လုံးထီ၊ ချဲထီ၊ ဘောလုံးလောင်းကစား၊ ဖဲ၊ ဂျင်နှင့်အခြားလောင်းကစားခြင်းများကိုပါ အရေးယူခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ၂၀၁၁ မေလအထိ အမှုပေါင်း ၂၈၈ မှုမှ လောင်းကစားမှုအမျိုးအစားအလိုက်တရားခံပေါင်း ၄၄၆ဦးကိုပါ ရဲတပ်ဖွဲ့က အရေးယူခဲ့ကြောင်း အဆိုပါတပ်ဖွဲ့ စာရင်းများအရသိရသည်။

ယင်းတို့မှာ နှစ်လုံးထီအမှု ၂၃၈မှုနှင့် ကျပ်သိန်း ၁၃၀ကျော် ဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် ချဲထီအမှု ၁၂မှု၊ ဘောလုံးလောင်းကစားမှု ၁၀မှု၊ ဖဲ ၁၈မှု၊ ဂျင် ၁မှုနှင့် အခြားလောင်းကစားမှု ၉မှုတို့ဖြစ်သည်။

ပြီးခဲ့သည့် ၂နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် လောင်းကစားမှုများ ဖမ်းဆီးရမိမှုနှိုင်းယှဉ်ချက်မှာ အထူးသဖြင့် နှစ်လုံးထီ၊ ချဲထီ၊ ဘောလုံးလောင်းကစားအမှုများ ပိုမိုဖမ်းဆီးရမိနိုင်ခဲ့ကြောင်း သက်ဆိုင်ရာစာရင်းဇယားများအရသိရသည်။



## ကချင်ပြည်နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ခေတ္တရပ်ဆိုင်း

**အေးမြကျော်**

**ရန်ကုန်၊ ဇူလိုင် – ၂**

**ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် ကချင်ပြည်နယ်တွင်းတွင် လုပ်ဆောင်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအချို့ကို ယာယီရပ်ဆိုင်းထားကြကြောင်း လုပ်ငန်းလုပ်ဆောင်နေသောအဖွဲ့အစည်းများထံမှသိရသည်။**

ကချင်ပြည်နယ်ဒေသအချို့တွင် သစ်တောထိန်းသိမ်းရေး၊ သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်နေသောအဖွဲ့အစည်းများအနေနှင့် တိုက်ခိုက်မှုများဖြစ်ပွားရာ နေရာများနှင့်နီးသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရပ်နားထားကြောင်း အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်တို့လုပ်နေတဲ့ လူထုအခြေပြု သစ်တောထိန်းသိမ်းရေးလုပ်ငန်းပရောဂျက်တွေကို အပစ်အခတ်ဖြစ်တဲ့နေရာနဲ့ နီးတဲ့ မန်စီ၊ မိုးမောက်ဘက်က လုပ်ငန်းတွေ ခဏရပ်ထားတယ်"ဟု ကချင်ပြည်နယ်အတွင်းတွင် လူထုအခြေပြု သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နေသော တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကချင်ပြည်နယ်တွင် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးလုပ်ငန်းများကိုလုပ်ဆောင်နေရာမှ ခေတ္တရပ်နားကာ ပြန်လာသော ဝန်ထမ်းတစ်ဦးကလည်း "ကျွန်တော်တို့ သုတေသလုပ်နေတဲ့နေရာမှာပစ်တဲ့ခတ်တဲ့နေရာတွေနဲ့ဝေးပေမယ့် အသံတွေတော့ကြားနေရတယ်"ဟုပြောသည်။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံကွဲများ ပေါများစွာရှိသောပြည်နယ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ် စတင်ဖြစ်ပေါ်ရာ မေခနှင့် မလိခမြစ်ဆုံရာ ပြည်နယ်တစ်ခုဖြစ်သည့်ပြင် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိသောနေရာဖြစ်သည်။ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ကျားထိန်းသိမ်းရေးနယ်မြေဖြစ်သော ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေမှာလည်း ကချင်ပြည်နယ်အတွင်းမှာပင် တည်ရှိသည်။

မြစ်ကြီးနားမြို့ခံများ၏ ပြောကြားချက်အရ ပစ်ခတ်မှုများဖြစ်ပွားပြီး မြစ်ကြီးနားမြို့ပေါ်တွင်လည်း ဗုံးသုံးနေရာပေါက်ကွဲခဲ့ပြီးနောက် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ယာယီရပ်နားထားသည်ကို တွေ့ရကြောင်း ပြောကြားကြသည်။

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

# စားအုန်းဆီတင်သွင်းမည့်ကုမ္ပဏီများ တိုးလာဦးမည်

**အားမာန်၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၂၉**

စားအုန်းဆီတင်သွင်းလိုသူများကို ထပ်မံခွင့်ပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သက်ဆိုင်ရာဌာနက လက်ရှိ စားအုန်းဆီတင်သွင်းသောကုမ္ပဏီ ၁၆ ခုရှိရာမှ ကုမ္ပဏီ ၃၀ ရှိသည့်အထိ ကုမ္ပဏီအသစ် ၁၄ ခုထပ်မံခွင့်ပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူကပြောကြားခဲ့သည်ဟု ကိုယ်တိုင် စားအုန်းဆီတင်သွင်းသောလုပ်ငန်းရှင်များကပြောသည်။ အခြားစားအုန်းဆီတင်သွင်းသောကုမ္ပဏီအချို့၏အဆိုအရစားအုန်းဆီတင်သွင်းလိုပြီး၊ သတ်မှတ်ချက်နှင့်ကိုက်ညီသောကုမ္ပဏီအားလုံးကိုခွင့်ပြုမည်ဟုသိရကြောင်းလည်း ပြောသည်။

စားအုန်းဆီတင်သွင်းသောကုမ္ပဏီအသစ်များထပ်မံပေါ်ပေါက်လာပါက ကုမ္ပဏီများအပြိုင်တင်သွင်းရောင်းချပါက ပြည်တွင်းဈေးနှုန်းများပိုမိုသက်သာဖွယ်ရှိကြောင်း လုပ်ငန်းရှင်များက ပြောသည်။ သို့သော်ပြည်တွင်းစားအုန်းဆီဈေး ဆက်တိုက်ကျဆင်းနေမှုကြောင့် စားအုန်းဆီတင်သွင်းသောကုမ္ပဏီအချို့ အရှုံးပေါ်နေကြောင်းလည်းသတင်း ရရှိသည်။

စားအုန်းဆီ ဆိပ်ကမ်းအရောက်ဈေးနှုန်းမှာ ဇွန်လတတိယပတ်တွင် ၁၉၅၀ ကျပ်ရှိသော်လည်း ဇွန် ၂၈ ရက်တွင် ၁၆၅၀ ကျပ်ထိကျဆင်းသွားသည်။အပြင်ဈေးမှာလည်း ၁၇၉၀ ကျပ်သာရှိတော့ကြောင်းသတင်းရရှိသည်။

စားအုန်းဆီကိုယ်စားလှယ်အချို့မှာလည်း ထုတ်ဈေးထက်ပြင်ပဈေးနိမ့်၍ ရှုံးသူများရှိသည်ဟုဆိုသည်။ ဆီတင်သွင်းသောလုပ်ငန်းရှင်အချို့က ဆီကိုယ်စားလှယ်အချို့မှာ ထုတ်ဈေးတစ်ပိဿာ၁၉၁၀ကျပ်ရှိချိန်တွင် ခွဲတမ်းအတိုင်းလာမထုတ်ကြသူများရှိသည်ဟုလည်းပြောသည်။ ဆီတင်သွင်းသူများကို တင်သွင်းလာသော ဆီ၏ ၂၅ ရာခိုင်နှုန်းကိုရောင်းချရန် ယခုနောက်ဆုံးသတ်မှတ်ထားသည်။

သက်ဆိုင်ရာက စားအုန်းဆီတင်သွင်းသော ကုမ္ပဏီများကိုတန်ချိန် ၃၀၀၀ ဝန်းကျင်တင်သွင်းနိုင်သောငွေအရင်းအနှီးရှိပါမှ စိစစ်ခွင့်ပြုပေးခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းနည်းပါးချိန်စီးပွားရေးနယ်ပယ်စုံမှ လုပ်ငန်းရှင်အချို့ စားအုန်းဆီတင်သွင်းမှုဘက် အာရုံပြောင်းလာနိုင်ကြောင်း သတင်းရရှိသည်။

လက်ရှိမြန်မာနိုင်ငံ၏ စားအုန်းဆီစားသုံးမှုမှာတစ်လလျှင်ပျမ်းမျှ တန်ချိန် ၂၆,၀၀၀ ဝန်းကျင်ရှိသည်။



**စားအုန်းဆီဈေးများကျဆင်းကာ တွက်ခြေမကိုက်ချိန်တွင် ကုမ္ပဏီသစ်များ ထပ်မံခွင့်ပြုခြင်းဖြစ်သည်**

ဓာတ်ပုံ - ဇေမောင်မောင် (အမရပူရ)

# အိန္ဒိယရေပိုင်နက်အတွင်းသို့ ရောက်ရှိလာသည့်ရေလုပ်သားများကို ထောင်ဒဏ်ရှစ်နှစ်နှင့်ငွေဒဏ်ချမည်

**သန်းဌေး**

**ရန်ကုန်၊ ဇွန် - ၂၈**

မြန်မာရေလုပ်သားများ အိန္ဒိယရေပိုင်နက်အတွင်းသို့မည်သည့်အကြောင်းဖြင့်မဆိုရောက်ရှိသွားပါက ထောင်ဒဏ်ရှစ်နှစ်အထိကျခံရမည့်အပြင်ငွေဒဏ်ပါပေးဆောင်ရတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောကြားသည်။

"ရာသီဥတုကြောင့်ပဲဖြစ်ဖြစ်၊ မသိနားမလည်လို့ပဲဖြစ်ဖြစ် အိန္ဒိယရေပိုင်နက်ထဲရောက်သွားလို့ အဖမ်းခံရတဲ့ ရေလုပ်သားတွေအတွက်ပြစ်ဒဏ်ကကြီးပါတယ်"ဟု အိန္ဒိယအစိုးရ၏ ၂၀၀၄ ခုနှစ်တွင် ပြင်ဆင်ခဲ့သော နိုင်ငံခြားသားဆိုင်ရာအက်ဥပဒေကို ကိုးကား၍ ၎င်းကပြောကြားသည်။

အဆိုပါအက်ဥပဒေသည် မူလက ပြဋ္ဌာန်းခဲ့သော ၁၉၄၆ ခုနှစ် အက်ဥပဒေကိုပြင်ဆင်ပြီး ယခုကဲ့သို့ပြစ်ဒဏ်ကို တိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံရှိမြန်မာနိုင်ငံသံရုံးက တရားဝင်အကြောင်းကြားစာပေးပို့ခဲ့သည်။ ၁၉၄၆ ခုနှစ် အက်ဥပဒေတွင်မူ လှေရေလုပ်သား ထောင်ဒဏ်ခြောက်လနှင့် လှေသူကြီး ထောင်ဒဏ်ခြောက်လမှ ၁၂လအထိသာကျခံရမည်ဖြစ်သည်။

"အခုဖြစ်တဲ့ဖြစ်စဉ်မှာတော့ ရာသီဥတုဖောက်ပြန်ပြီး လူတွေ အစုလိုက်အပြုံလိုက် သူတို့ ရေပိုင်နက်ထဲရောက်ခဲ့လို့ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအရ ပြန်ပို့ပေးမယ်လို့တော့ပြောထားတယ်"ဟု ဦးဝင်းကြိုင်ကပြောကြားသည်။

စာ(၁၂)သို့



Life
7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

# အရစ်ကျ ဖုန်း

ယုဇနကိုကို



တတိယအကြိမ်မြောက် ချိန်းဆိုထားသည့် လှည်းတန်းမှတ်တိုင်အနီးရှိ မစ္စတာဘရောင်း ကော်ဖီဆိုင်အတွင်း သူမရောက်ရှိနေသည်မှာ အချိန်နှစ်နာရီနီးပါး ရှိနေပြီဖြစ်သည်။

ယခုတစ်ကြိမ်တွင်တော့သူမ အလွန်ပင်ပိုင်ဆိုင်ချင်သည့်အရာ တစ်ခု အမှန်တကယ်ရရှိတော့မည်ဟု တစ်ထစ်ချ ယုံကြည်နေခဲ့မိသည်။

သို့သော်ချိန်းဆိုထားသူတစ်ဦးကို စောင့်နေရသည့်အချိန်မှာ မိနစ်သုံးဆယ်မှ တစ်နာရီ၊ တစ်နာရီမှ နှစ်နာရီနီးပါး ကြာမြင့်လာသည့် အချိန်တွင်မူဆိုင်အနီးရှိအများပြည်သူသုံးတယ်လီဖုန်းဆိုင်တစ်ခုသို့ အပြေးထွက်ကာနံပါတ်ကိုးလုံးရှိဂျီအက်စ်အမ်ဖုန်းနံပါတ်တစ်ခုကို ထပ်ခါထပ်ခါနှိပ်မိနေသည်။ မည်သို့ပင် ထပ်ခါထပ်ခါ နှိပ်ခါခေါ်ဆိုနေစေကာမူ တစ်ဖက်မှပြန်လည်ဖြေကြားလာသည့် တုံ့ပြန်မှုအသံက “လူကြီးမင်းခေါ်ဆိုသည့် တယ်လီဖုန်းနံပါတ်မှာ စက်ပိတ်ထားပါတယ်ရှင်” ဟူ၍ဖြစ်သည်။

တစ်ဖက်မှပြန်လည်ဖြေဆိုသည့်အသံကိုငါးကြိမ်ထက်မနည်းကြားပြီးသည့်အခါတွင်မူ သူမ၏နဖူးမှထွက်ရှိလာသည့် ချွေးစများက လည်ပင်းများအထိပင် ရောက်ရှိကာ မည်သည့်နေရာကိုသွားရမည်ဆိုသည်ကိုပင် မဆုံးဖြတ်နိုင်လောက်အောင် ထိုနေရာမှာပင် မိနစ်သုံးဆယ်ခန့်ရပ်နေမိတော့သည်။

သူမအနေဖြင့် အလွန်ပင်လိုချင်လှသည့် ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းကိုလတ်တလောကိုင်ဆောင်နိုင်မည်မှာ မဟုတ်တော့ကြောင်းနှင့် ငွေသားကျပ်သုံးသိန်းငါးသောင်းကို ဆုံးရှုံးလိုက်ရပြီဆိုသည့်အတွေးနှစ်ခုကိုပင် အပြန်ပြန်အလှန်လှန် တွေးနေမိတော့သည်။

အထက်ပါအဖြစ်အပျက်မှာ ယခုနှစ်ဇွန်လအတွင်း ရန်ကုန်မြို့တွင်ဖြစ်ပျက်ခဲ့သည့် ငါးသိန်းတန်ဖုန်းတစ်လုံးကို အရစ်ကျဝယ်ယူမှုမှစတင်ခဲ့သည့် ငွေလိမ်လည်မှုပင်ဖြစ်သည်။ ထိုအမျိုးသမီးမှာ ပုဂ္ဂလိက မီဒီယာတစ်ခုတွင် အလုပ်လုပ်ကိုင်နေသည့် အသက် ၂၅ နှစ်အရွယ်ရှိ မအေးသီတာ ဆိုသူဖြစ်သည်။

သူမအနေဖြင့် လုပ်ငန်းတူသူငယ်ချင်းများကဲ့သို့ လက်ကိုင်ဖုန်းတစ်လုံးကိုင်ဆောင်ချင်သည့် စိတ်မှာအလွန်ပင်စိတ်အားထက်သန်နေသည်မှာကြာပြီဖြစ်သည်။ သို့သော် ကျပ်ငါးသိန်းတန်ဖုန်းတစ်လုံးကိုင်ဆောင်နိုင်ရန်အတွက် ငွေကျပ်ငါးသိန်းလုံးကို တစ်ကြိမ်တည်းဖြင့်ပေးရန် မတတ်နိုင်ခြင်းကြောင်းသူငယ်ချင်းတစ်ယောက်၏ အဆက်အသွယ်ဖြင့် ဖုန်းပွဲစားဆိုသည့် လူတစ်ဦးနှင့်သွားရောက် တွေ့ဆုံခဲ့သည်။

သူငယ်ချင်းဖြစ်သူကလည်း အဆိုပါဖုန်းပွဲစားဆိုသည့် သူနှင့် ငါးသိန်းတန်စီဒီအမ်အေတစ်လုံးကို ငွေကျပ်နှစ်သိန်းလေးသောင်းတစ်ထောင် ကနဦးပေးသွင်းကာ ဝယ်ယူထားပြီဖြစ်ခြင်းကြောင့် သူမအတွက်ထိုအရစ်ကျ ဝယ်ယူသည့် နည်းလမ်းသည် အကောင်းဆုံးဖြစ်နိုင်မည်ဟုယုံကြည်ထားမိသည်။

“သူငယ်ချင်းက အဲ့ဒီပွဲစားဆီကနေ အရစ်ကျနဲ့ဝယ်ထားတာ။ သူကပွဲစားကို ခုနှစ်ကျပ်တိုးနဲ့ အ တိုးရော၊ အကျိုးဆောင်ခနှစ်သောင်းရော၊ နှစ်သိန်းရောအရင်ပေးထားပြီး ဖုန်းကတ်ရတာ။ အဲ့ဒါကြောင့်ကျွန်မလည်း သူငယ်ချင်းကိုဖုန်းဆက်ပြီး အဲ့ဒီပွဲစားဖုန်းနံပါတ်ကိုတောင်းပြီး ကိုယ့်ဘာသာဆက်သွယ်လိုက်တာ”ဟု မသီတာကဆိုလာသည်။

အဆိုပါ ပွဲစားဆိုသူကိုသွားရောက်တွေ့ဆုံကာကျပ်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းတစ်လုံးလုပ်ပေးရန်အတွက် ငွေကျပ်သုံးသိန်းငါးသောင်းနှင့် အတိုးငွေသားကိုတစ်ခါတည်းပေးဆောင်ခဲ့သည်။

ပွဲစားဆိုသူကို ငွေချေအပြီး နောက်ထပ်တစ်ပတ်ကြာလျှင် ရရှိတော့မည်ဟုထင်ခဲ့သည့်ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းကတ်သည် သူမ၏ညစဉ်အိမ်မက်များဖြစ်သည်။

“တစ်ပတ်ကြာတော့ မရသေးဘူး။ အဲ့ဒါနဲ့ကြားထဲမှာ သူနဲ့နှစ်ကြိမ်ချိန်းတယ်။ ရောက်မလာဘူး။ အကြောင်းပြချက်အမျိုးမျိုးပေးတယ်။ ကျွန်မကလည်း ဘယ်လိုမှ စိတ်ထဲမထားဘူး။ ကျွန်မလိုမျိုးလူတွေ သူလုပ်ပေးရတာများလို့နေမှာပါဆိုပြီး တွေးခဲ့သမျှ နောက်ဆုံးတစ်ခေါက် ချိန်းတာရောက်မလာတဲ့အချိန်မှာရိပ်မိသွားတာ”ဟု သူမက ဆက်လက်ဆိုသည်။

စာ(၁၁)သို့

# ဈေးဝယ်ထွက်မယ်

# ဝါဆိုသင်္ကန်းလှူမယ်ဆိုရင်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အိဖြူလွင်

သဒ္ဓါတရားနဲ့ စေတနာတရားတို့ စုပေါင်းလို့ အလှူအတန်းပေါများလှတဲ့ဒီတိုင်းပြည်မှာဗုဒ္ဓဘာသာရဲ့ အထွတ်အမြတ်နေ့တစ်နေ့ဖြစ်တဲ့ ဝါဆိုလပြည့်နေ့ ရောက်ရှိလာတော့မှာပါ။

ဝါဆိုလပြည့်နေ့မတိုင်မီမှာ ရဟန်း၊ သံဃာတော်များ ဝါတွင်းသုံးလကာလတရားအားထုတ်နိုင်ရန်အတွက် အမွန်မြတ်ဆုံး အလှူဒါနတစ်ခုဖြစ်သည့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်လေ့ရှိကြတ ကလည်း ဗုဒ္ဓဘာသာဝင်တို့ရဲ့ဓလေ့ထုံးတမ်းတစ်ခုပါ။

ငွေကြေးတတ်နိုင်မှုအနည်းအများကို လိုက်ပြီး ဝါဆိုသင်္ကန်းကပ်လှူပူဇော်လေ့ရှိကြတာမို့ ဒီကဏ္ဍကနေ ဝါဆိုသင်္ကန်း အလှူကုသိုလ်မှာ ပါဝင်လမ်းညွှန်ပေးပါရစေ။


ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲဆိုပေမယ့် တတ်နိုင်ရင် တတ်နိုင်သလို ပရိက္ခရာရှစ်ပါးအပြည့်အစုံကပ်လှူကြတာဖြစ်တဲ့အတွက် ရဟန်းတော်တစ်ပါး လိုအပ်မယ့်ပစ္စည်းတွေရဲ့ ဈေးနှုန်းနဲ့ရနိုင်မယ့်နေရာကို လမ်းညွှန်ပေးလိုက်ပါတယ်။

သင်္ကန်းတွေချုပ်တဲ့ပိတ်နဲ့ ပိတ်စဝင်တဲ့နိုင်ငံအလိုက် အမျိုးအစားနဲ့ ဈေးနှုန်းတွေကွာခြားပြီး အမျိုးအစား ၁၅ မျိုးခန့်ရှိပါတယ်။

သင်္ကန်းတစ်ထည်ရဲ့ဈေးနှုန်းကတော့ အနည်းဆုံး ၆,၀၀၀ ကျပ်ကနေ ကျပ် ၃၅,၀၀၀ ထိရှိပြီး အမျိုးအစားတွေက စင်ကာပူ၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ ဂျပန်ကဝင်တဲ့ စီဝိုင်စီသရီးရိုင်ဖယ်၊ လီနင်နဲ့ ကော်တွန်စတဲ့ပိတ်စအမျိုးအစားတွေနဲ့ ချုပ်ထားတဲ့ သင်္ကန်းတွေဆိုပြီးရှိတာပါ။

ဒါ့အပြင် ဒီဆိုင်မှာ ထူးထူးခြားခြားတစ်နှစ်ခန့် ကြာမြင့်စွာယက်ရတဲ့ အင်းလေးကြာသင်္ကန်းကိုလည်း ဝယ်ယူရရှိနိုင်ပြီး ဈေးနှုန်းကတော့ ဆယ့်ငါးသိန်းကျော်လောက်ရှိတယ်လို့သိရပါတယ်။

သင်္ကန်းတွေကို ကိုရင်ငယ်လေးတွေအတွက် ဆိုဒ်သေးနဲ့



ခန္ဓာကိုယ်ကြီးမားတဲ့ ရဟန်းများအတွက် ဆိုဒ်ကြီးများထိလည်း ရနိုင်တယ်လို့သိရပါတယ်။

ပရိက္ခရာရှစ်ပါးကိုခြင်းလိုက်ကပ်လှူချင်သူတွေအတွက်လည်း ကိုယ်တတ်နိုင်တဲ့ဈေးနှုန်းအလိုက်ခြင်းတွေကို ပြုလုပ်ပေးပြီး တစ်ခြင်းကို တစ်သောင်းကျော်ကနေ ငါးသောင်းကျော်ထိဈေးနှုန်းရှိပါတယ်။

ဒါ့အပြင်ထိုင်းကဝင်တဲ့စတီးအစစ်သပိတ်တွေကိုလည်း ရနိုင်ပါသေးတယ်လို့သိရပါတယ်။

ဝါတွင်းအတွက်အထူးချုပ်လုပ်ထားတဲ့ သင်္ကန်းနဲ့ပရိက္ခရာများကို ကပ်လှူပူဇော်ပြီး ကုသိုလ်ယူချင်သူများအတွက် ဈေးဝယ်သွားရောက်နိုင်မယ့် လိပ်စာကတော့ အထက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၃၉)မှာ ရှိတဲ့ မဟာတော်ဝင်သင်္ကန်းဆိုင်မှာပါဝယ်ယူလှူဒါန်းနိုင်ပါတယ်။



ဒီလိုလေး ချက်ကြရအောင်

ဗိုက်ဖီ

## ငါးဆုပ်ဆန်လှော်ဟင်း



အချဉ်၊ အစပ်ဟင်းတွေပဲဗိုက်ဖီဆက်တိုက်ချက်နေတယ်လို့ပရိသတ်တွေပြောကြလို့ ဒီတစ်ပတ်တော့ ခပ်စိမ့်စိမ့်လေးတစ်ခွက် စီစဉ်ထားပါတယ်။

ငါးဆုပ်ဆန်လှော်ဟင်းက တာလဘောဟင်းဆန်ဆန် ချက်ထားတာပါ။ ငါးဖယ်ခြစ် ဒါမှမဟုတ် ငါးခြစ်နဲ့ချက်လို့ရပါတယ်။

ငါးဆုပ်ဆန်လှော်ဟင်းချက်ဖို့ငါးဖယ်ခြစ် ၁၀သား၊ ဆန်အနည်းငယ်နဲ့ စပါးလင်အနည်းငယ်ပဲလိုပါတယ်။


ပထမဆုံးတော့ ငါးဖယ်ခြစ်ကို ခါတိုင်းချက်သလိုပဲ ချင်း၊ ကြက်သွန်ဖြူ၊ ဆား၊ နနွင်းတို့နဲ့ထောင်းပြီး အနေတော် အပြားလေးတွေ ဝိုင်းထားပါမယ်။

ပြီးရင် စပါးလင်၊ ကြက်သွန်နီဆီသပ်ပြီး ခုနက ငါးဖယ်ဝိုင်းလေးတွေကို အစိမ်းအတိုင်းထည့် ဆီသပ်ပါမယ်။ ငါးဖယ်ဆီမသပ်ခင် အရင်ဆုံး ဒယ်အိုးပူပူထဲ ဆန်ထည့်ပြီး အနံ့လေးသင်းလာတဲ့ အထိလှော်ပေးပါ။ ဆန်လှော်ပြီးရင် ငရုတ်ဆုံထဲထည့်ပြီး ထက်ပိုင်းကျိုးလောက် အနေအထားရအောင် နည်းနည်းထောင်းပေးပါ။

ငါးဆုပ်အရောင်ပြောင်းသွားပြီး ဆီသပ်ထားတဲ့အနှစ်တွေ နှံ့သွားပြီဆိုရင် ခုနက ထောင်းထားတဲ့ ဆန်လှော်ကိုထည့်ပြီး ရေထည့်လိုက်ပါ။ ဆန်နူးသွားအောင်တည်ပြီး အရည်ကို အနေတော်လောက်ယူကာ အပေါ့အငန်ညှိပြီးရင်တော့ ငါးဆုပ်ဆန်လှော်ဟင်းတစ်ပွဲ သုံးဆောင်လို့ရပါပြီ။

7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011











7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

## ခေတ်ပြိုင်ပန်းချီဆရာနှစ်ဦး၏ တစ်ကိုယ်တော်ရေဆေးပန်းချီပြပွဲများ ပြုလုပ်မည်

ဥက္ကာကိုကို

ရန်ကုန်၊ ဇူလိုင် – ၁

ယခုလအတွင်း ခေတ်ပြိုင်ပန်းချီဆရာနှစ်ဦး၏ တစ်ကိုယ်တော်ရေဆေးပန်းချီပြပွဲ နှစ်ခုကို ယဉ်ကျေးမှုဝန်ကြီးဌာန ပန်းချီပြခန်းနှင့် စာပေလောက(၅)တို့တွင် အသီးသီးပြုလုပ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုလ ပထမပတ် ၂ ရက်မှ ၈ရက်အထိ ပန်းဆိုးတန်းလမ်းထောင့်ရှိစာပေလောက ၅ စာအုပ်ဆိုင်နှင့် အနုပညာစင်တာတွင် ပန်းချီလင်းဝဏ္ဏ၏ရေဆေးပန်းချီပြပွဲကို ခြောက်ကြိမ်မြောက်တစ်ကိုယ်တော်ပြပွဲအနေဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ပန်းချီလင်းဝဏ္ဏသည် ၁၉၉၀ မှစတင်ကာ တစ်ကိုယ်တော်ပန်းချီပြပွဲငါးပွဲနှင့် အုပ်စုပန်းချီပြပွဲ သုံးဆယ်ကျော်ပြသခဲ့ပြီးဖြစ်သည်။

ယခုလ ဒုတိယပတ် ၉ ရက်မှ ၁၃ ရက်အထိ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ပန်းချီပြခန်းတွင်ပန်းချီမိုးညို၏ ရေဆေးပန်းချီပြပွဲကို ငါးကြိမ်မြောက်တစ်ကိုယ်တော်ပြပွဲအနေဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ပန်းချီမိုးညိုသည် ၁၉၉၇ မှစတင်ကာတစ်ကိုယ်တော် ပန်းချီပြပွဲလေးပွဲနှင့် အုပ်စုပန်းချီပြပွဲပေါင်း လေးဆယ်ကိုပြသခဲ့ပြီးဖြစ်သည်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## အရာခပ်သိမ်းတို့သည် တစ်ခဏစီသာ ဖြစ်တည်ကြသည်• •

မြတ်ဗုဒ္ဓက ဒီလောကကြီးကို အဆုံးမဲ့ဖြစ်ပျက်နေတဲ့ဖြစ်စဉ်ကြီး တစ်ခုဖြစ်တယ်လို့ ဟောကြားတော်မူသည်။ အရာခပ်သိမ်းတို့သည် အမြဲမရှိပြောင်းလဲနေကြကုန်၏။ အဆက်မပြတ် တရစပ်ပြုပြင်ပြောင်းလဲလျက်သာနေကြရသည်။ ပြတ်တောက်ခြင်းမရှိတဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်ပြီးပျက်ရင်း ပြောင်းလဲခြင်းသဘောကိုဆောင်တဲ့ ရွေ့လျားခြင်းအလျဉ်ကြီးတစ်ခုသာဖြစ်ကြောင်းဟောတော်မူတယ်။ အရာခပ်သိမ်းတို့သည် တစ်ခဏစီသာ ဖြစ်တည်ကြရကုန်သည်။ အရာခပ်သိမ်းတို့သည်ဖြစ်လာလိုက် ပျက်စီးပြောင်းကြလိုက်နှင့်သာ အလျဉ်မပြတ် တရစပ် ဖောက်ပြန်ပြောင်းလဲနေကြခြင်းသာဖြစ်သည်။ အရာခပ်သိမ်းတို့သည် မွေးလိုက်ကြ၊ သေလိုက်ကြဖြစ်နေကြရသည်။ ရှင်သန်ခြင်းသဘောကို ဖော်ပြခြင်းမရှိတဲ့ ရုပ်ဝတ္ထုတွေဟာလည်း အနိစ္စသဘောအတိုင်းပဲ ဖြစ်ပျက်ခြင်း အစဉ်ရှိကြသည်သာဖြစ်ကြကုန်၏။

သက်ရှိရော သက်မဲ့ရုပ်တွေပါ အိုမင်းခြင်း၊ ဟောင်းနွမ်းခြင်း ဇရာဖြစ်စဉ်နဲ့ မကင်းနိုင်ကြပါ။ ဒီ 'သဗ္ဗေသင်္ခါရာ အနိစ္စာ' ဆိုတဲ့ ဒေသနာဟာ ဗုဒ္ဓဘာသာရဲ့ ဗဟိုအချက်အချာကျတဲ့ ဟောကြားချက်ပါ။ ဒီကမ္ဘာပေါ် မှာ ရှိရှိသမျှ သင်္ခါရတရားတွေထဲမှာ ပရမတ်သဘောရှိတဲ့ ထာဝရတည်မြဲခြင်းဟူသည်မရှိပါ။ ဖြစ်ပေါ်ခြင်းအစရှိသောတရားအားလုံးတို့သည် ပျက်စီးခြင်းဖြင့် အဆုံးရှိကြကုန်သည်။ အနိစ္စသဘောသည်သာ သစ္စာတရားဖြစ်ပေသည်။

ရည်ညွှန်း – "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင် (ရှင်အာဒိစ္စရံသီ) (၁၉၃၈ – ၂၀၀၂)

## လူကုန်ကူးခံရသူ အများစုမှာ ရန်ကုန်တိုင်းဒေသကြီးမှဖြစ်

သဇင်ထွေး

ရန်ကုန်၊ ဇွန် – ၂၉

လူကုန်ကူးမှုကျူးလွန်သောတရားခံ နှင့်လူကုန်ကူးခံရသူများမှာ ရန်ကုန်တိုင်းဒေသကြီးမှအများဆုံးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းမှအောင်မင်္ဂလာအဝေးပြေးတွင် ကျင်းပသော လူကုန်ကူးမှုကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ၌ ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လူကုန်ကူးမှုအဖြစ်များသော မြို့နယ်များမှာ ဒလ၊ လှိုင်သာယာ၊ သန်လျင်၊ မှော်ဘီ၊ သဃ်န်းကျွန်းတို့တွင် အဖြစ်များကြောင်းပြောကြားခဲ့သည်။ "လူကုန်ကူးမှုတွေကိုလေ့လာကြည့်ရင် တရားခံတွေကရန်ကုန်ကများသလို လူကုန်ကူးခံရသူတွေရဲ့ဇာတိကလည်း ရန်ကုန်ကများတယ်။ လူကုန်ကူးမှုတွေကို ပြုလုပ်တဲ့အခါ နယ်စပ်ကိုခေါ် ဆောင်တာဖြစ်တဲ့အတွက် ဒီလိုအဝေးပြေးကားတွေကနေသွားတယ်။ လူကုန်ကူးမှုတွေကို တားဆီးကာကွယ်နိုင်ဖို့ ဂိတ်မှူးတွေ၊ ပိုင်ရှင်တွေ၊ ယာဉ်မောင်းတွေအနေနဲ့ ပညာပေးလက်ကမ်း စာစောင်တွေကိုဖတ်ဖို့လိုတယ်။ မသင်္ကာတဲ့သူတွေတွေ့ရင်လက်ကမ်းစာစောင်အောက်မှာပါတဲ့ ဖုန်းနံပါတ်တွေကိုဆက်ပြီးအကြောင်းကြားပေးပါ"ဟုဗိုလ်မှူးကြီးတင်ဝင်းက အဆိုပါပွဲတွင်လမ်းညွှန်ပြောကြားခဲ့သည်။ ၂၀၁၀ပြည့်နှစ်တွင်လူကုန်ကူး သူတရားခံ ၅၀၂ ဦးအနက် ရန်ကုန်တိုင်းဒေသကြီးမှ တရားခံ ၁၄၂ဦးဖြစ်ကာ လူကုန်ကူးခံရသူ ၃၈၁ ဦးတွင်ရန်ကုန် တိုင်းဒေသကြီးမှ ၁၁၅ ဦးပါဝင်ကြောင်းသိရသည်။

လူကုန်ကူးမှုများကိုအဝေးပြေးကားဂိတ်မှတစ်ဆင့်ခေါ် ဆောင်ကျူးလွန်သောကြောင့်အောင်မင်္ဂလာအဝေးပြေးနှင့်ဒဂုံဧရာအဝေးပြေးတို့တွင်ဂိတ်မှူး၊ ပိုင်ရှင်၊ ယာဉ်မောင်းများကို ယခုလ ၂၄ ရက်ကလက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ပညာပေးဟောပြောခြင်းများကို ပြုလုပ်ခဲ့သည်။



ဓာတ်ပုံ – လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

**မြစ်ကြီးနားမြို့ အဝေးပြေးကားဝင်းအတွင်း ခရီးသည်များအား လူကုန်ကူးမှုအသိပညာပေး လက်ကမ်းစာစောင်များဝေငှစဉ်**

## စာ – ၉၊ အရစ်ကျဖုန်း မှ

စာ – ၉၊ အရစ်ကျဖုန်း မှ

အဆိုပါပွဲစားဆိုသူနှင့် နောက်ဆုံးတစ်ကြိမ်ချိန်းဆိုမှု ပျက်ပြယ်ခဲ့သည့်အချိန်ပြီးနောက် ယင်းလိမ်လည်သွားသူကိုနောက်ကွယ်မှနေပြီး ငွေကြေးစိုက်ထုတ်ကာ ဖုန်းကတ်များထုတ်ပေးနေသူဆိုသည့် အမျိုးသမီးတစ်ဦးနှင့် မအေးသီတာ အဆက်အသွယ်ရခဲ့သည်။

အဆိုပါအမျိုးသမီးမှာ ဖုန်းပွဲစားဆိုသည့် လူများအား နောက်ကွယ်မှနေပြီး တယ်လီဖုန်းကဒ်များကို လျှောက်ထားပေးပြီး အရစ်ကျစနစ်နှင့်ပြန်လည်ပေးသွင်းစေခြင်းဖြင့် ၎င်းနှင့် ပွဲစားများအကြားအကျိုးတူမျှဝေခံစားနေသည့် လုပ်ငန်းကို လုပ်ကိုင်နေသူ ဖြစ်သည်ဟု မသီတာကဆို သည်။

"အဲ့ဒီအမျိုးသမီးကပြောတာသူလည်း အဲ့ဒီပွဲစားဆီမှာ ပိုက်ဆံတွေ တော်တော်ပါသွားတယ်တဲ့။ သူနဲ့အဲ့ဒီလူက လက်တွဲလုပ်လာတာ တော်တော်ကြာပြီလို့ ပြောတယ်။ ဘာဖြစ်ဖြစ် ကျွန်မရဲ့ ချွေးနည်းစာလစာကို ဒီလိုလိမ်လည်သွားတဲ့သူ့ကို အရမ်းအံ့သြတယ်။ ကျွန်မလိုလူတွေလည်း တော်တော်များများရှိတာ သိလိုက်ရတယ်"ဟု သူမက ဆက်လက်ဆိုလာသည်။

ငွေသားကျပ် သိန်းရှစ်ဆယ်နီးပါးကို အတူလက်တွဲလုပ်ကိုင်လာသူ မိတ်ဆွေရင်းဖြစ်သူက လိမ်လည်ကာ ရှောင်ပြေးနေခြင်းကိုကြုံတွေ့နေရသူက အသက် ၄၀ နှစ်ဝန်းကျင်ရှိစမ်းချောင်းမြို့နယ်အတွင်းနေထိုင်သူ အမျိုးသမီးဖြစ်သည်။

၎င်းအားလိမ်လည်သွားသူ အပါအဝင် အခြားသောဖုန်းပွဲစားများအားဖုန်းလျှောက်ထားပြီး ကျပ် ငါးသိန်းတန်ဖုန်းကတ်များကို အရစ်ကျစနစ်ဖြင့်ပြန်လည်ရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်သူတစ်ဦးဖြစ်သည်။

"အခုသူတို့လို ပွဲစားတွေဆီကိုလာပြီးဆက်သွယ်တဲ့ ဖုန်းလိုချင်သူတွေရဲ့အမည်ပေါက်နဲ့ကျွန်မကဆက်သွယ်ရေးမှာ လျှောက်ပေးတယ်။ မူရင်းကို သိမ်းထားတယ်။ အဲ့ဒီပွဲစားတွေဆီက ကျွန်မကအရင်ဆုံး ငွေကျပ်နှစ်သိန်းကိုယူတယ်။ ငါးသိန်းတန်ဖုန်းတစ်လုံးကို ကျွန်မကအရစ်ကျဆို တစ်သိန်းပိုယူတဲ့သဘောဖြစ်တဲ့ အတွက် နှစ်သိန်းသွင်းပြီး ကျန်တဲ့သုံးသိန်းအပြင် အကျိုးဆောင်ခသတ်မှတ်ထားတဲ့တစ်သိန်း အပါအဝင် ပေါင်းလေးသိန်းကိုတစ်လတစ်သိန်းနှုန်းနဲ့လက်ခံတယ်" ဟု အထက်ပါအမျိုးသမီးက ပြောသည်။ဆက်လက်ပြီးယင်းအမျိုးသမီးကပင် "ဒါပေမဲ့ အဲ့ဒီ လိမ်သွားတဲ့ပွဲစားက သူ့ဆီမှာအရစ်ကျနဲ့လုပ်ထားတဲ့သူတွေကို နှစ်သိန်းအရင်သွင်းတဲ့အပြင် အကျိုးဆောင်ခနှစ်သောင်းရယ် ကျန်တဲ့ သုံးသိန်းကို ခုနှစ်ကျပ်တိုးသတ်မှတ်လိုက်တာ။ အဲ့ဒီတော့သူ့ကိုပိုက်ဆံသွင်းတဲ့သူတွေက တစ်လ ငါးသောင်းအပြင် ကျန်တဲ့ပိုက်ဆံအပေါ်မှာ ခုနှစ်ကျပ်တိုးနဲ့ သွင်းနေရတာ။ အဲ့ဒီလို သူ့ဆီကိုဖုန်း လျှောက်တဲ့သူတွေသွင်းနေတဲ့ငွေတွေကကျွန်မဆီကိုရောက်မလာတာ အခုဆိုသိန်းကိုဆယ်နဲ့ချီနေပြီ။ အခုတော့ ဖုန်းကိုပါ ပိတ်ထားပြီး ထွက်ပြေးနေတယ်"ဟုပြောသည်။

အဆိုပါ ပွဲစားဆိုသူထံတွင် ဖုန်းကတ်ရယူအပြီး လစဉ်ပုံမှန်ငွေသွင်းနေသူများအနေဖြင့် ကျန်ရှိနေသေးသောငွေများကို အဆိုပါအမျိုးသမီးထံ ဆက်လက်ပေးသွင်းရန်အတွက်အချို့မှာသံသယများစွာရှိနေသည့် နောက်ကွယ်မှငွေကြေးစိုက်ထုတ်ကာ ဖုန်းကတ်လျှောက်ထားပေးသူနှင့် အရစ်ကျစနစ်ဖြင့် အသုံးပြုနေသူတို့အကြား ပဋိပက္ခအချို့လည်းကြုံတွေ့နေရကြောင်းသိရသည်။

"ကျန်တဲ့ပိုက်ဆံတွေကိုသွင်းနေရင်းတန်းလန်းဗျာ။ ပွဲစားဆိုတဲ့သူက ထွက်ပြေးသွားတယ်။ အဲ့ဒီတော့မှ နောက်ကအုံနာပါဆိုတဲ့သူကပေါ်လာတယ်။ အဲ့ဒီအုံနာဆိုတဲ့ သူက ကျွန်တော်တို့က ပွဲစားကို ပိုက်ဆံသွင်းလည်း သူ့ဆီမှာ စာရင်းမဝင်တဲ့အတွက် ပြန်သွင်းရမယ်ဆိုပြီး ပြောနေတယ်။ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲဗျာ။ နောက်မှပေါ်လာတဲ့သူကိုရော ယုံရမှာလား။ ပေးရမှာလား။ အမှန်တော့ ဖြစ်သင့်တာက အုံနာဆိုသူက အစကတည်းက သူကတော့ အုံနာပါဆိုပြီး အသိပေးရမယ်။ နောက် ပွဲစားကိုပိုက်ဆံသွင်းရင် သူကလည်း ကျွန်တော်တို့လို အရစ်ကျနဲ့ဝယ်တဲ့ သူတွေကို ဆက်သွယ်ပြီး ငွေသွင်းပြီးပြီလား၊ မပြီးသေးဘူးလား မေးရမယ်။ အခုလိုအခြေအနေမှ ပေါ်လာတော့ ကျွန်တော်တို့က ဘာလုပ်ရမှာလဲ" ဟု ပြောလာသူမှာ မသီတာကဲ့သို့ပင် အဆိုပါ ဖုန်းပွဲစားဆိုသူနှင့်ချိတ်ဆက်ကာ ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းတစ်လုံးကို အရစ်ကျစနစ်ဖြင့် အသုံးပြုနေသူဖြစ်သည်။

အထက်ပါကဲ့သို့ဖြစ်ရပ်များသည် ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများနှင့် ဂျီအက်စ်အမ်ဖုန်းများအသီးသီးပေါ်လာခဲ့ပြီးနောက်ပိုင်းတွင် တဖြည်းဖြည်းချင်းနှင့် များပြားလာသောဖြစ်ရပ်များဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ တာဝန်ရှိသူများထံမှ သိရသည်။

တန်ဖိုးသက်သာလာသော်လည်း ထိုပမာဏကိုပင် လက်ငင်းမတတ်နိုင်သူများအနေဖြင့် ငွေကြေးပိုမိုပေးရသည့် အရစ်ကျစနစ်များကို အားကိုးလာကြသည်။

ယင်းနောက်ကွယ်တွင် မှန်ကန်စွာလုပ်ကိုင်သည့်ပွဲစားများရှိနေသည်နှင့် ဆန့်ကျင်ဘက်တွင် အထက်ပါကဲ့သို့ လိမ်လည်သူပွဲစားများကလည်း အဆိုပါလောကထဲ၌ ဆက်လက်ရှိနေသေးသည်။

"သူတို့လက်ထဲမှာ ငွေတွေကများလာတော့ စိတ်ကမရတော့ဘူး။ အမှန်က သူတို့ရဲ့ ကိုယ်ပိုင်ပိုက်ဆံက ကျပ်ငါးသိန်း အပြင်မှာ မှတစ်သောင်း၊နှစ်သောင်းလောက်ပဲရှိမယ်။ အဲ့လိုမဟုတ်ပဲ ကိုယ်တိုင်ငွေစိုက်ပြီး လုပ်နေတဲ့ပွဲစားတွေဆိုဒီထက်မကမြတ်တယ်။ အခု အခြေအနေကလိမ်တဲ့သူကလိမ်သွားတယ်။ နောက်မှပေါ်လာတဲ့ အုံနာကလည်း ပေးမလား၊ မပေးရင်ဖုန်းကတ်ထုတ်လိုက်ပြီး လိုင်းပိတ်လိုက်လို့ရတယ်ဆိုပြီး ကြားထဲက အရစ်ကျနဲ့ ဝယ်ထားတဲ့သူတွေကိုပြောတယ်"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့ အခြေအနေများသည် လူတန်းစားမရွေးဖုန်းကိုင်ဆောင်နိုင်သည့် အခြေအနေတစ်ရပ်ကို ညွှန်းဆိုခြင်းမရှိသည့် ဖြစ်ရပ်တစ်ခုဖြစ်နေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်လည်း ပြင်ပတွင်ပေါ်ပေါက်နေသည့် အဆိုပါကိစ္စရပ်များကို ဖြေရှင်းပေးရန်လိုအပ်နေပြီဖြစ်ကြောင်း ပြည်တွင်းအခြေစိုက် မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်သည့် လုပ်ငန်းရှင်အချို့နှင့် အစိုးရဘက်မှ တာဝန်ရှိသူအချို့က သုံးသပ်ကြသည်။

ချွေတာစု ဆောင်းထားရသည့် ငွေသားကျပ်သုံးသိန်းခွဲကို ဆုံးရှုံးလိုက်ရသည့်အတွက် မသီတာတစ်ဦး နှမြောတသခြင်းများ ယခုတိုင် ရှိနေသေးသည်။ သို့သော် ယခုအချိန်အထိ စိတ်အားထက်သန်နေသေးသည့် အိပ်မက်ထဲမှ ကျပ်ငါးသိန်းတန်မိုဘိုင်းဖုန်းတစ်လုံးကို မြန်မာ့ဆက်သွယ်ရေးတွင်ကိုယ်တိုင်သွားရောက်လျှောက်ထားရန်အတွက် ခြစ်ခြုတ်ချွေတာစုဆောင်းရပေတော့မည်။

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

# ရွှေကြောနေရာများရှိသော်လည်း တူးဖော်ထုတ်လုပ်နိုင်မှု အားနည်းနေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် - ၂၉**

မြန်မာနိုင်ငံ၌ ရွှေသယံဇာတတူးဖော်ထုတ်လုပ်နိုင်သော ရွှေကြောမြေနေရာ ငါးခုတည်ရှိနေသော်လည်းလက်ရှိတွင်တည်ရှိနေသော ရွှေကြော၏ ၂၀ရာခိုင်နှုန်း ခန့်သာ တူးဖော်ဆောင်ရွက်နိုင်ခြင်းရှိကြောင်း ဘူမိဗေဒပညာရှင်တစ်ဦး ကပြောသည်။

ရခိုင်ရိုးမမှ နာဂဒေသထိ ရောက်ရှိသွားသော အနောက်ပိုင်းရွှေကြော၊ ပဲခူးရိုးမမှ ဟူးကောင်းဒေသထိ ရောက်ရှိသွားသော အလယ်ပိုင်းရွှေကြော၊သထုံမြို့မှ ဘီလင်း-မဲပိုင်-တောင်ငူ-ရွှေကျင်-သပိတ်ကျင်းဒေသသို့ ရောက်ရှိသွားသော အရှေ့ပိုင်းရွှေကြော၊ ရှမ်း-မြန်မာအစပ်တွင် တွေ့ရှိရသော ရွှေကြောနှင့် ကျိုင်းတုံ-တာချီလိတ်-တာလေတို့တွင် တွေ့ရသော အရှေ့ဘက်စွန်းရွှေကြောတို့သည် မြန်မာနိုင်ငံတွင် ရွှေသယံဇာတတည်ရှိနေသောနေရာများဖြစ်ကြောင်းသိရသည်။ ၎င်းတို့တွင် ကရင်ပြည်နယ်ရှိ ရွှေကျင်၊မဲပိုင်ရွှေတူးဖော်ရေးလုပ်ငန်းများတည်ရှိရာ အရှေ့ပိုင်းရွှေကြောသည် ရွှေတူးဖော်ထုတ်လုပ်မှု အများဆုံးရရှိနေသောနေရာဖြစ်ကြောင်း ဒဂုံတက္ကသိုလ်၊ ဘူမိဗေဒဌာန၏ ပါမောက္ခဟောင်းတစ်ဦးဖြစ်သော ဦးစိုးသိန်းကပြောသည်။

"ရွှေကြောတွေ တည်ရှိနေမှုရဲ့ခန့်မှန်းခြေ ၂၀ ရာခိုင်နှုန်းနဲ့ ၂၅ ရာခိုင်နှုန်းကြားပဲ တူးဖော်လုပ်ကိုင်နေကြတယ်။ အဓိကအချက်ကတော့ ရွှေကြောတွေ ရှိနေမှန်း မသိကြဘူး။ နည်းပညာနဲ့ ဖော်ထုတ်တော့လည်း အပေါ်ကလက်ဝါးကြီးအုပ်မယ့်သူတွေကရှိနေတယ်။ ရွှေထုတ်လုပ်မှုနည်းပညာကလည်း အားနည်းနေတယ်။ ရွှေဖမ်းတဲ့နေရာမှာလည်း အလေအလွင့်တွေများနေတယ်။ အခုလောလောဆယ် နာမည်ကြီးနေတာကတော့ မဲပိုင်ရွှေကြောပါပဲ" ဟု၎င်းကဆိုသည်။

လက်ရှိအချိန်တွင် ရွှေတူးဖော်ရှာဖွေရေးလုပ်ငန်းဆောင်ရွက်ရန် အနည်းဆုံး ကျပ်သိန်းငါးရာခန့် ရင်းနှီးမြှုပ်နှံရန် လိုအပ်လျက်ရှိပြီး မြေဧက ၂၀ အတွက် ရွှေတူးဖော်ထုတ်လုပ်ရန် တစ်နှစ်စာ ရွှေ ၂၄ ကျပ်သား သတ္တုတွင်းဝန်ကြီးဌာနသို့ကြိုတင်ပေးသွင်းကြရကြောင်း ဦးစိုးသိန်းကပြောသည်။

နိုင်ငံတကာတွင်ဆောင်ရွက်နေသကဲ့သို့ တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူများအား သင့်တင့်မျှတသောနှုန်းထားဖြင့် တရားဝင်လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုခြင်းများရှိလာပါက ရွှေသယံဇာတရှာဖွေတူးဖော်ထုတ်လုပ်မှုမြင့်မားလာစေနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က သုံးသပ်သည်။

# မိဘအရင်းက သားသမီးကို လူပွဲစားထံရောင်းချ

**သဇင်ထွေး**

**ရန်ကုန်၊ ဇွန် - ၂၄**

၂၀၁၀ပြည့်နှစ်တွင်ဖြစ်ပွားခဲ့သော လူကုန်ကူးမှုများတွင် မိဘအရင်းများက လူပွဲစားများထံပြန်လည်ရောင်းချသည့်အမှုများ ပိုမိုတွေ့ရှိလာကြောင်း နှစ်ပတ်လည် အစီရင်ခံစာ၌ ထူးခြားဖြစ်စဉ်အဖြစ် ဖော်ပြထားသည်။

ကျူးလွန်သူများအနက်အချို့မှာ တရုတ်နိုင်ငံတွင်တရုတ်အမျိုးသားနှင့် အိမ်ထောင်ကျနေပြီး ပြန်လာကာ ဆွေမျိုးသားချင်းများကိုပြန်လည်စည်းရုံး၍ ရောင်းစားခြင်းများရှိကြောင်းသိရသည်။ အလားတူမိဘအရင်းများကိုယ်တိုင် သမီးများအား အဓမ္မထိမ်းမြားလက်ထပ်ရန်ရောင်းစားခြင်းများလည်းရှိကြောင်းသိရသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊နားကန်ရွာမှဒေါ် --- သည်သမီးဖြစ်သူမ---(၁၈)နှစ်အားတရုတ်ယွမ်ငွေ ၁၃,၀၀၀ ဖြင့်လည်းကောင်း၊တစ်ရွာတည်းနေ ဦး---ဆိုသူသည်လည်း သမီးရင်းဖြစ်သူမ----(၂၂)နှစ်အားယွမ် ၇၀၀၀ဖြင့်လည်းကောင်း ၂၀၁၀ မေလဆန်းပိုင်းက ရောင်းစားခဲ့မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယင်းနှစ်အတွင်း ဧပြီလက သီပေါမြို့နယ်နေ ဒေါ်----သည် သမီးဖြစ်သူမ----(၁၉)နှစ်နှင့် ဒေါ်-----က သမီးဖြစ်သူ မ----(၁၅)နှစ်တို့အား ကျပ် ၁၅ သိန်းစီဖြင့်ရောင်းစားခဲ့သည်များလည်း ရှိကြောင်းသိရသည်။

လူကုန်ကူးမှုကျူးလွန်သူများသည်နည်းအမျိုးမျိုးဖြင့် ကျူးလွန်လျက်ရှိရာ ကျူးလွန်သူများအနက်အချို့မှာ တရုတ်နိုင်ငံတွင် အခြေပြုနေထိုင်ပြီး မြန်မာနိုင်ငံအတွင်းရှိလူပွဲစားများနှင့်ချိတ်ဆက်ကာကျူးလွန်ခြင်းများဖြစ်ကာ ထိုကဲ့သို့တရုတ်နိုင်ငံတွင်အခြေပြုနေထိုင်ကျူးလွန်နေသူများကိုရှေ့လီ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့နှင့်မူဆယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့တို့၏ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

---

## စာ-၇၊ အိန္ဒိယရေပိုင်နက်အတွင်းသို့ ရောက်ရှိလာသည့် ရေလုပ်သားများကို ထောင်ဒဏ်ရှစ်နှစ်နှင့် ငွေဒဏ်ချမည် မှ

၂၀၁၁ခုနှစ် မတ်လ ၁၄မှ ၁၇ရက်အထိ ဖြစ်ပေါ်ခဲ့သော ဆူနာမီမိုးလေဝသဖြစ်စဉ်ကြောင့် ဧရာဝတီငါးဖမ်းကွက်တွင် ငါး၊ ပုစွန်ဖမ်းနေသော စက်မဲ့ဝါးပိုးဝါး ကျားဖောင်များပျက်၍ အိန္ဒိယရေပိုင်နက်သို့ ရောက်ရှိသွားသူများကို ၎င်းက ရည်ညွှန်းခြင်းဖြစ်သည်။ ထိုစဉ်က မြန်မာပိုင် ကိုကိုးကျွန်း၏ အောက်ဘက်ရှိ အိန္ဒိယနိုင်ငံပိုင် အက်ဒမန်ကျွန်းနှင့် နီကိုဘာကျွန်းများပေါ်သို့ ကျားဖောင်လုပ်သား ၁၃၅ ဦးရောက်ရှိသွားခဲ့သည်။

"ရခိုင်ကရေလုပ်သားတွေအိန္ဒိယအရှေ့ဘက်ကမ်းကိုရောက်တာမျိုးနဲ့ မြိတ်က လူတွေနှစ်ယောက်၊သုံးယောက်မျိုးရောက်သွားတာဆိုရင်တော့ဒီဥပဒေနဲ့ အရေးယူခံရတော့မှာ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၀၀ ပြည့်နှစ်ကာလက လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ကုလားထိပ်ကျေးရွာမှ ရေလုပ်သားသုံးဦး အိန္ဒိယ နိုင်ငံသို့မျောပါခဲ့သည်။ ၎င်းတို့သုံးဦးကို အိန္ဒိယရဲအချုပ်တွင် ၁၁နှစ်ခန့်ဖမ်းဆီးထားခဲ့ပြီး မြန်မာနိုင်ငံသံရုံးမှ သိရှိသွားသည့်နောက် နေရပ်ဒေသသို့ပြန်လည်ရောက်ရှိရေး ကြိုးပမ်းနေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

၂၀၁၁ ခုနှစ် ဇွန်လ ၁၃ မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံတွင်ကျင်းပခဲ့သော ညီလာခံတစ်ရပ်တွင် ငါးလုပ်ငန်းဦးစီးမှ တာဝန်ရှိသူများက သဘာဝဘေးဒဏ်ကြောင့် မြန်မာရေလုပ်သားများ အခြားနိုင်ငံများသို့ ရောက်ရှိသွားပါက ဖမ်းဆီးခြင်းမပြုရန်ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

## မျက်နှာဖုံး – ပို့ကုန်ပေါ်အခွန်ကောက်ခံခြင်း သုံးရာခိုင်နှုန်းစတင်လျှော့ မှ

ထို့ကြောင့်ပို့ကုန်လုပ်ငန်းရှင်များက ပို့ကုန်နှင့်ပတ်သက်သည့်အခွန် ၁၀ရာခိုင်နှုန်းပေးဆောင်နေရာမှ ဇူလိုင်လမှစကာ ၇ ရာခိုင်နှုန်းသာ ပေးဆောင်ရတော့မည်ဖြစ်သည်။ ယခင်ကောက်ခံခဲ့သော ၁၀ ရာခိုင်နှုန်းမှာ ကုန်သွယ်လုပ်ငန်းခွန် ၈ရာခိုင်နှုန်းနှင့် ဝင်ငွေခွန် ၂ရာခိုင်နှုန်း ပေါင်း၍ ကောက်ခံခြင်းဖြစ်သည်။

"ပို့ကုန်အခွန်၁၀ရာခိုင်နှုန်းဆောင်နေရာက ၇ရာခိုင်နှုန်းပဲ ဆောင်ရတော့တော်တော်လေးသက်သာသွားတာပေ့ါ။နိုင်ငံတော်က ဒီလိုလုပ်ပေးတာကောင်းပါတယ်။ ဒါပေမဲ့ ရာဘာကိုတော့ပို့ကုန်ရငွေ တန်ဖိုးကျနေတာနဲ့ အခွန်လျှော့ပေမယ့်မပို့နိုင်သေးဘူး" ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပို့ကုန်များအပေါ် အခွန်၁၀ရာခိုင်နှုန်းကောက်ခံခြင်းမှာ ၁၉၉၀ နောက်ပိုင်းမှစတင်ခြင်းဖြစ်သည်။ သို့သော်အချို့လုပ်ငန်းရှင်များက ပို့ကုန်အခွန်ကောက်ခံခြင်းကို ၃ရာခိုင်နှုန်းထက်ပိုမိုလျှော့ချရန်မျှော်လင့်ထားကြကြောင်းလည်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များကပြောသည်။

"နိုင်ငံတော်အနေနဲ့ ထိုက်သင့်တဲ့ အခွန်လျှော့ချမှုကိုလုပ်ပေးလိုက်တာလို့ယူဆတယ်။ ဒီအခွင့်အရေးက Primary producer (အောက်ခြေမွေးမြူစိုက်ပျိုး၊ထုတ်လုပ်သူ)တွေ ရသင့်တယ်။ ဘာကြောင့်လဲဆိုတော့ ပို့ကုန်လုပ်ငန်းရှင်တွေကပြည်တွင်းမှာကုန်စည်ကိုဝယ်ကတည်းက၁၀ရာခိုင်နှုန်းကို အရင်းထဲမှာထည့်တွက်ပြီးသား၊ ဒါကြောင့်အခု၃ရာခိုင်နှုန်းလျှော့ပေ့ါပေးလိုက်တာမှာ ပို့ကုန်လုပ်ငန်းရှင်တွေကဝယ်ရင်းဈေးမှာ ဈေးတိုးပေးသင့်တယ်လို့ထင်တယ်။ ဒါပေမဲ့ ပို့ကုန်လုပ်ငန်းရှင်တွေကလည်း ပို့ကုန်ရငွေတန်ဖိုးဆက်တိုက်ကျနေလို့ ဒီလပိုင်းတွေမှရှုံးနေတော့၃ရာခိုင်နှုန်းကို သူတို့ယူမယ်ထင်တယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်ကပြောသည်။

လက်ရှိတွင်ရေထွက်ကုန်ပြည်ပတင်ပို့သူများမှာပို့ကုန်ရငွေတန်ဖိုးကျဆင်းနေမှုကြောင့် ပြည်ပတင်ပို့မှုကိုလျှော့ချနေသည်။

"မလျှော့တာနဲ့ စာရင် လျှော့တာကကောင်းတာပေ့ါ။ ဒါပေမဲ့ လက်ရှိအခြေအနေမှာ ၃ရာခိုင်နှုန်းကတော့ ကုန်သွယ်ရေးလုပ်ငန်း တစ်ခုလုံးကိုလုံးလုံးမကာမိသေးဘူး။

ကမ္ဘာ့ပဲဈေး၊ဆန်ဈေးကျနေတာနဲ့ဆိုရင် ၃ရာခိုင်နှုန်းလျှော့ပေးတာက ပဲတွေဆန်တွေ ပို့မယ်ဆိုရင် အရှုံးမကာမိသေးဘူး။ ပဲဈေး ဆန်ဈေးကောင်းနေတဲ့အချိန်ဆိုရင် ၁၀ရာခိုင်နှုန်းအခွန်ကောက်လည်း ပြဿနာမရှိဘူး။ ဒါကြောင့်အခြေအနေပေါ်မှာမူတည်ပြီး အခွန်ကိုကောက်စေချင်တယ်" ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ကြီးတစ်ဦးက သူ၏အမြင်ကိုပြောသည်။

ထို့အပြင် ကျောက်မျက်၊ ကျောက်စိမ်း၊ပဲမျိုးစုံ၊ဆန်စသော ပို့ကုန်များကိုအခွန်တစ်ပြေးညီ ကောက်ခံခြင်းမျိုးထက် သီးခြားစီ သတ်မှတ်ကောက်ခံခြင်းမှာပိုမိုသင့်တော်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကမ္ဘာ့နိုင်ငံအများစုတွင်နိုင်ငံတကာဈေးကွက်၌မိမိနိုင်ငံမှပို့ကုန်များယှဉ်ပြိုင်တင်ပို့နိုင်စွမ်းမြင့်မားစေရန် ပို့ကုန်တင်ပို့မှုအပေါ် အခွန်ကောက်ခံခြင်းမပြုလုပ်ကြပေ။ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြုံတွေ့ခဲ့သော ၂၀၀၈နှစ်ကုန် နောက်ပိုင်းတွင် ပို့ကုန်အခွန်ကောက်ခံသောနိုင်ငံအချို့မှာပင် အခွန်ကောက်ခံခြင်းမပြုတော့ကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး – စက်သုံးဆီဈေး ရှိသင့်သောနှုန်းထက် ပိုများနေကြောင်း တာဝန်ရှိသူပြောကြား မှ

ပို့ကုန်ရငွေတန်ဖိုး ဆက်တိုက်ကျဆင်းလာပြီး၊ ကမ္ဘာ့ရေနံဈေးနှုန်း အနည်းငယ် ပြန်ကျဆင်းလာသော်လည်း ပြည်တွင်းစက်သုံးဆီဈေးမှာ ရှိသင့်သောနှုန်းထက် ပိုများနေသည်ဟု စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရုံးတွင်ပြုလုပ်သောကုန်ဈေးနှုန်းထိန်းသိမ်းရေးကော်မတီ၏ ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်များက ပြောသည်။

ဒီဇယ်တစ်ဂါလန်လျှင် ရှိသင့်သောနှုန်းထက် တစ်ဂါလန် ကျပ် ၄၀၀၊၅၀၀ ပိုများနေကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးအပြီး နောက်တစ်နေ့တွင် ဒီဇယ်နှင့် အောက်တိန်းဈေးနှုန်းများ ကျဆင်းခဲ့သည်။ဇွန်လ ၂၉ရက်ကတစ်ဂါလန်လျှင် ၃,၈၀၀ ကျပ်နှင့် ကျပ် ၄,၀၀၀ အသီးသီးရှိခဲ့သော ဒီဇယ်နှင့် အောက်တိန်းမှာ ဇွန်လ ၃၀ တွင် ကျပ် ၂၀၀ဈေးပြုတ်ကျပြီး ကျပ်၃,၆၀၀၊ကျပ်၃,၈၀၀ သို့အသီးသီးရောက်ရှိသွားသည်။

စက်သုံးဆီဆိုင်များမှ တာဝန်ရှိသူများက စက်သုံးဆီဈေးအနည်းငယ်ကြီးမြင့်နေခြင်းမှာ စက်သုံးဆီ တင်သွင်းချိန်နှင့် ရောင်းချချိန်သည် တစ်လဝန်းကျင်အချိန်ကွာဟသဖြင့်တင်သွင်းစဉ်က ပို့ကုန်ရငွေတန်ဖိုးနှင့် စက်သုံးဆီဈေးနှုန်းများအပေါ် မူတည်ရောင်းချရခြင်းမှာအဓိကအချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟုသတင်းရရှိသည်။

သို့သော် ပုဂ္ဂလိကစက်သုံးဆီဆိုင်အများစုမှာ ယခုနောက်ပိုင်း ကိုယ်တိုင် စက်သုံးဆီမတင်သွင်းဘဲ တစ်ဆင့်ခံ ပြန်ဝယ်၍ ရောင်းချသူများနေခြင်းမှာလည်း ဈေးမကျခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း ကိုယ်တိုင်စက်သုံးဆီဆိုင်ဖွင့်လှစ်ထားသော လုပ်ငန်းရှင်များကပြောသည်။ ပုဂ္ဂလိကသို့စက်သုံးဆီတင်သွင်းမှုကို ၂၀၀၉ ခုနှစ်မှ စတင်ခွင့်ပြုထားခဲ့ခြင်းဖြစ်သည်။ သို့သော် လက်ရှိ စက်သုံးဆီတင်သွင်းသောကုမ္ပဏီများစွာရှိသော်လည်း လက်တွေ့ စက်သုံးဆီတင်သွင်းသောကုမ္ပဏီမှာ ခုနစ်ခုသာရှိကြောင်းသတင်းရရှိသည်။ ထို့ကြောင့် တာဝန်ရှိသူများက ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကို ဆီကိုယ်တိုင်တင်သွင်းကြရန် ဇွန်လ ၂၉ရက် အစည်းအဝေးတွင် တိုက်တွန်းခဲ့ကြောင်းသိရသည်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်များကို ၂၀၁၀ ဇွန်လ ၁၀ ရက်မှတစ်နိုင်ငံလုံး တစ်ပြေးညီဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။ ထိုဆိုင်များမှာ ဒီဇယ်အား ကိုယ်တိုင်တင်သွင်း၍ နှုန်းရှင်ဖြင့် ရောင်းချနိုင်သည်။ သို့သော် ဓာတ်ဆီကို အစိုးရပေးသောခွဲတမ်းဖြင့် တစ်ဂါလန် ကျပ် ၂,၅၀၀ ထက်မပိုသောဈေးဖြင့် ရောင်းချခွင့်ပြုထားသည်။

စက်သုံးဆီသိုလှောင်ကန်၊ သယ်ယူသောကား၊သင်္ဘောစသော အခြေခံအဆောက်အအုံများ အဆင်သင့်မဖြစ်ခြင်းကြောင့် စက်သုံးဆီဆိုင်များကိုယ်တိုင် ဆီမတင်သွင်းကြခြင်းဖြစ်ကြောင်း စက်သုံးဆီဆိုင်ဖွင့်လှစ်ထားသော လုပ်ငန်းရှင်အချို့ကပြောသည်။

လက်ရှိ ပြည်တွင်း၏ စက်သုံးဆီလိုအပ်ချက်မှာတစ်နှစ်လျှင် ဒီဇယ် ဂါလန် ၃၄၈သန်းကျော်နှင့် ဓာတ်ဆီဂါလန် ၂၅ ဒသမ ၅ သန်း ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများကို အခြေခံ၍ အထက်ပါပုဂ္ဂိုလ်များကပြောသည်။ ရန်ကုန်မြို့အတွက် တစ်ရက် စက်သုံးဆီလိုအပ်ချက်မှာ ဂါလန်သုံးသိန်းဝန်းကျင်ရှိကြောင်း သတင်းရရှိသည်။

Health


7DAY NEWS JOURNAL

Vol.10, No.16 • JULY 7, 2011

# တိရစ္ဆာန်များနှင့် လက်ပွန်းတတီးနေထိုင်သောအခါ

သီဟ

မိမိတို့အိမ်တွင် မွေးမြူထားသည့် ချစ်စဖွယ် အိမ်မွေးတိရစ္ဆာန်လေးများသည် လက်ပွန်းတတီးနေထိုင်မှုများပြားလာသည့်အခါ မိမိတို့အား ၎င်းတို့တွင်ရှိသည့် ရောဂါပိုးများကူးစက်လာနိုင်သည်ကို သိရှိသူများပြားသော်လည်း ဂရုပြုဆင်ခြင်နေထိုင်သူများနည်းပါးပါသည်။



တိရစ္ဆာန်နှင့်လူတို့ ရင်းနှီးကျွမ်းဝင်လွန်းသည့်အခါတွင် ၎င်းတို့တွင်ရှိသည့် အမွေးအမှင်များ၊ ချွဲ သွားရေများနှင့် အခြားစွန့်ပစ်ပစ္စည်းများမှ တစ်ဆင့် လူတို့အား ရောဂါပိုးများ ကူးစက်ပြန့်ပွားစေခြင်းဖြစ်သည်။

တိရစ္ဆာန်မှလူသို့ ရောဂါပိုးများကူးစက်နိုင်သည့်လမ်းကြောင်းများမှာ အသက်ရှူလမ်းကြောင်းမှ တစ်ဆင့်ကူးစက်ခြင်း၊အရေပြားတွင် ကူးစက်ခံရခြင်း၊ အစာအိမ်လမ်းကြောင်းများတွင်ကူးစက်ခြင်း၊ ဆီးလမ်းကြောင်းများမှ ကူးစက်ခြင်း အစရှိသည်တို့မှ ကူးစက်နိုင်သည်။ထို့အပြင်ယင်းတိရစ္ဆာန်များက မတော်တဆ ကိုက်မိ၍သော်လည်းကောင်း၊ လက်သည်းခြေသည်းများနှင့် ကုတ်ခြစ်မိ၍သော်လည်းကောင်း ရောဂါများကူးစက်ကာ လူ့အသက်ကိုပင် ရန်ရှာသည့် ခွေးရူးရောဂါကဲ့သို့ ရောဂါများလည်း ကူးစက်နိုင်သည်။

"သူတို့ကိုက်လို့ဖြစ်တာဆိုရင်ခွေးရူးရောဂါရှိမယ် ဒါကတော့ လူသိများတာပေ့ါ၊ နောက်တော့ အရေပြား ရောင်ရမ်းတာတို့ ဘာတို့လည်းကိုက်မိခြစ်မိရာကတစ်ဆင့် ဖြစ်နိုင်တာပဲ"ဟု တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာ ခင်စန်းမော်ကပြောသည်။

အခြား အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါများမှာ လူသိများသည့် ဆားစ်ကဲ့သို့သော ရောဂါများ၊ ကြက်ငှက်တုပ်ကွေးကဲ့သို့သော ရောဂါများ ဖြစ်ပွားတတ်ကြသည်ဟု သိရသည်။

စာ(၁၄)သို့

## တောရွာများတွင် သွေးလွန်တုပ်ကွေးဖြင့် သေဆုံးမှု မြို့ပေါ်ထက် သုံးဆကျော်

ဝတ်ရည်

ရန်ကုန်၊ ဇွန် - ၁၅

သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူများတွင် တောရွာများ၌သေဆုံးမှုသည်မြို့ပေါ်တွင်သေဆုံးမှုထက် သုံးဆကျော်မြင့်မားနေကြောင်း ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"၂၀၁၀ ခုနှစ်အတွင်းမှာမြို့ပေါ်မှာလူ ၂၅၀၀ ကျော်ဖြစ်တာ ၁၂ ဦးသေဆုံးမှုရှိတယ်။ တောမှာတွေကလူ၅၀၀ ကျော်ဖြစ်ကာကိုးဦးသေဆုံးခဲ့တယ်" ဟု ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလှမြင့်ကပြောသည်။

တောရွာများတွင် ကလေးများ၌ အန္တရာယ်လက္ခဏာတွေ့ရှိပါက ဆေးရုံ၊ ဆေးခန်းသို့ အချိန်မီရောက်ရှိရန် အခြေအနေမလွယ်ကူခြင်း သွေးလွန်တုပ်ကွေးရောဂါ၏ လက္ခဏာများအား သိရှိမှုနည်းပါးခြင်းတို့ကြောင့် သေဆုံးမှုများပြားခြင်းဖြစ်ကြောင်း သိရသည်။



သွေးလွန်တုပ်ကွေးရောဂါသည် အသက် ၅ နှစ်မှ ၉ နှစ်အရွယ် ကလေးများတွင် ဖြစ်ပွားမှုနှင့် သေဆုံးမှုများပြားကြောင်း ဒေါက်တာလှမြင့်က ဆက်လက်ပြောကြားသည်။ ယခုကဲ့သို့ သွေးလွန်တုပ်ကွေးရောဂါသတိထားစောင့်ကြည့်ရမည့်အချိန်တွင် ကလေးငယ်များဖျားနာပါက ကလေးဖျားသည့်ရက် ၃ရက်မှ၅ရက်အတွင်း သတိထားစောင့်ကြည့်သင့်ကြောင်း သိရသည်။

သွေးလန့်ခြင်း၏ လက္ခဏာများမှာ ခြေဖျားလက်ဖျားများ အေးစက်သွားခြင်း၊ စိတ်တိုလာခြင်း၊ ငြိမ်ကျသွားခြင်း၊ လှုပ်ရှားမှုများ ဂနာမငြိမ်ဖြစ်လာခြင်း၊ အဖျားရုတ်တရက်ကျသွားခြင်း၊ အဖျားကျသွားသော်လည်း လူနာမှာ လန်းမလာခြင်း၊ ဆီးသွားနည်းခြင်းတို့မှာ ရှော့ခ်ရခြင်း၏ လက္ခဏာများဖြစ်ပြီး သတိထားစောင့်ကြည့်နေသင့်သည်။ ထိုလက္ခဏာများမှ သွေးများနှာခေါင်းသွားဖုံးများမှ စိမ့်ထွက်လာခြင်း၊ ဝမ်းအမည်းများ သွားခြင်း၊ အန်ခြင်း၊ ကိုယ်ခန္ဓာမှ အနီစက်များထွက်လာလျှင် ဆေးရုံသို့ အမြန်ဆုံးခေါ် ဆောင်သွားသင့်ကြောင်း ရန်ကုန်ကလေးဆေးရုံကြီး သွေးလွန်တုပ်ကွေးတာဝန်ခံ ဒေါက်တာအောင်ထွန်းဦးက ပြောကြားသည်။

## လူဦးရေ သိန်းနှစ်ဆယ်တွင် အ ိုး၊ အကြော၊ အဆစ် ဆရာဝန်တစ်ဦးသာရှိ

ဝတ်ရည်

ရန်ကုန်၊ ဇွန် - ၂၇

မြန်မာနိုင်ငံတွင် အရိုး၊ အကြော၊ အဆစ်ဆိုင်ရာ ကျွမ်းကျင်ဆရာဝန် ၃၀ဦးခန့်သာရှိကြောင်း အရိုး၊ အကြော၊ အဆစ်ဆိုင်ရာ အထူးကုဆရာဝန်များထံမှ သိရသည်။

လက်ရှိတွင်မြန်မာနိုင်ငံ၌ လူဦးရေသန်း၆၀ခန့်ရှိသည်ဟု ခန့်မှန်းထားပြီး လူဦးရေသိန်း ၂၀တွင် အရိုး၊ အကြော၊ အဆစ်ဆရာဝန်တစ်ဦးနှုန်းသာရှိကြောင်း အရိုး၊ အကြော၊ အဆစ်ဆိုင်ရာ ပါမောက္ခဒေါက်တာချစ်စိုးက ပြောသည်။

"အရိုး၊ အကြော၊ အဆစ်ရောဂါတွေဆိုတာ အသက်ကြီးလာရင် မဖြစ်မနေကို ကြုံတွေ့ရနိုင်တဲ့ ရောဂါတွေပါ။ ဒါပေမဲ့ အခုချိန်ထိတော့ ကျွမ်းကျင်ဆရာဝန်တွေ နည်းပါးနေသေးတဲ့အတွက် လုံလောက်တဲ့ ကျန်းမာရေးပညာပေးမှုမလုပ်နိုင်သေးဘူး"ဟု အဆိုပါဆရာဝန်ကပြောသည်။

၁၉၉၀ခုနှစ်ကျော်အထိ အရိုး၊ အကြော၊ အဆစ်ဆိုင်ရာကျွမ်းကျင်သူတစ်ဦးမှမရှိသည့်အတွက် အဆိုပါဘာသာရပ်အတွက် နိုင်ငံတကာသင်ကြားရေးအစီအစဉ်များ ဆောင်ရွက်ပြီး ၂၀၀၄ခုနှစ်တွင် ရန်ကုန်ဆေးရုံကြီးတွင်အရိုး၊ အကြော၊ အဆစ်ပြင်ပလူနာဌာနဖွင့်လှစ်ကာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ဆေးပညာဌာနအဖြစ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

## မြို့နယ်ဆေးရုံရှိ အရေးပေါ်လူနာများအတွက် သွေးရရှိမှု ခက်ခဲ

မိုးမြင့်မိုး

ကန့်ဘလူ၊ ဇွန် - ၂၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ ကျန်းမာရေးဝန်ကြီးဌာန ခုတင်၁၀၀ဆံ့မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အရေးပေါ် တက်ရောက်ကုသမှုခံယူရသူလူနာများအတွက် သွေးရရှိရေးအချိန်မီဆောင်ရွက်ရန် အခက်အခဲရှိကြောင်းသိရသည်။ မြို့ခံ၊ ဒေသခံမဟုတ်သူများအတွက် ပိုမိုခက်ခဲကြောင်း သွေးလှူရှင်ရှာဖွေနေသူ ရပ်ဝေးလူနာရှင်များထံမှသိရသည်။

ကန့်ဘလူမြို့ ရပ်ကွက်များ ရုံးဌာနများ၊ ကျောင်းများ၌ စေတနာအလျောက် သွေးလှူဒါန်းနေသူသွေးလှူရှင် ၅၀၀ကျော်ရှိကြောင်း သိရပြီး အခါအားလျော်စွာ သွေးလှူကြရာ ၁၀ကြိမ်၊ ၁၅ကြိမ်မှ အကြိမ် ၄၀ကျော်သွေးလှူပြီးသူများ၊ လူမှုထူးချွန်ဆုရရှိပြီးသူများပင်ရှိကြောင်းသိရသည်။

ကန့်ဘလူမြို့နယ် ခုတင် ၁၀၀ဆံ့ပြည်သူ့ဆေးရုံကြီးသို့ ဝက်လက်၊ ရွှေဘို၊ ခင်ဦး၊ တန့် ဆည်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူး၊ ဗန်း မောက်၊ အင်းတော်၊ ကသာနှင့် ထီးချိုင့်မြို့နယ်တို့မှ ဝေဒနာရှင်များလာရောက်ကုသမှုခံယူကြကြောင်း၊ ခုတင် ၁၀၀ ဆံ့ဆိုသော်လည်း အချို့နေ့ရက်များတွင် လူနာ ၁၂၀ကျော်လက်ခံကုသရကြောင်းသိရသည်။

အရေးပေါ် သွေးလိုအပ်သူ များအဆင်ပြေစေရန်နှင့် သွေးလှူရှင်အသင်းဖွဲ့စည်းနိုင်ရန်သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်လျက်ရှိကြောင်း၊ သွေးအမျိုးအစားခွဲခြားသတ်မှတ်ခြင်း၊ ရောဂါပိုးရှာဖွေစစ်ဆေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သန့်စင်သော သွေးရရှိရေး မြို့ခံ၊ ဒေသခံများ၊ စေတနာရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လိုပါကြောင်းဖြင့် ခုတင် ၁၀၀ ဆံ့ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ရွှန်းကပြောကြားသည်။

## လာမည့်ဆယ်စုနှစ်အတွင်းလူသေဆုံးစေမည့် အဓိကရောဂါများမှာ နှလုံး၊ ကင်ဆာနှင့် အရိုး၊ အကြော၊ အဆစ်ရောဂါများဖြစ်

ဝတ်ရည်

ရန်ကုန်၊ ဇွန် - ၂၇



လာမည့်ဆယ်စုနှစ်အတွင်း(၂၀၂၀ ခုနှစ်)တွင် လူတို့ သေဆုံးစေမည့် အဓိကရောဂါများမှာ နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့်အရိုး၊အကြော၊ အဆစ်ဆိုင်ရာရောဂါများဖြစ်လာမည်ဖြစ်ကြောင်း ကျန်းမာရေးကျွမ်းကျင်သူတို့က သုံးသပ်သည်။

ယခုအချိန်တွင် လူအများသည်ကူးစက်ရောဂါများဖြစ်သည့် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ခုခံအားကျဆင်းမှုရောဂါ (AIDS) ရောဂါများကြောင့် သေဆုံးမှုအများဆုံးဖြစ်ကြောင်း ရန်ကုန်ဆေးရုံကြီးပါမောက္ခ ဒေါက်တာချစ်စိုးကပြောသည်။

"ဆေးရုံ၊ ဆေးခန်းကိုလာပြတဲ့ လူနာတွေမှာဆိုရင် သုံးပုံတစ်ပုံလောက်က အရိုး၊ အဆစ်နဲ့ ပတ်သက်တဲ့ ရောဂါတွေပဲ။ ခန့်မှန်းချက်တွေအရဆိုရင် နောက်ပိုင်းမှာ အရိုးပွရောဂါကလည်း လူ ၁၀၀မှာ တစ်ဝက်လောက်အထိ ဖြစ်ပွားတော့မှာပါ"ဒေါက်တာချစ်စိုးကပြောသည်။

လူတို့၏ ပြောင်းလဲလာသော နေထိုင်မှုပုံစံနှင့် အစားအသောက်များကြောင့် မကူးစက်နိုင်သည့် ရောဂါများဖြစ်သည့် နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ အရိုး၊ အကြော၊ အဆစ်ရောဂါများအား ပိုမိုဖြစ်စေပြီး အသက်ဆုံးရှုံးမှုများ ဖြစ်ပွားလာမည်ဖြစ်ကြောင်းသိရသည်။

"အဲဒီရောဂါတွေက ဖြစ်နေမှန်း ရောဂါလက္ခဏာတွေ မပြတဲ့အခါ ရောဂါရင့်မှသိပြီး အသက်သေဆုံးကြတယ်။ အရိုး၊ အဆစ်ရောဂါတွေထဲမှာ အဖြစ်များတဲ့ အရိုးပွရောဂါဆိုရင် ဖြစ်နေမှန်းမသိဘူး။ ဖြစ်တော့မှ ပေါင်ကျိုး၊ လက်ကျိုးတွေဖြစ်ပြီး အသက်သေကြတာ"ဟု အဆိုပါဆရာဝန်ကပြောသည်။

ထိုရောဂါများသည် အများအားဖြင့် တစ်ဦးမှတစ်ဦး မကူးစက်ဘဲ ခန္ဓာကိုယ်မှ အလိုအလျောက်ဖြစ်ပေါ်လာသည့် ရောဂါများဖြစ်သည်။

## လူငယ်များ အရက်အလွန် အကျွံသောက်ပါက ဦးနှောက်ပျက်စီးနိုင်

စင်စင်နတီ၊ ဇွန် - ၂၈

ဆယ်ကျော်သက်နှင့် အသက် ၂၀ ကျော်လူငယ်များ အရက်အလွန်အကျွံသောက်သုံးခြင်းသည် အသက် ၂၅နှစ်ခန့်အထိ အပြည့်အဝမဖွံ့ဖြိုးသေးသည့် ဦးနှောက်ကိုပျက်စီးစေနိုင်ကြောင်း အမေရိကန်သုတေသီများကပြောသည်။

ရက်သတ္တပတ်ကုန် စနေ၊ တနင်္ဂနွေရက်များတွင် တစ်ထိုင်တည်းဖြင့် အရက်လေး၊ ငါးပက် (သို့မဟုတ်) ဘီယာလေး၊ ငါးခွက်နှင့်အထက် သောက်သုံးနေသည့် အသက် ၁၈နှစ်နှင့် ၂၅နှစ်ကြား အမျိုးသမီး၊ အမျိုးသား ၂၉ဦး အားလေ့လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ လူငယ်များအား ပုံရိပ်ကြည်လင်ပြတ်သားမှုမြင့်မားသည့် ဦးနှောက်ဓာတ်မှန်များရိုက်၍ အာရုံစူးစိုက်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း၊ စိတ်လှုပ်ရှားမှုများကိုထိန်းသိမ်းခြင်းစသည့် လုပ်ငန်းဆောင်တာများကိုလုပ်ဆောင်သည့် ဦးနှောက်၏အစိတ်အပိုင်းတွင် ပျက်စီးမှုများတွေ့ရကြောင်း စင်စင်နတီတက္ကသိုလ်မှ ဒေါက်တာဘွဲ့စာတမ်းရှင်တင်မက်ကွင်နီကပြောသည်။

အသက် ၂၅နှစ်ခန့်အထိ ဦးနှောက်မှာ ဖွံ့ဖြိုးနေဆဲဖြစ်သဖြင့် အယ်လ်ကိုဟောဓာတ်က ဈူထရွန်ဆဲလ်များနှင့် ဓာတ်ပြုပြီး ဦးနှောက်ဖွံ့ဖြိုးမှုကိုပြောင်းလဲစေနိုင်ကြောင်း မတ်ကွင်နီက ၎င်း၏တွေ့ရှိချက်တွင်ဖော်ပြသည်။

အသက် ၁၈နှင့် ၂၅နှစ်ကြား အမေရိကန်လူငယ် ၄၂ရာခိုင်နှုန်းသည်အရက်အလွန်အကျွံသောက်သုံးကြကြောင်း မူးယစ်ဆေးဝါးအလွဲသုံးစားပြုမှုအမျိုးသားအင်စတီအင်စတီကျူ့ဒ်စာရင်းများတွင် ပြဆိုထားသည်။ —Ref: UPI

စာ-၁၃၊ တိရစာန်များနှင့် လက်ပွန်းတတီးနေထိုင်သောအခါ မှ

အလားတူ အရေပြားတွင်လည်း တိရစ္ဆာန်များ၏အမွေးတွင် တွယ်ကပ်နေတတ်သည့် သန်း၊မွှား၊ လေးစသည့်အကောင်များမှ လူ၏ အရေပြားပေါ် သို့ ရောက်ရှိလာကာ ကိုက်မိရာမှ အရေပြားမှို ရောဂါများ၊ဝဲရောဂါများဖြစ်ပွားနိုင်သည်။

ထို့အပြင် တိရစ္ဆာန်များ၏ မျိုးပွားအင်္ဂါများမှ ထွက်သည့် အရိအချွဲများမှတစ်ဆင့်လည်းလူကိုဒုက္ခ ပေးတတ်သည့် ရောဂါများကူးစက်နိုင်သည်ဟု ဒေါက်တာခင်စန်းမော်ကပြောသည်။

တိရစ္ဆာန်များမှတဆင့်လူတို့ကူးစက်သည့်ရောဂါများသည်ဗိုင်းရပ်စ်များ ဘက်တီးရီးယားများကြောင့် ကူးစက်ပြန့်ပွားခြင်းဖြစ်သည်။ ထို့ကြောင့် တိရစ္ဆာန်တစ်ကောင်တွင်ရှိသည့် ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားတတ်သည့် ရောဂါသည် ဗိုင်းရပ်စ်ပိုးတစ်မျိုးတည်းရှိသည့်အခါတွင် ကူးစက်ခံရသူအား ဆိုးကျိုးသက်ရောက်မှုသိပ်မရှိသော်လည်း ဗိုင်းရပ်စ်များပေါင်းစုံကာဗိုင်းရပ်စ်အသွင် ပြောင်းသွားသည့်အခါတွင် ကူးစက်ခံရသည့်သူမှာ အသက်ကိုပင် ထိခိုက်သည်အထိ အန္တရာယ်ဖြစ်နိုင်သည်ဟု ပညာရှင်များကပြောသည်။

"ကြက်တုပ်ကွေး ဗိုင်းရပ်စ်က ဝက်ကိုဝင်မယ် ဝက်ကနေတစ်ဆင့် ခွေးတွေကြောင်တွေကိုဝင်ပြီးအဲဒီကနေမှတစ်ဆင့်လူကိုကူးရင် အဲဒါက အရမ်းပြင်းထန်တယ်"ဟု ဒေါက်တာခင်စန်းမော်ကပြောသည်။ တိရစ္ဆာန်မှတစ်ဆင့်လူကို ရောဂါကူးစက်ရာတွင် ကိုင်တွယ်နေကြသူများ၌ တစ်ခါတစ်ရံ ကူးစက်ခံရခြင်း မရှိသော်လည်း ခဏတဖြုတ်ကိုင်တွယ်သူများ၌ ရောဂါပိုးဝင်ရောက်ကူးစက်သည်များလည်း ရှိတတ်ကြကြောင်း သိရသည်။ ထို့ကြောင့် လူအများသည် တိရစ္ဆာန်မှလူသို့ ရောဂါကူးစက်ဝင်ရောက်နိုင်မှုအား သတိမပြုမိခြင်းလည်း ဖြစ်နိုင်ကြောင်း သိရသည်။

ထို့အပြင် တိရစ္ဆာန်များတွင် ရောဂါပိုးအများအပြားသယ်ဆောင်ကာ လူအားဖြန့်ချိနေသည့်တရာခံများထဲတွင်ကြွက်လည်းပါဝင်ကြောင်းသိရသည်။

ကြွက်သည် ၎င်းကိုယ်၌ကလည်း ရောဂါများဖြန့်ချိသကဲ့သို့ အခြားသော တိရစ္ဆာန်များ၏ရောဂါများအားလည်း သယ်ဆောင်လာကာ လူတို့အား ရောဂါကူးစက်စေနိုင်သည်ဟုသိရသည်။

ကြွက်မျိုးနွယ်များတွင် အိမ်တွင်အလှမွေးလေ့ရှိကြသည့်ကြွက်ဖြူလေးများလည်း ရောဂါသယ်ဆောင်သည့် အုပ်စုတွင်ပါ ဝင်ပြီး ဟမ်းစတားကဲ့သို့သောအကောင်လေးများသည်လည်းကြွက်မျိုးနွယ်ဝင်များဖြစ်သဖြင့် ဂရုပြုမွေးမြူသင့်ကြောင်းသိရသည်။

တိရစ္ဆာန်ထွက်ပစ္စည်းများဖြစ်သည့် နို့နှင့် အသားများအား စားသုံးခြင်းကြောင့်လည်း ရောဂါများကူးစက်နိုင်သည်။ သို့သော် ထို့သို့ကူးစက်ခြင်းမှာ လူအပေါ် တွင် မူတည်ကာ ကောင်းမွန်စွာ ချက်ပြုတ်စားသောက်ပါက ကူးစက်မှုအားကာကွယ်နိုင်သည်။

တိရစ္ဆာန်ထွက်ပစ္စည်းများကြောင့် ကူးစက်နိုင်သည့် ရောဂါများမှာဝမ်းကိုက်ရောဂါများနှင့်နွားနို့မှတစ်ဆင့် တီဘီရောဂါများ ကူးစက်နိုင်သည်ဟုသိရသည်။

တိရစ္ဆာန်များမှ လူသို့ကူးစက်နိုင်သည့် ရောဂါများသည် သာမန်နှာစေးချောင်းဆိုးအဆင့်ရောဂါမှ အသက်အန္တရာယ်အထိ ထိခိုက်နိုင်သည့်ရောဂါများဖြစ်ကြပြီး ကမ္ဘာပေါ် တွင် ထိုကဲ့သို့သောရောဂါအမျိုးကွဲပေါင်းထောင်ချီရှိသည်ဟု သိရသည်။

သို့သော်အချို့သောရောဂါများသည် ဖြစ်ပွားမှုနည်းသဖြင့် လူသိနည်းသော်လည်း ကမ္ဘာနှင့်အဝန်းဖြစ်ပွားလာသည့် ကြက်ငှက်တုပ်ကွေးကဲ့သို့သောရောဂါများ၊ ဆားစ်ကဲ့သို့သောရောဂါများ၊ ခွေးရူးကဲ့သို့သောရောဂါများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်၍ တိုက်ဖျက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

တိရစ္ဆာန်မှ လူသို့ ကူးစက်သည့်ရောဂါများအားကာကွယ်ရန် အတွက် အိမ်မွေးတိရစ္ဆာန်များဖြစ်ပါက စနစ်တကျစည်းကမ်းတကျ မွေးမြူကြရန်လိုအပ်ပြီး အစာစားခြင်း၊အညစ်အကြေးစွန့်ခြင်းများအား စည်းကမ်းကျနစေရန် လေ့ကျင့်ပေးထားသင့်သည်။

ထို့အပြင် ညအိပ်ရာတွင်လည်းအိမ်မွေးတိရစ္ဆာန်များနှင့် အတူအိပ်စက်ခြင်းမျိုး မပြုသင့် ကြောင်းသိရသည်။ မွေးမြူရေးတိရစ္ဆာန်များဖြစ်ပါကလည်း ဇီဝလုံခြုံ ရေးကို ဂရုပြုမွေးမြူသင့်သည်ဟု တိရစ္ဆာန်ရောဂါကု ဆရာဝန်တစ် ဦးကပြောသည်။

၂ ချိန်ကျောင်းများအတွက်သာ
အလယ်တန်း(၈) တန်း၊ အင်္ဂလိပ်စာသီးသန့်
သင်္ချာသီးသန့်၊ ကျက်စာသီးသန့်
ထူးချွန်အောင်မြင်အောင်တာဝန်ယူမည်။
Tr-Paing²
09731 40987

Regional
7 Day News Journal
Vol.10, No.16 • JULY 7, 2011

# နေပြည်တော်စည်ပင်သာယာရေးကော်မတီက ဥပဒေတစ်ရပ်ပြဋ္ဌာန်း

ထူးသန့်

နေပြည်တော်၊ ဇူလိုင်- ၁



နေပြည်တော်လမ်းတစ်နေရာတွင်တွေ့ရသည့် ယာဉ်စည်းကမ်းလမ်းညွှန်ဆိုင်းဘုတ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နေပြည်တော်ကောင်စီနယ်စပ်နယ်မြေအတွင်း မော်တော်ယာဉ်နှင့် လမ်းအသုံးပြုသူများအတွက် စည်းကမ်းဖောက်ဖျက်ပါကထောင်ဒဏ်သုံးလနှင့် ငွေဒဏ်ကျပ် တစ်သိန်းပူးတွဲကျခံစေနိုင်သောဥပဒေတစ်ရပ်ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီက ဇွန် ၂၄ ရက်ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်အရ သတ်မှတ်စည်းကမ်းချက်တစ်ရပ်ကို သက်ဆိုင်ရာ နယ်နိမိတ်အတွင်း မည်သူမဆို ဖောက်ဖျက်ကျူးလွန်ခြင်း(သို့မဟုတ်)လိုက်နာရန်ပျက်ကွက်ခြင်းပြုပါကနေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၆ အရ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၁ ဖြင့် ထုတ်ပြန်သော အဆိုပါ ထုတ်ပြန်ချက်တွင် လက်ကိုင်ဖုန်းပြောဆို၍ ယာဉ်မောင်းနှင်ခြင်းမပြုရ၊ မော်တော်ဆိုင်ကယ်အသုံးပြုသူများ အများပြည်သူအသုံးပြုသည့်လမ်းများပေါ်တွင် မြို့တော် အင်္ဂါရပ်ကို ထိခိုက်စေသော အဝတ်အစားများ ဝတ်ဆင်မောင်းနှင်သွားလာခြင်းအင်္ကျီမဝတ်ဘဲ မောင်းနှင်သွားလာခြင်းမပြုရ စသည့်ဖြင့် စည်းကမ်းချက်ပေါင်း ၃၅ ချက်ပါရှိသည်ကို တွေ့ရသည်။

နေပြည်တော် ဒေသခံ လုပ်ငန်းရှင်တစ်ဦးက အဆိုပါ ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး “အရင်ကအပြစ်တစ်ခုခုကြောင့် အဖမ်းခံရရင် စီမံခန့်ခွဲမှုဒဏ်ငွေ နှစ်သောင်းနဲ့တရားရုံးဒဏ်ငွေလောက်ပဲ ဆောင်ရတယ်။ အခုစီမံခန့်ခွဲမှုဒဏ်ငွေကိုတော့ပယ်ဖျက်လိုက်ပြီ။ ဒါပေမဲ့ ပိုပြီးလိုက်နာဖို့သင့်တဲ့ ဥပဒေတစ်ရပ်လည်း ထွက်ပေါ်လာပြီ။ ‘မည်သူမဆို’ လို့ ဥပဒေမှာပါလာတာက စိတ်ဝင်စားဖို့ကောင်းတယ်”ဟူ၍ ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

အသက် ၂၀ ဝန်းကျင်ရှိ ပုဂ္ဂလိက အမှုထမ်းလူငယ်တစ်ဦးကလည်း “ကျွန်တော့်အလုပ်က ည ၈ နာရီနောက်ပိုင်းမှ သိမ်းတာ။ တစ်ခါတလေ ၁၀ နာရီလောက်ထိဆင်းရတယ်။ ဆိုင်ကယ်နဲ့ပဲ သွား/ပြန်ပါတယ်။ အခုဒီဥပဒေထုတ်လိုက်ပြီဆိုတော့ လန့်သွားတယ်။ တစ်ခုခုပျက်ကွက်မိရင် ထောင်ဒဏ် ထိသွားနိုင်တာကိုး၊ ရန်ကုန်မှာလို လိုင်းကားတွေပေါ်ရင်တော့အဆင်ပြေမှာပါ”ဟု၎င်း၏အမြင်ကိုပြောကြားခဲ့သည်။

နေပြည်တော် စည်ပင်နယ်နိမိတ်အတွင်းနေထိုင်သောယာဉ်ပိုင်ရှင်များ၊ယာဉ်မောင်းများ၊ယာဉ်နောက်လိုက်များနှင့် လမ်းအသုံးပြုသူများ လိုက်နာနိုင်ရန် နေပြည်တော် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၈(ဆ)၊ (က)နှင့် ပုဒ်မ ၃၈(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးရန် အဆိုပါ စည်းကမ်းချက်များကို ထုတ်ပြန်ခြင်းဖြစ်ကြောင်းသိရသည်။

# အလောင်းဖျောက်ရန်ကြိုးပမ်းသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အား အရေးယူ

မင်းဒင်

မန္တလေး၊ ဇူလိုင်- ၁

ယာဉ်မတော်တဆမှုကြောင့် သေဆုံးသွားသောအလောင်းကိုဖျောက်ဖျက်ရန်ကြိုးပမ်းသည့်ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့အား အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သံချောင်းများ သယ်လာသောကား ရုတ်တရက် ဘရိတ်အုပ်လိုက်မှုကြောင့် ကားပေါ်၌ လမ်းကြုံလိုက်လာသူတစ်ဦးပေါ်သို့ တင်ဆောင်ထားသည့် သံချောင်းများပိ၍ သေဆုံးသွားပြီး ထိုသူအားမြောင်းတစ်ခုထဲသို့ပစ်ချကာ အလောင်းဖျောက်ဖျက်ခဲ့မှုတစ်ခုကို သာစည်ရဲစခန်းအပိုင်အတွင်း ဇွန် ၁၆ ရက်က ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပျော်ဘွယ်မြို့နယ်၊အလယ်ကျွန်းကျေးရွာနှင့်ကြက်တည်ရွာကြားတွင် ဇွန်လ ၉ ရက်ကသံထည်ပစ္စည်းများသယ်ဆောင်လာသော ကားပေါ်သို့ခရီးသည်တစ်ဦးက လမ်းကြုံလိုက်ပါစီးနင်းသွားခဲ့ကြောင်းသိရှိရသည်။

ယာဉ်မောင်းနှင်နေစဉ် ရှေ့၌ ဆိုင်ကယ်တစ်စီးဖြတ်မောင်းသွားရာ ယာဉ်ကိုမောင်းသူ၏ရုတ်တရက်ဘရိတ်အုပ်မှုကြောင့် ကားပေါ်၌သယ်ဆောင်လာသည့်သံချောင်းပုံပြိုကျ၍ ခရီးသည်အား ညှပ်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဒဏ်ရာရသူအား ဆေးရုံသို့ပို့ဆောင်ရန် ယာဉ်မောင်းသူသည် မောင်းနှင်လာစဉ် ထိုသူ သေဆုံးသွားသဖြင့် တံတားတစ်ခုအရောက်တွင် ရေမြောင်းထဲသို့ပစ်ချကာ အလောင်းအားဖျောက်ဖျက်ခဲ့ကြသည်။ ဖြစ်စဉ်နှင့်ဆက်စပ်၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား(ပ)၂၁၅/၂၀၁၁ ပုဒ်မ ၃၀၄-က/၂၀၁ ဖြင့် သာစည်ရဲစခန်းတွင် ဇွန်လ ၁၆ ရက်က အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ပုံးသတင်းကောလာဟလများကြောင့် ယာဉ်မတော်တဆမှုအချို့ဖြစ်

မင်းဒင်

မန္တလေး၊ ဇူလိုင်- ၂

ပုံးသတင်းအမှားများ ပျံ့နှံ့သည့်နေရာများသို့ သွားရောက်ကြည့်ရှုသူများအနေဖြင့် အရှိန်မြင့်မောင်းနှင်မှုများရှိခဲ့ရာ အထူးသဖြင့် မော်တော်ဆိုင်ကယ်စီးသူများ မတော်တဆထိခိုက်မှုနှင့် တိမ်းမှောက်မှုများဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိခဲ့ရသူများက ပြောသည်။

ဇွန်လ ၃၀ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်းရှိ ကျောင်းတချို့တွင် ပုံးပေါက်ကွဲသည်ဆိုသော သတင်းများ ထွက်ပေါ်ခဲ့ရာ စိုးရိမ်စိတ်ဖြင့် စက်ရှိန်မြင့်မောင်းနှင်သူအချို့ ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့ယာဉ်မှုစစ်ရဲစခန်းမှတာဝန်ရှိသူတစ်ဦးက“အဲဒီအချိန်လောက်လာပြီးအမှုဖွင့်တာမရှိဘူး။ တိုက်တဲ့သူတွေနှစ်ဦး ကျေအေးလိုက်တာလည်းဖြစ်နိုင်တယ်။ ထိခိုက်တာမပြင်းရင်လည်းမလာကြဘူး” ဟု အဆိုပါအချိန်တွင် ဖြစ်ပွားသော ယာဉ်တိုက်မှုများနှင့်ပတ်သက်ပြီး ဖြေကြားသည်။

အဆိုပါသတင်းများကြောင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဘေးလမ်းမများပေါ်တွင် ယာဉ်ပိတ်ဆို့မှုများဖြစ်ပွားခဲ့ရာကျောင်းအုပ်ဆရာကြီးက လက်ကိုင်အသံချဲ့စက်ဖြင့်“ဘာမှမဖြစ်ပါဘူး။ ကောလာဟလပါ။ ကျွန်တော်တာဝန်ယူပါတယ်”ဟုကျောင်းရှေ့ပေါက်တွင်ထွက်အော်ကာရှင်းလင်းပြောကြားခဲ့ရသည်။

ထို့အတူ အခြားကျောင်းအချို့တွင်လည်း ကျောင်းသား၊ ကျောင်းသူများ၏ အုပ်ထိန်းသူများရောက်ရှိလာခဲ့ကြကြောင်း စိုးရိမ်စိတ်ဖြင့်ကိုယ်တိုင်သွားရောက်ခဲ့သူတစ်ဦးကပြောသည်။

အဆိုပါနေ့တွင်ပင် မန္တလေးတိုင်းဒေသကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ မသင်္ကာဖွယ်အိတ်တစ်လုံးတွေ့ရှိရာ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးပေးခဲ့ရသော်လည်း ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ မတွေ့ရှိခဲ့ရကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011




# မနလေးကုန်စည်ဒိုင် ညှော်ဝင်ခွင့် ပြန်ပေး

ညီညီဇော်

**မန္တလေး၊ ဇူလိုင်- ၂**

မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)တွင် ညှော်ဝင်ခွင့်ကိုဇူလိုင်လ ၁ ရက်မှ စတင်ကာ ပြန်လည်ခွင့်ပြုပေးနေကြောင်း သတင်းရရှိသည်။

မန္တလေးမြို့တွင်ဇွန်လ ၂၄ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် မန္တလေးမြို့ရှိ လူစည်ကားရာနေရာများ၌ လုံခြုံရေးများ ပိုမိုတင်းကျပ်စွာဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် လူစည်ကားရာ နေရာတစ်ခုဖြစ်သော မန္တလေး ကုန်စည်ဒိုင်အတွင်းသို့လည်း လုံခြုံရေးအရ ညှော်ဝင်ခွင့်ကို ဇွန်လ ၂၅ ရက်မှ ၃၀ ရက်ထိ ပိတ်ထားခဲ့သည်။ ဇူလိုင်လ ၁ ရက်တွင်မူ ညှော်ဝင်ခွင့်ပြန်လည်ပေးနေကြောင်း မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# မန်းပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ဝင်ငွေခွန် စနစ်တကျပေးဆောင်ရတော့မည်

စိုင်းသာအောင်

**မန္တလေး၊ ဇွန်- ၃၀**

မန္တလေးမြို့ရှိပညာရေးဝန်ဆောင်မှု လုပ်ငန်းများအား ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်မှစတင်၍ ဝင်ငွေခွန်များ စနစ်တကျ ကောက်ခံတော့မည်ဖြစ်ကြောင်း ပြည်တွင်း အခွန်ဦးစီးဌာနမှ သတင်းရရှိသည်။

မန္တလေးမြို့လယ် ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ၎င်းတို့၏ ပညာရေးဝန်ဆောင်မှုလုပ်ငန်းက တစ်နှစ်လျှင် ကျပ်သိန်း ၅၀ ခန့် ဝင်ငွေခွန်ဆောင်ကြောင်း မန္တလေးမြို့တွင် ပညာရေးဝန်ဆောင်မှုလုပ်ငန်းအကြီး၊ အသေး၊ အလတ်စုစုပေါင်း ၂၀၀ ခန့်ရှိကြောင်း ပညာရေးဝန်ဆောင်မှု လုပ်ငန်းတိုင်း စနစ်တကျ ဝင်ငွေခွန်ဆောင်သင့်ကြောင်း၎င်း၏အမြင်ကိုပြောသည်။

မန္တလေးမြို့ရှိ ၁၀ တန်းဘော်ဒါတွင်ကျောင်းစရိတ်အနည်းဆုံးတစ်ဦးလျှင်ကျပ်၁၅သိန်းမှအများဆုံး ကျပ် ၂၅ သိန်းအထိရှိသည်။

နာမည်ကြီးဘော်ဒါတစ်ခုတွင် ဒသမတန်းကျောင်းသား ၆၀၀ နှင့် နဝမတန်းကျောင်းသား ၄၀၀ ဦး ခန့်ရှိပြီး အဆိုပါ ကျောင်း၏ တစ်နှစ်ဝင်ငွေသည် ကျောင်းသားတစ်ဦးလျှင် တစ်နှစ်ပျမ်းမျှကျပ်သိန်း ၂၀ ဖြင့် တွက်ပါက ကျပ်သိန်း ၂,၀၀၀ ဖြစ်သည်။

၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဦးတင်မောင်ဝင်း၊ အင်းလျားလမ်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းက အခွန်(အမြတ်ခွန်)ကျပ်သန်းပေါင်း ၄၁ ဒသမ ၉၉၇ ဖြင့် အများဆုံးပေးဆောင်ထားသည်။






# အဆက်မပြတ်မိုးရွာသွန်းမှုကြောင့်မိုးညှင်းတွင်လမ်းမြေပြိုပြီးယာဉ်ကြီးများလမ်းပိတ်ဆို့

**သစ္စာ(မိုးညှင်း)**

**မိုးညှင်း၊ ဇွန်- ၂၉**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့တွင် အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ပြည်ထောင်စုလမ်းမကြီးမြေသားကျွံမှုဖြစ်ပွားပြီး ကုန်တင်ယာဉ်ကြီးများ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်၊ မိုးညှင်းမြို့ အထွက်သာစည်ရပ်ကွက် အလွန်တံတားအမှတ်၁/၁၀၁လမ်းလယ်ခုံမြေသားသည် ဇွန် ၁၄ ရက်ညနေ ၃ နာရီခွဲအချိန်တွင် မြေသားကျွံဝင်မှုစတင်ဖြစ်ပွားခဲ့ပြီးညနေ၅ နာရီခွဲအချိန်တွင် အဆိုးဆုံးအနေအထားသို့ရောက်ရှိခဲ့သည်။

အဆိုပါတံတား ၁/၁၀၁ အောက်မှ စီးဆင်းလျက်ရှိသော ရေနုတ်မြောင်း၏ ရေတိုက်စားမှုကြောင့် တံတားလမ်းကပ်ခုံ (အနောက်ဘက်ခြမ်း)မှ ကျွံကျခဲ့ပြီး သံကူကွန်ကရစ်တံတားယက်မနှင့်နှစ်ပေခန့်အထိကွာသွားခဲ့သည်။ ထိုသို့တံတားလမ်းကပ်ခုံကျွံကျရာမှတစ်ဆင့် လမ်းမြေသားမှာလည်း အလျား ၂၀ ပေ၊ အနံ ၈ ပေခန့်အထိ ကျွံကျပြီး အပေါက်ကြီးဖြစ်သွားခဲ့သည်။

လမ်းမြေနှင့် တံတားကျွံဝင်မှုကြောင့်မော်ဒေသသို့ ခရီးဆက်မည့် လောင်စာဆီတင်မော်တော်ယာဉ်နှင့် ဘက်ဖိုးများ တင်ဆောင်လာသည့်မော်တော်ယာဉ်စုစုပေါင်း ၂၀ စီးကျော်တို့ပိတ်မိခဲ့သည့်အပြင်ကုန်တင်ကား ၈ စီးတို့မှာလည်း လမ်းပိတ်ဆို့မှုနှင့်ကြုံတွေ့ခဲ့ရသည်။

အဆိုပါနေရာသို့ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဆောက်လုပ်ရေးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုခဲ့ကြပြီးလိုအပ်သည်များကို လမ်းညွှန်မှာကြားဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ဆောက်လုပ်ရေးဌာနမှဦးဆောင်၍စိမ်းရတနာမွန်(မြောက်ပိုင်း)ရပ်ကွက်အတွင်းရှောင်ကွင်းလမ်းတည်ဆောက်ပေးခဲ့မှုကြောင့် ဇွန်လ ၁၅ ရက်ညနေ ၃ နာရီအချိန်တွင် ယာဉ်ကြောပိတ်မိနေကြသော မော်တော်ယာဉ်များလိုရာခရီးသို့ ဆက်လက် သွားလာနိုင်ခဲ့ကြသည်။ သို့သော်လည်း လမ်းလွှဲအဖြစ် ခွင့်ပြုခဲ့သော စိမ်းရတနာမွန်(မြောက်)ရပ်ကွက် ပေ-၆၀ လမ်းမကြီးသည် ကိုယ့်အားကိုယ်ကိုးသဲကျောက်ခင်းထားသည်သာဖြစ်ရာ အောက်ခံမြေသားကြံ့ခိုင်မှုမရှိသဖြင့်နေ့စဉ်သယ်ယူပို့ဆောင်လျက်ရှိကြသော စက်သုံးဆီပီပါများ သယ်ဆောင်သောယာဉ်များနှင့် ကုန်တင်ယာဉ်များလမ်းကျွံခြင်း၊ တိမ်းစောင်းခြင်း၊ရွံ့ဗွက်နစ်ခြင်းတို့ဖြစ်ပွားလျက်ရှိကြသည်။

အဆက်မပြတ်ရွာသွန်းခဲ့သောမိုးကြောင့်လမ်းမြေများကြံ့ခိုင်မှုအားနည်းခဲ့ပြီး ရပ်ကွက်အတွင်း (ပေ ၆၀)လမ်းမကြီးမှာ အဆိုးဆုံးအခြေအနေထိဖြစ်ပွားခဲ့ရာ စက်ဘီးနှင့်ဆိုင်ကယ်များ စီးနင်းသွားလာနိုင်ခြင်းမရှိတော့ပေ။

ဇွန်လ ၂၀ နှင့် ၂၂ ရက်တို့တွင်ကုန်တင်ကားကြီးများနှင့်စက်သုံးဆီသယ်ဆောင်သည့် ယာဉ်များသွားလာနိုင်မှု ခက်ခဲခဲ့သဖြင့် မိုးညှင်းမြို့ပေါ်တွင် ကုန်တင်ကားနှင့် ဆီသယ်ယာဉ်အစီး ၅၀ ကျော် ရပ်နား ညအိပ်ခဲ့ကြရသည်။

စိမ်းရတနာမွန်မြောက်ပိုင်းရပ်ကွက်အတွင်းရှိ ပေ ၆၀ လမ်းမပေါ်မှ ကွန်ကရစ်တံတားတစ်ခုလည်း ကျိုးကျခဲ့သဖြင့် ကျောက်တုံးများဖြည့်ခင်းကာ သွားလာကြရပြီး ဇွန်လ ၂၃ ရက်အထိ အဆိုပါပျက်စီးယိုယွင်းနေသော လမ်းမကြီးအား ပြုပြင်ဆောင်ရွက်ခြင်းမရှိသေးကြောင်း သိရသည်။

## လေပြင်းတိုက်ခတ်မှုကြောင့် သီရိမြိုင်ဈေးနှင့် နေအိမ်အချို့ အမိုးအကာများ ပျက်စီး

**မိုင်ခရိုစကုပ်**

**မော်လမြိုင်၊ ဇွန်- ၂၈**

ဇွန်လ ၂၆ ရက်က လေပြင်းတိုက်ခတ်ခဲ့သဖြင့် မော်လမြိုင်မြို့ အနောက်တောင်ရပ်ကွက်များဖြစ်သော သီရိမင်္ဂလာ၊ သီရိမြိုင်၊ မုပွန်(တိုးချဲ့)ရပ်ကွက်များနှင့် ကျောက်တန်းကျေးရွာများတွင် နေအိမ်အချို့လေပြင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရကြောင်း သိရသည်။

သီရိမင်္ဂလာရပ်ကွက်၊ မုပွန်(တိုးချဲ့)ရပ်ကွက်နှင့်ကျောက်တန်းကျေးရွာတို့တွင် လူနေအိမ်ခြေအချို့သည် လေကြောင်းတည့်သွားသဖြင့် အမိုးအကာများလွင့်စဉ်သွားသော်လည်းလူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် သီရိမြိုင်ရပ်ကွက်အတွင်းရှိအ. ထ. က(၁၁)ကျောင်းမှ သွပ်ပြားအချပ် ၂၀ နှင့် မြို့နယ်စည်ပင်အဖွဲ့ပိုင် သီရိမြိုင်ဈေးတွင် ဆိုင်ခန်း ၁၁၇ခန်းမှ သွပ်ပြား ၃၀၀ ကျော်လွင့်ပါပျက်စီးသွားပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်ဆယ့်တစ်သိန်းကျော် တန်ဖိုးရှိသည်ဟု သိရသည်။

သွပ်မိုးများလွင့်ပါသွားသော သီရိမြိုင်ဈေးအား ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက အမြန်ဆုံး ပြုပြင်ပေးခဲ့ကြသဖြင့် ညနေပိုင်းတွင်ပြီးစီးသွားခဲ့ကြောင်း သိရသည်။

## အက်ဖ်အီးစီတန်ဖိုးကျဆင်းလာချိန် မောင်တောဒေသရှိ အိုင်အင်န်ဂျီအိုဝန်ထမ်းများ အချိန်ပိုလုပ်အားခ ဂ ုစိုက်လာကြ

**မောင်ကံ**

**မောင်တော၊ ဇွန်- ၂၉**

အမေရိကန်ဒေါ်လာ အက်ဖ်အီးစီ ငွေတန်ဖိုးများကျဆင်းလာချိန်တွင် မောင်တောဒေသရှိအိုင်အင်န်ဂျီအိုမှ ဝန်ထမ်းများမှာ အချိန်ပိုလုပ်အားခကို ဂရုစိုက်လာကြကြောင်း ယူအင်န်အိပ်ချ်စီအာရ်လက်အောက်ခံအဖွဲ့အစည်းများနှင့် အခြားအိုင်အင်န်ဂျီအိုများတွင် တာဝန်ထမ်းဆောင်နေသူများကပြောသည်။

"အချိန်ပိုလုပ်အားခကို အရင်အက်ဖ်အီးစီဈေးတွေတက်နေတုန်းကဘယ်သူမှအလေးမထားကြပါဘူး။ ရတဲ့လစာနဲ့လုံလောက်နေတာကို၊ အခုတော့ ရုံးတက်ရက်မှာ တစ်ရက်ကို ရှစ်နာရီထက်ပိုလုပ်ရတာရယ်၊ ရုံးပိတ်ရက်တွေ မှာ အလုပ်ဆင်းရတာတွေကိုအချိန်ပိုလုပ်အားခအဖြစ်လိုချင်သူ များလာကြပါတယ်"ဟု ယူအင်န် အိပ်ချ်စီအာရ်လက်အောက်ခံအဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

အချိန်ပိုလုပ်အားခကို ယူအင်န်အိပ်ချ်စီအာရ်တွင် တာဝန်ထမ်းဆောင်နေသူများအတွက်သာ သတ်မှတ်ပေးထားပြီး တခြားအဖွဲ့အစည်းများတွင်အချိန်ပိုလုပ်အားခမရှိကြောင်းသိရသည်။ သို့သော်လည်း မာတီဆာ၊ အေစီအက်ဖ်ကဲ့သို့သော အဖွဲ့အစည်းများတွင် အက်ဖ်အီးစီတန်ဖိုးကျသော်လည်း အနိမ့်ဆုံး တစ်ယူနစ်လျှင် ကျပ်ငွေတစ်ထောင်နှုန်းဖြင့်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

## ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး(သံလွင်)မှ ရေကြောင်းခရီးစဉ်အချို့ ပြေးဆွဲမှုယာယီရပ်ဆိုင်း



*ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ မြစ်ကြောင်းသွားရေယာဉ်တစ်စီး*

**မိုင်ခရိုစကုပ်**

**မော်လမြိုင်၊ ဇွန်- ၂၈**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (သံလွင်ဌာနခွဲ)မှ မော်လမြိုင်-ကျုံဒိုးနှင့် မော်လမြိုင်-ဘားအံ၊ မော်လမြိုင်-ကြာအင်းဆိပ်ကြီး ရေကြောင်း ခရီးစဉ်လိုင်းများအား ဇွန် လ ၁ ရက်မှစတင်၍ ပြေးဆွဲမှုယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

သံလွင်ဌာနခွဲ အနေဖြင့် လက်ရှိတွင် မော်လမြိုင်-နတ်မှော်ခရီးစဉ်အတွက် ရေယာဉ်နှစ်စီး၊ မော်လမြိုင်-ကလို့ ခရီးစဉ်အတွက် ရေယာဉ်တစ်စီး၊ ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွအရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကူးသန်းရန် (ကားကူးဇက်ရေယာဉ်)တစ်စီးတို့အား ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ယခင်က မော်လမြိုင်- ဘားအံကားလမ်း မပေါက်သေးသဖြင့် မော်လမြိုင်မှ ထုံးအိုင်-ရွှေဂွန်း-ဘားအံ၊ ကျုံဒိုးဒေသများသို့ ရေကြောင်းခရီးကိုသာ အဓိကထားအသုံးပြုခဲ့ကြသော်လည်း ယခုနောက်ပိုင်း အတ္တရံ၊ ဂျိုင်း(ဇာသပြင်)မြစ်ကူးတံတားများတည်ဆောက်ပြီးစီးသွားပြီဖြစ်သောကြောင့် ရေလမ်းအစားကုန်းလမ်းကိုသာ အသုံးပြုမှုများခဲ့သဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(သံလွင်ဌာနခွဲ)အနေဖြင့် ခရီးသည်နှင့် ကုန်စည်စီးဆင်းသွားလာမှုနည်းပါးလာကာ ဝင်ငွေနှင့်ထွက်ငွေမကာမိသောကြောင့်ယင်းရေကြောင်း ခရီးစဉ်အချို့အား ယာယီရပ်ဆိုင်းရခြင်းဖြစ်သည်။

## ဘွဲ့ရလက်မှတ်အတုတင်ပြသူ ရာထူးမှ ထုတ်ပယ်

**စိုင်းသာအောင်**

**မန္တလေး၊ ဇွန်- ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့များတွင်ဌာနတွင်းရာထူးတိုးရေးစာမေးပွဲများ၌ ဘွဲ့မရဘဲ ဘွဲ့လက်မှတ်အတုတင်ပြခဲ့မှုများ ရှိခဲ့သဖြင့်ဌာနမှထုတ်ပယ်သည်အထိ အရေးယူရခဲ့မှုများ ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီစီမံရေးရာဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

အဆိုပါဖြစ်စဉ်သည် ၂၀၁၀ နှစ်လယ်ပိုင်းကဖြစ်ခဲ့ပြီးယာယီဝန်ထမ်းမှ အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထားရေးစာမေးပွဲတွင် ယာယီဝန်ထမ်းတစ်ဦးက တက္ကသိုလ်မှ ဘွဲ့မရရှိဘဲ ရတနာပုံတက္ကသိုလ်မှ . . . အထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရရှိသည်ဆိုကာ ရာထူးခန့်ထားရေးအဖွဲ့သို့တင်ပြခဲ့ကြောင်းအဆိုပါဘွဲ့လက်မှတ်အပေါ် ရာထူးခန့်ထားရေးအဖွဲ့က သင်္ကာမကင်းဖြစ်သဖြင့် ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ်ထံလိပ်မူ၍ အဆိုပါဘွဲ့လက်မှတ်သည် မှန်ကန်ခြင်းရှိ၊ မရှိ စိစစ်ပေးပါရန် စာဖြင့် ပေးပို့ခဲ့ကြောင်းအဆိုပါမေးမြန်းချက်အပေါ် ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ်က မန္တလေးမြို့တော်ဝန်အားလိပ်မူပြီး ဘွဲ့လက်မှတ်သည် ၎င်းတက္ကသိုလ်မော်ကွန်းထိန်းဌာနမှ ထုတ်ပေးခြင်းမဟုတ်ကြောင်း ဘွဲ့လက်မှတ်အတုဖြစ်ကြောင်း ပြန်ကြားခဲ့သည်ဟု ဆိုသည်။

ယင်းကိစ္စအပေါ် ယာယီဝန်ထမ်းမှ အမြဲတမ်းဝန်ထမ်းဖြစ်ရေးအတွက် ဌာနတွင်းရာထူးတိုးမြှင့်ရေးအဖွဲ့သို့ လက်မှတ်အတု တင်ပြခဲ့သော ယာယီဝန်ထမ်းအား လုပ်ငန်းတာဝန်မှ ထုတ်ပယ်ပစ်လိုက်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီးနောက်မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဌာန(၁၄) ဌာနရှိ ဘွဲ့ရဝန်ထမ်းများသည် စီမံရေးရာဌာနသို့ မူရင်းဘွဲ့လက်မှတ်များတင်ပြရကြောင်း ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနမှ အရာရှိတစ်ဦးက အတည်ပြုပြောကြားသည်။

## မူးမြစ်ကူးတံတားတည်ဆောက်ရေး ဓမ္မဒူတအရှင်ဆေကိန္ဒက ငွေကျပ်သိန်း ၁,၀၀၀ မတည်လှူဒါန်းမည်

**စိုင်းသာအောင်**

**မန္တလေး၊ ဇွန်- ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်မူးကမ်းကြီးဒေသ ကိုယ့်အားကိုယ်ကိုး မူးမြစ်ကူးတံတား တည်ဆောက်နိုင်ရေးအတွက် ဓမ္မဒူတအရှင်ဆေကိန္ဒမှ ကျပ်သိန်း ၁,၀၀၀ မတည်လှူဒါန်းသွားမည်ဖြစ်ကြောင်း တံတားဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလှပေါ(ကံသာအောင်) က ပြောသည်။

ဓမ္မဒူတအရှင်ဆေကိန္ဒသည် ဇွန်လတတိယပတ်အတွင်း ရွှေဘိုဒီဂရီကောလိပ်အား ရွှေဘိုတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပွဲသို့ လာရောက်ရင်းဒီပဲယင်းမြို့နယ်မူးကမ်းကြီးဒေသကိုယ့်အား ကိုယ်ကိုးမူးမြစ်ကူးတံတားတည်ဆောက်ရေးအတွက် အလှူငွေထည့်ဝင်မည်ဖြစ်ကြောင်း တံတားအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌသို့မိန့်ကြားခဲ့ခြင်းဖြစ်သည်။

မူးမြစ်သည်စစ်ကိုင်းတိုင်းဒေသကြီးပင်လယ်ဘူးမြို့နယ်တွင်မြစ်ဖျားခံပြီး မြင်းမူမြို့အောက်တွင် ဧရာဝတီမြစ်အတွင်း စီးဝင်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး မန္တလေး-မုံရွာလမ်းတွင် ညောင်ပင်ဝန်းမူးမြစ်ကူးတံတား၊ မုံရွာ-ရွှေဘိုလမ်းတွင် ရေဦးမူးမြစ်ကူးတံတား၊ အရာတော်-ဝက်လက်လမ်းတွင် သမရိုးမူးမြစ်ကူးတံတား(၃)စင်းတည်ဆောက်ပြီးစီးသွားပြီး မူးကမ်းကြီး ဒေသမူးမြစ်ကူးတံတားသည် စတုတ္ထမြောက်မူးမြစ်ကူးတံတားဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

# စင်ကာပူတွင် ဘွဲ့လက်မှတ်အတုဖြင့် အလုပ်လုပ်ပါက ထောင် ၂ နှစ်ကျနိုင်

**စိုင်းသာအောင်**

**မန္တလေး၊ ဇွန်-၃၀**

စင်ကာပူနိုင်ငံတွင် ဘွဲ့လက်မှတ်အတုဖြင့် အလုပ်ဝင်ရောက်ပြီး ဘွဲ့လက်မှတ်အတုဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ပါက စင်ကာပူနိုင်ငံဥပဒေအရ အနည်းဆုံးထောင်ဒဏ် ၂ နှစ်အပြစ်ပေးခံရနိုင်ကြောင်း စင်ကာပူနိုင်ငံကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသော မြန်မာလူငယ်တစ်ဦးကပြောသည်။

၎င်းကဆက်လက်၍ စင်ကာပူနိုင်ငံကုမ္ပဏီတစ်ခု၌ စာရင်းကိုင်အဖြစ် အလုပ်လုပ်ကိုင်သူ အမျိုးသမီးတစ်ဦးဖြစ်ရပ်နှင့်ပတ်သက်၍ "သူဘွဲ့ရခဲ့တာက ရုက္ခဗေဒဘာသာရပ်ပါ။ သူမလုပ်နေတဲ့ကုမ္ပဏီကဘွဲ့ရလက်မှတ်မူရင်းတောင်းတယ်။ ဒါနဲ့သူမနဲ့ဆက်သွယ်ပေးပို့ခဲ့တဲ့ပွဲစားထံသူမရဲ့မူရင်းဘွဲ့လက်မှတ်အိမ်မှတောင်းပို့ဖို့ဆက်သွယ်ခဲ့ပါတယ်။ ဒါပေမဲ့ပွဲစားကစာရင်းကိုင်အလုပ်ဖြစ်နေတဲ့အတွက် အမှန်တကယ်ရရှိခဲ့သောရုက္ခဗေဒဘွဲ့လက်မှတ်ကိုအိမ်မှတောင်းမပို့ဘဲ စာရင်းကိုင်လုပ်တဲ့လုပ်ငန်းနဲ့ဆက်စပ်တဲ့ဘွဲ့၊ သင်္ချာအဓိကနဲ့ဘွဲ့ရတယ်ဆိုပြီး သင်္ချာဘွဲ့လက်မှတ်အတုကိုပေးပို့လိုက်တယ်။ နောက်ခြောက်လအကြာမှာ ကုမ္ပဏီကဘွဲ့လက်မှတ်ကိုစစ်ဆေးတော့ သင်္ချာဘွဲ့လက်မှတ်က အတုဖြစ်ကြောင်း သိသွားပြီး အလုပ်မှာပညာအရည်အချင်းလိမ်လည်လျှောက်ထားမှုနဲ့ တရားစွဲခံရကာ စင်ကာပူနိုင်ငံတရားရုံးက ထောင်ဒဏ် ၂ နှစ်ချမှတ်ခြင်းခံရပါတယ်" ဟု အထက်ပါလူငယ်က ပြောသည်။ "ဒီဖြစ်စဉ်ကိုသုံးသပ်ကြည့်ရင် သူမဟာ မြန်မာနိုင်ငံတက္ကသိုလ်တစ်ခုမှ ရုက္ခဗေဒနဲ့ အမှန်အကန်ဘွဲ့ရတယ်။ စင်ကာပူနိုင်ငံကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်အလုပ်ရတယ်။ ဘွဲ့လက်မှတ်ထောက်ခံချက်တောင်းတော့၊ ပွဲစားက စာရင်းကိုင်အလုပ်ဟာ သင်္ချာအဓိကနဲ့ပိုပြီးကိုက်ညီတယ်ဆိုပြီး ရုက္ခဗေဒနဲ့အမှန်အကန်ဘွဲ့လက်မှတ်ကို မပေးပို့ဘဲ လမ်းဘေးကအတုလုပ်ထားတဲ့ သင်္ချာအဓိကဘွဲ့လက်မှတ်အတုကိုပေးပို့လိုက်တဲ့အတွက် ဒုက္ခရောက်သွားတာပါ။ ဒါကြောင့်မို့စင်ကာပူနိုင်ငံမှာ အလုပ်လုပ်မယ်ဆိုရင် မိမိရရှိတဲ့ဘွဲ့လက်မှတ်အစစ်ကို သာမိမိလုပ်ကိုင်တဲ့ကုမ္ပဏီကိုတင်ပြဖို့လိုကြောင်း ဘွဲ့လက်မှတ်အတုတင်ပြလို့ စစ်ဆေးပေါ်ပေါက်ရင် စင်ကာပူဥပဒေအရ အနည်းဆုံးထောင်ဒဏ် ၂ နှစ်အပြစ်ပေးခံရမှာဖြစ်ပါတယ်" ဟု စင်ကာပူနိုင်ငံဆိပ်ကမ်းတွင်အလုပ်လုပ်နေသော မန္တလေးသားလူငယ်က သူ၏အမြင်ကိုပြောသည်။

# စင်ကာပူ PSA မြန်မာမိသားစုများ ကမာဆွဲပရဟိတ ဂေဟာသို့ ငွေလှူ

**ရန်ကုန်၊ဇွန်-၂၅**

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင် အလုပ်လုပ်လျက်ရှိကြသည့် PSA မြန်မာမိသားစုမှ ယခုလအတွက် အလှူငွေအား ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်း မြို့နယ် ကမာကလုတ် စံပြကျေးရွာရှိ ကမာဆွဲဘုန်းတော်ကြီးတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့အလှူငွေကျပ်တစ်ဆယ့်လေးသိန်းခုနစ်သောင်း ပေးပို့လှူဒါန်းခဲ့သည်။

အဆိုပါတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကမာဆွဲကျောင်းအား ၁၉၈၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင် သူငယ်တန်းမှ ဒသမတန်းအထိ တိုင်းရင်းသားလူငယ် ၆၁ ဦးအား ကျွေးမွေးပြုစုထားသည်။

ကျောင်းတွင် သီးသန့်အလှူငွေဟူ၍မရှိဘဲ အလှူခံရရှိငွေနှင့် ကျောင်းပိုင် ဆန်စက်ငှားရမ်းရရှိငွေတို့ဖြင့် ကျောင်းလည်ပတ်မှုအတွက် သုံးစွဲလျက်ရှိကြောင်း ကျောင်း၏နာယကဆရာတော် ဦးဝါသေဌက မိန့်ကြားသည်။

# မောင်တောနှင့် ဘူးသီးတောင် မြို့နယ်များတွင် အသည်းရောင် အသားဝါဘီ၊စီဖြစ်သူများနေ

**မောင်ကံ**

**မောင်တော၊ ဇွန်- ၂၉**

နာတာရှည်အသည်းရောင်ရောဂါရရှိစေနိုင်သည့် အသည်းရောင်ဗိုင်းရပ်(စ်)ပိုးဘီနှင့်စီပိုးရှိသူများ မှာရခိုင်ပြည်နယ်တွင် အခြားမြို့နယ်များထက် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များ၌ပိုမိုအဖြစ်များနေကြောင်းအသည်းရောင်အသားဝါရောဂါကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေသည့်အိုင်အင်န်ဂျီအိုအဖွဲ့မှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

"ဒီမှာ အသည်းရောင်အသားဝါဘီနဲ့ စီရှိသူဟာ တခြားဒေသတွေထက်များလာတာတွေ့ရပါတယ်။ ရောဂါမဖြစ်အောင်ကြိုတင်ကာကွယ်ရမယ့်နည်းလမ်းတွေကိုသင်တန်းတွေမှာ ဟောပြောပေးနေပါတယ်။ အဓိကတော့မလိုအပ်ဘဲ ဆေးမထိုး၊ မသွင်းဖို့၊ ဆေးထိုးအပ်ကိုမျှဝေမသုံးစွဲဖို့၊ သွေးထွက်၊ သွေးစွန်းနေတဲ့လူနာတွေကို ကိုင်လို့ရှိရင် လက်အိတ်သုံးဖို့၊ သူတစ်ပါးသုံးပြီးသား မုတ်ဆိတ်ရိတ်ဓား၊ သွားပွတ်တံတွေကို ငှားမသုံးဖို့ ဆေးမင်ကြောင်မထိုးဖို့နဲ့ စီပိုးရှိနေလို့ရှိရင် သွေးမလှူဖို့စတဲ့ ကာကွယ်နည်းတွေကို ပြောပြပါတယ်" ဟု အထက်ပါဆရာဝန်က ပြောသည်။

ထို့နောက်အသည်းရောင်အသားဝါဘီ၊စီကူးစက်ခြင်းခံရသူအများစုမှာ ကျေးရွာများရှိယမ်းကုသမားများကြောင့်ဖြစ်ကြောင်း ဆိုသည်။

အသည်းရောင် အသားဝါဘီမှာ ကာကွယ်ဆေး ရှိသော်လည်းအသည်းရောင်အသားဝါစီရောဂါကာကွယ်ဆေးမှာမရှိသေးသဖြင့်ကြိုတင်ကာကွယ်ရမည့်အချက်များကို စနစ်တကျ လိုက်နာရန်လိုအပ်ကြောင်း၎င်းက အကြံပြုပြောကြားသည်။

## PHOTO NEWS



ရန်ကုန် - နေပြည်တော် အဝေးပြေးလမ်းမကြီးမိုင်တိုင် ၁၀၆ မိုင် မှော်ကြောကြီးကျေးရွာတွင် နေထိုင်သော မီးမဖွားနိုင်သည့် လူနာတစ်ဦးအား ကျေးရွာမှ အတန်ငယ်ဝေးသော ညောင်ပင်သာဆေးခန်းသို့ သွားရောက်ပြသရန် သယ်ဆောင်လာသည်ကို ဇွန်လလယ်က တွေ့ရစဉ်။

*ဓာတ်ပုံ- ဆာတိုရီ*

# (၁၈)ကြိမ်မြောက် ရွှေကျင်နိကာယသံဃာ့အစည်းအဝေး လာမည့်နှစ်တွင်ကျင်းပမည်

**သီဟ**

**ရန်ကုန်၊ဇွန်-၁၇**

ပြည်တွင်း ပြည်ပမှ သံဃာအပါးတစ်ထောင်ပါဝင်မည့် ၁၈ ကြိမ်မြောက်ရွှေကျင်နိကာယ သံဃအစည်းအဝေးအား လာမည့် ၂၀၁၂ ဇန်နဝါရီ ၃၁ နှင့် ဖေဖော်ဝါရီ ၁၊ ၂ ရက်တို့တွင် မှော်ဘီမြို့နယ်ရှိ ဓမ္မဒူတဇေတဝန်တောရဆေးကိန္ဒာရာမကျောင်း၌ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ရွှေကျင်နိကာယသံဃအစည်းအဝေးအား တတိယရွှေကျင် သာသနာပိုင်ဆရာတော်ကြီးဖြစ်သည့် ဒီပဲယင်း ဆရာတော်ကြီး လက်ထက်မြန်မာသက္ကရာဇ် ၁၂၈၂ ခု ပထမဝါဆိုလဆန်း ၈ ရက် ခရစ်သက္ကရာဇ် ၁၉၂၀ ခု ဇွန် ၂၃ ရက်တွင် ပထမအကြိမ်စတင်ကျင်းပခဲ့ခြင်းဖြစ်သည်ဟု လက်ရှိရွှေကျင်သာသနာပိုင်ဆရာတော်ကြီးဖြစ်သည့် ရွှေကျင်နိကာယ အဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ စုဒ္ဒသမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော်သြဝါဒစရိယ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံသက်တော်ရှည် ဝါဆိုဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂိယ မဟာထေရ်ကပြောသည်။

အဆိုပါသံဃအစည်းအဝေးတွင် ရွှေကျင်ဂိုဏ်းအတွင်းရှိသံဃာတော်များ၏ အရေးကိစ္စများနှင့် ဝိနည်းတော်ဆိုင်ရာ ကိစ္စရပ်များအားဆွေးနွေးဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း သိရသည်။

ရွှေကျင်နိကာယ သံဃအစည်းအဝေးအား ပထမအကြိမ်ကျင်းပပြီးချိန်မှစ၍ သုံးနှစ်တစ်ကြိမ်ကျင်းပရန် ဆုံးဖြတ်သဘောတူခဲ့ပြီး ၁၇ ကြိမ်မြောက် အစည်းအဝေးအား ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်က ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

HAPPY PEST KILLER



Super Market

TYCOPLAS SDN BHD

ဝန်ထမ်းအလိုရှိသည် PEOPLE

• စာစီစာရိုက် မ (၁) ဦး

7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011



# ကိုရီးယား EPS အောင်မြင်ပြီးသူများကိုအလုပ် လျှောက်လွှာများစတင်ရောင်းပေးမည်

ပြည်သိမ်း

**ရန်ကုန်၊ ဇူလိုင် - ၂**

ကိုရီးယား EPS စာမေးပွဲအောင်မြင်ထားသူများအား ဇူလိုင် ၇ ရက်မှစတင်ကာ အလုပ်လျှောက်လွှာများကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၌ ရောင်းချပေးမည်ဖြစ်ကြောင်း အဆိုပါဌာနမှတာဝန်ရှိသူတစ်ဦးကဆိုသည်။

ယင်းလျှောက်လွှာများကိုရောင်းချရာတွင်တစ်ရက်လျှင် လူတစ်ထောင်ကျော်နှုန်း သတ်မှတ်ထားပြီး အဆိုပါလျှောက်လွှာများကို ဇူလိုင် ၁၀ ရက်မှစတင်၍ တစ်ရက်လျှင် လူ ၅၀၀ နှုန်းဖြင့် ဇူလိုင် ၁၉ ရက်အထိ ပြန်လည်လက်ခံမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"လျှောက်လွှာတစ်စောင်ကို ပထမအကြိမ်ပို့တုန်းကတော့ ၄,၅၀၀ ကျပ်ကောက်တယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထို့အပြင် အလုပ်လျှောက်လွှာတင်ရာတွင် ကျန်းမာရေးဆေးမှတ်တမ်း၊ နိုင်ငံကူးလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား စသည်တို့ကို မူရင်းရော၊ မိတ္တူပါယူဆောင်လာရမည်ဖြစ်ကြောင်းလည်း သိရသည်။

ကိုရီးယားနိုင်ငံသို့ EPS စနစ်ဖြင့် သွားရောက်လုပ်ကိုင်လိုသူများသည် လေယာဉ်လက်မှတ်၊ ဗီဇာကြေး၊ ယူနီဖောင်းကြေး၊ ဆေးစစ်ခ စသည်တို့အပါအဝင် ဝန်ဆောင်စရိတ် ကျပ်ရှစ်သိန်းယူကြောင်း စုံစမ်းသိရသည်။

# ကိုရီးယား EPS အတွက် ဒုတိယအကြိမ် ဘာသာစကား အရည်အချင်းစာမေးပွဲစစ်မည်

ပြည်သိမ်း

**ရန်ကုန်၊ ဇူလိုင် - ၂**

ကိုရီးယားနိုင်ငံသို့ EPS စနစ်ဖြင့် လုပ်သားများ စေလွှတ်နိုင်ရန် ဒုတိယအကြိမ် ကိုရီးယားဘာသာစကားအရည်အချင်းစစ်စာမေးပွဲလျှောက်လွှာများကို ဩဂုတ်လတွင် စတင်ရောင်းချမည်ဖြစ်ကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယင်းကဲ့သို့ ဒုတိယအကြိမ်စာမေးပွဲ ထပ်မံစစ်ရခြင်းသည် ပထမအကြိမ် စာမေးပွဲမှ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သည့် လူတစ်ထောင်ကျော် ထပ်မံစေလွှတ်လိုခြင်းကြောင့်ဖြစ်ကြောင်းလည်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

"ပထမအကြိမ် စာမေးပွဲကို ၄,၅၂၃ ဦးဝင်ဖြေတယ်။ စာမေးပွဲအောင်တာက ၄,၁၀၉ ဦးပဲရှိတယ်" ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။ ပထမအကြိမ် စာမေးပွဲကို ဇွန်လ ၁၁၊ ၁၂ ရက်နေ့များတွင် ကျင်းပခဲ့သည်။ ယခုနှစ် စာမေးပွဲအတွက် ကိုရီးယားနိုင်ငံမှ မြန်မာလူမျိုး ၅,၁၀၀ ကျော်ကို ခေါ်ယူမည်ဖြစ်သည်။ ယခု ခေါ်ယူသည့် အလုပ်သမားများသည် ကုန်ထုတ်လုပ်ငန်းများအတွက်သာဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှာ ခေါ်ယူခြင်းမရှိသေးကြောင်း သိရသည်။

ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံ၌ စစ်ဆေးသောစာမေးပွဲအတွက် ၂နှစ် သက်တမ်းသတ်မှတ်ပေးထားပြီး ယခုနှစ်တွင် စာမေးပွဲအောင်မြင်ထားသူများထဲမှ ၇၀ ရာခိုင်နှုန်းခန့် စေလွှတ်နိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

# ပတ်စ်ပို့ရုံးနေရာအပြောင်းအလဲတွင် မိတ္တူဆိုင်များ နေရာအခက်တွေ့



*ပြောင်းရွှေ့ဖွင့်လှစ်လိုက်သည့် ပတ်စ်ပို့ရုံးကို ဇူလိုင် ၁ ရက်က တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အောင်သူရ

**ရန်ကုန်၊ ဇူလိုင် - ၁**

အသစ်ပြောင်းလဲဖွင့်လှစ်လိုက်သော နိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံးအနီးရှိ ဆိုင်ခန်းငှားရမ်းခများ မြင့်မားနေခြင်းနှင့် ဆိုင်ခန်းနေရာမရှိခြင်းကြောင့် ကားများပေါ်တွင် မိတ္တူကူးစက်များတင်၍ ကူးနေကြကြောင်း သိရသည်။

"အရင်တုန်းက ဒီအနီးအနားမှာ ငါးသောင်းကနေ တစ်သိန်းကြားနဲ့ငှားလို့ရတယ်။ အခုက သုံး၊ လေးသိန်း ခေါ်နေကြတယ်။ ရုံးနဲ့နီးတဲ့ နေရာမှာလည်း ဆိုင်ခန်းကမရှိဘူး"ဟု ရုံးစဖွင့်သည့်နေ့က ဆရာစံလမ်းပေါ်တွင် ကားရပ်ကာ ကားပေါ်၌ မိတ္တူကူးစက်တင်ပြီးကူးနေသူတစ်ဦးကဆိုသည်။

ထိုပြည်ထဲရေးရုံး အဝင်ဝတွင် အဆိုပါရုံးမှဖွင့်လှစ်သော မိတ္တူကူးဆိုင်တစ်ဆိုင်ရှိကာအဖိုးစာရွက်တစ်ရွက်လျှင် တစ်ရာကျပ်ဖြင့်ကူးပေးပြီး ရုံးသို့လာသူများအတွင်းသို့ဝင်ရန် မှတ်ပုံတင်အားမိတ္တူကူးကြရသည်။

ပြည်ထဲရေးရုံးအနီးရှိ ပန်းခြံအတွင်း ဆိုင်ခန်းကိုးခန်း စတင်ဆောက်လုပ်နေပြီး ထိုရုံးရှေ့တွင် ကားများရပ်နားနိုင်ရန် ကားပါကင်တစ်ခုပါဆောက်လုပ်လျက်ရှိသည်။

ယခုလက်ရှိတွင် နိုင်ငံကူးလက်မှတ် လာရောက်လုပ်သူများနှင့် အဆိုပါလမ်းမှာ စည်ကားနေပြီး ယာဉ်ကြောပိတ်ဆို့မှုများပါကြုံတွေ့နေရကြောင်း ထိုလမ်းတွင်နေထိုင်သူအချို့က ပြောကြားသည်။

ယခုပြောင်းလဲဖွင့်လှစ်လိုက်သည့် ပတ်စ်ပို့ရုံးမှာ တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် စက်မှု(၁)လမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာနရုံးနေရာတွင်ဖြစ်သည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

Computer Free Service
(TLCC Computer Centre)
လူကြီးမင်းတို့၏ ကွန်ပျူတာဆိုင်ရာ Problem များကို အောက်ပါဖုန်းနံပါတ်သို့SMS ပို့ရုံဖြင့် စာလုံးရေ၁၀၀ Free ပြန်ပေးပါမည်။
ဖုန်း-၀၉ ၅၁၉၆၀၆၇

---

Waaneiza World Wide Trading မှ လုပ်ငန်းများ တိုးချဲ့ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းများနှင့်ပြည့်စုံသော Sales & Distributor ဝန်ထမ်း (၅) ဦး လိုအပ်လျက်ရှိပါသည်။
ဖုန်း-၀၉ ၇၃၀ ၄၈၃၀၂၊
၀၁ ၂၂၇၆၃၈

---

လက်ထောက်မန်နေဂျာ ကျား-၁ ဦး၊ ရဲတံခွန်ကုမ္ပဏီလီမိတက်၊ အမှတ်(၅၁၁)၊ ၁၁ လွှာ၊ ရဲတံခွန်တာဝါ၊ ၈-၇-၂၀၁၁ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

---

Wang Wang Fa အမျိုးသမီးစာစီစာရိုက်ဝန်ထမ်း (အမြန်) အလိုရှိသည်။ နယ်မှလာသူ ဦးစားပေးမည်။ ဖုန်း-၂၅၃၈၇၀၊ ၃၈၆၄၆၉။

---

bYSI ladies wear
အရောင်းဝန်ထမ်း -မ-၂ဦး
ဖုန်း-၃၇၉၁၇၄၊ ၀၉ ၈၅၀ ၂၄၈၈

---

Myanmar Polestar Travels & Tours Co., Ltd.
Office Staff ကျား-၂ဦး
ယာဉ်မောင်း ကျား-၁ ဦး
ဖုန်း-၉၅၁ ၃၈ ၂၅၃၀၊
၂၅၆၃၈

---

ကြော်ငြာလုပ်ငန်း ကျား/မ-၁၀ဦး အိမ်ခြံမြေလုပ်ငန်း ကျား-မ-၁၀ ဦး၊ Graphic Designer ကျား-၂ဦး
ရွှေမင်းသားအင်တာပရိုက်ကုမ္ပဏီလီမိတက်၊ ဖုန်း-၀၁ ၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၂၁၅၉၃၉။

---

Sales and Marketinf Executive (M/F) ၂-ဦး
Sale and Marketing Staff (M/F) ၄-ဦး
Driver(M) ၅-ဦး
ဖုန်း-၂၉၅၀၄၆၊ ၇၂၄၇၈၆

---

CNG Taxi (VAN) အိမ်ပေး (ကားသန့်) ငှားလိုပါသည်။ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပေးပါ။
ဖုန်း-၀၁ ၂၉၉၉၇၂၊
၀၉ ၅၁၇၃၆၈၅

---

International Enterprise Co.,Ltd မှ Stock Controller နှင့် Accountant အလိုရှိသည်။ အမှတ်-၄-က၊ သရက်တောလမ်း၊ ဇ/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၆၆၂၁၁၊ ၅၆၄၉၅၅

---

အရောင်းမြှင့်တင်ရေး အမျိုးသား (၁၀)ဦး၊ အမျိုးသမီး (၁၀)ဦး။ လူသုံးကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးအတွက် ဖြစ်ပါသည်။
ဖုန်း-၇၁၀ ၂၉၄၁၃၊ ၇၁၀ ၈၅၃

---

ပေါ်ပြူလာအမျိုးသား၊ အမျိုးသမီးဆံသဆိုင်နှင့် ABC အလှပြင်သင်တန်းကျောင်း
ဆံပင်ညှပ်ကျွမ်းကျင်(မ-၂ဦး)၊
ဖုန်း-၀၉၅၁၁၃၈၆၁၊၀၉၉၉၇၀၀၆၈

---

IT Technicians M-2 Posts
No.287.1st floor, Room-1/B, Bayintaung Road, Insein Tsp., Yangon,
**Ph: 01 646991**

---

Marketing Type ကျား-၂ဦး
ဖုန်း-၀၉၇၃၁၈၇၉၀၄၊
၀၉ ၇၃၁ ၇၇၈၁၇

---

Utopia Tower စားသောက်ဆိုင်လုပ်ငန်းအတွက် Chief Cook -၁ ဦး အလိုရှိသည်။
ဖုန်း-၀၉၇၃၁၉၂၄၃၄

---

Channel Digital Inkjet Printing & Advertising
Photoshop ကျား
Marketing ကျား-မ
ဖုန်း-၀၉၇၃၁၆၁၂၅၃

---

F&B, Restaurant တွင် တာဝန်ထမ်းဆောင်ရန်
Waiter (M/F),Captain (M/F), Housekeeping (Supervisor / Manager), ဉယျာဉ်မှူး-၁ ဦး ပုဂံတွင် တာဝန်ထမ်းဆောင်နိုင်သော ဝန်ထမ်းများအလိုရှိသည်။
Waiter (M/F), Cook (M)
FMI Centre, အခန်းအမှတ်-၆၀၂၊ ၆ လွှာ၊ အမှတ် ၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၀၁ ၂၄၈၉၀၇၊ ၂၄၈၉၀၈၊ ၂၄၀၄၀၀(Ext:1602)

---

N27 Body Fithness မှ ကျွမ်းကျင်သည့် ကာယနည်းပြဆရာမ တစ်ဦး၊ အဆီချဝန်ထမ်း မ-၁ ဦး၊
ဖုန်း-၀၉ ၅၀၉၆၄၂၈

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Unilever
အသုံးမပြုမီ နှင့် အသုံးပြုပြီး
ပြစ်မျိုးမဲ့မထင် ဖြူဝင်းသော မျက်နှာ
V-Vitamin E
A-Allantoin
O-Optics system
B³-Vitamin B³
POND'S
flawless white

Education

7DAY NEWS JOURNAL

Vol.10, No.16 • JULY 7, 2011

# KOICAနှင့် ပူးပေါင်းကာ ဆိုက်ဘာတက္ကသိုလ်တစ်ခု တည်ထောင်မည်

သီဟ

ရန်ကုန်၊ဇွန် - ၂၉

နည်းပညာတက္ကသိုလ် (ရတနာပုံ)တွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)နှင့်မြန်မာနိုင်ငံမှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း၍ Cyber University တစ်ခုတည်ထောင်ရန် သဘောတူလက်မှတ်ရေးထိုးခြင်းအား ယခုလ ၂၃ ရက်နေ့ကပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်း Cyber University သည် KOICA ၏အကူအညီဖြင့် CLMV နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊လာအို၊မြန်မာ၊ဗီယက်နမ် စသည့်နိုင်ငံများတွင်တည်ထောင်မည်ဖြစ်ပြီး ထိုသို့ပြုလုပ်ရခြင်းမှာCLMV နိုင်ငံများအတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာစေရန်နှင့် နည်းပညာကွာဟမှု ကျဉ်းမြောင်းလာစေရန်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံချက်တွင် KOICA မှ e-Learning ဆိုင်ရာလိုအပ်ချက်များနှင့် အခြားလိုအပ်သည့်အရာများအား ကူညီပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများအား ကိုရီးယားသို့ခေါ် ယူ၍ သင်တန်းများပို့ချခြင်း၊ ကိုရီးယားနိုင်ငံမှပညာရှင်များ လာရောက်၍ စီမံကိန်းအားဆောင်ရွက်စေခြင်းများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းအကောင်အထည် ဖော်ရေးကာလအား ၂၀၁၀မှ ၂၀၁၂ခုနှစ်အထိသတ်မှတ်ထားပြီး ယင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာတစ်သန်းအကုန်အကျခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



# အလုပ်လုပ်ရင်းပညာသင်လိုသည့် ကျောင်းသားများ ဗြိတိန်ကိုရွေးသင့်သေးလား

နေလင်းထွန်း

"ကျွန်တော် လာခဲ့တုန်းကလို ပုံစံမျိုးနဲ့ လာမယ့် ကျောင်းသားတွေအတွက် အခုအဆင်မပြေတော့ပါဘူး"ဟု ပြောလာသူမှာ ဗြိတိန်နိုင်ငံတွင် ၁၂နှစ်ကြာ ရောက်ရှိနေသောကိုရောထွဏ်းဖြစ်သည်။ကျောင်းသား ပြည်ဝင်ခွင့် လွယ်ကူအဆင်ပြေနေချိန်တွင် အလုပ်အကိုင်ရည်ရွယ်ချက်ဖြင့် ကျောင်းသားအသွင်ဆောင်၍ ဗြိတိန်သို့ရောက်ရှိခဲ့သူများတွင် ၎င်းသည်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှရွှေ့ပြောင်းအလုပ်သမားများသည် အလုပ်သမားဗီဇာရရှိရန် ခက်ခဲသော ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများဆီသို့ ကျောင်းသားများအသွင်ဆောင်၍ ပြည်ဝင်ခွင့်ရရှိရန်ကြိုးပမ်းခဲ့ကြသည်။ ကျောင်း တက်နေစဉ်တွင် အလုပ်လုပ်ကိုင်ခွင့်နှစ်ကာလ အကန့်အသတ်မရှိကျောင်းသားအဖြစ်နေထိုင်ခွင့်၊ ကျောင်းပြီးဆုံးချိန်တွင် ၂နှစ် ဆက်လက်နေထိုင်ခွင့်၊ ကျောင်းသားပြည်ဝင်ခွင့် အဆင်ပြေနေမှု၊ လူ့အခွင့်အရေး စသည့်အထွေထွေသော အခွင့်အလမ်းများတည်ရှိမှုကြောင့်ပြည်ပနိုင်ငံတွင် အခြေချနေထိုင် အလုပ်လုပ်ကိုင်လိုသော ကျောင်းသားတိုင်းအတွက် ဗြိတိန်နိုင်ငံသည် ထိပ်ဆုံးမှ ရပ်တည်နေခဲ့သည်။

"မြန်မာနိုင်ငံမှာ ကိုယ်ရေး ကိုယ်တာကိစ္စတစ်ခုကြောင့် အဆင်မပြေဖြစ်နေချိန် ဒီကို အရင်ရောက်နေတဲ့ သူငယ်ချင်းက ယူကေကို ကျောင်းသားဗီဇာနဲ့လာချင်ရင်လွယ်တယ်ဆိုတာနဲ့ ရောက်လာတာပါ။ ကျွန်တော် ယူကေကို ကျောင်းသားဗီဇာနဲ့ ၁၉၉၉ ခုနှစ်မှာ ရောက်တယ်။ ဗီဇာကို တော်တော်လွယ်လွယ်ကူကူနဲ့ ရခဲ့တာပါ"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

အလုပ်အကိုင်ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာသော ကျောင်းသားအများစုဖြစ်သောကြောင့် တရားဝင်အလုပ်လုပ်ကိုင်ခွင့် တစ်ပတ်လျှင် နာရီ ၂၀ထက်ပိုမို၍ လုပ်ငန်းခွင်ဝင်ရောက်နေခဲ့ကြသည်။ ဗြိတိန်နိုင်ငံမှ အမည်ခံ တက္ကသိုလ်၊ ကောလိပ်ကျောင်းများသည် ကျောင်းလခရရှိရေးကိုသာဦးတည်နေခဲ့သလိုကျောင်းသားများသည်လည်း ဒီပလိုမာသင်တန်းများကို နှစ်ကာလကြာရှည်စွာတက်ရောက်ရင်း ကျောင်းသားဗီဇာဖြင့် အလုပ်လုပ်ကိုင်နေကြလျက်ရှိကြသည်။

"လန်ဒန်ရောက်တော့ ကျွန်တော် အပ်ခဲ့တဲ့ ကျောင်းက အမည်ခံကျောင်းဖြစ်နေတယ်လေ။ ဒါပေမဲ့ဖောင်ဖျက်သလိုလုပ်ပြီး ထွက်လာတာဖြစ်နေတယ်။ ဒီမှာ ဆက်နေဖို့ကလည်း သိပ်ပြီး တင်းတင်းကျပ်ကျပ်မဟုတ်တော့အဆင်ပြေတာနဲ့ ဆက်နေဖြစ်သွားတာပါ။ ကျွန်တော်တို့ရောက်စအချိန်က ယူကေမှာ စီးပွားရေး ပြန်လည်စန်းပွင့်ချိန်ဆိုတော့ အလုပ်ကလည်း အရမ်းပေါပါတယ်။ ကျောင်းသားဗီဇာနဲ့ နေတဲ့သူတွေက တစ်ပတ်နာရီ၂၀ပဲ အလုပ်လုပ်ခွင့်ရှိတယ်ဆိုပေမယ့် သိပ်ပြီး တင်းတင်းကျပ်ကျပ်ကြီးမရှိတော့ အလုပ်ရှင်တွေက နာရီပိုလုပ်ချင်ရင် လုပ်ခွင့်ပေးကြပါတယ်။ တစ်ခါတစ်ရံ သူတို့လူလိုလို့ ကိုယ်က မလုပ်ရင်တောင် စိတ်ဆိုးကြပါသေးတယ်"ဟု ဗြိတိန်ရောက်ခါစ အခြေအနေအား ကိုရောထွဏ်းကရှင်းပြသည်။

ယင်းကဲ့သို့ အခြေအနေများမှ ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ကာလ ၂၀၀၉ခုနှစ်၊ မတ်လနောက်ပိုင်း ဗြိတိန်ကျောင်းသားပြည်ဝင်ခွင့်မူဝါဒအပြောင်းအလဲကြီးမားစွာဖြစ်ပေါ်လာခဲ့သည်။ တီယာဖိုးခေါ် အမှတ်ပေးစနစ်ကိုအခြေခံသော ကျောင်းသား ပြည်ဝင်ခွင့်ပုံစံကို စတင်ကျင့်သုံးခဲ့သည်။ ကျောင်းလခနှင့် နေထိုင်စားသောက်စရိတ်အား ဘဏ်ငွေစာရင်း ၂၈ ရက် ပြသမှုအတွက် ၁၀မှတ်၊ ပညာအရည်အချင်းနှင့် ကျောင်းဝင်ခွင့်(CAS) ရရှိမှုအတွက် အမှတ်၃၀၊ စုစုပေါင်း အမှတ်၄၀ရရှိပါက ကျောင်းသားပြည်ဝင်ခွင့်ရရှိခဲ့ကြသည်။

စာ(၃၀)သို့

# တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ ပညာသင်ဈေးငွေလျှောက်ထားနိုင်

နေလင်းထွန်း

ရန်ကုန်၊ ဇွန် - ၃၀

ပြီးခဲ့သည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသားများအနေဖြင့် ပညာသင်ချေးငွေများ စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ယင်းအစီအစဉ်ကို ဆောင်ရွက်နေသော ကိုမင်းမင်း ထွန်းကပြောသည်။

တက္ကသိုလ်တက်ရောက်ရန် ငွေကြေးလိုအပ်ချက်ရှိနေသော ထူးချွန်ကျောင်းသားများအား ပညာသင်ချေးငွေထောက်ပံ့နေသည့် အစီအစဉ်အတွက် တက္ကသိုလ်ဝင်တန်းရမှတ် ၄၀၀နှင့်အထက် ရရှိထားသူများ လျှောက်ထားနိုင်ပြီး ကျောင်းသား ၂၅ဦးကို ရွေးချယ်၍ လစဉ်ပညာသင်ချေးငွေ ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

"အမှတ်စာရင်း မိတ္တူ၊ မိဘ စီးပွားရေး အခြေအနေနဲ့ သက်ဆိုင်ရာကျောင်းအုပ်ကြီး ထောက်ခံချက်နဲ့ လျှောက်ထားနိုင်ပါတယ်။ မနှစ်ကတော့ အမှတ် ၄၆၅နဲ့ အထက်ကိုခေါ်ပါတယ်။ ကျောင်းသား ၂၀ ယောက်ရွေးခဲ့တယ်။ ဒီနှစ်ကတော့ အမှတ်၄၀၀နဲ့ အထက် ရထားတဲ့ ကျောင်းသားတွေ လျှောက်ထားနိုင်ပါတယ်။ ပညာသင်ချေးငွေဖြစ်တဲ့အတွက် ကျောင်းပြီးဆုံးချိန်မှာ အရစ်ကျ ပြန်ဆပ်ရပါမယ်။ အတိုးမရှိပါဘူး"ဟု အထက်ပါ ပုဂ္ဂိုလ်ကဆိုသည်။

ယင်းပညာသင်ချေးငွေ အစီအစဉ်သည် မန္တလေးတိုင်းဒေသကြီးမှအောင်မြင်ခဲ့သော ကျောင်းသားများအတွက်သာဖြစ်ပြီး ကျောင်းသားတစ်ဦးလျှင် လစဉ်ချေးငွေ ကျပ်ငါးသောင်းမှ ခုနစ်သောင်းထိပေးအပ်လျက်ရှိသည်။

၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့သော ပညာသင်ချေးငွေအစီအစဉ်သည် လေးနှစ်မြောက်ခဲ့ပြီဖြစ်ကာ လက်ရှိတွင် ကျောင်းသား ၅၁ဦးအား ချေးငွေထောက်ပံ့လျက် ရှိပြီး ချေးငွေလျှောက်ထားလိုသောကျောင်းသားများအနေဖြင့် ဖုန်း-၀၉-၄၇၁၀၅၂၇၀သို့ဆက်သွယ်မေးမြန်းနိုင်သည်။

University of Bradford မှ ပေးအပ်မည့် Mechanical Engineering နှင့် Electronic Engineering ဘွဲ့များ

CROWN EDUCATION

- နိုင်ငံတကာတွင် Professional Engineer အဖြစ် ရပ်တည်နိုင်ရန် လိုအပ်ချက်များ
- University of Bradford မှပေးအပ်မည့် Mechanical Engineering နှင့် Electronic Engineering ဘွဲ့များ
- အလုပ်အကိုင်အခွင့်အလမ်းများအတွက် စိတ်ဝင်စားမှုအလိုက် ရွေးချယ်သင့်သော အင်ဂျင်နီယာဘာသာရပ်များ
- တက္ကသိုလ် ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် လိုအပ်ချက်များ ရှင်းလင်းပြောကြားပါမည်။

MDIS Merit Scholarship Available!

MDIS
Founded 1956
Management Development Institute of Singapore
Where lifelong learning begins

YANGON SEMINAR
၈၊ ဇူလိုင်၊ ၂၀၁၁ (သောကြာနေ့)
နေ့လည်(၂)နာရီ မှ ညနေ(၄)နာရီ
PARKROYAL Hotel, Yangon

MANDALAY SEMINAR
၁၀၊ ဇူလိုင်၊ ၂၀၁၁ (တနင်္ဂနွေနေ့)
ညနေ (၃)နာရီ မှ (၅)နာရီ
Swan Hotel, Mandalay

UNIVERSITY OF BRADFORD
MAKING KNOWLEDGE WORK



CROWN Education - ဖုန်း - ၂၁၁ ၈၈၈ (လိုင်းခွဲ - ၂၂၈/ ၂၂၉) ၊ ၀၉ - ၅၀ ၈၅ ၁၈၅၊ ၀၉- ၇၃၂ ၇၃၂ ၇၇ သို့ စာရင်းပေးသွင်းနိုင်ပါသည်။

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

## အမေရိကန်ရှိ အစိုးရထောက်ပံ့ခံကောလိပ်များတွင် တက်ရောက်မည်ဆိုပါက ကျောင်းလခသက်သာ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် - ၂၇**

အမေရိကန်နိုင်ငံတွင် သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများအနေဖြင့် Community College များတွင် ပညာသင်ယူပါက ကျောင်းလခသက်သာမည့် အခွင့်အလမ်းရရှိမည်ဖြစ်ကြောင်း အမေရိကန်ပညာရေးဆိုင်ရာ အကြံပေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



Community College တွင် ပညာသင်ယူပါက အင်္ဂလိပ်ဘာသာစကားလိုအပ်ချက်တောင်းဆိုမှုပျော့ပျောင်းခြင်း၊ ကျောင်းလခသက်သာခြင်း၊ ရွေးချယ်ရန်ဘာသာရပ်များပြားခြင်း စသည့် အားသာချက်ဆယ်ချက်ကို အမေရိကန်စင်တာ၌ ပြုလုပ်သည့် ပညာရေးဟောပြောပွဲတွင် ရှင်းလင်းဆွေးနွေးခဲ့သည်။

"ပုံမှန်ကတစ်နှစ်ကိုကျောင်းလခသုံးသောင်း(အမေရိကန်ဒေါ်လာ)ကျော်ရှိတာ။ Community College တွေက တစ်သောင်းကျော်ဆိုတော့နှစ်သောင်းလောက်သက်သာပါတယ်။ ပညာသင်ဆုပေးတာတော့နည်းတယ်။ ကျောင်းလျှောက်တဲ့အခါအဓိကကကျောင်းကောင်းဖို့နဲ့ Future Plan ပါပဲ"ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

အမေရိကန်စင်တာ၌ တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့ နံနက်ပိုင်းများတွင် ပညာရေးဆိုင်ရာအကြံပေးမှုကို ဆောင်ရွက်လျက်ရှိပြီး ပထမအကြိမ်ဆွေးနွေးပါက ကျပ် ၅,၀၀၀ နှင့် နောက်ပိုင်းတွင် ၂,၅၀၀ ကျပ်ဖြင့် စာရင်းပေးသွင်းတွေ့ဆုံနိုင်ကြောင်း သိရသည်။

## ဗြိတိန်ကျောင်းသားပြည်ဝင်ခွင့်ခက်ခဲလာမှုကြောင့် အေဂျင်စီအချို့လုပ်ငန်းထိခိုက်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် - ၂၅**

**ဗြိတိန်နိုင်ငံတွင်ပညာသင်ယူမည့်ကျောင်းသားပြည်ဝင်ခွင့်အခက်အခဲကြောင့်ပညာရေးဝန်ဆောင်မှုအေဂျင်စီလုပ်ငန်းအချို့ထိခိုက်မှုများရှိနေကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူတို့ထံမှသိရသည်။**

ကျောင်းသားများ ပညာသွားရောက်သင်ယူရန် ပြည်ဝင်ခွင့်လျှောက်ထားရာတွင် အပယ်ခံရမှုများပြားနေခြင်းကြောင့် မြန်မာကျောင်းသားများ သွားရောက်ရန် ဝန်ဆောင်မှုဆောင်ရွက်ရမှု လျော့ကျလာခြင်းဖြစ်သည်။

"ကျောင်းသားတော်တော်လျော့ကျနေတယ်။ တချို့လတွေ ဈေးဦးတောင်မပေါက်ဘူး။ တခြားမြေကွက်အရောင်းအဝယ်ဘက်ကိုပြန်လှည့်နေရတယ်"ဟု ယူကေပညာရေးဝန်ဆောင်မှုဆောင်ရွက်နေသူတစ်ဦးကဆိုသည်။

ဗြိတိန်ကျောင်းသား ပြည်ဝင်ခွင့်ရရှိရန် စိစစ်တင်းကျပ်လာခြင်းနှင့် ပညာရေးလိုအပ်ချက်သတ်မှတ်ချက်မြင့်တက်လာခြင်းတို့ကြောင့် ဗီဇာရရှိသောကျောင်းသားဦးရေလျော့ကျလျက်ရှိသည်။ ထို့ကြောင့် ယူကေသို့ ပညာရေးဝန်ဆောင်မှုဆောင်ရွက်နေသော အေဂျင်စီအချို့သည် အခြားနိုင်ငံများသို့ တိုးချဲ့၍ ဝန်ဆောင်မှုဆောင်ရွက်လာမှုများရှိကြောင်း သိရသည်။

"လက်ရှိကတော့ ကျောင်းသား တော်တော်လျော့သွားပါပြီ။ ဒီမူဝါဒအတိုင်း ဆက်သွားရင် ယူကေကျောင်းသားဈေးကွက်ပျက်လိမ့်မယ်။ တခြားနိုင်ငံတွေကို ကျောင်းသားပြန့်သွားနိုင်တယ်"ဟု နှစ်စဉ် ဗြိတိန်နိုင်ငံသို့ မြန်မာကျောင်းသားရာဂဏန်း စေလွှတ်နေသော ပညာရေးဝန်ဆောင်မှုတစ်ခု၏တာဝန်ရှိသူက ပြောသည်။

ယခုအချိန်သည် ငွေကြေးပြည့်စုံမှုရှိ၍ သတ်မှတ်အရည်အချင်းပြည့်မီသော ကျောင်းသားများသာ ကျောင်းသားပြည်ဝင်ခွင့်အတွက် ကြိုးပမ်းပြင်ဆင်သင့်ပြီး ငွေကြေးချေးငှား၍ အလုပ်အကိုင်ရရှိရန် ရည်ရွယ်သော ကျောင်းသားများ ဆုံးရှုံးမှုများကြုံတွေ့ရနိုင်ကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူများက ဆိုသည်။

## COC အဖွဲ့က အင်္ဂလိပ်စာပညာဒါန ၁၅ မြို့နယ်သို့ ဖြန့်ဝေပေးခဲ့ပြီးဟုဆို

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန် - ၂၆**

အင်္ဂလိပ်ဘာသာစကား တတ်မြောက်ရေးလှုပ်ရှားမှု ပညာဒါနအဖွဲ့တစ်ခုဖြစ်သော COC(Condense of Conversation) က ယခုနှစ် နွေရာသီကာလတွင် မြို့နယ်ပေါင်း ၁၅ မြို့နယ်သို့ သွားရောက် ပညာဖြန့်ဝေခဲ့ကြောင်း ၎င်းလှုပ်ရှားမှုကို ဦးဆောင်နေသော ဆရာဦးမြကြိုင်ကဆိုသည်။

၂၀၀၃ ခုနှစ်မှစတင်ဖွဲ့စည်းခဲ့သော COC အဖွဲ့သည် မြန်မာနိုင်ငံအနှံ့အပြားတွင် အင်္ဂလိပ်ဘာသာစကားပညာဒါနသင်တန်းများ လိုက်လံပို့ချလျက်ရှိပြီး ဦးမြကြိုင် အင်္ဂလိပ်ဘာသာစကားသင်တန်းကျောင်းမှစီနီယာကျောင်းသားများ ပါဝင်လှုပ်ရှားလျက်ရှိသည်။

"ဆရာ့ကျောင်းမှာ စီနီယာကျောင်းသားတွေကိုသင်တန်းတွေပေးတယ်။ ဆရာ ရှာဖွေတွေ့ရှိတဲ့ COC ဖော်မြူလာလေးကိုအခြေခံပြီး ပညာဒါနအဖွဲ့က မြို့တွေ၊ နယ်တွေ၊ ရွာတွေကို လိုက်သင်ပေးတယ်။ ဖိတ်ရင်လည်း လိုက်တယ်။ ကိုယ့်ဘက်ကသွားပြောတာလည်း ရှိပါတယ်။ ပြောလို့ လက်ခံရင်လည်းသင်ပေးတယ်ပေါ့။ လက်မခံရင်လည်းပြန်လာရတာပေါ့။ ဒီနှစ်နွေရာသီမှာ မြို့နယ်ပေါင်း ၁၅မြို့နယ်ကို ဒီက ဆရာလေးဆယ်ကျော်လွှတ်ရတယ်။ ဆရာ့အထင်ကျောင်းသားသောင်းဂဏန်းကို ဒီနွေရာသီမှာ ပညာသင်ပေးနိုင်ခဲ့တာပေါ့"ဟုဦးမြကြိုင်ကဆိုသည်။

မိမိတို့ဒေသတွင် ၎င်းပညာဒါနသင်တန်းအား ဆောင်ရွက်လိုပါက ငွေကြေးပေးအပ်ရန် မလိုအပ်သော်လည်း လာရောက်သင်ကြားပို့ချမည့်သူများအတွက် ခရီးသွားလာမှုနှင့်နေထိုင်စားသောက်မှုတို့အတွက် တာဝန်ယူ စီစဉ်ပေးရန် လိုအပ်ကြောင်းသိရသည်။

"လူကိုယ်တိုင် လာတာလည်း ရှိတယ်။ ဖုန်းနဲ့ဆက်သွယ်မေးမြန်းတာလည်းရှိတယ်။ တာဝန်ယူရမယ့်အပိုင်းစီနီယာကျောင်းသားတွေရဲ့ သွားရေးလာရေး၊ စားဖို့သောက်ဖို့စီစဉ်ပေးရမယ်။ ပိုက်ဆံပေးစရာမလိုဘူး။ ဘာလို့လဲဆိုတော့ ဆရာတို့မှာ ရန်ပုံငွေလည်း မရှိဘူး။ အင်န်ဂျီအိုပုံစံမျိုးလည်း မဟုတ်ဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

## အင်္ဂလန်တက္ကသိုလ်မှ ဘွဲ့ပေးအပ်သည့် အင်ဂျင်နီယာဘာသာရပ်များကို စင်ကာပူတွင် တက်ရောက်နိုင်

**သီဟ**

**ရန်ကုန်၊ ဇွန် - ၂၉**

အင်္ဂလန်နိုင်ငံ University of Bradford မှပေးအပ်သည့် Mechanical Engineering နှင့် Electrical and Electronic Engineering ဘာသာရပ်များအား စင်ကာပူနိုင်ငံရှိ Management Development Institute of Singapore တွင် တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘာသာရပ်များအား တက်ရောက်လိုသူများသည် GCE 'A' Level အား ဘာသာသုံးခုတွင် C အဆင့်ဖြင့် အောင်မြင်ပါက တက္ကသိုလ်ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်ကြောင်း သိရသည်။ အလားတူမြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများတက်ရောက်မည်ဆိုပါက MDIS မှပေးအပ်သည့် အင်ဂျင်နီယာဒီပလိုမာသင်တန်း ကိုးလတက်ရောက်ပြီးမှသာ ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အင်ဂျင်နီယာသင်တန်းများအား စင်ကာပူနိုင်ငံတွင် ပင်ပြီးဆုံးသည်အထိသင်ယူနိုင်မည်ဖြစ်ပြီး အင်္ဂလန်သို့လည်း သွားရောက်သင်ယူလိုပါကလည်း သင်ယူနိုင်မည်ဖြစ်ကြောင်းသိရသည်။

သင်တန်းအားသုံးနှစ်တက်ရောက်ရမည်ဖြစ်ပြီးကျောင်းပြီးပါက ဗြိတိန်ရှိအင်ဂျင်နီယာအဖွဲ့အစည်းများနှင့် Washington Accord တို့မှ အသိအမှတ်ပြုသည့်အတွက် ဩစတေးလျ၊ဟောင်ကောင်၊ဂျပန် အစရှိသည့် နိုင်ငံများတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်ကြောင်း သိရသည်။

## နိုင်ငံတကာအသိအမှတ်ပြု လေယာဉ်မောင်/မယ်သင်တန်း တက်ရောက်နိုင်

**သီဟ**

**ရန်ကုန်၊ ဇွန် - ၂၉**

နိုင်ငံတကာလေကြောင်းလိုင်းများတွင် လေယာဉ်မောင်/မယ်အလုပ် အလုပ်ကိုင်လိုသူများအတွက် International Air Transport Association မှပေးအပ်မည့်နိုင်ငံတကာအသိအမှတ်ပြု Airline Cabin Crew Certificate သင်တန်းအား စင်ကာပူနိုင်ငံရှိ Tourism Management Institute of Singapore (TMIS) တွင် တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါနိုင်ငံတကာအသိအမှတ်ပြု IATA Airline Cabin Crew Certificate သည် နိုင်ငံတကာလေကြောင်းလိုင်းများတွင် အလုပ်အကိုင်လျှောက်ထားသည့်အခါတောင်းဆိုလေ့ရှိသည့်လက်မှတ်တစ်ခုဖြစ်ပြီး သင်တန်းအား အတွေ့အကြုံရှိသော ဆရာများက သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ပြီးသင်တန်းပြီးဆုံးပါက နိုင်ငံတကာလေကြောင်းလိုင်းများတွင် အလုပ်လုပ်ရန်အတွက် အင်တာဗျူးနှစ်ကြိမ် စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဝင်ခွင့်သတ်မှတ်ချက်အနေဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်ဖြစ်ပြီး အသက် ၁၈နှစ်ပြည့်ရမည်ဖြစ်သည်။ ယောကျ်ားလေးများအတွက်အရပ်၁ဒသမ ၇၀ မီတာနှင့် မိန်းကလေးများအတွက်၁ဒသမ၆၀မီတာရှိရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းနှင့်ပတ်သက်သည့်အချက်အလက်များအားလာမည့်ဇူလိုင် ၇ ရက်နေ့တွင် TMIS မှတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက Crown Education ရုံးခန်း၌ ဟောပြောပွဲလာရောက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။



Technology

7 DAY NEWS JOURNAL

Vol.10, No.16 • JULY 7, 2011

## ဂျီအက်စ်အမ်ဖုန်းသုံး သရီးဂျီအင်တာနက် စနစ်အတွက် အင်တာနက်ဂိတ်ဝေးတစ်ခု ထပ်မံတည်ဆောက်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင် – ၁**

အစိုးရက ထပ်မံချထားပေးမည့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်း လေးသန်းတွင် ပါဝင်လာမည့် သရီးဂျီအင်တာနက်စနစ်ကို အထောက်အပံ့ကောင်းစွာပေးနိုင်ရန်အတွက် နောက်ထပ်အင်တာနက်ဂိတ်ဝေး (Internet Gateway) တစ်ခုကို စတင်တည်ဆောက်တော့မည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ယခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းချထားပေးမည့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းအရေအတွက်သည် များပြားလွန်းလှသည့်အတွက် ယခုလက်ရှိတည်ဆောက်ပြီးစီးပြီး အသုံးပြုနေသော အင်တာနက်ဂိတ်ဝေးများမှ ယင်းပမာဏကို လုံလောက်စွာပေးနိုင်မည့် Data Speed များမရှိနိုင်ခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

"နောက်ထပ်လာတော့မယ့် ဂျီအက်စ်အမ် ပမာဏကအရမ်းများတယ်။ အဲ့ဒီပမာဏလောက်ကို ထောက်ပံ့ပေးမယ့် အချက်အလက်မြန်နှုန်းတွေက လက်ရှိရှိနေတာနဲ့မရတော့တဲ့အတွက်နောက်ထပ်တစ်ခုကိုအမြန်တည်ဆောက်ဖို့စီစဉ်နေပါတယ်"ဟု အထက်ပါလုပ်ငန်း၏သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အသစ်တည်ဆောက်မည့် အဆိုပါအင်တာနက်ဂိတ်ဝေးအား ထပ်မံချထားပေးမည့် ဂျီအက်စ်အမ်သုံးသန်းနှင့်အတူ တစ်ပြိုင်တည်း တည်ဆောက်ပြီးစီးအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

ထိုကဲ့သို့ တည်ဆောက်ရာတွင် Internet Backbone များကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး အစရှိသည့် မြို့များအပါအဝင် တစ်နိုင်ငံလုံးရှိ နေရာအနှံ့အပြား၌ တပ်ဆင်နိုင်ရန်ဆောင်ရွက်သွားမည်ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

ထို့အပြင် ထပ်မံပြီးအသစ်တည်ဆောက်မည်ဖြစ်သည့် အဆိုပါအင်တာနက်ဂိတ်ဝေးအား လက်ရှိအသုံးပြုနေသည့်ဂိတ်ဝေးများထက် Internet Data Speed ကို ပမာဏများစွာပေးနိုင်မည့် အနေအထားရရှိအောင်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဟုလည်း ဆိုသည်။

ယခုလက်ရှိမြန်မာနိုင်ငံတွင် ရတနာပုံတယ်လီပို့ အင်တာနက်ဂိတ်ဝေးနှင့်ဟံသာဝတီနေရှင်နယ်ဂိတ်ဝေး အစရှိသည့် အင်တာနက်အထောက်အပံ့ပေး ဆာဗာများရှိနေပြီး အသစ်တည်ဆောက်မည့်ဂိတ်ဝေး၏ အချက်အလက်သိုလှောင်နိုင်မှုပမာဏမှာအထက်ပါနှစ်ခုထက် ပိုမိုများပြားမည် ဟု သိရသည်။

## ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်း လျှောက်ထားမှု ၁၀ ဆခန့်မြင့်တက်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင် – ၁**

ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများအား ပုဂ္ဂလိကကုမ္ပဏီများက နေ့ချင်းပြီးဝန်ဆောင်မှုစတင်လိုက်သည့်အချိန်မှ ရက်သတ္တပတ်အတွင်းမှာပင် လျှောက်ထားသူများမှာ ယခင်လျှောက်ထားခဲ့ကြသည့်ပမာဏထက် ဆယ်ဆခန့်အထိတိုးမြင့်လာကြောင်း သတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှချထားပေးစဉ်က တစ်ရက်လျှင် အလုံးရေတစ်ရာသာ ချထားပေးနိုင်ခဲ့ရာမှ ယခုကဲ့သို့ ပုဂ္ဂလိကကုမ္ပဏီများကို နေ့ချင်းပြီးဝန်ဆောင်မှုဖြင့် ချထားပေးရန် ညွှန်ကြားချက်ထုတ်ပြန်လိုက်သည့်နောက်ပိုင်းတွင် တစ်ရက်လျှင် ဂျီအက်စ်အမ်အလုံးရေ တစ်ထောင်ကျော်ကို ပုံမှန်ချထားပေးနေရကြောင်း အဆိုပါလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုအခါနေ့ချင်းပြီးဝယ်ယူရရှိနိုင်ပြီဖြစ်သည့်ကျပ်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းများကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်နေသည့် အေးရှားမီဂါလင့်ခ်၊ အီလိုက်တက်ခ်၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် အစရှိသည့် ကုမ္ပဏီများမှ အခြားသော မိုဘိုင်းအရောင်းဆိုင်အချို့သို့ ပြန်လည်လုပ်ကိုင်ခွင့်များကို ချထားပေးနေပြီဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ထိုကဲ့သို့ဂျီအက်စ်အမ်ဖုန်းများအား ပုဂ္ဂလိကနှင့် ပူးပေါင်းလိုက်သော်လည်း ဖုန်းလျှောက်ထားခြင်းပြုလုပ်ရာတွင် အဆိုပါကုမ္ပဏီများသို့ ကျပ်ငါးသိန်းတိတိကိုသာပေးဆောင်ရန် လိုအပ်ကြောင်း၊ ထိုပမာဏထက်ပိုသည့် မည်သည့်အပိုကြေးကိုမျှ ထပ်မံပေးရန်မလိုကြောင်း တရားဝင်သတင်းထုတ်ပြန်ထားသည်။

ယင်းကဲ့သို့ ထုတ်ပြန်ထားရခြင်းမှာ အချို့သောဆိုင်များသည်ဖုန်းလျှောက်ထားသူများအား ကျပ်ငါးသိန်းအပြင် ငွေကျပ်တစ်ထောင့်ငါးရာမှ နှစ်ထောင်ကျပ်ကို စာရွက်စာတမ်းကြေးဟူ၍ ကောက်ခံနေကြခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ဂျီအက်စ်အမ်ဖုန်းများကို ပုဂ္ဂလိကကုမ္ပဏီများတွင် နေ့ချင်းပြီးလျှောက်ထားနိုင်သည့် ဝန်ဆောင်မှုအသစ်ကို ပြီးခဲ့သည့် ဇွန်လအတွင်းကစတင်ခဲ့ခြင်းဖြစ်သည်။

## ကိုယ်တိုင်ငွေသွားသွင်းနေရသည့် ဖုန်းများလည်း ကြိုပေးကတ်စနစ်ပြောင်းမည်

**ယုဇနကိုကို**


**ရန်ကုန်၊ ဇူလိုင် – ၁**

ဖုန်းအသုံးပြုခများကို ကိုယ်တိုင်သွားရောက်ပေးသွင်းနေရသေးသည့် ဖုန်းလိုင်းများအား ကြိုတင်ငွေဖြည့်ကတ်များကိုသာ အသုံးပြုနိုင်မည့် Prepaid Card စနစ်သို့မကြာမီအချိန်အတွင်း အပြီးသတ်ပြောင်းလဲတော့မည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ထို့အတွက် လက်ရှိသက်ဆိုင်ရာမြို့နယ်ရုံးများသို့ သွားရောက်ကာ ကျသင့်ငွေများပေးဆောင်နေရဆဲဖြစ်သည့်လိုင်းဖုန်းများနှင့် ကျပ်တစ်ဆယ့်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းများသည် မကြာမီကာလအတွင်း Prepaid Card စနစ်သို့ပြောင်းလဲတော့မည်ဖြစ်သည်။

ထိုကဲ့သို့ ဖုန်းဘီလ်ပေးဆောင်ရသည့်စနစ်ပြောင်းလဲလိုက်ရခြင်းမှာ ဆက်သွယ်ရေးရုံးများတွင် ငွေသွင်းသည့်အချိန်တိုင်း ကြုံတွေ့ကြရသည့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း၊ လာဘ်စားခြင်းကဲ့သို့ မသမာမှုများ ပပျောက်စေရေးအတွက်ဟုသိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငွေစာရင်းဌာန၏အဆိုအရ Post Paid(ကိုယ်တိုင်သွားရောက်ပေးဆောင်ရသည့်စနစ်)စနစ်ဖြင့်ပေးဆောင်လာသည့်ဖုန်းအသုံးပြုခများသည် တစ်ပတ်လျှင် ကျပ်ငွေ သန်းတစ်သောင်းခန့်ပျမ်းမျှရှိကြောင်းသိရသည်။




MSP CAT

Myan Shwe Pyi Tractors Ltd.

မြန်ရွှေပြည်ယန္တရားလီမိတက် (MSPTL) သည်
Caterpillar စက်ယန္တရားနှင့် အပိုပစ္စည်းများဖြန့်ဖြူးရန်
မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။
နိုင်ငံတကာဈေးကွက်များတွင် အရည်အသွေးနှင့်စွမ်းဆောင်ရည်မြင့်မားပြီး
အသုံးပြုသူများ၏ ကုန်ထုတ်လုပ်မှု စရိတ်အနည်းဆုံးအဖြစ်သတ်မှတ်ထားသော
Caterpillar စက်ယန္တရားများကို သုံးစွဲသူများစိတ်တိုင်းကျ အကောင်းဆုံးဝန်ဆောင်မှုများဖြင့်
MSPTL မှ ဆက်လက်ပံ့ပိုး ပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

YANGON
16, Mya Mar Lar Lane,
Industrial Zone,
Thaketa Township.
Tel : (95-1) 547310-13
: (95-1) 547140-42
Fax : (95-1) 547307
E-mail : msptlygn@msptl.com.mm

MANDALAY
30, 27th Street,
(Between 68 x 69 Street),
Chan Aye Thar Zan Township.
Tel : (95-2) 30259
: (95-2) 30260
E-mail : msptlmdy@msptl.com.mm

PHARKANT
Mashikahtaung Quarter,
Pharkant-Saitaung Road,
Pharkant.
Tel : (95-74) 70484
: (95-1) 4482149
E-mail : msptlpkt@msptl.com.mm




MONKEY Coffee mix
ယောက္ခမကြီး
နဲ့
တစ်ခွက်တစ်ဖလား

မျက်နှာဖုံးသတင်း

# နိုင်ငံသားအမည်ခံ ပြည်ပမြှုပ်နှံမှုများက အိမ်ခြံမြေဈေးပိုခိုင်မာစေ

ပြည်သိမ်း၊ ကျော်သီဟ

**လက်တစ်ဖက်က တယ်လီဖုန်းကိုကိုင်လျက် နားထောင်နေရင်းက ကျန်လက်တစ်ဖက်က မှတ်စုစာအုပ်တွင် ကြားရသမျှကို ရေးမှတ်နေသည်။ ထိုစဉ် စားပွဲပေါ်က နောက်ဖုန်းတစ်လုံးကလည်း အသံမြည်လာပြန်သည်။ ကျန်သော ဝန်ထမ်းများကလည်း စာရွက်စာတမ်း၊ စာချုပ်များနှင့် ရှုပ်ယှက်ခတ်နေကြသည်။ ရန်ကုန်မြို့ရှိ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီတစ်ခု၏ ရုံးခန်းကို ဇွန်လတတိယပတ်အတွင်းက မြင်တွေ့ရခြင်းဖြစ်သည်။**

လာသမျှ ဖုန်းတို့ကို ဖြေကြားပြောဆိုနေမှုမှာ တစ်နာရီဝန်းကျင်အတွင်းမှာပင် ရောင်းလိုသူ၊ ဝယ်လိုသူများက ဖုန်းဖြင့်မေးမြန်းမှု သုံးကြိမ်ခန့်ရှိလာသည်။ အရောင်းအဝယ်အတွက် ဈေးနှုန်းများ ပြောဆိုနေမှုကလည်း စိတ်ဝင်စားစရာပင်။ မြေကြီး၏ တန်ဖိုးမှာ တစ်ပေပတ်လည်ကို ကျပ်နှစ်သိန်းဝန်းကျင်ဖြင့် အရောင်းအဝယ်လုပ်ရန်ဖြစ်သည်။ ဤသည်ကား ရန်ကုန်မြို့တွင် အချက်အချာကျသော မြို့နယ်လမ်းမကြီးပေါ်မှ မြေကွက်တန်ဖိုးဖြစ်သည်။

"မြေဈေးက တစ်လတွင်းမှာတောင် အပြောင်းအလဲရှိတယ်။ အကျမရှိဘူး။ အတက်ပဲရှိတယ်" ဟုမဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦးသန်းဦးကဆိုသည်။

ယင်းမှာ ယနေ့မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်၏ တိုးတက်မှုဟု ဆိုရမည်ဖြစ်သကဲ့သို့ပင်။ မြန်မာနိုင်ငံ၌ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီမှ ယနေ့နှစ်ဝက်ကာလအထိ သုံးသပ်ကြည့်မည်ဆိုပါက အရောင်းအဝယ်များအထူးကောင်းမွန်ပြီး ဈေးနှုန်းများလည်း တစ်ရှိန်တိုးမြင့်တက်နေကြောင်းကို အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

"ဇွန်လဆန်းက သဘော်သားနှစ်ယောက် အတူစပ်ပြီး မြေတစ်ကွက်ဝယ်ခဲ့တယ်။ တန်ဖိုးကသိန်း ၇၀၀ နဲ့ အခုလကုန်ရက်ပိုင်းမှာ ပြန်ရောင်းတော့ကျပ်သိန်း ၉၀၀ ရတယ်" ဟု ဦးသန်းဦးကဆိုသည်။

ပြည်တွင်း စီးပွားရေးလုပ်ငန်းများတွင် ယခုနှစ်ဝက်ကာလအထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတိုးတက်ဆုံးစီးပွားရေးကို ပြောပါဆိုလျှင် အိမ်ခြံမြေရင်း နှီးမြှုပ်နှံမှုပင်ဖြစ်နေကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ဆိုသည်။ အခြားသော စီးပွားရေးလုပ်ငန်းများသည် အတက်အကျ၊ အပြောင်းအလဲ မျိုးစုံဖြစ်ခဲ့သော်လည်း အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုမှာ တောက်လျှောက်လုပ်ငန်းကောင်းလာခဲ့သည်။ ရင်းနှီးမြှုပ်နှံထားမှုများမှာလည်း ဆုံးရှုံးမည်ကို မစိုးရိမ်ရပေ။ ယင်းအခြေအနေများကြောင့် ပြည်ပမှ လုပ်ငန်းရှင်များကပါ ပြည်တွင်းသို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံလာကြသည်။

"ပြည်တွင်းအိမ်ခြံမြေမှာ ရင်းနှီးမြှုပ်နှံမှု တိုးတက်နေတာက ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေပါ သလို အခြားသော အကြောင်းအချက်တွေလည်း ရှိတယ်" ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ပြည်ပနိုင်ငံသား (အထူးသဖြင့် တရုတ်)လုပ်ငန်းရှင်များသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လက်ထဲတွင် ဒေါ်လာငွေများစွာရရှိလာသည်။ ယင်းငွေကြေးများသို့သုံးစွဲရာတွင် မဟာဗျူဟာချမှတ်ပြီး အရင်းအမြစ်များ ဝယ်ယူ၍ ရင်းနှီးမြှုပ်နှံမှုများရှိသကဲ့သို့ ပြည်တွင်းအိမ်ခြံမြေများတွင်လည်း ဝယ်ယူရင်းနှီးမြှုပ်နှံကြသည်။ ယင်းကြောင့် ပြည်တွင်းဒေါ်လာဈေးနှုန်းမှာ အပြောင်းအလဲများဖြစ်လာသည်။

"တစ်ရက်ကို ကျောက်မျက်နဲ့ အိမ်ခြံမြေကနေ ဒေါ်လာသုံးသန်းလောက် အဝင်ရှိနေတယ်" ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်း ဆိုခဲ့ဖူးသည်။

အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်မှုမှာ ဒေါ်လာ တန်ဖိုးမတည်ခြင်းလည်းပါဝင်သည်။

ဈေးနှုန်း အပြောင်းအလဲများသဖြင့် လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံ ရန် ခက်ခဲနေကြသည်။ ထို့အပြင် ရွှေဝယ်စုဆောင်းမှုမှာလည်း ရွှေဈေးအပြောင်းအလဲကြောင့် လူစိတ်ဝင်စားမှုနည်းပါးသည်။ ရွှေဈေးသည် ရုတ်တရက်ကျဆင်းခြင်း၊ မြင့်တက်ခြင်းတို့ဖြစ်တတ်သည်။ ပိုင်ဆိုင်မှုအတွက် ခိုင်မာမှုလည်း မရှိသဖြင့် ခြံမြေများတွင် ဦးစားပေးရင်းနှီးမြှုပ်နှံ ရန်ဖြစ်လာကြောင်း ယူနတီအိမ်ခြံမြေအကျိုးဆောင်မှ ကိုဇော်ဇော်ကဆိုသည်။

"ဒီနှစ်မှာ အိတ်စပို့၊ အင်ပို့ကလည်း အခြေအနေမကောင်းဘူး။ စက်မှုကုန်ထုတ်လုပ်ငန်းကလည်း ရင်းနှီးဖို့ အခြေအနေမကောင်းတော့ အိမ်ခြံမြေဘက်လှည့် ရတာပေါ့" ဟု ယခင်ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။ ထို့အပြင် အစိုးရသစ်လက်ထက်၌ ပြည်ပမှ စီးပွားရေးလုပ်ငန်းမှ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုကို မျှော်၍ အိမ်ခြံမြေကို ဝယ်ယူမှုများရှိသည်။ ဤကဲ့သို့ဝယ်ယူရာတွင် ပြည်တွင်းလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုအပြင် ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဝယ်ယူမှုများရှိသည်။ အထူးသဖြင့် တရုတ်လူမျိုးများဖြစ်ကြသည်။ ၎င်းတို့ အများဆုံးဝယ်ယူသည့် ဒေသမှာ မန္တလေးမြို့၌ဖြစ်ပြီး ကျောက်ဖြူ၊ စစ်တွေ၊ ရန်ကုန်နှင့် ထားဝယ်တို့တွင် ရင်းနှီးမြှုပ်နှံမှုများလည်း ရှိသည်။ အဆိုပါစီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်လာမှုကြောင့် ၂၀၁၀ပြည့်နှစ်မှစ၍ မန္တလေးအိမ်ခြံမြေဈေးနှုန်းများသည် တစ်ရှိန်ထိုးမြင့်တက်ပြီး အရောင်းအဝယ်များသည်လည်း အထူးကောင်းခဲ့ကြောင်းကိုလည်း အထက်ပါလုပ်ငန်းရှင်ကပြောသည်။ ထားဝယ်နှင့် ကျောက်ဖြူ၊ စစ်တွေနှင့် ရန်ကုန်မြို့တို့တွင်လည်း ဤကဲ့သို့ပင် မူလပေါက်ဈေးထက် ဈေးနှုန်းမှာနှစ်ဆနီးပါးမြင့်တက်လာသည်။

"နိုင်ငံခြားသားတွေဝင်ဝယ်တာ အခွန်စနစ်သစ် နောက်ပိုင်းမှာပိုများလာတယ်။ ဒါပေမဲ့ တိုက်ရိုက်မဝယ်ဘူး။ ပြည်တွင်းက နိုင်ငံသားတစ်ဦးကိုအမည်ခံပြီးဝယ်ကြတယ်" ဟု ကျောက်တံတားမြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကဆိုသည်။

အိမ်ခြံမြေအခွန်စနစ်သစ် မတိုင်မီက အမည်ပေါက်ပြုလုပ်ရာတွင် ဝင်ငွေခွန်ဆောင်ရာ၌ တရားဝင်ငွေကြေးကို ဖော်ပြရသည်။ အိမ်ခြံမြေအခွန်စနစ်သစ် စတင်ပြီးနောက် အမည်ပေါက်အတွက်ပေးဆောင်ရသည့်အခွန်နှုန်းထားမှာ ၁၅ရာခိုင်နှုန်းပေးဆောင်လျှင် ဝင်ငွေရလမ်း ဖော်ပြရန်မလိုပေ။ ယင်းအားသာချက်ကိုပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများက အခွင့်ကောင်းယူ၍ နိုင်ငံသားတစ်ဦးဦးကို တစ်ဆင့်ခံ၍ ဝယ်လာခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"နိုင်ငံခြားသားက တိုက်ရိုက်ဝယ်လို့မရဘူး။ နိုင်ငံသားကို တစ်ဆင့်ခံပြီး ဝယ်ရင်တော့ ရတယ်။ ဒါပေမဲ့ မြေအမည်ပေါက်ကတော့ နိုင်ငံသားပဲလုပ်လို့ရတယ်" ဟု ဥပဒေပညာရှင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၌ ၁၉၈၇ခုနှစ်က ပြဋ္ဌာန်းခဲ့သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ အခန်း ၂၊ အပိုဒ် ၃ နှင့် ၄ တို့တွင် ဤကဲ့သို့ပါရှိသည်။ မည်သူမျှ နိုင်ငံခြားသားနှင့်ဖြစ်စေ၊ နိုင်ငံခြားသားပိုင် ကုမ္ပဏီနှင့်ဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေးကမ်းသည်ကို လက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည်ကိုလက်ခံခြင်း၊ လဲလှယ်ခြင်းသို့မဟုတ်၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်းမပြုရဟူ၍ဖြစ်သည်။

ထို့အပြင် မည်သည့် နိုင်ငံခြားသား(သို့မဟုတ်) နိုင်ငံခြားသားကုမ္ပဏီကမှ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေးကမ်းသည်ကိုလက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည်ကိုလက်ခံခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း မပြုရဟုပါရှိသည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ငှားရမ်းမှုနှင့်ပတ်သက်၍လည်း အဆိုပါ ဥပဒေ အခန်း (၂) အပိုဒ်(၅)တွင် နိုင်ငံခြားသား(သို့မဟုတ်) နိုင်ငံခြားသားပိုင် ကုမ္ပဏီအား တစ်ကြိမ်လျှင် တစ်နှစ်ထက်ပို၍ အငှားချထားခြင်းမပြုရ။ နိုင်ငံခြားသားက (သို့မဟုတ်) နိုင်ငံခြားသားပိုင် ကုမ္ပဏီမှလည်း တစ်ကြိမ်လျှင် တစ်နှစ်ထက်ပို၍ ငှားရမ်းခြင်း မပြုရဟုပါရှိသည်။

ယင်းဥပဒေများကို မလိုက်နာဘဲ လုပ်ဆောင်မည်ဆိုလျှင်လည်း မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းခြင်း ကန့်သတ်သည့် ဥပဒေအခန်း (၄) အပိုဒ် ၁၁ နှင့် ၁၂ တို့တွင် ပြစ်ဒဏ်များကို ဖော်ပြထားသည်။ မည်သူမဆို ပုဒ်မ ၃ သို့မဟုတ် ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံးထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် မရွှေ့မပြောင်း နိုင်သော ပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟူ၍ ဖြစ်သည်။

ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်လည်း အငှား ချထားသည့် ကာလအတွက် သဘောတူထားသည့် ငှားရမ်းခ၏ သုံးဆထက် မနည်းသော ငွေဒဏ်ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟုပြဋ္ဌာန်းထား သည်။

ယင်းဥပဒေများမှာ အိမ်ခြံမြေအရောင်းအဝယ်တွင် သတိပြုစရာဖြစ်သော်လည်း လက်ရှိအချိန်ထိ တစ်ဆင့်ခံအမည်ပေါက်ဖြင့် ပြည်ပနိုင်ငံသားများက ဝယ်ယူမှုများမှာ ရပ်တန့်မှု မရှိပေ။ ရန်ကုန်မြို့တွင်း၌သာမက မြို့ပြင်ဒေသများဖြစ်သော သန်လျင်၊ ကျောက်တန်း၊ ခရမ်းသုံးခွတို့ဘက်တွင်ပါ မြေကွက်များကို ဝယ်ယူရန် စုံစမ်းမှုများရှိနေကြောင်း သိရသည်။

ပုဂ္ဂလိကအိမ်ခြံမြေဈေးကွက်တွင် အဓိကထိုးနှက်ချက်တစ်ခုဖြစ်သည့် နိုင်ငံပိုင်လေလံများကလည်း နောက်ဆုံးလေလံပွဲတွင် ပြင်ပတန်ဖိုးထက် မြင့်မားခြင်း၊ လေလံငွေပေးသွင်းပုံစံပြောင်းလဲခြင်း စသည်တို့ကြောင့်လည်း လေလံပြန်အမ်းမှုများရှိလာသည်။ ယင်းတို့တွင် ရင်းနှီးမည့်ငွေများမှာ ပုဂ္ဂလိကအိမ်ခြံမြေသို့တွန်းအားတစ်ခုအပြင် ဝင်ရောက်လာပေသည်။

အိမ်ခြံမြေဈေးကွက် လှုပ်ခတ်မှု၏ နောက်ထပ်အရေးပါသည့်အကြောင်းတစ်ရပ်မှာလည်း ဖေဖော်ဝါရီကျောက်မျက်ပွဲမှငွေများ ဝင်ရောက်လာခြင်းလည်း ပါဝင်သည်။ ယခုကျောက်မျက်ပွဲတွင် ရောင်းချရမှုမှာ အမေရိကန်ဒေါ်လာ ၂ဒသမ၄ ဘီလီယံထိရှိသည်။ ယင်းပမာဏသည် ယခင်လေလံပွဲကထက် နှစ်ဆနီးပါးရှိကြောင်းသိရသည်။ အဆိုပါကျောက်မျက်လုပ်ငန်းများ၏ အများစုသော ရင်းနှီးမြှုပ်နှံမှုမှာ အိမ်ခြံမြေပင်ဖြစ်သည်။

အထက်ပါ အကြောင်းအချက်များကြောင့် ယနေ့အိမ်ခြံမြေဈေးနှုန်းများသည် ၂၀၁၀ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် နှစ်ဆနီးပါး (၁၀၀ ရာခိုင်နှုန်းနီးပါး) မြင့်တက်လာသည်။ ရန်ကုန်မြို့တွင် သာမက မြို့ပင်မြို့နယ်များမှာပါ အရောင်းအဝယ်များရှိလာပြီး စက်မှုဇုန်များမှာလည်း ဝယ်ယူများရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသော နေရာများမှ မြေကွက်များဆိုလျှင် ရောင်းသူမရှိသလောက်ပင်ဖြစ်နေကြောင်းကိုလည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောဖူးသည်။

မြန်မာနိုင်ငံ၌ အိမ်ခြံမြေဈေးကွက်သည် ၂၀၁၀ပြည့်နှစ်ကစခဲ့ပြီး လက်ရှိ ၂၀၁၁ နှစ်လယ်ပိုင်းထိ အရှိန်ဟုန်ပြင်းစွာဖြင့် လှုပ်ရှားလာခဲ့သည်။ ရှေ့ဆက်၍ အိမ်ခြံမြေဈေးကွက်ကို ဦးသန်းဦးက "ဆက်လက်၍ပန်းပန်နိုင်ဦးမည်' ဟုမျှော်လင့်ချက်အပြည့်ဖြင့်သုံးသပ်ပြောဆိုသည်။



## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ဌာနဆိုင်ရာမှ လခစားဝန်ထမ်းများပါဝင်နေခြင်းမှာ လိုအပ်ချက်ကြောင့်ဟုဆို

ဥက္ကာကိုကို

**ရန်ကုန်၊ ဇူလိုင် - ၁**

ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့တွင် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်နေခြင်းမှာဌာနလုပ်ငန်းသည် ကော်မရှင်နှင့် ရွေးကောက်ပွဲလုပ်ငန်းဆက်စပ်အကူအညီပေးနိုင်ရန်အတွက် လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းပေးထားခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုကပြောခဲ့သည်ဟုသိရသည်။

ပြီးခဲ့သည့် ဇွန်လ ၈ရက် နေ့လယ် ၁နာရီက ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၏ အခန်းတွင် ပြုလုပ်ခဲ့သော နိုင်ငံရေးပါတီများ မှ ဂျာနယ်၊ စာစောင်ထုတ်ဝေသူများနှင့် ညှိနှိုင်းဆွေးနွေးပွဲတွင်ဦးကိုကိုက ပြောကြားခဲ့သည်ဟုသိရသည်။

ကော်မရှင်အဖွဲ့ဝင်များသည် လခစားဝန်ထမ်းမဟုတ်ရဟုကော်မရှင်ဥပဒေတွင် ပါရှိထားသော်လည်း လက်ရှိကော်မရှင်အဖွဲ့ဝင်အချို့မှာ မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိများပါဝင်နေပြီး ယင်းတို့သည်ကော်မရှင်အတွင်းရေးမှူးတာဝန်များကို ဝင်ရောက်ထမ်းဆောင်နေကြသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသည် သက်ဆိုင်ရာရပ်ကွက်၊ မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများနှင့် တွဲဖက်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ယင်းနေ့ကဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊နိုင်ငံရေးပါတီရှစ်ခုမှတာဝန်ရှိကိုယ်စားလှယ်များသာ တက်ရောက်ခဲ့ကြသည်ဟုသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

# လွမ်းရမှာစိုးရဲ့ ကောက်ရိုးပန်းချီ

အခရာ

ပန်းချီခန်းလေးထဲကိုရောက်သည်နှင့်ဟိုဒီလိုက်ငေးနေမိသည်။ စားပွဲပေါ်တွင် လေးညှင်းရောင်ကတ္တီပါစဖြင့် အထပ်သားပေါ် တင်းတင်းကပ်ထားပြီးစပန်းချီကင်းဘတ်ကိုတွေ့ရသည်။ အနားတွင် ဆေးဗန်းမရှိ။ စုတ်တံတစ်ချောင်းမတွေ့။ ခဲချွန်ဓားတစ်လက်နှင့် စာကလေးတစ်ကောင်အသိုက်လုပ်ဖို့ ကိုက်ချီလာသည့်အမှိုက်စလေးတွေအလား ကောက်ရိုးခြောက်စလေးတွေကိုသာ စုပုံထားသည်။ ဒါက မြန်မာ့ကောက်ရိုးပန်းချီသမိုင်းရဲ့အစ၊ ကောက်ရိုးကပ်ပန်းချီကို တစ်ခေတ်ဆန်းသစ်ပေးခဲ့သူတစ်ယောက်၏ပန်းချီခန်းလေးပင်ဖြစ်သည်။

ယခု သူ့အသက် ၇၀ ပြည့်လေပြီ။ ကောက်ရိုးပန်းချီ၏အစကို မေးကြည့်မိရာတွင် သူက “ပုဂံရာဇဝင်ကို တုတ်ထမ်းမပြောလို” ဆိုသည့်သဘောမျိုးနှင့် စားပွဲပေါ်မှဆွေးမြည့်စညိုညစ်ညစ်လုပ်သားပြည်သူ့ သတင်းစာလေးကိုသာ ဆွဲထုတ်လိုက်သည်။ ထိုသတင်းစာတွင် ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၅ ရက်၊ အတွဲ ၅ ၊ အမှတ် ၃၂၇ ဟုတွေ့ရသည်။ မျက်နှာဖုံးစာမျက်နှာတွင် စာလုံးကြီးဖြင့် ‘ကောက်ရိုးပန်းချီထွင်ပြီ’ဆိုသည့် ခေါင်းစီးစာတန်းကြီးနှင့် အတူ ‘မြန်မာလူငယ်တစ်ဦး၏ စမ်းသပ်ချက်အောင်မြင်၊ ပန်းချီ၊ ပန်းပုပြပွဲကြီး၌ လက်ရာများတင်ပြမည်’ဟု ပါသည်။ သတင်းပါ စာသားများမှာ ဤသို့ဖြစ်၏။

‘ရန်ကုန်အနောက်ပိုင်း ၁၄ လမ်း၊ အမှတ် ၆၀ နေ ကိုမြင့်စိန်တို့မိသားစုသည် ကောက်ရိုးမျှင်ကလေးများဖြင့် အနုပညာလက်ရာမြောက်သော ပန်းချီကားများတပ်ဆင် လုပ်ကိုင်လျက်ရှိရာ အောင်မြင်သဖြင့် မကြာမီပြုလုပ်မည့် ပန်းချီ၊ ပန်းပုပြပွဲကြီးသို့ တင်သွင်းပြသမည်ဟုသိရ၏’ဟုသတင်းပထမပိုင်းတွင်တွေ့ရပြီး အဆုံးပိုဒ်တွင်မူ ‘ယခုကဲ့သို့ စုတ်ချက်နှင့် အရောင်မကူဘဲ ကောက်ရိုးပန်းချီ ရေးခြယ်ခြင်းမှာ ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတွင် ခေတ်စားလျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် ကိုမြင့်စိန်တို့က ပထမဆုံးအကြိမ်ပြုလုပ်သည်ဟုသိရ၏’ဟု ရေးသားထားသည်ကိုတွေ့ရသည်။

လုပ်သားပြည်သူ့သတင်းစာကို ဖတ်ပြီးသည်နှင့် ဆရာကြီး၏ မျက်နှာဆီ အကြည့်ကိုရွှေ့လိုက်မိသည်။ ဆရာ့မျက်နှာက တည်ကြည်သည်။ ရင့်ကျက်သည်။ အေးအေးဆေးဆေး နေတတ်သည့်သဘောကိုတွေ့ရသည်။ စကားသံမှာလည်း အသက် ၇၀ အရွယ်နှင့် မလိုက်အောင်ပင်ပြတ်သားလွန်းသည်။ အနုပညာကိုဖန်တီးနေသော်ငြား သူက သူ၏ပန်းချီကားများကို ‘အနုပညာ ဆန်သောလက်မှုပညာ’ ဟု အဓိပ္ပာယ်ဖွင့်သည်။ သူက သူ့လက်မှုအနုပညာအပေါ် လေးစားတန်ဖိုးထားသည်။ ပြီးတော့ နှစ်နှစ်ကာကာ ချစ်သည်။



“ဒီပန်းချီကားတွေက Fine Style အစစ်တွေချည်းပဲ။ ဘယ်တော့မှ Commerical Art Style မဆွဲဘူး”

လူငယ်တစ်ယောက်လိုမာန်အပြည့်နှင့် အသံက ပြတ်ပြတ်သားသားထွက်လာသည်။ သူ့အနုပညာအပေါ် သူ့ယုံကြည်မှုက သက်တမ်း ၄၃ နှစ်ကျော်ကြာခဲ့ပြီဖြစ်သည့်အလျောက် နည်းနည်းလေးမှမလျှော့။ တကယ်ကိုပင်လေးစားလောက်သည်။ ယုံကြည်ရာ အနုပညာအပေါ် အားမာန်အပြည့်။ စကားပြောရင်းနှင့်ပင် လက်ထဲမှ ပန်းချီကားလေးတစ်ချပ်နှင့်အတူ စာအုပ်၊ စာရွက်အပိုင်းအစတွေကိုထုတ်ပြသည်။

စာအုပ်တစ်အုပ်မှာ ၁၉၇၃၊ မတ်လထုတ် လုပ်သားဂျာနယ်ဖြစ်ပြီး မျက်နှာဖုံးမှာ သူ၏ ကောက်ရိုးပန်းချီလက်ရာ နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ ပုံတူပင် ဖြစ်သည်။

နောက်တစ်အုပ်တွင်မူ၁၉၆၈ ခုနှစ် ထုတ် ‘ရှေ့သို့’စာစောင်တွင် ဖော်ပြထားသော‘လုံမေဆံတောက်နှင့် ကောက်ရိုးပန်းချီ’ ဆိုသည့် ခေါင်းစဉ်နှင့် မိန်းမပျိုတစ်ဦး၏ပုံကိုတွေ့ရသည်။ ပုံအောက်တွင် ‘ပန်းချီကားအတွက် ကိုယ်ဟန်စံပြမယ်ကလေးမှာ ရုပ်ရှင်နယ်မှ မယ်သစ်လွင်ကလေး စိုးစိုးအေး’ ဟုရေးထားသည်။ ဒါတင်မကဘဲ သူ့လက်ထဲမှာ သူ့လက်ရာကလေးတွေပါသည့် စာရွက်အပိုင်းအစကလေးများမှာ များစွာ၊ များစွာ။ စာရွက်ကလေးတွေကို အထက်အောက်လှန်လိုက်၊ ပန်းချီကားလေးကိုကြည့်လိုက်နှင့် သူ့ဘဝနှင့်ကောက်ရိုးပန်းချီရဲ့သမိုင်းအစကို အေးဆေးတည်ငြိမ်စွာပင် ဇာတ်စုံခင်းပြသည်။

ပန်းချီပညာကို ဆရာကြီးဦးလွန်းကြွယ်ထံတွင်သင်ယူခဲ့သည်။ သို့သော် အခြေခံသဘောတရားများကိုသာ သင်ယူခဲ့ပြီး ရေဆေးဆီဆေးများတွင်လည်း ကြာကြာမဆွဲဖြစ်ခဲ့။ ၁၉၆၈ ခုနှစ်အရောက်တွင် ကောက်ရိုးပန်းချီကို စတင်အကောင်အထည်ဖော်ရာမှယနေ့အထိပင် နေ့စဉ် မပြတ်ဆိုသလို ကောက်ရိုးပန်းချီကိုသာ ဆွဲဖြစ်ခဲ့သည်။

ပန်းချီဆွဲစတွင် အီးပီစီဌာန၌အောက်တန်းစာရေးဘဝနှင့်၁၂ နှစ်တိတိ ဝန်ထမ်းလုပ်ခဲ့သည်။ နောင်တွင် ဝန်ထမ်းဘဝမှထွက်ကာ ယုံကြည်ရာကောက်ရိုးပန်းချီ တစ်ခုတည်းကို တစ်စိုက်မတ်မတ် ဆွဲရင်း အိမ်ငှားဘဝနှင့်ရုန်းကန်ခဲ့သည်။

ထိုစဉ်က ကောက်ရိုးပန်းချီခေတ်မှာ မျက်နှာပန်းလှ၏။ သူ၏ ပန်းချီကားများမှာ ဂျပန်မှအစ အနောက်ဥရောပအထိ ခြေဆန့်နိုင်ခဲ့သည်။ တကယ်တော့ ထိုခေတ်ထိုအခါမှစ၍ပင်ကောက်ရိုးပန်းချီဆွဲသူမှာ သူတစ်ယောက်တည်းမဟုတ်။ သို့သော် အခြားသူများမှာ သူ့လို ပန်းချီကားအဆင့် မဟုတ်။ စက္ကူစ၊ အဝတ်စများပေါ်တွင် ကော်သုတ်ပြီး ညှပ်ကပ်အဆင့်သာဖြစ်သည်။

“အဘ ဒီကောက်ရိုးပန်းချီ စမိတာက အဘတို့ ၁၄ လမ်းမှာနေခဲ့တုန်းက လမ်းထိပ်မှာနေတဲ့ ဦးလေးတစ်ယောက်ရဲ့စိတ်ကူးကနေ ဆင့်ပွားယူတာ။ သူက စက္ကူစတွေ၊ ပိတ်စတွေပေါ်မှာ ကော်သုတ်ပြီး ကောက်ရိုးနဲ့ Figure ပုံလေးတွေညှပ်ကပ်လုပ်တာ။ ပန်းပွင့်တို့၊ ကြိုဂံလိုပုံလေးတွေမျိုးပေါ့။ အဲဒါတွေ့တော့ အဘက ကိုယ့်ပန်းချီပညာနဲ့ပေါင်းစပ်ပြီး အနုစိပ်တီထွင်ခဲ့တာပါ”ဟုဆိုသည်။ အနုပညာသမားတစ်ယောက်၏ ပွင့်လင်းသည့် အရိုးခံစိတ်ကလေးမှာ လေးစားစရာ ကောင်းလွန်းပြန်သည်။

ကောက်ရိုးပန်းချီဆွဲရာတွင် သူ အသုံးပြုမြဲ စိတ်ကြိုက် ကတ္တီပါစမှာ လေးညှင်းရောင်ဖြစ်သည်။ ကောက်ရိုး၏အရောင်ကိုထင်ရှားပြတ်သားစေသည်ဟုဆိုသည်။ သူ၏ပန်းချီကားများတွင် ကောက်ရိုးသာမက မြက်ကိုပေါင်းစပ်အသုံးပြုမှုလည်းရှိ၏။ အသုံးပြုသည့်မြက်မှာ အထက်အညာဒေသ ဘုတလင်ဘက်မှ ‘ဝက်လာမြက်’ဟု သိရသည်။ ကောက်ရိုးပန်းချီတွင် ရေဆေး၊ ဆီဆေးနှင့် အခရိုင်းလစ်များကဲ့သို့ အရောင်ကို များများကစား၍မရ။ အလွန်ဆုံးငါးရောင်၊ ခြောက်ရောင်သာရှိသည်။ “Tone က ငါးရောင်၊ ခြောက်ရောင်ပဲရှိတယ်။ Tone တစ်ခုနဲ့တစ်ခုက အနု၊ အရင့်လောက်ပဲကွာတယ်။ ဒါကို ပန်းချီကားမှာ Contrast ဖြစ်အောင် ကစားရတာ။ ခံစားမှုပါဖို့အရေးကြီးတယ်”ဟု အရောင်နည်းနည်းနှင့်ဆွဲရသည့် ကောက်ရိုးပန်းချီအပေါ် သုံးသပ်ပြသည်။ သူ၏ ပန်းချီကားများတွင် အထပ်သားကဲ့သို့အလွှာပါးလေးများဖြစ်သည့် သစ်သားလွှာကလေးများကိုသုံးကာ ဘောင်ခတ်ပေးထားသည်ကိုတွေ့ရတတ်သည်။ ဒါကိုတော့ သူက “အဘက အဘ ပန်းချီကားတွေကို Dim Colour လေးတွေနဲ့ ဘောင်ကွပ်ဖြစ်တယ်။ မြန်မာပြည်က ကျွန်းပေါတယ်မို့လား။ ဒါ ကျွန်းသားလေးတွေပေါ့။ ပိုပြီးလှသလို ပိုပြီး ကျက်သရေရှိသွားတာပေါ့”ဟုဆိုသည်။

ဖန်တီးဖြစ်ခဲ့သော ပန်းချီကားများနှင့်ပတ်သက်ပြီး အရေအတွက်အတိအကျကို မမှတ်မိသော်လည်း သူ ဆွဲဖြစ်သည်များမှာ ပုံတူကအစ၊ ရိုးရာဓလေ့၊ ရှုမျှော်ခင်း၊ ပွဲတော်စသည့်လက်ရာစုံအပြင် ထိုခေတ်အခါက သူ့ပန်းချီကားများကို တင်ရောင်းကြသည့် အရောင်းဆိုင်များမှ အော်ဒါထည်လည်း ဆွဲပေးခဲ့ရကြောင်း သိရသည်။ နောက်ပိုင်းတွင် အိမ်ငှားဘဝမှ အိုးပိုင်အိမ်ပိုင်ဖြစ်သည်အထိ ကောက်ရိုးပန်းချီတစ်ခုတည်းဖြင့် မိသားစုစားဝတ်နေရေးအထွေထွေကို သက်သောင့်သက်သာနှင့်ထမ်းလာနိုင်ခဲ့သည်။ သို့သော် ကောက်ရိုးပန်းချီပေါ်စမှ ဆက်တိုက်အရောင်းသွက်ခဲ့သော ပန်းချီကားများမှာ ယနေ့အချိန်တွင် အရောင်းအေးလာခဲ့သည်။ ဒါ့ထက် လူသိနည်းလာခဲ့သည်။ လက်ရှိကာလတွင် ပန်းချီတစ်ကားလျှင် ငွေကျပ်ခြောက်ထောင်မှတစ်သိန်းအထိသာရတော့သည့် ကောက်ရိုးပန်းချီမှာ တစ်ချိန်က ဆိုလျှင် ကာလပေါက်ဈေးနှင့် ပန်းချီတစ်ကား ရွှေတစ်ကျပ်သားဖြစ်ခဲ့ဖူးသည်ဟုဆိုသည်။ ဒါကလည်း အံ့သြစရာတော့မဟုတ်။ ထိုစဉ်က သူ၏ ကောက်ရိုးပန်းချီကားများမှာဂျူဗလီဟောနှင့် အင်ဖွိုင်းခန်းမများဆီအထိ ပွဲလယ်တင့်ခဲ့သည်မဟုတ်လား။ ယနေ့အချိန်တွင် ပြပွဲများလုပ်ဖို့ပြောကြည့်မိတော့ သူက ပြုံးစေ့စေ့နှင့်။ “ငါက အေးဆေးသမား။ ပေါ်ပြူလာမဖြစ်ချင်ပါဘူးကွာ”ဟုရယ်သံပင်နှောလိုက်သေးသည်။ သို့သော် ခေတ်လူငယ်ကလေးများအဖို့ ကောက်ရိုးပန်းချီတစ်ချပ်တွေ့လျှင်တောင်မှ ဘာကြီးမှန်းမသိဖြစ်မည်ကိုလည်း စိုးရိမ်နေပြန်သည်။

အနုပညာအပေါ် ချစ်စိတ်၊ ရိုးရာတစ်ခုကဲ့သို့ မြတ်နိုးစိတ်အပြည့်ဖြင့် ထိန်းသိမ်းရင်း စတင်ဖန်တီးခဲ့သည့်နေ့မှ ယနေ့အထိ မနားတမ်း ရေးဆွဲဖြစ်ခဲ့သည့် ကောက်ရိုးပန်းချီကို သူက အမွေချန်ရစ်ခဲ့ချင်သည်။ ကောက်ရိုးပန်းချီများထဲတွင် သူ့လက်ရာများမှာ ကောက်ရိုးကို လုံးဝဆေးမဆိုး၊ ညှပ်ကပ်ရုံမဟုတ်။ သူ တဖွဖွပြောတတ်သည့်အတိုင်း Fine Style အစစ်၊ လုံးဝ Commercial Art Style မဟုတ်။ ဒါတွေကို သေရွာခေါ်မသွားဘဲထားခဲ့ချင်သည်။ ပန်းချီဓာတ်ခံရှိသူ မည်သူ့ကိုမဆို အိမ်မှာခေါ်ပြီးအခမဲ့သင်ပေးလိုက်ချင်သည်။ မကြာခင် အကောင်အထည်ဖော်ဖို့လည်း ကြိုးစားနေသည်။ ယနေ့ခေတ် မြန်မာ့လက်မှုအနုပညာတစ်ခုအပေါ် “ဈေးကွက်မရှိတာမဟုတ်၊ ဖန်တီးသူတွေနည်းနေတာပါ”ဟုပြတ်ပြတ်သားသား ဝေဖန်သုံးသပ်သည်။ ပြီးတော့ သူ့ဆန္ဒကိုရင်ဖွင့်သည်။

“ပန်းချီ၊ ပန်းပုကျောင်းကိုသွားပြီး အနုပညာအမွေကျန်ဖို့ ဆွေးနွေးချင်တယ်”ဟုဆိုသည်။

ဆရာကြီး၏ စကားမှာ ဝမ်းသာစရာကောင်းလှပါသည်။ ကြိုလည်း ကြိုဆိုမိပါသည်။ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ရီရယ်လစ်ဇင်၊ ကော်လက်တစ်၊ မော်ဒန်၊ သစ်ကပ်၊ ကျောက်ကပ်၊ အဘက်စထရက်ကအစ Solo Show၊ Group Show တွေကြားမှာ ကောက်ရိုးပန်းချီကို ပွဲတိုးစေချင်သည်။

၁၉၆၈ မှာ ကမ္ဘာသိအောင် ဖန်တီးလာခဲ့သည့် ပထမဆုံး ကောက်ရိုးပန်းချီပညာရှင်လေး ကိုမြင့်စိန်မှစ၍ ၂၀၁၁ မှ ကောက်ရိုးပန်းချီပညာရှင်ကြီး ဦးမြင့်စိန်မှသည် ဆရာကြီး အမြတ်တနိုးရှိလှသည့် ‘အနုပညာ ဆန်သောလက်မှုပညာ’ လက်ဆင့်ကမ်းတည်တံ့မှဖြစ်ပေလိမ့်မည်။

ထိုသို့မဟုတ်ဘဲမြန်မာ့ဓလေ့ရိုးရာအမွေလေးမှာ ဝိုးတဝါးဝါးနှင့်သာဆိုလျှင် ဘယ်ဆီဝယ်ဝယ်မသိ လွမ်းနေရမှာလည်း စိုးထိတ်လှပါဘိ။ ။

7DAY NEWS JOURNAL
# Current Affairs
Vol.10, No.16 • JULY 7, 2011



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အမြန်ဆုံးသတင်းပို့ရမည်ဟု ကြေညာချက်တွင်ပါရှိသည့်အတွက် ရုံးဖွင့်ရက် တနင်္လာနေ့နံနက်(ဇူလိုင်၄ရက်)တွင် ပင်စင်ရုံးရှေ့ ရောက်ရှိနေကြသည့် ပင်စင်စားအမျိုးသမီးကြီးများ

## ပင်စင်စားတို့ပျော်၍ အင်ဆားဗစ်တို့မျှော်

အိဖြူလွင်

**ဇွန်လ ၃၀ရက်ည နိုင်ငံပိုင်သတင်း ရုပ်မြင်သံကြားမှ သတင်းကြေညာချက်များအပြီး နေအိမ်များ၊ လမ်းများ၊ တယ်လီဖုန်းလိုင်းများပေါ်နှင့် ရပ်ကွက်များတွင် လူအများ အချင်းချင်း ပြောဆိုဆွေးနွေးစရာဖြစ်ခဲ့သည်မှာ နိုင်ငံသားများ၏ ပင်စင်လစာတိုးမြှင့်ခြင်းအကြောင်းဖြစ်သည်။**

**ထိုသို့ပြောခဲ့ကြခြင်းမှာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံးနေပြည်တော်၏အမိန့်ကြော်ငြာစာ အမှတ် ၁၀၆/၂၀၁၁၊ ၁၀၇/၂၀၁၁ တို့ဖြင့် နိုင်ငံ့ဝန် ထမ်းများ၏ ပင်စင်လစာနှင့် နိုင်ငံရေးပင်စင်လစာများကို တိုးမြှင့်သတ်မှတ်လိုက်သည့်အတွက်ပင် ဖြစ်ပြီး အဆိုပါသတင်းကြောင့် ညနေ ၆နာရီသတင်းနှင့် ည ၈နာရီသတင်းကြေညာချိန်တွင် အငြိမ်းစားဝန်ထမ်းများနှင့် လက်ရှိဝန်ထမ်းများရှိသော မိသားစုတိုင်း၌ ပျော်ရွှင်သည့်အသံများ၊ မျှော်လင့်ချက်လေသံများ ဖုံးလွှမ်းသွားခဲ့သည်။**

ပင်စင်လစာများ တိုးပေးလိုက်ခြင်းကြောင့် ပြန်တမ်းဝင်အဆင့် အရာရှိတစ်ယောက်၏ ပင်စင်လစာသည် လက်ရှိတာဝန်ထမ်းဆောင်နေသောအငယ်တန်းအဆင့်ဝန်ထမ်းတစ်ယောက်၏ လစာနှင့် ကွာဟမှုမရှိတော့သည့်အတွက် လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည်လည်း ၎င်းတို့၏ လစာများကိုပါ ထပ်မံတိုးမြှင့်ပေးမည်လားဟု မျှော်လင့်နေသေးကြောင်း နိုင်ငံ့ဝန်ထမ်းများ၏ ပြောကြားချက်အရသိရသည်။

အငြိမ်းစားဝန်ထမ်းများအတွက် တိုးမြှင့်ပေးသည့် ပင်စင်လစာကို ယခုဇူလိုင်လ၏ လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုလိုက်ခြင်းဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့် ပင်စင်ခံစားခွင့်အတိုင်း ခံစားခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ပင်စင်လစာများတိုးမြှင့်လိုက်သည့်အတွက် အငြိမ်းစားတစ်ယောက်၏ ပျော်ရွှင်မှုမှာ ပြော၍ပင်မရနိုင်ပါဟု အငြိမ်းစားအရာရှိကြီးတစ်ဦးကပြောသည်။

ပင်စင်လစာများမှာ တာဝန်မှ အငြိမ်းစားယူခဲ့သည့် ခုနှစ်မှ လစာနှုန်းထားအတိုင်းသာ ရရှိသောကြောင့်ယခုခေတ်ရရှိသောလစာများ၊ ကုန်စျေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အဆ ၅၀ မှ ၁၀၀ ခန့်ထိ ကွာခြားနေခဲ့သည့်အတွက် ဆယ်စုနှစ်တစ်ခု၏အလွန်နှစ်များကပင် အငြိမ်းစားယူခဲ့သော ဝန်ထမ်းများအတွက် ပင်စင်လစာသည် လက်ဖက်ရည်တစ်ခွက်၏ တန်ဖိုးထက်ပင် လျော့နည်းနေခဲ့သည်။

နှစ်ပေါင်း ၂၀ ကြာပြီးနောက် ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင်အငြိမ်းစားဝန်ထမ်းများကို ပင်စင်လစာတိုးပေးခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။

“ပင်စင်ဆိုတဲ့ အဓိပ္ပာယ်က ချီးမြှောက်မှုပါ။ ငယ်ရွယ်စဉ်ကတည်းက စပြီးအလုပ်လုပ်ခဲ့တဲ့သူကို သူအလုပ်မလုပ်တော့တဲ့အခါမှာ နိုင်ငံတော်က အသိအမှတ်ပြုတဲ့အနေနဲ့ ချီးမြှောက်မှုပါ”ဟု စီးပွားရေးပညာရှင်တစ်ဦးဖြစ်သော ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

“အငြိမ်းစားဝန်ထမ်းတွေအတွက် နိုင်ငံတော်က ချီးမြှောက်တဲ့ ချီးမြှင့်ငွေဆိုတာကလုံလောက်ရပါမယ်။ သူတို့ရဲ့ ဘဝနောင်ရေး စိတ်အေးအောင် ထိုက်သင့်တဲ့ ပမာဏတော့ ဖြစ်ရပါမယ်။ အခုလို တိုးမြှင့်ပေးတဲ့အတွက် ဝမ်းမြောက်သလိုလက်ရှိဝန်ထမ်းတွေ ပြန်တမ်းဝင်ထက်နိမ့်တဲ့ အငယ်တန်းအဆင့်ဝန်ထမ်းတွေရဲ့လစာကိုလည်း ထပ်တိုးဖို့မျှော်လင့်ပါတယ်” ဟု ဥပဒေကြမ်းကော်မတီတွင်ပါဝင်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါက်တာမြတ်ဉာဏစိုးက ပြောကြားသည်။

ယခုကဲ့သို့ ပင်စင်လစာများ တိုးမြှင့်ပေးခြင်းသည် အငြိမ်းစားဝန်ထမ်းဦးရေကြောင့်နိုင်ငံတော်၏ဘတ်ဂျက်အနေအထားကိုများစွာ သက်ရောက်မှုမရှိနိုင်သကဲ့သို့ ကုန်စျေးနှုန်းကိုလည်းသက်ရောက်မှုမဖြစ်ပေါ်စေနိုင်ဟု ဒေါက်တာအောင်ထွန်းသက်ကသုံးသပ်သည်။

ထို့ပြင် ပင်စင်လစာဆိုသည်မှာ Social Protection ခေါ် လူမှုကာကွယ်စောင့်ရှောက်မှုနည်းလမ်းများထဲမှ တစ်ခုသာဖြစ်သည့်အတွက်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အရေအတွက် ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် မြန်မာနိုင်ငံအတွက် အခြားသောနည်းလမ်းဖြင့် စောင့်ရှောက်မှုများကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်သည်ဟု ဒေါက်တာအောင်ထွန်းသက်က ဆက်လက်ပြောသည်။

ပြန်တမ်းဝင်အဆင့်အငြိမ်းစားဝန်ထမ်းတစ်ဦး၏ ပင်စင်လစာသည် လက်ရှိအငယ်တန်း အဆင့်ဝန်ထမ်း၏ လစာနှင့်ကွာဟမှုမရှိတော့ဟူသော မေးခွန်းပေါ်လာနိုင်သော်လည်း ခွဲထွက်စဉ်းစားရန်လိုပြီး တာဝန်ထမ်းဆောင်ခဲ့သည့် ရာထူး၊ လုပ်ခဲ့သည့် တာဝန်များနှင့်သာနှိုင်းယှဉ်စဉ်းစားရမည်ဟုအထက်ပါ ပုဂ္ဂိုလ်ကပင် ပြောကြားခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာသည် ယခင်နှုန်းထားများထက် အဆပေါင်းများစွာ တိုးလာသည့်အတွက် အငြိမ်းစားဝန်ထမ်းရှိသော မိသားစုတိုင်းအတွက် အသင့်အတင့် လုံလောက်သောဝင်ငွေအနေအထားတစ်ခုသို့ ရောက်ရှိလာခြင်းသာဖြစ်သည်ဟု အငြိမ်းစားဝန်ထမ်းများက ပြောကြားသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များနှင့်လက်ရှိတာဝန်ထမ်းဆောင်နေသောဝန်ထမ်းများကလည်း ပြောကြားသည်။



“အစိုးရဝန်ထမ်းအလုပ်ဆိုတာ မျိုးရိုးအလိုက်လို့ ပြောရလောက်အောင်လုပ်ကြတာဖြစ်တဲ့အတွက် မိဘတွေရဲ့ ပင်စင်လစာတိုးသွားတာကို ဝမ်းသာသလို ကိုယ်တိုင်ရဲ့လစာတွေတိုးဦးမလားလို့မျှော်လင့်မိတာလည်းပါတယ်” ဟု စစ်ဘက်ဆိုင်ရာပြန်တမ်းဝင်အရာရှိတစ်ဦး၏ သမီးဖြစ်ပြီးလက်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူအသက်၃၂နှစ်ခန့်ရှိအမျိုးသမီးတစ်ဦးကပြောသည်။

တိုးမြှင့်လိုက်သော လစာနှုန်းထား တွက်ချက်မှုအရ အနိမ့်ဆုံးရရှိမည့် ပင်စင်လစာသည် ကျပ်နှစ်သောင်းဖြစ်ပြီး အမြင့်ဆုံးရရှိမည့်လစာမှာ ကျပ် ၁၁၀,၀၀၀ ဖြစ်သည်။

ပင်စင်လစာတွက်ချက်မှုသည် နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့သည့်ရာထူးတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသူများရရှိသည့်လစာကို လုပ်သက်နှင့်မြှောက်၍ မြို့ပြဝန်ထမ်းများသည် ၇၀ နှင့်စား၍ ရရှိသောနှုန်းထားအတိုင်း၊ စစ်ဘက်ဆိုင်ရာဝန်ထမ်းများသည် ၅၀ နှင့်စား၍ ရရှိသောနှုန်းထားအတိုင်း ခံစားခွင့်ပြုလိုက်ခြင်းဖြစ်သည်။

တိုးမြှင့်ပင်စင်လစာကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်ရက်စွဲဖြင့် တိုးမြှင့်ပေးခဲ့သောနိုင်ငံ့ဝန်ထမ်းလစာများကို တွက်ချက်သတ်မှတ်မည်ဖြစ်သည်။

အစိုးရသစ်၏ ပထမဆုံးသမ္မတဖြစ်သောနိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်၏ စီးပွားရေးကိုကြည့်၍ ဝန်ထမ်းလစာများကိုလည်း တိုးမြှင့်ပေးမည်ဟု ပြောကြားခဲ့သည့်အတွက်

စာ(၃၀)သို့

7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

# ပင်စင်လစာသစ်ခံစားဖို့ ဘယ်လိုဆောင်ရွက်မလဲ

ကျော်သီဟ၊ ငြိမ်းငြိမ်းနိုင်

**ပင်စင်လစာနှုန်း တိုးမြှင့်လိုက်သည့်ကြေညာချက်နောက်တွင် တစ်နိုင်ငံလုံးရှိ ပင်စင်စားများအနေဖြင့် မည်သို့မည်ပုံ စတင်ဆောင်ရွက်ရမည်ကို အဆင့်ဆင့်သိရှိရန် အခက်အခဲများရှိနေကြောင်း ပင်စင်စားတို့အား မေးမြန်းသိရှိရသည်။ ဇူလိုင်၄ရက်တွင် ရန်ကုန်မြို့ရှိပင်စင်ဦးစီးဌာနများနှင့် မိခင်ဌာနအချို့၌ ပင်စင်လစာတောင်းခံလွှာများ စတင်ထုတ်ပေးနေပြီဖြစ်သော်လည်း နယ်မြို့များတွင်မူ ယနေ့အထိ(ဇူလိုင်၄) ရရှိနိုင်ခြင်းမရှိသေးဘဲ သက်ဆိုင်ရာဌာနများကလည်း တိတိကျကျအဖြေမပေးနိုင်သေးဘဲရှိနေသည့်အတွက် ပင်စင်စားများ ပင်စင်တိုးမြှင့်လစာတောင်းခံလွှာတင်ရန် သိသင့်သိထိုက်သည့်အချက်အလက်အချို့နှင့် သက်ဆိုင်ရာနေပြည်တော်ပင်စင်ဦးစီးဌာနမှတောင်းခံရရှိသည့်အချက်အလက်များ စုစည်းတင်ပြအပ်ပါသည်။**

**နိုင်ငံ့ဝန်ထမ်းပင်စင်လစာ တိုးမြှင့်ရာမှာ ဘယ်သူတွေအကျုံးဝင်ပါသလဲ။**

ပင်စင်လစာတိုးမြှင့်မှုမှာ စစ်ဘက်၊ နယ်ဘက် ခံစားခွင့်ရှိသော ပင်စင်အမျိုးအစားအားလုံး အကျုံးဝင်ပါတယ်။

**အခုတိုးမြှင့်တဲ့ပင်စင်က ဘယ်လိုပုံစံမျိုးတွက်ချက်တိုးမြှင့်တာပါလဲ။**

အခုတိုးမြှင့်တဲ့ ပင်စင်လစာဟာ အဆနဲ့ ဒါမှမဟုတ် နှုန်းထားနဲ့တိုးမြှင့်ပေးတာမျိုးမဟုတ်ဘူး။ ယနေ့လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းများနှင့် တန်းတူပင်စင်လစာ အကျိုးခံစားခွင့်ရအောင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အရင်ပင်စင်စားစဉ်က ထုတ်ယူရရှိခဲ့တဲ့ နောက်ဆုံးလစာကို ၂၀၀၉ ဒီဇင်ဘာ၃၁ ရက်ကတိုးမြှင့်သတ်မှတ်လိုက်တဲ့ နိုင်ငံ့ဝန်ထမ်းတွေ လစာနှုန်းထားအရ ရရှိမယ့် နောက်ဆုံးထုတ်လစာနဲ့ ကိုက်ညှိ တိုးမြှင့်ပေးခြင်းဖြစ်ပါတယ်။

**ပင်စင်တိုးမြှင့်မှုမှာ နှစ်အလိုက် အကျုံးဝင်မှုရှိမရှိ ကန့်သတ်ချက်ရှိပါသလား။**

၂၀၁၁ ဇန်နဝါရီ ၁ ရက်မတိုင်မီ ပင်စင်ခံစားခွင့်ရရှိခဲ့တဲ့ ပင်စင်စားတွေအားလုံးအခု တိုးမြှင့်မှုမှာ အကျုံးဝင်ပါတယ်။

**၂၀၀၆ ခုနှစ်မတိုင်မီ နိုင်ငံရေး ပင်စင်လစာများလို့ ကြေညာချက်မှာပါပါတယ်။ အဲဒါကို ရှင်းပြပေးပါ။**



မြို့ကြီးများတွင် ပင်စင်စားများ ပင်စင်လစာတောင်းခံလွှာတင်ရန်နှင့် အခြားလုပ်ငန်းအဆင့်ဆင့်အတွက် စတင်လက်ခံဆောင်ရွက်နေပြီဖြစ်သော်လည်း နယ်မြို့များတွင် ယနေ့အထိ လက်ခံနိုင်ခြင်းမရှိသေးပေ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

၂၀၀၆ ခုနှစ် ဧပြီ ၁ ရက်မတိုင်မီနိုင်ငံရေးပင်စင်စားများ၏ ပင်စင်လစာ(ယခင်နိုင်ငံရေးတာဝန်ထမ်းဆောင်ခဲ့သော လစာအား) ၂၀၁၀ ဇန်နဝါရီ ၁ ရက်တွင် တိုးမြှင့်ပေးလိုက်သည့်လစာနှုန်းထားနှင့် ကိုက်ညှိ၍ ရာထူးအဆင့်အလိုက်တိုးမြှင့်ခံစားခွင့်ပြုမှာဖြစ်ပါတယ်။ အဲဒီအချက်က နိုင်ငံရေးပင်စင်စားများအတွက်ပဲဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်မတိုင်ခင် နိုင်ငံရေးပင်စင်လခစားတွေရဲ့ပင်စင်လစာကို မြို့ပြဝန်ထမ်းလစာနှုန်းနဲ့ လစာတူညီရာ ကိုက်ညှိပြီး အမြင့်ဆုံးရရှိမည့် ပင်စင်လစာကို တိုးမြှင့်ခံစားခွင့်ပြုမှာဖြစ်ပါတယ်။ နိုင်ငံရေးပင်စင်စားတွေ ပင်စင်လစာသစ် ရရှိရေးအတွက် မြို့နယ်ကျေးရွာအဆင့်ဖြစ်ပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး၊ တိုင်းအဆင့်ဖြစ်ပါက တိုင်းအထွေထွေအုပ်ချုပ်ရေးရုံး၊ အာဏာပိုင်အဆင့်ဖြစ်ပါကသက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တာဝန်ယူတွက်ချက်ပြီး နိုင်ငံရေးပင်စင်လစာသစ်ကိုနိုင်ငံတော်သမ္မတရုံးသို့တောင်းခံရမှာဖြစ်ပါတယ်။

**ပင်စင်စားတွေ အမြန်ဆုံးအကြောင်းကြားရမယ်ဆိုတော့ ပထမဆုံး ဘယ်ကိုသွားရမှာပါလဲ။**

ပင်စင်လစာခံစားနေရသူ(သက်ရှိထင်ရှားရှိပါက)၎င်း တာဝန်ထမ်းဆောင်ခဲ့တဲ့ သက်ဆိုင်ရာမိခင်ဌာနကိုသာ ဆက်သွယ်ရမှာဖြစ်ပါတယ်။ ကျန်းမာရေး ချို့ယွင်းနေပါက မိသားစုဝင် တစ်ဦးဦးအား ထောက်ခံချက်နှင့်အတူ ကိုယ်စားလှယ် စေလွှတ်လို့ရပါတယ်။ အဲဒီကနေတစ်ဆင့် သက်ဆိုင်ရာ မိခင်ဌာနမှ ပင်စင်လစာခံစားရသူရဲ့ပင်စင်စာအုပ်နဲ့ပင်စင်လခထုတ်ခွင့်လွှာမူရင်း၊ ပင်စင်လစာနဲ့ ဆုငွေခွင့်ပြုခဲ့သည့် အမိန့်စာများ ယူဆောင်သွားရမှာဖြစ်ပါတယ်။

**အရင်ကရော အခုလို ပင်စင်တိုးမြှင့်ခြင်းမျိုးရှိခဲ့ပါသလား။**

၁၉၉၃ဧပြီ၁ရက်နေ့ကပင်စင်လစာအပေါ်၌ ၂၅ ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့ပြီး ၂၀၀၀ ပြည့်နှစ်ဧပြီ၁ရက်မှာ ထုတ်ယူခံစားလျက်ရှိသော ပင်စင်လစာရဲ့ နှစ်ဆတိုးမြှင့်ပေးခဲ့ဖူးပါတယ်။




7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

# အနိမ့်ဆုံးပင်စင်လစာ ကျပ်နှစ်သောင်းမှ အမြင့်ဆုံး ကျပ်တစ်သိန်းတစ်သောင်းရရှိမည်

ကျော်သီဟ၊ ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ ဇူလိုင် - ၃

တိုးမြှင့်ပေးလိုက်သော နိုင်ငံ့ဝန်ထမ်းများ ပင်စင်လစာခံစားခွင့်မှာ အနိမ့်ဆုံးကျပ်နှစ်သောင်းမှ အမြင့်ဆုံးကျပ်တစ်သိန်းတစ်သောင်းအထိဖြစ်ပြီး စုစုပေါင်း ပင်စင်စားဝန်ထမ်း ရှစ်သိန်းကျော်ရှိကြောင်း နေပြည်တော် ပင်စင်ဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်က အတည်ပြုပြောကြားသည်။

လက်ရှိတွင် နိုင်ငံ့ဝန်ထမ်းပင်စင်စားရှစ်သိန်းကျော်နှင့် နိုင်ငံရေးပင်စင်စားလေးသောင်းကျော်ရှိကြောင်း သိရသည်။ အစိုးရခေတ်အဆက်ဆက် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများ၏ ပင်စင်လစာကို ၁၉၉၃ ခုနှစ်မှစ၍ နှစ်ကြိမ်တိုးမြှင့်ပေးခဲ့ပြီး ယခုအစိုးရသစ်လက်ထက် တိုးမြှင့်ခြင်းမှာတတိယအကြိမ်မြောက် တိုးမြှင့်ခြင်းဖြစ်သည်။

ယခုတိုးမြှင့်လိုက်သည့် ပင်စင်လစာကို ဇူလိုင်လမှ စတင်ခံစားရမည်ဖြစ်ပြီး ပင်စင်စားများ သက်ဆိုင်ရာ မိခင်ဌာနများသို့ အမြန်ဆုံးသတင်းပို့ရန် ဇွန် ၃၀ရက်ညနေပိုင်းက နိုင်ငံပိုင်ရုပ်မြင်သံကြားမှတစ်ဆင့်ထုတ်ပြန်ကြေညာခဲ့သည်။

တိုးမြှင့်လိုက်သည့် ပင်စင်လစာမှာ ၂၀၀၉ ခု ဒီဇင်ဘာ ၃၁ရက်က တိုးမြှင့်လိုက်သည့် နိုင်ငံ့ဝန်ထမ်းလစာနှုန်းထားများနှင့် ကိုက်ညီကာ ရာထူးအဆင့်အလိုက် တိုးမြှင့်ခံစားခွင့် ပြုလိုက်ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် နိုင်ငံတော်သမ္မတဦးသိန်းစိန် နိုင်ငံ့တာဝန်စတင်ယူသည့်ရက်ပေါင်း ၉၀အကြာတွင် ထုတ်ပြန်ခဲ့သော နိုင်ငံ့ဝန်ထမ်းများ အကျိုးပြုထုတ်ပြန်ချက်တစ်ရပ်ဖြစ်သည်။




# မိခင်ဌာနဖျက်သိမ်းထားသည့် အငြိမ်းစားဝန်ထမ်းအချို့ အခက်တွေ့

အိဖြူလွင်

ရန်ကုန်၊ ဇူလိုင် - ၃

အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်ပေးလိုက်သည့်အတွက် ပင်စင်ဦးစီးဌာနသို့ လာရောက်စုံစမ်းကြသော အငြိမ်းစားဝန်ထမ်းများ အနက် အချို့မှာ မိခင်ဌာနဖျက်သိမ်းပြီးဖြစ်သဖြင့် ဌာနထောက်ခံချက်ရယူရန် ခက်ခဲနေကြကြောင်းသိရသည်။

"အဘက ကုန်သွယ်လယ်ယာမှာလုပ်တာ။ အခုဌာနက ဖျက်သိမ်းလိုက်ပြီဆိုတော့ ဒီပုံစံစာရွက်ယူပြီး ဘယ်သွားရမှာလဲ"ဟု ၁၉၇၄ ခုနှစ်ကတည်းက အငြိမ်းစားယူခဲ့သော အသက် ၈၀အရွယ် အဘိုးအိုတစ်ဦးက ပြောသည်။

ပင်စင်ဦးစီးဌာနရှိ ဝန်ထမ်းများက ဖျက်သိမ်းသွားသော ဌာနများအတွက် အဆိုပါရုံးတွင်ပင် စီစဉ်လာရောက်ပြုလုပ်ပေးမည်ဟု ပြောကြားသော်လည်း မည်သည့်ရက်တွင်လာရောက်ပြုလုပ်ပေးမည်ဆိုသည်ကို မသိရှိရသေးပေ။

ပုလဲနှင့်ငါးလုပ်ငန်းမှ အငြိမ်းစားယူခဲ့သူ အသက် ၇၀ကျော် အရွယ်ရှိ အဘွားအိုတစ်ဦးကလည်း "ပုံစံယူပြီးပြီ။ ပုလဲနဲ့ငါးလုပ်ငန်းဌာနက ဘယ်နားမှာလဲ။ ဘယ်ကိုသွားရမှာလဲပြောပါ"ဟူ၍ ပတ်ဝန်းကျင်ရှိသူများကို မေးမြန်းနေသံကြားခဲ့ရသည်။

ဖျက်သိမ်းလိုက်သော ဌာနများဖြစ်သည့် ကုန်သွယ်လယ်ယာဌာန၊ ပုလဲနှင့်ငါးလုပ်ငန်း စသည့်ဌာနများကဲ့သို့ပင် နေပြည်တော်သို့ပြောင်းရွှေ့သွားသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရားရေးဌာနတို့မှ ဝန်ထမ်းများလည်းဌာနထောက်ခံချက်ရယူရန်ခက်ခဲနေကြကြောင်း သိရသည်။

ယခုနှစ် ဇွန်လ ၃၀ ရက်စွဲဖြင့် ပင်စင်လစာများ တိုးမြှင့်ကြောင်းကြေညာခဲ့ပြီး ယနေ့တွင်မှ ပင်စင်ဦးစီးဌာနက တိုးမြှင့်ပင်စင်လစာ တောင်းခံလွှာပုံစံကို ဖြန့်ဝေပေးနေသည်ဖြစ်ရာ ပုံစံလာရောက်ယူသူ များပြားခြင်း၊ အသက်အရွယ်ကြီးရင့်သူများသာဖြစ်ခြင်းကြောင့် လူအုပ်ကိုတိုး၍ ပုံစံယူရန်နှင့် သက်ဆိုင်ရာဌာနများသို့သွား၍ ထောက်ခံချက်ရယူရန် ခက်ခဲနေကြကြောင်းသိရသည်။



# အော်ထဲက ချိုင်တွေဆီမှာ

မောင်သာချို

(တစ်)

လုံးသာနဲ့ မဇင်
မြပြင်နဲ့ ဂျိတ်တော။
သေလာမြိုင်
ရွှေဝါကျိုင် ဝါးတောင်ကွင်းရယ်နှင့်
ရွှေလင်းသာ ဇီးဖြူကုန်းမှာ
အုန်းပင်ကပေါ်။

ဆရာမင်းသုဝဏ်က သည်ကဗျာကလေးကို “ငပလီကမ်းခြေရွာတန်းရှည်” ဟု အမည်ပေးထားခဲ့ပါသည်။သည်ကဗျာကလေးကို ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့၏ ခရီးသွားဆောင်းပါးများကို ပေါင်းစပ်စုစည်းထားသည့် “ခရီးသည်” စာအုပ်ကလေးထဲကနေ ကျွန်တော်ကူးယူလိုက်ခြင်းဖြစ်ပါသည်။ ကဗျာက ဒွေးချိုးကဗျာကလေးပီသစွာ ကျစ်လျစ်ပြီးတိုတောင်းပါသည်။ သို့သော် နာမည်ကျော် ငပလီကမ်းခြေ၏ ဒေသန္တရကို ကွက်တိဖော်ပြလိုက်နိုင်သော ကဗျာကလေးဖြစ်၍ နေပါသည်။ ရွှေဝါချိုင်ကို ရွှေဝါကျိုင်တဲ့။ ဆီးဖြူကုန်းကို ဇီးဖြူကုန်းတဲ့။ ဆရာမင်းသုဝဏ်က အသံထွက်သည့်အတိုင်း ကဗျာထဲမှာ ရေးချထားခဲ့ခြင်းပင်ဖြစ်ပါသည်။ လုံးသာ၊ မဇင်၊ မြပြင်၊ ဂျိတ်တော၊ ရွှေဝါချိုင်၊ ဝါးတောင်ကွင်း၊ လင်းသာ၊ ဆီးဖြူကုန်းတဲ့။ ဒါသည်ပင် ငပလီ၏ သင်ရိုးညွှန်းတန်းအကုန်။

တကယ်က ကဗျာ၏ ကာရန် သီချိတ်ပုံ အနေအထားအရ ရွာတွေကို အဆင်သင့်သလို ရှေ့နောက်စီစဉ်ထားရသော်လည်း အပြင်မှာက သည်အတိုင်းမဟုတ်ပါ။ ငပလီကမ်းခြေ၏ အစက ယခု သံတွဲလေဆိပ်ဟု အမည်ပြောင်းထားသော ယခင် မဇင်လေဆိပ် မဇင်ကျေးရွာကနေ စခြင်းဖြစ်ပါသည်။

ပင်လယ်ပြာပြာကြီးကို ဝမ်းဗိုက်နှင့်ရှပ်ကာ ဆင်းသက်လိုက်သော လေယာဉ်က မဇင်ရွာကလေး၏ ထိပ်မဇင်လေဆိပ်ထဲမှာ ရပ်နားလိုက်သည်နှင့် ငပလီကမ်းခြေက စာမျက်နှာတစ်ကို စတင်လိုက်ခြင်းဖြစ်ပါသည်။

သို့ဖြင့် မဇင်၊ ဆီးဖြူကုန်း၊ ငပလီ၊ ဝါးတောင်ကွင်း၊ လင်းသာ၊ မြပြင်၊ဂျိတ်တော၊လုံးသာ၊အင်ဒရူးဘေးအထိ ၇-မိုင် ဝန်းကျင်လောက်ရှိသော ရွာတန်းရှည်ကြီးတွေက တစ်ရွာနှင့်တစ်ရွာဆက်ကာ ပစောက်ပုံသဏ္ဌာန် ကွေးဝိုက်၍ နေခြင်းဖြစ်ပါသည်။ ဒါသည်ပင်ကမ္ဘာကျော် ငပလီကမ်းခြေ။ သူ့နောက်ကျောမှာက ရခိုင်ရိုးမ။ သူ့အရှေ့မှာက ဘင်္ဂလားပင်လယ်အော်။ အုန်းပင်တန်းတွေနဲ့ သဲသောင်ဖွေးဖွေးတွေနဲ့။ ခရုရောင်စုံတွေနဲ့။

ဆင့်ကာတဲ့ဆင့်ကာ တစ်ကောင်
ကို တစ်ကောင်ဖိတယ်
လှိုင်းအိတွေလား။
နက်ရာကပြာ
ပြာရာက လဲ့စိမ်း။
ပါးပျဉ်းကို သူထောင်လို့
သဲသောင်မှာ အမောက်လဲတယ်
သဲစပ်မှာ ဟိုန်း။

ဆရာမင်းသုဝဏ်က “လှိုင်း၏ဇာတ်သိမ်း”ဟုဆိုကာ ငပလီကို ဖွဲ့လိုက်ခြင်းပင်ဖြစ်ပါသည်။ ဟိုးအဝေးမိုးကုတ်စက်ဝိုင်းဆီမှာက ပင်လယ်ကြီးက နက်မှောင်လို့။ ထို့နောက်သည်ဘက်ကို ရောက်လာသောအခါ ပြာနေရာက ကမ်းစပ်နားဆီကိုလည်း ရောက်လာရော အစိမ်း။ ငပလီအစိမ်း။ လှိုင်းအစိမ်း။

(နှစ်)

ကျွန်တော်က ငပလီ ကမ်းခြေနှင့်ရင်းနှီးပါသည်။ ယခု ၂၀၁၁ ခုနှစ် ဧပြီအထွက် မေအဝင်ရက်တွေထဲတွင်ကား ငပလီ၏ တစ်ဘက်ကမ်း သပြုချိုင်သို့ပင် ရောက်နေခဲ့ပါသည်။ မိုးရိပ်လေရိပ်တွေ ဆင်လာပြီဖြစ်သဖြင့် အဲပုဂံတို့လို အဲမန္တလေးတို့လို လေကြောင်းလိုင်းများပင် ပျံသန်းမှု ရပ်နားသွားကြသည့် ရာသီလည်းဖြစ်ပါ၏။ ဟိုတယ်များအားလုံး လုပ်ငန်းရပ်ဆိုင်းသော ရာသီ။ ဟိုတယ်ဝန်ထမ်းများ ကိုယ့်ရပ်ဌာနေသို့ ပြန်ကာအနားယူနိုင်ကြသောရာသီ။ လမ်းပေါ်တွင် လူသူလေးပါးတို့ မရှိသလောက် တိတ်ဆိတ်ခြောက်ကပ်သွားသော ရာသီ။ သည်ရာသီမှာမှ သပြုချိုင်သို့ ကျွန်တော်တို့ရောက်သွားကြရပါသည်။ ကျွန်တော်ဆရာချစ်ဦးညိုနှင့် ကဗျာဆရာတက္ကသိုလ်မင်းခန့်။

တကယ့်တကယ် သပြုချိုင်က ငပလီနှင့် တစ်ဘက်ကမ်းတည်းဖြစ်ပါသည်။ သို့သော် ကမ်းခြေက ပစောက်ပုံသဏ္ဌာဉ်ကွေ့ဝိုက်၍ နေခဲ့လေသောအခါ ငပလီနှင့် သပြုချိုင်က ပစောက်၏ ဟိုဘက်ထိပ်ဖျားနှင့်သည်ဘက် ထိပ်ဖျားလိုဖြစ်နေရာ ဟိုဘက်ကမ်း သည်ဘက်ကမ်းမျက်နှာချင်းဆိုင် ဆိပ်ကမ်းများကို ဖြစ်သွားရပါသည်။ သည်တော့ သပြုချိုင်သို့ သွားလိုသူများက Andrew Bay ခေါ် အင်ဒရူး ပင်လယ်အော်ကိုဖြတ်ကာ သွားကြစမြဲ ဖြစ်ပါသည်။ စက်လှေက တစ်နာရီဝန်းကျင်လောက်နှင့် ပင်လယ်အော်ကိုဖြတ်သန်းနိုင်ပေရာ မိုင် ၃၀ ဝန်းကျင်လောက်ရှိပြီး လုံးဝမချောမွေ့သည့် ပစောက်ပုံကုန်းလမ်းကို အများစုက မသုံးကြပါလေတော့။ သည်တော့ ကျွန်တော်တို့ကလည်း Andrew Bay ကို ဖြတ်ရသည့် ရေလမ်းကိုပဲ ရွေးချယ်လိုက်ကြရပါသည်။



*အင်ဒရူးပင်လယ်အော်ထဲတွင်တွေ့ရသည့် ထိုင်းငါးဖမ်းစက်လှေများ*

ဓာတ်ပုံ - မောင်သာချို

(သုံး)

ငပလီဟူသောအမည်ဗျုပ္ပတ်နှင့်ပတ်သက်၍ လူတော်တော်များများကို မေးကြည့်ဖူးပါသည်။ ဘာအဓိပ္ပာယ်လဲ။ ဘယ်သူကစပြီး မှည့်ခေါ်တာလဲ။ ဘယ်တုန်းကလဲ။ ကျေနပ်လောက်သော အဖြေကိုကျွန်တော်မရရှိသေးပါ။ အီတလီနိုင်ငံ နေပယ်လ်မြို့နားက နေပယ်လ်ကမ်းခြေလိုလှတဲ့အတွက် Naple လို့ခေါ်ရာက ငပလီဖြစ်လာတာဆိုသော အဖြေမျိုးကိုသာ ရတတ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းကို ကျွန်တော်လှန်ဖူးပါ၏။ ငပလီကို မတွေ့ပါ။ ဒဂုန်ခင်ခင်လေး၏ “ပြည်တွင်းဆောင်းပါးပေါင်းချုပ်” ထဲ၌ ငပလီဆောင်းပါး နှစ်ပုဒ်ပါဝင်သော်လည်း ကျွန်တော်သိလိုသော အချက်များ မပါဝင်ပါ။

သပြုချိုင်ဘက်ကမ်းသို့ ကူးမည့်နေ့က လုံးသာအထိ သွားကြရပါသည်။ သည်နေရာ၌ အင်ဒရူးဘေး(Andrew Bay)၏ အလှကို တွေ့ရပါသည်။ Bay ကိုကျွန်တော်တို့က “အော်” ဟု ဘာသာပြန်ထားကြရာ အင်ဒရူးပင်လယ်အော်ဟုပဲ ဆိုကြပါစို့။ “အော်” ကိုတော့ မြန်မာအဘိဓာန်က “ကမ်းကွေ့ဝန်းကျင်ရှိ ပင်လယ်ပြင်” ဟုအနက်ဖွင့်ထားပါသည်။ အင်ဒရူးဘေးက တော်တော့်ကိုလှပါသည်။ ရခိုင်ရိုးမက စိမ်းစိမ်းညို့ညို့။ ပင်လယ်ပြင်က စိမ်းယောင်ပြာယောင်။ တောင်ခိုးတွေလား မြူတွေလား ဝိုးတဝါးရဲ့အရိပ်မှာလှလိုက်တာ။ ဘင်္ဂလားပင်လယ်အော်ကြီး၏ ဘေးကိုဖွဲ့ထွက်ကာ သီးခြားပင်လယ်အော်ပေါက်စကလေးအဖြစ် အေးရာအေးကြောင်း ရှာနေပုံရသော အင်ဒရူးဘေးကို ငပလီကမ်းခြေက ဝိုက်ခွေ၍ထားရာ ချိုင်တွေကလည်း ပေါလှပါသည်။ ကျွန်တော်တို့က “ဂျိုင်” ဟု အသံထွက်ကြသော ချိုင်များအနက် “ရွှေဝါချိုင်” က ထင်ရှားပါသည်။ ဟိုတုန်းက လူရည်ချွန်စခန်းရှိခဲ့ဖူးရာချိုင်။ ခုတော့သည် နေရာကို ထူး၊ သံတဲနှင့် ပတ္တမြားနဂါးကုမ္ပဏီတို့က ဟိုတယ်များဖြင့် အစားထိုးလိုက်ကြပါပြီ။ လုံးသာ ဆိပ်ကမ်း၏ ကျောက်တန်းတွေပေါ်ကနေ ဟိုဘက်ကမ်းယောင်ဆောင်ထားသော ဟိုဘက်ကမ်းကို လှည့်ကြည့်လိုက်တော့ သပြုချိုင်။ သပြုချိုင်ကနေ ယာဘက်အစွန်းကို ဆက်ထွက်လိုက်တော့ မောင်ရွှေလေးချိုင်။ အော်ထဲက ချိုင်များ။ အဘိဓာန်ထဲမှာတော့ ချိုင့်ဝှမ်းသော နေရာအရပ်ကို ချိုင်ဟုခေါ်လေသတဲ့ ။ သည်အော်ထဲက သည်ချိုင်တွေရှိရာမှာ တစ်ခါကတော့ စည်ကားသိုက်မြိုက်ခဲ့ဖူးပါသည်။ “ပြည်တော်အေးတို့ ပြည်တော်ညွှန့်တို့ရှိတုန်းကဆို သပြုချိုင်က သိပ်စည်တာ ဆရာရဲ့ ကြယ်ငါးပွင့်သင်္ဘောတွေက သပြုချိုင်မှာပဲ ကပ်တာလေ”

ဒေသခံတစ်ယောက်အတိတ်ကိုလွမ်းဆွတ်စွာဖြင့် ပြောရင်း ပင်လယ်ပြင်ကြီးကို တွေတွေကြီး ငေးကြည့်၍နေသည်။ ဟုတ်ပါသည်။ အင်ဒရူးဘေးက ပစောက်ပုံဝိုက်ခွေ၍နေပြီးသည်အဝိုက်ထဲမှာမှ ချိုင်တွေက ရှိနေခြင်းဖြစ်ရာ သပြုချိုင်က ဆိပ်ကမ်းအလွန်ကောင်းပါသည်။ ရွှံ့နွံမရှိ။ ထို့အပြင် ရေစူးကနက်သည်။ ဆိပ်ခံဇောတံတားရှိရာသို့ ဆင်းသွားသည့်လမ်းက ကျောက်တန်းဆည်ထားသည်လမ်း။ သည်လောက်ကောင်းသည့် ဆိပ်ကမ်းကို ကျွန်တော် တစ်ခါမှတွေ့ဖူးသေးခဲ့။ သည်တော့ ငပလီနှင့် သံတွဲအတွက် အတင်အချလုပ်မည့် သင်္ဘောတွေက သပြုချိုင်ဆိပ်ကမ်းမှာပဲကပ်ကာ ကုန်တင်ကုန်ချလုပ်ကြရခြင်းဖြစ်ပါသည်။

သင်္ဘောသို့အတင်အချလုပ်မည့် ကုန်ပစ္စည်းများကို ခေတ္တသိုလှောင်ထားရာ ဂိုဒေါင်ကြီးများကိုပင် သပြုချိုင်ဆိပ်ကမ်း၌ ထားကြရခြင်းဖြစ်ပါသည်။ သည်ကမှ တစ်ဆင့် လိုရာသို့သယ်ယူကြရုံ။

အခုတော့ ရန်ကုန်-ဂွ-သံတွဲ ကားလမ်းကလည်း ပွင့်ခဲ့။ ပြည်-တောင်ကုတ်-သံတွဲ ကားလမ်းကလည်း ပွင့်ခဲ့သွားပြီဖြစ်လေရာ သည်သပြုချိုင်ဆိပ်ကမ်းကိုကြယ်ငါးပွင့်က သင်္ဘောများအဝင်အထွက် မလုပ်ခဲ့ကြတာ နှစ်နှစ်ဆယ်အစိတ်ပင်ရှိခဲ့ပြီ။ ဂိုဒေါင်ကြီးတွေက ငုတ်တုတ်။

ထို့ပြင် ကျွန်တော်နှမြောမိတာက သပြုချိုင်ဆိပ်ကမ်းက အအေးခန်းစက်ရုံကြီး။ တစ်ခါက မြန်မာ့ပင်လယ်ပြင်က ဖမ်းဆီးရသမျှ ငါးပုစွန်မျိုးစုံကို သည်အအေးခန်းကြီးထဲမှာ သိုလှောင်ထားကာ တစ်ဆင့်သယ်ယူကြရခြင်းဖြစ်ပါသည်။ အခုတော့ အအေးခန်းကြီးတွေက ဘာအလုပ်မှ မလုပ်ကြတော့။ ဘာငါး၊ ဘာပုစွန်ကိုမှလည်း မသိုလှောင်တော့။ ရေခဲစက်ကလေးမောင်းနေသေးကာ ဒေသလိုအပ်ချက် ရေခဲကို တော့ဖြင့်လုံလောက်အောင်ထုတ်လုပ်ပေးနေပါသေးသည်။


“ကားလမ်းတွေ နည်းနည်းပါးပါး ပွင့်သွားတော့ ငါး၊ ပုစွန်က ရန်ကုန်ကို တိုက်ရိုက်ပို့လို့ရသွားတယ်လေ။ ဒါပေမဲ့ ဒါက အဓိကမကျပါဘူး။ အဓိကအကျဆုံးက ငါး၊ ပုစွန်ဖမ်းလို့ သိပ်မရတော့တာ ရေထွက်ပစ္စည်းသယံဇာတက သိပ်ရှားသွားတဲ့အခါကျတော့ သည်အအေးခန်းစက်ရုံကြီးက အလုပ်မဖြစ်တော့ဘူးလေ။ ဒါနဲ့ ပိတ်လိုက်ရတာ”

ငါး၊ ပုစွန်မျိုးစုံကို အမျိုးအစားအလိုက် အကန့်လိုက်သိုလှောင်ထား၍ရသော ရောမအအေးခန်းကြီးက အခုတော့ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက လေလံအောင်ထားပြီးသားဟု ဆိုပါသည်။ ငါးသယံဇာတ ရှားပါးလာမှုကြောင့်စစ်တွေမြို့က အအေးခန်းစက်ရုံ ပိတ်လိုက်ရကြောင်း၊ မြိတ်ဒေသရှိ စက်ရုံ ၁၈ ရုံမှာ ၈ ရုံပိတ်လိုက်ရကြောင်း၊ ရန်ကုန်ရှိ စက်ရုံ ၃၅ ရုံမှာ ၄/၅ ရုံ ပိတ်လိုက်ရကြောင်း၊ လပွတ္တာရှိစက်ရုံ ၄ ရုံပိတ်ရလုနီးနီးဖြစ်လာကြောင်း စသည့် သတင်းများကို အခုတလော၌ ခပ်စိပ်စိပ်ဖတ်လာခဲ့ရပေရာ သပြုချိုင်က စက်ရုံကြီးကဖြင့် ပိတ်ထားခဲ့သည်မှာပင် ဆယ်စုနှစ်နှင့် ချီကာကြာခဲ့ပါပကော။ ကျွန်တော်တို့ရေပိုင်နက်ထဲမှာငါး၊ပုစွန်သယံဇာတကသည်လောက်တောင်ရှားပါးသွားခဲ့ပြီလား။

သပြုချိုင်ဆိပ်ကမ်းမှာ ထိုင်ရင်းက ခွေးပိန်မကြီး၏ နို့ကိုခွေးသားပေါက်ကလေးတွေ စုပြုံတိုးဝှေ့ပြီးစို့နေကြသည့်နှယ် ဇောတံတား၌ စုပြုံဆိုက်ကပ်ထားသော ငါးဖမ်းစက်လှေတွေကို ကျွန်တော် ငေးနေမိသည်။ စိမ်းပြာနေသည့် အင်ဒရူးဘေးထဲမှာက ထိုင်းငါးဖမ်းစက်လှေကလေးတစ်စင်းစ နှစ်စင်းစက ကျောက်ချရပ်နားလို့။ အလုပ်သမားတချို့က ရေခဲတုံးကြီးတွေ ထမ်းကာ ဆိပ်ခံတံတား တစ်လျှောက်ဆင်းသွားနေကြဆဲ။ ဟိုးအဝေးဆီမှာက ရခိုင်ရိုးမ။

သပြုချိုင်ဆိပ်ကမ်းမှာ ရပ်ရင်းက ကျွန်တော်နှင့်ဆရာချစ်ဦးညိုတို့ နှစ်ယောက်သား Andrew Bay ခေါ် အင်ဒရူးပင်လယ်အော်ထဲက ရွှေဝါချိုင်၊ သပြုချိုင်၊ မောင်ရွှေလေးချိုင်တို့ ဝိုင်းပတ်ထားရာ ပင်လယ်ပြာပြာကို ငေးကာ နှုတ်ဆိတ်နေလိုက်မိကြသည်။ ဘယ်လောက်ကြာသွားမှန်း မသိပါလေတော့။ ။

7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011



# ဘာကြောင့် ခုထိ ရာထူးတိုးမပေးတာလဲ

ထွန်းစန်း

ဝန်ထမ်းတစ်ဦး ရာထူးတက်ဖို့အတွက် အဓိကကျတဲ့ အချက်အလက်အချို့ရှိပါတယ်။ ဒါပေမဲ့ပတ်သက်ရာ ပတ်သက်ကြောင်းဖြစ်လို့ ရာထူးတက်တာ၊ အထက်အောက် အပြန်အလှန်အပေးအယူလုပ်ပြီး ရာထူးတက်တာ၊ မလွှဲမရှောင်သာ ရာထူးတက်ပေးရတာ၊ မိုးကျရွှေကိုယ်မို့လို့(အလုပ်စဝင်တာနဲ့) ရာထူးကြီးကြီးတန်းပေးလိုက်ရတာတွေဟာ ကုမ္ပဏီအများစုမှာ ရာထူးတိုးပေးခြင်းနဲ့ ပတ်သက်လို့ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စတွေပါ။ ဒီလို အဂတိတရားလေးပါးနဲ့ဆက်နွယ်ပြီး ရာထူးတက်ခြင်းမျိုးတွေကို ဒီဆောင်းပါးမှာ အရေးတယူ ဆွေးနွေးမှာမဟုတ်ပါဘူး။ ဆွေးလည်း မဆွေးနွေးချင်ပါဘူး။

မှန်မှန်ကန်ကန် ရိုးရိုးသားသား ကြိုးကြိုးစားစားလုပ်နေရဲ့သားနဲ့ ရာထူးမတက်တဲ့ဝန်ထမ်းများ၊ ရာထူးတက်ဖို့အတွက် ကိုယ့်မှာ လိုအပ်ချက်တွေရှိနေတာကို သတိမထားမိတဲ့ဝန်ထမ်းများကို ရည်ရွယ်ပြီး ဤဆောင်းပါးကိုရေးရခြင်းပါ။

တကယ်တော့ ဝန်ထမ်းအများစုဟာ ရာထူးတက်ဖို့မျှော်လင့်ထားကြတဲ့ သူချည်းပါပဲ။ ဒါကလည်း သဘာဝကျပါတယ်။ ရာထူးတက်မှပဲ လစာပိုရမယ်။ လုပ်ပိုင်ခွင့်ပိုရမယ်။ နောက်ဆုံး ဂုဏ်ပိုရှိမယ်ပေါ့။ ဒါက ရာထူးတက်ချင်ကြတဲ့ ဝန်ထမ်းအများစု နားလည်ထားကြတာပါ။ အရင် ရာထူးထက်ကြီးတဲ့ ရာထူးကို ရရင် တာဝန်လည်း ပိုကြီးလာမယ်။ အဲဒီ ပိုကြီးတဲ့တာဝန်ကို "ယူရဲတယ်၊ ယူနိုင်တယ်" ဆိုတဲ့ အသိစိတ်ဓာတ်လည်းဝန်ထမ်းတွေဘက်မှာရှိဖို့လိုပါမယ်။ ဒါမှလည်း ရာထူးတက်တယ်ဆိုတာ အဓိပ္ပာယ်ရှိမှာပါ။ ရာထူးတော့ တက်ပါတယ်၊ ဒီအလုပ်နဲ့ ဒီတာဝန်ပဲဆိုရင် သိပ်အဓိပ္ပာယ်မရှိလှပါဘူး။ အကြောင်းကြောင်းကြောင့် ရာထူးတိုးမပေးသေးဘဲ ပိုကြီးတဲ့တာဝန်ယူထားရတဲ့ ဝန်ထမ်းအချို့ကိုတော့ ခြွင်းချက်ထားရပါမယ်။

ဤဆောင်းပါးကို ကုမ္ပဏီဝန်ထမ်းလောကမှာကျင်လည်နေရတဲ့ ကျွန်တော့်အတွေ့အကြုံနဲ့ ဒေါက်တာမြင့်လွင်(စိတ်ပညာ)ဘာသာပြန်တဲ့ 'ဘော့စ်တစ်ယောက်လိုစဉ်းစားပါ' စာအုပ်ပါအကြောင်းအရာအချို့ကို ပေါင်းစပ်ပြီး ရေးသားထားခြင်းဖြစ်ပါတယ်။

တကယ်တော့ဝန်ထမ်းတစ်ယောက် အလုပ်ကြိုးစားတယ်ဆိုတာထူးဆန်းတဲ့ကိစ္စမဟုတ်ပါဘူး။ အလုပ်စတင်ခန့်ကတည်းက ကိုယ်ခန့်မယ့်ဝန်ထမ်းကို အလုပ်ကြိုးစားမယ်လို့ ကုမ္ပဏီ လူကြီးတွေက ယုံကြည်ထားကြတာပါ။

"ရာထူးမြန်မြန်တက်ချင်လို့ အလုပ်ကြိုးစားတာလား"

ဝန်ထမ်းတွေအလုပ်ကြိုးစားရုံနဲ့ ရာထူးတိုးပေးတယ်ဆိုတာ မလတ်ဆတ်တော့တဲ့အယူအဆတစ်ခုပါ။ လက်သမားတစ်ယောက်အဖို့ သစ်ရွေးတာတော်တယ်၊ သံကိုဖြောင့်အောင် ရိုက်နိုင်တယ်ဆိုတာ ထူးခြားတဲ့ကိစ္စမဟုတ်ပါဘူး။ အိမ်တစ်လုံးကို သင့်တင့်တဲ့ကုန်ကျစရိတ်နဲ့ အကောင်းဆုံးဖြစ်အောင် ဆောက်ပြနိုင်မှ ဒီလက်သမားကိုတော်တယ်လို့ပြောရမှာပါ။ ဝန်ထမ်းတစ်ယောက် ရုံးတက်မှန်တာ၊ ရုံးနောက်မကျတာ၊ ယူနီဖောင်း မပျက်မကွက်ဝတ်တာ၊ အလုပ်ကြိုးစားတာ၊ နောက်ဆုံး ရုံးစည်းကမ်းမှန်သမျှ လိုက်နာတာတွေဟာရာထူးတိုးဖို့အချက်အလက်တွေထဲက တစ်ခုလောက်သာဖြစ်ပါတယ်။ ဘယ်ကုမ္ပဏီမှာပဲဖြစ်ဖြစ် ဝန်ထမ်းနဲ့ ပတ်သက်လို့ ချမှတ်ထားတဲ့စည်းမျဉ်း၊ စည်းကမ်းတွေ ကုမ္ပဏီရဲ့ ပန်းတိုင်တွေရှိပါတယ်။ ကုမ္ပဏီက ချမှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာရုံနဲ့ ရာထူးတိုးပေးတယ်ဆိုရင် အဲဒီကုမ္ပဏီမှာ စည်းကမ်းပျက်ဝန်ထမ်း ကိုးဆယ်ရာခိုင်နှုန်းလောက်ရှိနေလို့ ဖြစ်ပါလိမ့်မယ်။ နောက်ပြီး အဲဒီကုမ္ပဏီရဲ့ အနာဂတ်ဟာလည်း သိပ်မကြာခင်အချိန်တွင်းမှာ ပတ်စာခွာ ဖျာလိပ်အခြေအနေဆီကို ဦးတည်နေမှာပါ။

ရာထူးတိုးတယ်ဆိုတာ 'မလုပ်၊ မရှုပ်၊ မပြော၊ မပြုတ်' တို့၊ 'ခေါ်ရင်လာ၊ ခိုင်းတာလုပ်၊ ခံမပြောနဲ့' တို့၊ 'လုပ်လည်း ဒီလခ၊ မလုပ်လည်း ဒီလခ' တို့၊ 'အမုန်းမခံဘူး၊ အဆုံးခံမယ်' တို့ဖြစ်တယ်လို့ ခံယူထားတဲ့ ဝန်ထမ်းတွေအတွက် မဟုတ်ပါဘူး။ ကုမ္ပဏီအလုပ်ကို ကိုယ့်အလုပ်လိုသဘောထားပြီး လုပ်တဲ့ဝန်ထမ်းတွေ၊ ကုမ္ပဏီကိစ္စကို ကိုယ့်ကိစ္စလို သဘောထားပြီး စဉ်းစားပေးတဲ့ဝန်ထမ်းတွေ၊ ကိုယ့်အကျိုးနဲ့ ကုမ္ပဏီအကျိုးယှဉ်လာရင် ကုမ္ပဏီအကျိုးကို ဦးစားပေးတဲ့ဝန်ထမ်းတွေအတွက်ပါ။ Team-work ရှိတဲ့ ဝန်ထမ်းတွေ၊ ကိုယ်တိုင်လည်း တက်ကြွ၊ လုပ်ဖော်ကိုင်ဖက်တွေကိုလည်း တက်တက်ကြွကြွ အလုပ်လုပ်အောင် စည်းရုံးနိုင်တဲ့ ဝန်ထမ်းတွေအတွက်ပါ။ အလုပ်နဲ့ပတ်သက်ပြီး သူဌေးက မျက်နှာလွှဲရတဲ့ဝန်ထမ်းတွေအတွက်ပါ။ ဘယ့်နှယ် စည်းကမ်းလိုက်နာရုံ၊ အလုပ်ကြိုးစားရုံနဲ့ ရာထူးတိုးပေးရမယ်ဆိုရင် (အထက်မှာပြောခဲ့သလို) စက်ရုပ်တွေ၊ ကွန်ပျူတာတွေကိုပဲ ရာထူးတိုးပေးရမလိုဖြစ်နေပြီ။

"ရှေ့က စီနီယာတွေကို ကျော်တက်ဖို့တော့ မလုပ်နဲ့နော်"

ဒါမျိုးအသံကတော့ ကုမ္ပဏီဝန်ထမ်းလောကမှာ မကြားချင်အဆုံး ကြားကြားနေရတဲ့အသံပါ။ ရှေ့ကနေ ဘုတ်ထိုင် ထိုင်ပြီး ဘေးထိုင် ဘုပြောနေတဲ့ 'ဘု' အုပ်စုဝင်တွေဆီက အများဆုံးထွက်လာတတ်တဲ့အသံပါ။ ဒီ'ဘု'အုပ်စုဝင်တွေဟာ သွားရင်လည်း ဘေးတိုက်။ လုပ်ရင်လည်းဘေးရောက်၊ ပြောရင်လည်း ရိုက်ပေါက်သမားတွေ။ နောက်လူ ကျော်တက်သွားမှာကိုလည်း သေမလောက်ကြောက်၊ ကျော်တက်မယ့် အရိပ်အယောင်မြင်တာနဲ့ အတင်းဝိုင်းပြီးဆွဲချ။ ဆွဲချလို့မရရင် ဟိုနားတိုးတိုး၊ ဒီနားတိုးတိုးနဲ့ စကားလုံးအညစ်အကြေးတွေစွန့်တော့တာ။ ကိုယ်တိုင်လည်း ဘာမှဝင်မလုပ်။ အခြားဝန်ထမ်းတွေ လုပ်ကိုင်နေတာကိုလည်း အကောင်းမပြော။ မညှာမတာပြောရရင် ကုမ္ပဏီအတွက် မရှိသင့်တဲ့ဝန်ထမ်းအမျိုးအစားထဲမှာ 'ဘု' ဝန်ထမ်းတွေ ထိပ်ဆုံးက ပါပါတယ်။ အဆိုးဆုံးကဝန်ထမ်းသစ်တွေနဲ့ သူတို့လက်အောက်မှာလုပ်ရတဲ့ ဝန်ထမ်းငယ်တွေအတွက်ပါ။ ဘာမသိ၊ ညာမသိနဲ့ 'ဘု' အုပ်စုဝင်တွေရဲ့စကားကိုနားယောင်မိရင် အဲဒီဝန်ထမ်းငယ်တွေရဲ့ တက်လမ်းပျောက်တော့မှာ။

'ဘု' အုပ်စုဝင်တွေဟာ သူတို့ကလွဲလို့ ဘယ်သူမှ မကောင်းဘူးလို့ ခံယူထားကြသူတွေပါ။ ကုမ္ပဏီမကောင်းကြောင်း ပြောတဲ့နေရာမှာလည်း ပြိုင်ဘက်ကုမ္ပဏီတွေ ထက် သာတယ်။ ကုမ္ပဏီ မကောင်းကြောင်းပြောပြီး သူတို့ အလုပ်ထွက်သွားမယ်လို့များ ထင်သလား။ ဝေးသေး။ မျှော်တွယ် သလို အသေတွယ်ကပ်ထားကြတာ။ ဝန်ထမ်းငယ်တွေ ရာထူးတူတွေကိုတော့ အကြံဉာဏ်ပေးသလိုလို၊ ကူညီသလိုလိုနဲ့ "မင်းတို့ အရွယ်ဆို ဒီကုမ္ပဏီမှာ ငါ ဆက်မလုပ်ဘူး"၊ "အရွယ်ရှိတုန်း တခြားပြောင်းလုပ်ကြ၊ ဒီမှာက မင်းတို့အတွက် တက်လမ်းသိပ်မရှိဘူး" စလို့ သွယ်ဝိုက်တဲ့နည်းနဲ့ မောင်းထုတ်တာ။ ဒါမှလည်း သူတို့နေရာ မပျောက်မှာလို့ နားလည်ထားကြတာ။

ကျွန်တော့် လုပ်ဖော်ကိုင်ဖက်အချို့က သူတို့ ခြောက်ပြစ်ကင်း သဲလဲစင်ဖြစ်ကြောင်း ပြဖို့ ကြိုးစားရင်း အင်အားတွေဖြုန်း၊ အချိန်တွေဖြုန်းနေကြတာပါ။ ဘယ်သူမှ ခြောက်ပြစ်ကင်း သဲလဲစင်မဖြစ်နိုင်ဘူးဆိုတာ အဲဒီဝန်ထမ်းတွေ အထိုက်အလျောက်တော့ နားလည်ကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ လက်ရှိအလုပ် တည်မြဲဖို့၊ ရာထူးတက်ဖို့အတွက် ခြောက်ပြစ်ကင်း သဲလဲစင်မှဖြစ်မယ်လို့ (နားလည်ထားကြလို့) ဒီလိုနေပြကြခြင်းပါ။

အချို့ဝန်ထမ်းတွေဟာ လုပ်ငန်းနဲ့ပတ်သက်လို့ စေ့စေ့စပ်စပ်လေ့လာတယ်။ ကိုယ့်ထက်တတ်တဲ့သူတွေဆီကလည်း ကျိုးနွံပြီး ပညာယူလေ့ရှိတယ်။ တတ်မြောက်သွားပြီဆိုရင် အချို့ ဝင်မလုပ်တော့ဘူး။ ရှောင်ထွက်သွားတတ်တယ်။ သူတို့ဟာ မတတ်ခင်၊ မသိခင်တော့ သူ့ထက်ငါ တက်တက်ကြွကြွနဲ့ဝင်လုပ်ကြပါတယ်။ တတ်လည်းသွားရော ဝင်လုပ်ဖို့ နေနေသာသာ ခိုင်းရင်တောင် မလုပ်ကြတော့ပါဘူး။ အဲဒီဝန်ထမ်းမျိုးတွေကို တတ်သိ မလုပ်သမားလို့ ခေါ်ရပါမယ်။ အချို့ကလည်း ပြိုင်ဘက်ကင်းလောက်အောင်၊ ကိုယ်မရှိရင် မဖြစ်လောက်အောင် လေ့လာသင်ယူကြတယ်။ တကယ်တော့ ဒီဝန်ထမ်းတွေဟာ ရာထူးမတက်ခြင်းဆိုတဲ့ ထောင်ချောက်ထဲမှာ (ကိုယ့်သဘောနဲ့ကိုယ်) ပိတ်မိနေကြတဲ့သူတွေပါ။ ကိုယ့်ကျည်ဆံနဲ့ ကိုယ်ပြန်မှန်ခြင်းခံနေရသူတွေပါ။ နေရာတစ်ခုမှာ ကိုယ့်လောက်မသိ၊ မတတ်ကြသူတွေချည်းပဲဆိုရင် ကိုယ့်အတွက် ရာထူးတိုးခြင်းဟာလည်း ရပ်တန့်သွားတော့တာပါပဲ။ အလုပ်ရှင်တွေအနေနဲ့ ရာထူးတိုးပေးရမယ့် ဝန်ထမ်းဟာ ဒီထက် ပိုကြီးတဲ့တာဝန်ကို ယူနိုင်သူ၊ လက်ရှိနေရာထက် အခြားတစ်နေရာမှာ သင့်တော်သူကိုပဲ စဉ်းစားကြတာပါ။ နေရာတစ်ခုမှာ ပြိုင်စံရှားလောက်အောင် ကျွမ်းကျင်နေတဲ့ဝန်ထမ်းကို ရာထူးတိုးပေးပြီး အခြား တစ်နေရာ ရွှေ့ပစ်လောက်အောင် မိုက်မဲတဲ့ အလုပ်ရှင်ဆိုတာမရှိပါဘူး။

ဒီဝန်ထမ်းတွေအတွက် အထူးအကြံပြုလိုတာက ရာထူးမတိုးလို့ စိတ်ပျက်လက်ပျက်ဖြစ်ပြီး ကုမ္ပဏီကို စွန့်ခွာမသွားပါနဲ့။ အထက်အရာရှိ ဒါမှမဟုတ် အလုပ်ရှင်နဲ့ အကျေအလည်ဆွေးနွေးကြည့်သင့်ပါတယ်။ ကုမ္ပဏီဘက်ကကြည့်ရင် ကျွမ်းကျင်ဝန်ထမ်း ဆုံးရှုံးမယ်။ ဝန်ထမ်းဘက်က ကြည့်ရင် အလုပ်လက်မဲ့ဖြစ်မယ့်ကိစ္စပါ။ တကယ်တော့ ရာထူးတိုးတယ်ဆိုတာ လာဘ်မြင်၊ အကွက်မြင်တဲ့ ဝန်ထမ်းတွေ၊ တစ်ထွာပြရင် တစ်လံမြင်တတ်တဲ့ ဝန်ထမ်းတွေကိုဦးစားပေးခြင်းပါပဲ။ ကိုယ့်ဘက်က ရာထူးတိုးဖို့ ပြည့်ပြည့်စုံစုံအခြေအနေမှာရှိပေမယ့် အလှည့်မရောက်သေးဘူးဆိုရင် သည်းခံပြီးစောင့်ရပါမယ်။ ကုမ္ပဏီအနေနဲ့လည်း ကျွမ်းကျင်ဝန်ထမ်းဆုံးရှုံးမယ့်ကိစ္စမျိုးကို အဖြစ်ခံချင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ အလုပ်ရှင်တွေဟာ (ကျွမ်းကျင်ဝန်ထမ်းချင်းယှဉ်လာရင်)သူတို့ နှစ်သက်တဲ့ဝန်ထမ်းကိုသာ ရာထူးတိုးပေးတတ်တယ်ဆိုတာကိုတော့ မမေ့သင့်ပါဘူး။ ။

## JOKE

### အပြိုင်အဆိုင်

လမ်းတစ်လမ်းတည်းပေါ်တွင် စားသောက်ဆိုင် သုံးဆိုင်ရှိနေသည်။ တစ်ရက်တွင် စားသောက်ဆိုင်တစ်ဆိုင်က ယခုလို ဆိုင်းဘုတ်ထောင်သည်။

"ဤမြို့တွင် အကောင်းဆုံးစားသောက်ဆိုင်"

နောက်တစ်နေ့တွင် ဒုတိယ စားသောက်ဆိုင်က ယခုလို ဆိုင်းဘုတ်ထောင်သည်။

"ကမ္ဘာပေါ်တွင် အကောင်းဆုံးစားသောက်ဆိုင်"

တတိယစားသောက်ဆိုင်ကမူ

"ဤလမ်းပေါ်တွင် အကောင်းဆုံးစားသောက်ဆိုင်" ဟူ၍သာ။

### အပြောင်းအလဲ(၃)

အိမ်ထောင်ရှင်များ၏ ကလေးများနှင့်ပတ်သက်၍ အပြောင်းအလဲများကို ဆက်လက်လေ့လာပါမည်။

ကလေးငိုချိန်

**ပထမကလေး** - ကလေးငယ်ထံမှ 'အင့်' ခနဲ အသံထွက်လာသည်နှင့် ကလေးကိုကောက်ချီသည်။

**ဒုတိယကလေး** - ကလေးအကြီး နိုးလောက်အောင် ငိုသောအခါ ကလေးငယ်ကို ကောက်ချီသည်။

**တတိယကလေး** - လေးနှစ်သားအရွယ်တွင် အဝတ်လျှော်စက်ဖြင့် အဝတ်လျှော်တတ်အောင်သင်ပေးသည်။

အပြင်ထွက်ခြင်း

**ပထမကလေး** - ကလေးထိန်းနှင့်ထားခဲ့ရ၍ အပြင်မှ အိမ်သို့ ငါးကြိမ်ခန့် ဖုန်းလှမ်းဆက်သည်။

**ဒုတိယကလေး** - အပြင်မထွက်ခင် သင့်ကို ဆက်သွယ်နိုင်ဖို့ ဖုန်းနံပါတ်ပေးခဲ့သည်။

**တတိယကလေး** - သွေးထွက်သံယိုဖြစ်မှ ဖုန်းဆက်ရန် ကလေးထိန်းကိုမှာကြားသည်။

**အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး။ သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်- Sunn Colour Separation. စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

7Day News Hotline : 73032006

# Business

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

## ဇွန်လနောက်ဆုံးပတ်အတွင်း အိမ်ခြံမြေအရောင်းအဝယ်တုံ့ဆိုင်း

**ပြည်သိမ်း၊ မင်းဒင်**

**ရန်ကုန်၊ ဇွန် – ၃၀**

စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုကြောင့် အရောင်းအဝယ်အကောင်းဆုံးဖြစ်ခဲ့သော အိမ်ခြံမြေ ဈေးကွက်သည် ဇွန်လနောက်ဆုံးပတ်၌ ရုတ်တရက်တုံ့ဆိုင်းသွားကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှစုံစမ်းသိရှိရသည်။

ဒေါ်လာဈေး ရုတ်တရက် အတက်အကျဖြစ်ခြင်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေများနှင့်ပတ်သက်၍ သတင်းများထွက်ပေါ်လာခြင်းကြောင့် ရန်ကုန်၌လည်း အရောင်းအဝယ် အနည်းငယ်အေးလာကြောင်း မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦးသန်းဦးကဆိုသည်။

မန္တလေး၌လည်း ယခုရက်ပိုင်းတွင် အိမ်ခြံမြေအရောင်းအဝယ်တန့်ပြီး ဈေးအနည်းငယ်ပြန်ဆင်းလာကြောင်းစုံစမ်းသိရသည်။ တရုတ်လုပ်ငန်းရှင်များက ငွေပြန်ဖော်သည့်အနေဖြင့် အိမ်ခြံမြေများကိုပြန်ရောင်းခြင်းကြောင့်လည်း အရောင်းအဝယ်တန့်ပြီး ဈေးနှုန်းပြန်လည်ဆင်းလာခြင်းဖြစ်ကြောင်း မန္တလေးအိမ်ခြံမြေအကျိုးဆောင်များထံမှစုံစမ်းသိရသည်။

"တရုတ်တွေက လက်ရှိဈေးနှုန်းတွေကို အမြင့်ဆုံးရောက်နေပြီလို့ယူဆကြတယ်။ ဒါကြောင့် သူတို့က ပြန်ထုတ်ကြတာ။ သူတို့က ရေရှည်ရင်းနှီးမြှုပ်နှံမှုအတွက် ဝင်တာမဟုတ်ဘူး"ဟု မန္တလေးအိမ်ခြံမြေအကျိုးဆောင်တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မန္တလေး၌ ကျောက်ကုန်သည်၊ ကားပွဲစား၊ ငွေပိုလျှံနေသူများသည် အိမ်ခြံမြေလုပ်ငန်းတွင် ရင်းနှီး မြှုပ်နှံကြသည်။ စာ(၃၄)သို့

## ကုန်ကားသေးများ အရောင်းအဝယ်ကောင်းကာ ဈေးမြင့်နေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် – ၂**

ကုန်တင်ကားကြီးအရောင်းအဝယ်ဈေးနှုန်း ပြောင်းလဲမှုမရှိသော်လည်း ကားသေးများ ဈေးမှာမြင့်တက်နေကြောင်း ကုန်တင်ကားအရောင်းအဝယ်ပြုလုပ်နေသော ကားပွဲစားများကပြောသည်။

"ကားသေးတွေ အရောင်းအဝယ်ကောင်းပြီး ဈေးတွေမြင့်နေတယ်။ အာဆီယံသတ်မှတ်ချက်တွေကလည်း အမျိုးမျိုးပြောင်းနေတော့ ကားကြီးတွေက အရောင်းအဝယ်မဖြစ်သလောက်ဘဲ" ဟု ကားပွဲစားတစ်ဦးက ပြောသည်။

ကုန်တင်ကားဈေးကွက်တွင် ၁၄ ပေဒိုင်နာနှင့်ခြောက်ဘီးယာဉ်များမှာ ရောင်းအားအကောင်းဆုံးဖြစ်နေပြီး ဈေးနှုန်းမှာလည်း ပြီးခဲ့သည့် မေလ အတွင်းမှစကာ အမျိုးအစားအလိုက် ကျပ်သိန်း ၅၀ စီမြင့်တက်သွားကြောင်းသိရသည်။

၁၄ ပေဒိုင်နာဈေးကွက်တွင် "က"တန်အမျိုးအစားယာဉ်များမှာ ယခင်က ကျပ်သိန်း ၂၀၀ ဝန်းကျင်မှ ယခုနောက်ပိုင်းတွင် ကျပ်သိန်း ၂၅၀ ဝန်းကျင်ထိ မြင့်တက်လာခဲ့ကြောင်းသိရသည်။

ထို့အတူ ခြောက်ဘီးနစ်ဆန်း အမျိုးအစားယာဉ်များမှာလည်း ယခင်က ကျပ်သိန်း ၃၅၀ဝန်းကျင်ရှိနေရာမှ ကျပ်သိန်း ၄၅၀-၅၀၀ ထိဈေးပေါက်နေကြောင်း ကားပွဲစားများကပြောသည်။

ခြောက်ဘီးဟီးနိုးကားများမှာလည်း ကျပ်သိန်း ၂၅၀-၃၀၀ ရှိနေခဲ့ရာမှ သိန်း ၃၅၀-၄၀၀ အထိ ဈေးနှုန်းများမြင့် တက်လာခဲ့ကြောင်းသိရသည်။

"ဒီလိုမိုးဦးကျကာလမှာက ကုန်တင်ကားတွေ အရောင်းအဝယ်ဖြစ်လေ့ရှိတယ်။ ပြီးတော့ ဒီနှစ်က အာဆီယံသတ်မှတ်ချက်စတော့ ကားကြီးတွေက ကုန်တန်ချိန်လျှော့တင်ရပြီး အလုပ်မဖြစ်တော့ ကားလေးတွေပဲအရောင်းအဝယ်ဖြစ်တော့ ကားလေးတွေ ဈေးတက်နေတဲ့ သဘောပဲ"ဟု ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

## ကန်ဒေါ်လာလဲလှယ်နှုန်းဂယက်က တရုတ်သို့ ရေထွက်ကုန်တင်ပို့မှုကို ထိခိုက်မှုမရှိ

**သန်းဌေး**

**ရန်ကုန်၊ ဇွန် – ၂၈**

အမေရိကန်ဒေါ်လာလဲလှယ်နှုန်းကျဆင်းမှုက တရုတ်နိုင်ငံသို့ငါးရှဉ့်နှင့်ကဏန်းအရှင်များ တင်ပို့မှုကို ထိခိုက်ခြင်းမရှိကြောင်း ငါးရှဉ့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဘသော်ကပြောကြားသည်။

"ဒေါ်လာငွေအကျဟာ တရုတ်(ယွမ်ငွေ)ကို ငွေကြေးဖောင်းပွစေလို့ ငါးရှဉ့်သမား၊ ကဏန်းသမားတွေကို မထိခိုက်ပါဘူး။ တွက်ခြေကိုက်ပါတယ်"ဟု ၎င်းကပြောကြားသည်။



ထို့အပြင် ငါးရှဉ့်ကို နှစ်စဉ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် ပြည်ပသို့ ပိုမိုတင်ပို့လေ့ရှိသောကြောင့် ပြီးခဲ့သော ဇွန်လ တစ်လတည်းအတွင်းမှာပင် ငါးရှဉ့်များကိုအမေရိကန်ဒေါ်လာ ငါးသန်းဖိုး တရုတ်နိုင်ငံသို့ ရောင်းချနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဒီနှစ်ကတော့ အခြေအနေကောင်းပါတယ်။ ဒီလတွေအတွင်းမှာ ပျမ်းမျှ တစ်နေ့ကို တန် ၄၀ ရောင်းနိုင်တယ်"ဟုဦးဘသော်က ပြောကြားသည်။

ကန်ဒေါ်လာလဲလှယ်မှုနှုန်းကျဆင်းနေခြင်းကြောင့် ပို့ကုန်အားလုံး ကျဆင်းနေသော်လည်း တရုတ်နိုင်ငံသို့နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုမှာကောင်း မွန်ဆဲဖြစ်ကြောင်းသိရသည်။





7 DAY NEWS JOURNAL
Vol.10, No.16 · JULY 7, 2011




## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၀၇ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၁၆ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၆၀ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၆. ၀၅ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၃ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၁၀ | ကျပ် |

၂၀၁၁ ဇူလိုင် ၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၁၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၈၈၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၈၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၆၄၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၆၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၆၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၄. ၅၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၀၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၈ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၄၁. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၅၈၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၀. ၉၂၇၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၉၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၂၇. ၈၁၀၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (ယူအေအီး) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၄၈၂. ၀၀ |
| ရေနံ | စည် | ၁၁၁. ၇၇၀ |
| ငွေ | ၁ အောင်စ | ၃၃. ၇၀၅ |
| ကြေးနီ | ပေါင် | ၄၃၀. ၂၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၃၁၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဇူလိုင် ၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

**စာ(၃၃) - ဇွန်လနောက်ဆုံးပတ်အတွင်း အိမ်ခြံမြေအရောင်းအဝယ်တုံ့ဆိုင်း မှ**

ယခုအခါ မိမိလုပ်ငန်းများအတွက် ပြန်လည်ဖော်ယူမှုများရှိနေသည်။ ပြည်ပတရုတ်လုပ်ငန်းရှင်များ၏ အထောက်အပံ့ဖြင့် ပြည်တွင်း အိမ်ခြံမြေဈေးကွက်အတွင်း ဈေးကစားနေသူများမှာလည်း ယခုရက်ပိုင်းတွင် ပြန်လည်ရောင်းချမှုများရှိသည့်အတွက် ယခုကဲ့သို့ တုံ့ဆိုင်းမှုဖြစ်နေရခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ပလုပ်ငန်းရှင်များသည် မြန်မာ့အိမ်ခြံမြေဈေးကွက်သို့ ၂၀၀၉ ခုနှစ်နောက်ပိုင်း တဖြည်းဖြည်းဝင်ရောက် ရင်းနှီးမြှုပ်နှံလာကြသည်။ ရေနက်ဆိပ်ကမ်းများဖြစ်သော ထားဝယ်၊ ကျောက်ဖြူ စစ်တွေတို့၌လည်း အနာဂတ်ကိုမျှော်၍ မြေယာများကို ရင်းနှီးမြှုပ်နှံလျက်ရှိကြသည်။






# 7DAY BOOK REVIEW





## မော်ဒန်ဒီပလိုမေစီ
ဉာဏ်ဝင်း (ဖီးကုန်း)

ယခင်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးဉာဏ်ဝင်းဘာသာပြန်ဆိုရေးသားထားသော စာအုပ်ဖြစ်သည်။

ဦးဉာဏ်ဝင်းသည် ၂၀၀၄ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ သံတမန်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလတွင် အင်္ဂလန်နိုင်ငံ ရီဒင်းတက္ကသိုလ် ပါမောက္ခ (R.P.Barston)ရေးသားသော"Modern Diplomacy" စာအုပ်ကိုဖတ်ရှုပြီးနောက် ၎င်းတွေ့ကြုံရင်ဆိုင်ခဲ့ရသော နိုင်ငံရေးလှိုင်းဂယက်များ၏ သင်ခန်းစာများနှင့်ပေါင်းစပ်၍ ယခုစာအုပ်ကို ပြုပြင်စီရင်ရေးသားခဲ့သည်ဟုဆိုပါသည်။

မူရင်းစာအုပ်ကို တိုက်ရိုက်ဘာသာပြန်ထားခြင်းမဟုတ်ဘဲ အခြေခံကြောရိုးနှင့် ၎င်း၏အတွေးအမြင်များကို ပေါင်းစပ်ထည့်သွင်းရေးသားထားသည်ဟုလည်း ဆိုပါသည်။ ယနေ့သတင်းအချက်အလက်ခေတ်တွင် သံတမန်များအနေဖြင့် ပြောင်းလဲပြုမူဆောင်ရွက်လာကြသည့် သဘောသဘာဝကိုစာအုပ်တွင် ဖတ်ရှုရမည်ဖြစ်သည်။ စာအုပ်တွင်ဒီပလိုမေစီ၏ ပြောင်းလဲမှုသဘောသဘာဝ၊ သံတမန်ရေးရာ နည်းပရိယာယ်များ၊ စေ့စပ်ညှိနှိုင်းမှု ဒီပလိုမေစီနှင့်လုံခြုံရေး၊ ပဋိပက္ခဖြစ်ပွားမှုဟန့်တားရေးဒီပလိုမေစီ၊ အပြန်အလှန်မှီခိုမှုနှင့် အပြန်အလှန်ပေါင်းစပ်ဆက်သွယ်မှု၊ ဒီမိုကရေစီလူ့အခွင့်အရေးနှင့် ဒီပလိုမေစီဟူ၍ အခန်း (၇)ခန်းခွဲကာ ရေးသားထားသည်။

နိုင်ငံရေးသိပ္ပံပညာရပ်ကို စိတ်ပါဝင်စားသူများအနေဖြင့် ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဟု ဆိုချင်ပါသည်။ စိုးမိုးအောင်မြင်စာအုပ်တိုက်မှ တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။




## လက်ရွေးစင် တဂိုးဝတ္ထုတိုများ
(ဇော်ဂျီ၊ မင်းသုဝဏ်၊ ပါရဂူ၊ မြသန်းတင့်)

၁၈၆၁ခုနှစ်တွင် မွေးဖွားခဲ့သော ကမ္ဘာကျော်အိန္ဒိယစာဆိုကြီး ရာဘင်ဒြာနသ်တဂိုးသည်ယခုနှစ်တွင် နှစ်၁၅၀ပြည့်ပြီဖြစ်သည်။ ထို့ကြောင့်လောကအလင်း အထူးစာစဉ်အဖြစ်တဂိုးဝတ္ထုတိုစာအုပ်ကိုဦးသော်ကောင်းနှင့်မောင်ဇေယျာတို့က စီစဉ်၍ နှစ် (၁၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ စာအုပ်တွင်တဂိုး၏ဝတ္ထုတိုစုစုပေါင်း ၂၂ပုဒ်ပါဝင်ပြီး ကွယ်လွန်သူ စာရေးဆရာကြီးများဖြစ်ကြသော ဇော်ဂျီ၊ မင်းသုဝဏ်၊ ပါရဂူ၊ မြသန်းတင့်တို့၏ ဘာသာပြန်ဆိုမှုလက်ရာမွန်များကိုတစ်စုတစ်ဝေးတည်းထုတ်ဝေခြင်းဟုလည်း ဆိုနိုင်သည်။ တဂိုးသည် စာပေဆိုင်ရာ နိုဘယ်ဆုကို ၁၉၁၃ ခုနှစ်ကပင် ချီးမြှင့်ခြင်းခံရပြီး အာရှတိုက်၏ ပထမဦးဆုံးသော နိုဘယ်ဆုရှင်လည်းဖြစ်သည်။ ထို့နောက် ၁၉၃၀ ဝန်းကျင်ကစ၍ ခေတ်ဆန်းစာဆို များဖြစ်သော ဇော်ဂျီ၊မင်းသုဝဏ်နှင့် ဒေါက်တာမောင်ဖြူးတို့က တဂိုး၏စာများကို ဘာသာပြန်ဆိုခြင်းဖြင့် မြန်မာစာဖတ်ပရိသတ်နှင့် စတင်မိတ်ဆက်ပေးခဲ့သည်။ နောက်ပိုင်းတွင် ဦးသော်ဇင်နှင့် ပါရဂူတို့က တဂိုး၏စာများကို အိန္ဒိယဘာသာစကားမှမြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုခဲ့ကြသည်။ ဘင်္ဂါလီလူမျိုးစာရေးဆရာကြီးတဂိုးကို အချို့က သဘာဝတ္တစာရေးဆရာအဖြစ်သတ်မှတ်ကြသော်လည်း စင်စစ်တွင်မူ တဂိုးသည် စာပေါင်းစုံ ရေးနိုင်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်လေသည်။ တဂိုး၏ ကဗျာများသည် ယနေ့တိုင် ကမ္ဘာတစ်ဝန်း ဘာသာစကားမြောက်မြားစွာဖြင့် ဘာသာပြန်ဆိုဆဲဖြစ်သည်။ ယခုစာအုပ်တွင်ဖတ်ရှုရမည်ဖြစ်သော ဝတ္ထုတိုအများစု၌ လူ့သဘော သဘာဝ၊ လူ့အကျင့်စရိုက်ဓလေ့များကို စိစစ်ပိုင်းခြားကာ ဆင့်ပွား တွေးနိုင်အောင် အသေးစိတ်ခြယ်မှုန်းရေးသားထားသည်။ ဘာသာပြန်ဆိုသည့်ပုဂ္ဂိုလ်များသည်လည်းစာရေးဆရာကြီးများဖြစ်သည့်အလျောက် ချောမွေ့သောစကားပြေဖြင့် တဂိုး၏ဆိုလိုချက်ကို ထိရောက်အောင်ရေးသားထားသည်။ လောကအလယ်စာပေမှ တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### အသက်အရွယ်ကြီးရင့်လာမှုကို နှောင့်နှေးစေတဲ့အရာ

ခန္ဓာကိုယ်တွင် မှဲ့အရေအတွက် (၁၀၀ ကျော်) ပါရှိသူများသည် အရေပြားများတွန့်ကာအိုမင်းရင့်ရော်လာမှုကို နှေးကွေးစေနိုင်ကြောင်း လန်ဒန်ကင်းစ်ကောလိပ်မှ သုတေသီများအဖွဲ့က လေ့လာတွေ့ရှိခဲ့ပြီး ထိုသူများ၌ အရိုးကြဲ့ခိုင်မှုပါ ပိုမိုကောင်းသည့်အချက်ကိုပါ တွေ့ရှိခဲ့သည်။ ခန္ဓာကိုယ်တွင် မှဲ့အရေအတွက် ၁၀၀ ကျော်ပါသူများသည် မှဲ့အရေအတွက်အနည်းငယ်သာပါသူများထက် ရာခိုင်နှုန်း ၅၀ နီးပါး အရိုးပွရောဂါမဖြစ်စေနိုင်ကြောင်း သိရသည်။

မှဲ့များစွာပါသူများတွင် အသက်အရွယ်အိုမင်းရင့်ရော်မှုကိုပြသည့် ခရိုမိုဆုမ်း၏အဆုံးသတ်ချိန်တွင်တွေ့ရသည့် ဒီအင်န်အေအစုအဝေးကို ကြာရှည်တည်တံ့စေနိုင်သဖြင့် အသက်ကြီးရင့်မှုကို နှောင့်နှေးစေနိုင်ခြင်းဖြစ်သည်ဟုဆိုသည်။ “မှဲ့တွေအများကြီးပါတဲ့သူက အရေပြားမှာ ကင်ဆာရောဂါဖြစ်နိုင်ခြေအနည်းငယ်ရှိပေမယ့် အိုမင်းရင့်ရော်မှုနှုန်းကို လျှော့ချနိုင်တဲ့ကောင်းကျိုးတော့ရှိပါတယ်” ဟု ကင်းစ်ကောလိပ်မှ သုတေသီခေါင်းဆောင် ဒေါက်တာဗာရိုနစ်ဘာတယ်လီပြောသည်။

*—Source:Reader's Digest*

## တစ်ပတ်တာဟောကိန်းကြမ္မာ
ဇူလိုင် ၆ ရက် မှ ၁၂ ရက် အထိ

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)
အခက်အခဲကြုံပြီးမှ အဆင်ပြေမည်။ အတိုက်အခံကြားမှတိုးတက်မည်။ ထူးခြားသောအောင်မြင်မှုများရရှိမည်။ လုပ်ငန်းဟောင်းများရပ်တန့်၍ လုပ်ငန်းသစ်များစတင်ရမည်။ အဆင့်မြင့်အောင်မြင်မှုများဖန်တီးရမည်။ တစ်ပါးသူကြောင့်ဖြစ်ပေါ်လာသောပြဿနာများဖြေရှင်းနိုင်မည်။ ငွေကြေးအပေးအယူကိစ္စ သတိရှိသင့်သည်။ ရသင့်သည်များ ကြန့်ကြာပြီးမှရရှိမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)
ကောင်းသောအပြောင်းအလဲနှင့်တိုးတက်မည်။ ရည်ရွယ်ချက်သစ်များ အကောင်အထည်ဖော်နိုင်မည်။ အခက်အခဲများအား ကျော်လွှား၍ စိတ်ကူးသစ်နှင့်လုပ်ဆောင်သောကိစ္စများမှ ထူးခြားသောအဆင်ပြေမှုများရရှိမည်။ နေအိမ်နေရာ၊ အလုပ်နေရာအပြောင်းအလဲများဖန်တီးရရှိမည်။ မိသားစုတွင် အိုးအိမ်အဟောင်းထွက်၍ အသစ်ဝင်ခြင်း၊ သီးသန့်အသစ်ရခြင်းများကြုံမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)
အကြီးအကဲများထံမှ အထောက်အကူကောင်းများရရှိမည်။ အပြောင်းအလဲနှင့်တိုးတက်မည်။ အတိုက်အခံများကျော်လွှားနိုင်မည်။ အခက်အခဲများကိုကျော်လွှားနိုင်မည်။ ရည်မှန်းချက်အသစ်များကို အကောင်အထည်ဖော်နိုင်မည်။ ဘဝဦးတည်ချက်များ အဆင်ပြေပြေဖန်တီးနိုင်မည်။ ယှဉ်ပြိုင်လာသူအားလုံးကို အနိုင်ယူနိုင်၍တိုးတက်မှုအဆင့်ဆင့်ရရှိမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)
အရာရာအောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ အတိုက်အခံကြားမှ တက်လမ်းများပွင့်မည်။ အရပ်ဝေးနှင့်ဆက်ဆံသောလုပ်ငန်းများမှ ထူးခြားသောတက်လမ်းများရရှိမည်။ ဆုံးဖြတ်ပြီး ရှေ့တိုး လုပ်လိုက်သောအလုပ်သစ်၊ အကြံသစ်များမှ ကောင်းသောတိုးတက်မှုများရရှိမည်။ တစ်ပါးသူက မဖြစ်နိုင်ဟုဆိုသောလုပ်ငန်းများကိုပင်ဖြစ်အောင်ဆောင်ရွက်နိုင်မည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)
အခက်အခဲများကျော်လွှားနိုင်မည်။ ကြန့်ကြာနေသည်များပြန်ရမည်။ တစ်ပါးသူနှင့်မတူသောရှုထောင့်မှ ဆောင်ရွက်နိုင်မည်။ ရန်များကျော်လွှားပြီး မြင့်မားသောဘဝအထိရောက်ရှိအောင်မြင်မည်။ တစ်ပြိုင်နက်တည်း အထက်လုပ်ငန်းများ လုပ်ကိုင်တိုးတက်မည်။ လူမျိုးခြားအကျိုးပေးမည်။ အစိမ်းရောင်ကြည်တူရွှေငှက်ပုံကို ပိုက်ဆံအိတ်တွင်ထည့်၍ဆောင်ပါက လာဘ်ပွင့်မည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)
အခက်အခဲကြားမှ တိုးတက်မှုရှာဖွေရမည်။ အခွင့်ကောင်းများကြုံပြီးမှ လက်တစ်လုံးခြား ဆုံးရှုံးတတ်သည်။ စနစ်တကျစီစဉ်ထားသောကိစ္စများသည် နောက်ဆုံးချိန်ရောက်မှ တလွဲတချော်ဖြစ်မည်။ အလောတကြီးဆောင်ရွက်၍မရပါ။ အရာရာစနစ်တကျ အဆင့်ဆင့်သုံးသပ်ဆောင်ရွက်ပြီးမှ အောင်မြင်တိုးတက်ခြင်းကြုံမည်။ သူတစ်ပါးကတိစကားကိုယုံစားပြီးမပြုလုပ်သင့်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)
စိတ်ရှုပ်စရာများရှိမည်။ စီစဉ်ထားသည်နှင့် လက်တွေ့ကွာဟမည်။ လူမှုရေး၊ အိမ်တွင်းရေး စိတ်အနှောင့်အယှက်ဖြစ်စရာများရှိမည်။ သူများ ပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ အထင်လွဲမှားမှုများဖြေရှင်းရမည်။ ကာလအတန်ကြာဆောင်ရွက်ထားသောကိစ္စများ နှောင့်နှေးခြင်း၊ ကြန့်ကြာခြင်းများ ဖြစ်တတ်သည်။ ပြဿနာများ၊ အခက်အခဲများကြုံတွေ့ရမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)
အရာရာအဆင်ပြေမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ အတိုက်အခံကြားမှ အောင်မြင်တိုးတက်မှုများရရှိမည်။ ရုတ်တရက် ဆုံးဖြတ်ပြီး လုပ်ကိုင်သောကိစ္စများမှ ထူးခြားသောအောင်မြင်မှုများရရှိမည်။ အမျိုးသမီးအကြီးအကဲများထံမှ အထောက်အကူကောင်းများရရှိမည်။ ကာလအတန်ကြာ စိတ်ပန်း လူပန်းဖြစ်နေသည်များမှ ကင်းလွတ်သွားမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)
အခက်အခဲများကျော်လွှားနိုင်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စ စီစဉ်ဆောင်ရွက်အောင်မြင်မည်။ အရေးကြီးသောဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။ စိတ်ကူးသစ်ပေါ်၍ ဆောင်ရွက်လိုက်သည်များမှ ကောင်းသောအကျိုးအမြတ်ရရှိမည်။ အလုပ်သစ် စတင်ခြင်း၊ နေရာသစ်၊ ဝန်းကျင်သစ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှ ထူးခြားမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)
အပြောင်းအလဲနှင့် တိုးတက်မှုများဖြစ်ပေါ်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ စိတ်ကူးသစ်များအား လက်တွေ့အသုံးချ၍ တိုးတက်ခြင်းများရှိမည်။ ပြည်ပခရီးကိစ္စ ဆောင်ရွက်သူများ စနစ်တကျဆောင်ရွက်နိုင်ခြင်း၊ အချိတ်အဆက်မိက လိုရာခရီးသို့ရောက်ရှိမည်။ တိုင်းတစ်ပါးနှင့် ဆက်နွယ်လုပ်ကိုင်သောလုပ်ငန်းများ အောင်မြင်မှုရရှိမည်။ ခြံ၊ ကားကိစ္စအလဲအလှယ်အပြောင်းအလဲကြုံမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)
အဘက်ဘက်မှ ကံမြင့်မားမည်။ ရွယ်ရည်ချက်အောင်မြင်မည်။ အပြိုင်အဆိုင်ကြားမှတိုးတက်မည်။ သူတစ်ပါးနှင့်မတူသောရှုထောင့်မှ တွေးခေါ်ဆောင်ရွက်၍ ထူးခြားသောတိုးတက်မှုရမည်။ လုပ်ငန်းခွင်ရှိသူများ အလုပ်အဆင့်၊ ဘဝအခြေအနေ အလုံးစုံတိုးတက်ခြင်းကြုံမည်။ မူလအနေအထားမှ ပိုမိုမြင့်မားသောအနေအထားသို့ရောက်ရှိမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)
အခက်အခဲကြုံပြီးမှ အဆင်ပြေမည်။ အတိုက်အခံကြားမှ တိုးတက်မည်။ ထူးခြားသောအောင်မြင်မှုရရှိမည်။ လုပ်ငန်းဟောင်းများ ရပ်တန့်ပြီး လုပ်ငန်းသစ်များ စတင်ရမည်။ ငွေကြေးအပေးအယူကိစ္စ သတိနှင့်ဆောင်ရွက်ပါ။ ကျန်းမာရေးအတွက် မိဘအကြီးအကဲတို့၏ ကျန်းမာရေးကိုဂရုစိုက်ပါ။ တစ်ပါးသူကြောင့်ဖြစ်ပေါ်လာသောကိစ္စများသတိရှိပါ။

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011



# နိုင်ငံတွင် အရေးကြုံလာသောအခါ

ကြည်နေဝင်းမင်း

မည်သည့်စံနှုန်းဖြင့် တိုင်းတာသည်ဖြစ်စေ၊ ဂျပန်နိုင်ငံ ဖူကူရှီးမား ရှိ ယိုယွင်းနေသော နျူကလီးယား ဓာတ်ပေါင်းဖိုများအား အေးလာအောင် ထောင်ပေါင်းများစွာသော အလုပ်သမားများ လုပ်ဆောင်နေရသည့်အလုပ်မှာ ဂျပန်နိုင်ငံသားများက Dirty၊ Difficult နှင့် Dangerous ဟု ယူဆထားသည့် အလုပ်များဖြစ်ပါသည်။

ကျိုးကြောင်းဆီလျော်မှုနှင့် ဆန့်ကျင်နေပုံရသော်လည်း ယာဆုတီရုယာမာဒါ(၇၂နှစ်)သည် ယင်းလုပ်ငန်းတွင်ပါဝင်လုပ်ဆောင်ရန် စိတ်အားထက်သန်နေသည်။ ဒိုင်အိချိဓာတ်အားပေးစက်ရုံ၏ ပျက်စီးမှုများကို ထိန်းချုပ်ရန် လူငယ်အင်ဂျင်နီယာပေါင်းများစွာ ရုန်းကန်နေရသည်ကို တယ်လီဖေးရှင်းတွင်မြင်တွေ့ရပြီးနောက် မစ္စတာယာမာဒါတစ်ယောက် အကြံတစ်ခုရလာသည်။ ယင်းမှာ သက်ကြီးအင်ဂျင်နီယာများနှင့် ကျွမ်းကျင်သူများကိုစုစည်း၍ နျူဓာတ်ပေါင်းဖိုများ ထိန်းချုပ်ရေးတွင်ကူညီရန်ဖြစ်သည်။

၎င်းတို့တွင် လိုအပ်သော ကျွမ်းကျင်မှုများရှိသည်သာမက ၎င်းတို့၏အသက်အရွယ်ကြောင့် ဓာတ်ရောင်ခြည်များနှင့်ထိတွေ့မှုများပြား၍ ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲရောဂါများနှင့် ကင်ဆာကဲ့သို့ရောဂါများ ဖြစ်နိုင်ခြေလျော့ပါးသောကြောင့်လည်း ဖြစ်သည်။ ၎င်းတို့ ပါဝင်ကူညီမှုကြောင့် လူငယ်အင်ဂျင်နီယာများအား တစ်သက်လုံး ကလေးမရနိုင်မှု (သို့မဟုတ်) ထိုထက် ဆိုးသည့်အန္တရာယ်များမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

"ဒီမတော်တဆမှုကို ငါတို့နိုင်အောင် ထိန်းချုပ်ရမယ်။ အဲဒီ့အတွက် လူတချို့က ဒီအလုပ်ကို လုပ်မှရမယ်"ဆူမီမိုတိုသံမဏိလုပ်ငန်းတွင် အလုပ်လုပ်ခဲ့သူ အငြိမ်းစားအင်ဂျင်နီယာ မစ္စတာယာမာဒါကပြောပါသည်။ "လူကြီးတွေသာ ဒီအလုပ်ကိုဝင်လုပ်နိုင်ရင် ပြည်သူလူထုအတွက် အကျိုးရှိမှာပါ။ ငါတို့အတွက်လည်း ထိခိုက်မှုနည်းနိုင်တယ်လေ"ဟု အင်ဂျင်နီယာဟောင်းကြီးက ဆက်ပြောပါသည်။

ပျက်စီးဆုံးရှုံးမှု ကြီးမားခဲ့သည့် မြေငလျင်နှင့် ဆူနာမီဖြစ်ပေါ်ပြီး ရက်သတ္တပတ်များတွင် မစ္စတာယာမာဒါနှင့် ၎င်း၏ ငယ်သူငယ်ချင်း အင်ဂျင်နီယာ နိုဘူဟီရိုရှီအိုတာနီတို့သည် ဧပြီလအစောပိုင်းမှာပင် 'ကျွမ်းကျင်ပညာရှင်ဟောင်းများတပ်ဖွဲ့'ကိုဖွဲ့စည်းခဲ့သည်။ သူတို့က အီးမေးလ်နှင့်စာပေါင်းများစွာပို့ခဲ့ကြသည်။ Twitter စာရင်းတစ်ခုပင်ဖွင့်ခဲ့ကြသည်။ ၎င်း၏ဘလော့ဂ်(Blog)ပေါ်မှနေ၍ အသက် ၆၀ နှင့် အထက်ရှိပြီး ယခုကဲ့သို့ ရှေ့တန်းတွင် လုပ်ဆောင်ရမည့်ခက်ခဲမှုကို ခံနိုင်ရည်ရှိသည့်အတွေ့အကြုံနှင့် အင်အားရှိသူများကို မစ္စတာယာမာဒါကနှိုးဆော်ခဲ့သည်။

တုံ့ပြန်မှုမှာမြန်ဆန်ပါသည်။ စားဖိုမှူးတစ်ဦး၊ အဆိုတော်တစ်ဦးနှင့် အသက် ၈၂နှစ်အရွယ် တစ်ဦးအပါအဝင် လူပေါင်းလေးရာခန့်က ပါဝင်လုပ်ဆောင်မည်ဟု ဆန္ဒပြုကြသည်။ ထောက်ပံ့ကူညီမည်ဟု လူပေါင်း ၁,၂၀၀ က ကမ်းလှမ်းသည်။ တစ်ချိန်တည်းမှာပင် အလှူငွေ ၄ ဒသမ ၃ သန်း (ကန်ဒေါ်လာ ၅၄,၀၀၀)လည်းရရှိခဲ့သည်။ မစ္စတာယာမာဒါ၏ ဘလော့ဂ်ရေးသားမှုအား ဘာသာပေါင်း ၁၂မျိုးသို့ ဘာသာပြန်ဖော်ပြသည်။

စကားပြော ပျော့ပျောင်းသည့် မစ္စတာယာမာဒါက ယခုကိစ္စကို ရိုးရှင်းသောရည်ရွယ်ချက်ဖြင့် စတင်ခဲ့သော်လည်း ယင်းမှနေ၍ ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အိုများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍၊ မိမိဆန္ဒအလျောက်လုပ်အားပေးခြင်း (Volunteerism)နှင့်ပတ်သက်၍ ငြင်းခုံဆွေးနွေးမှုများဖြစ်ပေါ်လာခဲ့သည်။ နျူဓာတ်ပေါင်းဖိုများကိုပိုင်ဆိုင်သည့် တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီသည်လည်း အလုပ်သမားငှားရမ်းရာတွင်ပို၍ခက်ခဲလာမည်ဆိုသည့်အချက်မှာလည်းထင်ရှားလာနေသည်။

နျူဓာတ်ပေါင်းဖို အပျက်အစီးများရှင်းလင်းရေးတွင် နောက်ဆုံး၌ဂျပန်သည် နိုင်ငံခြားအလုပ်သမားများ တင်သွင်းရမည်ဟု ကျွမ်းကျင်သူများက မျှော်လင့်ထားကြသော်လည်း လောလောဆယ် ဒိုင်အိချိစက်ရုံတွင် အချိန်ပိုင်းလုပ်သားသုံးထောင်လုပ်ကိုင်နေသည်။ လစာကောင်းကောင်းလည်း ပေးမထားနိုင်။ ၎င်းအပြင် အလုပ်သမားအများအပြား အပူရှိန်ကြောင့် လေဖြတ်ခြင်းခံစားရသည်။ ကိုးဦးမှာ ဥပဒေအရ ခွင့်ပြုထားသည့် ဓာတ်ရောင်ခြည်သင့်မှုထက် ကျော်လွန်ခံစားရပြီး အလုပ်သမားများစွာမှာလည်း အလုပ်လာမလုပ်ကြတော့။

မစ္စတာယာမာဒါနှင့်အဖွဲ့ကို အများ ကောင်းကျိုးအတွက် အနစ်နာခံသည့် ကိုယ်ကျိုးစွန့်မျိုးချစ်များဟု ဖော်ပြကြသလို မီးထဲခုန်ဆင်းမည့် ပိုးဖလံများ၊ အချိန်တွေ အရမ်းပိုနေသည့် ပင်စင်စားများဟု အမည်တပ်ကြသည်။ အဆိုပါပြောဆိုမှုများမှာ ပစ်မှတ်နှင့်လွဲနေကြောင်း လက်တွေ့ဆန်သူ မစ္စတာနိုဘူဟီရိုရှီအိုတာနီကပြောပါသည်။ "နျူကလီးယားဓာတ်အားပေးစက်ရုံတွေ ဆောက်ခဲ့တာ သိပ္ပံပညာရှင်တွေ၊ အင်ဂျင်နီယာတွေလုပ်ခဲ့တာလေ။ သူတို့လုပ်ခဲ့တဲ့ အရှုပ်တော်ပုံကို သူတို့ပဲရှင်းရမှာပေါ့"ဟု ၎င်းက ဆိုပါသည်။

ဤမျှ အန္တရာယ်များသော အနေအထားတွင် အကူအညီပေးလိုခြင်းနှင့် အကူအညီပေးရန်ခွင့်ပြုခြင်းကြားတွင်ခြားနားမှုများရှိပါသည်။ အစပထမတွင် ၎င်းသက်ကြီးလုပ်အားပေးများကို နိုင်ငံရေးသမားများကရှုတ်ချကြသည်။ ဝန်ကြီးချုပ်နာအိုတိုကန်၏ လက်ထောက်တစ်ဦးဖြစ်သူ ဂိုရှိဟိုဆိုနိုကပင် ဖူကူရှီးမားစက်ရုံတွင် အလုပ်လုပ်ရန် 'အသေခံတပ်ဖွဲ့'များ မလိုအပ်သေးကြောင်း ပြီးခဲ့သည့်လအတွင်းက ပြောကြားခဲ့သည်။



သို့သော် နောက်ပိုင်းတွင် မစ္စတာဟိုဆိုနိုက ယခုအကျပ်အတည်းကိုဖြေရှင်းရေး၌ စွန့်လွှတ်အနစ်နာခံရန် သက်ကြီးရွယ်အိုများက ကမ်းလှမ်းလာသည်မှာ အလွန်တန်ဖိုးရှိသော်လည်း ဤမျှအန္တရာယ်ရှိသော ပတ်ဝန်းကျင်တွင် ၎င်းတို့နာမကျန်းဖြစ်မည်ကို မလိုလားကြောင်းပြောဆိုပါသည်။

သို့သော် စိတ်ကျေနပ်စရာဇာတ်လမ်းများ ငတ်မွတ်နေသော တိုင်းပြည်တွင် 'ကျွမ်းကျင်ပညာရှင်ဟောင်းများတပ်ဖွဲ့'က လူအများ၏ နှလုံးသားကိုဖမ်းစားခဲ့သည်။ ကမ္ဘာတစ်ဝန်းမှ အင်တာဗျူးတောင်းဆိုမှုများရှိလာသည်။ နိုင်ငံရေးသမားများလည်းတဖြည်းဖြည်း သဘောပေါက်လာသည်။ သက်ကြီးလုပ်အားပေးများ၏ဆန္ဒပြည့်ဝရေးကို ကူညီမည်ဟု ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးက ဇွန်လ ၆ရက်နေ့တွင် မစ္စတာယာမာဒါနှင့်တွေ့ဆုံပြီး ကတိပေးခဲ့သည်။

မစ္စတာယာမာဒါသည် အိမ်မှာပင် အလုပ်လုပ်ရင်း အလွန်အလုပ်ရှုပ်လာပြီဖြစ်ရာ တိုကျိုရှင်ဘာရှိ ရပ်ကွက်လမ်းကျဉ်းလေးတစ်နေရာတွင် ရုံးခန်းငှားရသည်။ လျှပ်စစ်ရေနွေးအိုးတစ်လုံး၊ ကွန်ပျူတာနှစ်လုံး၊ သုံးလုံး၊ ခေါက်ကုလားထိုင်လေး၊ ငါးလုံးနှင့် ရုံးခန်းမှနေ၍ မစ္စတာယာမာဒါတို့အဖွဲ့မှာ အကျိုးအမြတ်မယူသောအဖွဲ့အဖြစ် လိုင်စင်လျှောက်ထားပြီး လာမည့်ဇူလိုင်လတွင် ဒိုင်အိချိနျူစက်ရုံသို့ သွားရောက်ကြည့်ရှုရန် ခွင့်ပြုချက်ကိုစောင့်နေကြသည်။

၎င်းတို့အလုပ်၏ အခက်ခဲဆုံးအပိုင်းမှာ တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီ(Tepco)၏အရာရှိများနှင့်ဆက်ဆံရေးဖြစ်နိုင်ကြောင်း မစ္စတာယာမာဒါနှင့် မစ္စတာရှီအိုတာနီတို့ကပြောပါသည်။ ၎င်းတို့ကိုယ်တိုင်လည်း အင်ဂျင်နီယာများဖြစ်ရာ အရာရှိများအပေါ် နားလည်နိုင်သည်။ ဒိုင်အိချိနျူစက်ရုံပျက်စီးမှုနှင့်အတူ Tepco ကုမ္ပဏီ၏ အနေအထားလည်း ကျဆင်းလာရာ Tepco အရာရှိများ၏ အတ္တမာနများ ပွန်းပဲ့နေပြီဖြစ်သည်။


သို့သော် လစာကြီးကြီးပေး၍ ငှားရမ်းထားရသည့် အတိုင်ပင်ခံများ၊ ပညာရှင်များနှင့် မတူ 'ကျွမ်းကျင်ပညာရှင်ဟောင်းများတပ်ဖွဲ့'က ကမ်းလှမ်းမည်မှာ စိတ်ကူးအကြံဉာဏ်များနှင့် အလုပ်ကြိုးစားမှုသာဖြစ်သည်။ လုပ်အားပေးများဖြစ်သောကြောင့်လည်း ၎င်းတို့တွင် အကျိုးစီးပွားပဋိပက္ခဟူ၍မရှိဘဲ ပွင့်ပွင့်လင်းလင်းပြောဆိုနိုင်ကြောင်း ၎င်းတို့ကဆိုပါသည်။ သို့သော် သက်ကြီးလုပ်အားပေးများသည် မိမိတို့ကိုယ်ကို နှိမ့်ချထားရမည်ဖြစ်ကြောင်း မစ္စတာယာမာဒါနှင့် မစ္စတာရှီအိုတာနိုတို့က အသိအမှတ်ပြုသည်။

တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီ(Tepco)၏ ပြောရေးဆိုခွင့်ရှိသူယိုရှီမီဟီတိုဆူဂီကလည်း သက်ကြီးလုပ်အားပေးများ၏ အကူအညီပေးရန်ကမ်းလှမ်းမှုကို အလွန်တန်ဖိုးထားပါကြောင်း၊ သို့သော် ၎င်းတို့၏ ပါဝင်လုပ်ဆောင်နိုင်စွမ်းနှင့် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးအတွက် ကုမ္ပဏီက မည်သို့စီမံပေးရမည်ကို ဆုံးဖြတ်နေဆဲဖြစ်ကြောင်းပြောဆိုပါသည်။

*—Ref: NY Times*



ILBC
UNIVERSITY FOUNDATION COURSE
Note : "O" level
(Grade-XI)
Course duration 1 Year
(Extended)
Placement Test : July 9, 2011, 9:00AM
(Free of Charge)
Course Commencing Date : July 25, 2011
University Academic Preparation
Curriculum includes:
• General English Language & English Literature
• Liberal Arts Courses
• Advanced Math & Science Tuition
• Business / Marketing Courses
• Physical / Health Education
• Computing / Fine Arts
Standard College Entry Tests
SAT / TOEFL / IELTS
• Coaching for Test-Taking
• Individualized Tuition
• Practice Tests and Drills
• Sign-up and Registration Assistance
College Counseling
• Choosing the "right" University
• Essay Writing
• Application Assistance
• Scholarship Advice
• Visa Interviews

DM
by
Dennis Martin
DM1C69
NEW ARRIVAL
DIGITAL FUNCTION
DENNIS MARTIN WATCH GROUP NFC LTD
Hotline:011256494,373022,09-73022249,02-64514

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 55,890 |
| Intel P4 Core 2 Duo 2.93 GHz (E7500) (775)Processor | 92,340 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 97,200 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 154,710 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 247,050 |
| **Motherboard** | |
| MSI G4 1M-P33/P23 (775) Motherboard | 49,410 |
| MSI H55M-E32 (1156) Motherboard | 76,950 |
| MSI P67A-GD55 (B3) (1155) Motherboard | 123,120 |
| ASUS P5G41T-MLX (775) Motherboard | 50,220 |
| ASUS P7H55-MLX (1156) Motherboard | 72,900 |
| ASUS P7H55M/USB3 (775) Motherboard | 97,200 |
| Gigabyte G41MT-S2P (775) Motherboard | 50,220 |
| Gigabyte H55M-S2V (1156) Motherboard | 81,000 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 38,070 |
| 1 GB DDR2 (800) Kingston Memory | 14,580 |
| 2 GB DDR2 (800) Kingston Memory | 23,490 |
| 4 GB DDR3 (1333) Kingston Memory | 29,970 |
| **Harddisk** | |
| 500 GB Seagate SATA | 39,690 |
| 1,5 TB Seagate SATA | 64,800 |
| 2 TB Seagate SATA | 78,570 |
| **PCI Express Card** | |
| MSI N210 1GB DDR3 PCI Express Card | 45,360 |
| MSI NX 8400GS 512MB PCI Express Card | 35,640 |
| MSI R5450 1GB DDR3 PCI Express Card | 44,550 |
| ASUS EAH 5750 Formula 1GB PCI Express Card | 115,830 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,740 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,310 |
| Gigabyte 8400STC 512I 512MB PCI Express Card | 33,000 |
| **Memory Stick** | |
| Memory Stick Toshiba 4 GB | 9,500 |
| Memory Stick Adata 4 GB (C802) | 9,000 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 9,000 |
| Memory Stick Apacer 4 GB(C903) | 9,500 |
| Memory Stick Adata 8 GB (C003) | 14,000 |
| Memory Stick Adata 8 GB (S101) | 16,000 |
| Memory Stick HP 8 GB (V165W) | 14,000 |
| Memory Stick Imation 16 GB | 22,000 |
| **UPS** | |
| SVC (600 VA) | 24,800 |
| SVC (1.2 KVA) | 52,000 |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 27,000 |
| Allways (1.2 KVA) | 59,000 |
| Star (650 VA) | 28,350 |
| LNYX (600 VA) | 22,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 24,300 |
| ASUS DVD Writer (SATA) | 25,110 |
| HP DVD Writer (SATA) | 23,490 |
| **အိတ်ဆောင်တီဗီငွေကအောဘီစက်** | 160,000 |

Technoland ဆိုင်မှ ဇူလိုင် (၁) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 484,000 |
| Intel Atom 1.66 Ghz 2GB DDR3, 500GB HDD,10.1″ | 312,000 |
| **Asus** | |
| Intel Core i5 2.30 Ghz 2GB DDR3, 640GB HDD,15.6″ | 648,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,080,000 |
| **Hp** | |
| Intel Core i3 2.40 Ghz 4GB DDR3,500GB HDD,14.0″ | 496,000 |
| **Lenovo** | |
| Intel Pentium 2.13 Ghz 1GB DDR3,250GB HDD,10.1″ | 335,000 |
| **MSI** | |
| Intel Core i5 2.67 Ghz 2GB DDR3, 640GB HDD,14.0″ | 564,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| **TV** | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇွန် (၃၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (ယိုးဒယား ကျောက်ဆူး) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၀ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၈၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၃၇၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၃၀) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀-၁၁,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၅၀- ၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀- ၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၅၀၀-၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀-၁,၃၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇူလိုင် (၁) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၉၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၀၀၀-၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀- ၂,၂၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၃,၇၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၆၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၈၀၀- ၂,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၄,၈၀၀-၃၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၆၀၀- ၂,၇၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၂၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၇၀၀-၈,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၂,၀၀၀- ၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၄,၃၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၈,၅၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၂,၀၀၀- ၂၆,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀- ၂၅,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀- ၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀- ၂,၀၀၀ |

ဇွန်(၃၀)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၆၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀/၂၀ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ဝဇ | ၂၀၀ |
| စူဇူကီး R- (2Way) | - | ၂၀ | ၁၅၅ |
| တိုယိုတာ (လီမိတက်) | ၈၈ | လ/သ/အ | ၁၉၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂ | ၉က | ၄၀၀ |
| မတ်ခ်တူး(ခါတ်ဆီ)ရွှေငါး | ၂၀၀၄ | ၄ဂ | ၁၁၅၀ |
| နီဆန်းစူပါစလွန်း | ၈၆ | ၄ဂ | ၂၅၀ |
| ပါဂျဲရို | ၉၇ | ၅ဂ | ၁,၀၀၀ ကြား |

ဇူလိုင် (၁) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | June (25) | June (26) | June (27) | June (28) | June (29) | June (30) | July (1) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ | ၃,၉၀၀ |

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

# စာ-၂၁၊ အလုပ်လုပ်ရင်းပညာသင်လိုသည့် ကျောင်းသားများအတွက် ဗြိတိန်ကိုရွေးသင့်သေးလား မှ

ထိုအပြောင်းအလဲသည် ဗြိတိန်နိုင်ငံသို့ နိုင်ငံတကာ ကျောင်းသားသွားရောက်မှု တစ်ဟုန်ထိုးမြင့်တက်သွားစေခဲ့သလို မြန်မာကျောင်းသားများသည်လည်း ယင်းနိုင်ငံသို့ အမြောက်အမြားရောက်ရှိသွားခဲ့ကြသည်။ ဗြိတိန်နိုင်ငံသို့ရောက်ရှိရန် နည်းလမ်းအမျိုးမျိုးဖြင့် ဝန်ဆောင်မှုပေးသော ပညာရေးအေဂျင်စီများ သိသိသာသာတိုးပွားလာခဲ့သည်။၁၀ မှတ်ရရှိမည့် ကျောင်းသားများ၏ ဘဏ်ငွေစာရင်း ၂၈ ရက် စာအတွက် အတိုးဖြင့် ချေးခြင်း၊ အတုပြုလုပ်ခြင်း၊ အမှတ် ၃၀ရရှိမည့် ကျောင်းဝင်ခွင့်(CAS)အတွက် အမည်ခံကျောင်းများနှင့် ပြည်တွင်းမှအေးဂျင့်အချို့ပူးပေါင်း၍ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ခဲ့ကြသည်။ ကျောင်းသားပြည်ဝင်ခွင့်များ လွယ်ကူခဲ့မှုနှင့်ပတ်သက်၍ "အဲဒီ့တုန်းက ကောက်ညှင်းပေါင်းသည်ပါယူကေရောက်သွားတယ်။ အဲဒီ့ကောင်မလေးက ငွေစုထားပြီးသွားတာလေ။ ကျပ်သိန်း ၇၀၊ ၈၀ ဆိုယူကေရောက်တယ်"ဟုအလုပ်လုပ်ကိုင်လိုသည့်ကျောင်းသားများအား ဗြိတိန်သို့ပို့ဆောင်ပေးနေသောအေဂျင်စီတစ်ခု၏ မန်နေဂျင်းဒါရိုက်တာကပြောသည်။

၂၀၁၀ နောက်ပိုင်းတွင် ယူကေကျောင်းသားပြည်ဝင်ခွင့်အတွက် မူဝါဒအသစ်အချို့ထုတ်ပြန်ခဲ့သလို စိစစ်တင်းကျပ်မှုများလည်း ထင်ရှားလာခဲ့သည်။ အဓိကအနေဖြင့် ၎င်းနိုင်ငံရှိ အမည်ခံကျောင်းများကို တိုက်ဖျက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာကျောင်းသားလက်ခံနိုင်မည့်ကျောင်းများကို အဆင့်များခွဲခြားထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခင်ကဲ့သို့ကျောင်းဝင်ခွင့်(CAS) အားလွယ်လွယ်ကူကူမရရှိနိုင်တော့ခြင်းဖြစ်ပြီး ကျောင်းသားများ၏ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုကိုလည်းပိုမိုစစ်ဆေးလာခဲ့သည်။

ကျောင်းသားပြည်ဝင်ခွင့်ကိုကိုင်တွယ်သော ယူကေဘော်ဒါအေဂျင်စီသည် ၎င်းတို့ နိုင်ငံမှ အမည်ခံကျောင်းများကို နှိမ်နင်းနေရာမှ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတကာကျောင်းသားများဘက်သို့ခြေလှည့်လာခဲ့သည်။ ပညာအမှန်တကယ် သင်ယူရန် လာရောက်သောကျောင်းသားများကို သာလက်ခံမည်ဖြစ်ပြီး အလုပ်လာလုပ်သည့် ကျောင်းသားများကို ရှာဖွေဖော်ထုတ်သွားမည်ဖြစ်ကြောင်း ပေါ်ပေါ်ထင်ထင်ကြေညာခဲ့သည်။ ထို့သို့ ဆောင်ရွက်ရာတွင် ယူကေသို့လာရောက်မည့်ကျောင်းသားများကို စိစစ်နေရုံသာမက ယူကေတွင်ရောက်ရှိနေသော ကျောင်းသားများကိုပါ တရားမဝင်အလုပ်လုပ်ကိုင်နေခြင်းရှိ မရှိလိုက်လံစစ်ဆေးခြင်း၊ ကျောင်းသားဗီဇာသက်တမ်းတိုးရာတွင် တစ်စုံတစ်ရာအမှားအယွင်းတွေ့ရှိပါက နေထိုင်ခွင့်ဖျက်သိမ်းခြင်း၊ တရားမဝင်နေထိုင် အလုပ်လုပ်ကိုင်သူများကိုလည်း စျေးဆိုင်များတွင် လိုက်လံရှာဖွေဖမ်းဆီးလျက်ရှိသည်။ ယူကေဘော်ဒါအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရ အသက် ၃၀ ကျော် မြန်မာလူမျိုးတစ်ဦးသည်လည်း တရားမဝင်နေထိုင်အလုပ်လုပ်ကိုင်မှုဖြင့် လမ်းဘေးစျေးဆိုင်တစ်ခု၌ ဖမ်းဆီးရမှုတွင်ပါဝင်ခဲ့ကြောင်းသိရသည်။

"တစ်ခါမှ မကြားဖူးဘူး။လူ့အခွင့်အရေးအပြည့်အဝ ရှိတယ်ဆိုတဲ့နိုင်ငံကြီးက ဘူတာရုံရော၊ ပွဲစျေးတွေမှာ လိုက်ဖမ်းနေတယ်။ ကျောင်းသားဗီဇာသွားတိုးရင် ပြန်ပို့ခံရမှာကြောက်လို့ မြန်မာကျောင်းသားတွေ overstay (တရားမဝင်နေထိုင်မှု)ဖြစ်တဲ့သူရှိတယ်၊ နိုင်ငံရေးခိုလှုံတဲ့သူတွေများလာတယ်"ဟု သက်တမ်းရင့်ယူကေပညာရေးအေဂျင်စီတစ်ခုကပြောသည်။

လက်ရှိ စာရင်းကိုင်ပညာသင်ယူနေသော ကျောင်းသူတစ်ဦးကလည်း စာသင်ခန်းတွင်ပညာသင်ယူရချိန်များ၍ အချိန်ပိုင်းအလုပ်လုပ်ကိုင်လျှင် စာမေးပွဲအောင်မြင်ရန်ခက်ခဲကြောင်း၊ စာမေးပွဲကျရှုံးပါက ကျောင်းလခဆုံးရှုံးမည့်အပြင် ဗီဇာသက်တမ်းတိုးပါက အခက်အခဲရှိနိုင်၍ ကျောင်းပိတ်ရာသီကာလတွင်သာ အလုပ်လုပ်ကိုင်ရန်ရည်ရွယ်ထားကြောင်း အွန်လိုင်းမှတစ်ဆင့်ပြောသည်။

ယူကေကျောင်းသားပြည်ဝင်ခွင့်မူဝါဒ အပြောင်းအလဲများသည်ပြီးဆုံးခြင်းမရှိသေးပေ။ ယခုနောက်ဆုံး ထုတ်ပြန်လိုက်သော အပြောင်းအလဲများသည် အလုပ်လုပ်ကိုင်ရန် ကြံရွယ်နေသော ကျောင်းသားများသာမက အမှန်တကယ်ပညာသင်ယူ၍ ကျောင်းပြီးဆုံးချိန်တွင်မှ အလုပ်လုပ်ကိုင်မည့်ကျောင်းသားများအတွက်ပါ သက်ရောက်မှုရှိနေပြီဖြစ်သည်။ ကျောင်းသားတရားဝင် အလုပ်လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ တက္ကသိုလ်တက်ရောက်မှသာ တစ်ပတ်လျှင် နာရီ ၂၀ ပုံမှန်အတိုင်း ဆက်လက်လုပ်ကိုင်ခွင့်၊ အစိုးရပံ့ပိုးထားသောကောလိပ်တွင် တက်ရောက်ပါက တစ်ပတ်လျှင် ၁၀နာရီလုပ်ကိုင်ခွင့်နှင့် အခြားကောလိပ်ကျောင်းများတွင် တက်ရောက်ပါက လုံးဝအလုပ်လုပ်ကိုင်ခွင့်ရရှိမည်မဟုတ်ကြောင်း ယူကေဘော်ဒါအေဂျင်စီမှ သတင်းထုတ်ပြန်ထားသည်။ကျောင်းသားများအား ထပ်မံအထိနာစေသော အချက်မှာ တက္ကသိုလ်တက်ရောက်ပြီးဆုံး၍ ဒီဂရီဘွဲ့ရရှိသောသူများအတွက် ထုတ်ပေးနေသော ၂နှစ်နေထိုင်ခွင့် ဗီဇာ(Post Study Work)ကို လာမည့်နှစ် ဧပြီလမှ စတင်ရပ်ဆိုင်းတော့မည်ဖြစ်သည်။ ထို့အပြင် ကျောင်းသားဗီဇာအား နှစ်ပေါင်းများစွာ ကိုင်ဆောင်နေသော နှစ်ချို့ကျောင်းသားကြီးများကိုလည်း သက်တမ်းထပ်တိုးပေးမည်မဟုတ်ကြောင်း ကြေညာထားသည်။

"၂၀၀၇-၂၀၀၈ နောက်ပိုင်းလောက်ကစပြီး တကယ့်ကိုမှန်မှန်ကန်ကန်ကျောင်းတက်ပြီး နောက်ပိုင်းကလည်း လိုသမျှ ပံ့ပိုးပေးနိုင်တဲ့သူတွေကတော့ အဆင်ပြေကြပါတယ်။ အလုပ်လုပ်ဖို့ရည်ရွယ်ပြီးလာတဲ့သူတွေ၊ အလုပ်နဲ့ ကျောင်းနဲ့တွဲလုပ်မယ်ဆိုတဲ့သူတွေ တော်တော်လေးကို အဆင်မပြေဖြစ်နေတာတွေတွေ့ရ၊ ကြားရတယ်။ပြီးတော့ လူဝင်မှုကြီးကြပ်ရေးစည်းမျဉ်းစည်းကမ်းတွေကလည်းလက်ရှိအာဏာရည္ဌန့်ပေါင်း အစိုးရက စီမံကိန်းချပြီး တစ်ဆင့်ပြီးတစ်ဆင့် တင်းကျပ် ပြောင်းလဲနေတာက ကျောင်းသားတွေအတွက် အကြီးမားဆုံး အခက်အခဲပဲ။ မြန်မာကျောင်းသားတွေကို အထိနာဆုံးအချက်ကတော့ အလုပ်လုပ်ခွင့်ကို တင်းတင်းကျပ်ကျပ်ကန့်သတ်လိုက်တာပဲ။ အခုဆို ပိုတောင်တင်းကျပ်ဦးမယ်။အနောက်က ပံ့ပိုးပေးနိုင်မှ နို့မို့ဆိုမလွယ်ဘူး။ အလုပ်ရှင်တွေကလည်း ကျောင်းသားအလုပ်လုပ်ခွင့်ရှိတဲ့သူကို ခွဲခြားရမယ့်ဟာက အလုပ်ရှုပ်တော့ ကျောင်းသားဗီဇာဆို အလုပ်မခန့်ချင်တော့ဘူး။ အဲဒါ အလုပ်ကောင်းတွေမှမဟုတ်ဘူး၊ ဟိုးအရင်က လွယ်လွယ်ကူကူရနိုင်ခဲ့တဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာတောင် ကျောင်းသားဗီဇာသမားဆိုအလုပ်မပေးတော့တာပါ"ဟု ယူကေတွင် ဖြစ်ပေါ်နေသောအခြေအနေများနှင့်ပတ်သက်၍ကိုရောထွဏ်းက ပြောပြသည်။

ယူကေဘော်ဒါအေဂျင်စီ၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်တွင် ထူးခြားချက်အနေဖြင့် ကျောင်းသားများ၏ ဘဏ်ငွေစာရင်းသည် ယုံကြည်စိတ်ချရသည့် ဘဏ်မဟုတ်ပါက ပြည်ဝင်ခွင့်ငြင်းပယ်မည်ဆိုသည့်အချက် ပါဝင်နေသည်။ ထိုကဲ့သို့သော ပြည်တွင်းမှ ဘဏ်များကို ထုတ်ပြန်ကြေညာမည်ဟု ယူကေဘော်ဒါအေဂျင်စီ၏ အပြောင်းအလဲမူဝါဒတွင် ရေးသားဖော်ပြထားသော်လည်း လက်ရှိချိန်ထိ တရားဝင်ထုတ်ဖော်မှုမျိုးမတွေ့ရှိရသေးပေ။ ယူကေပညာရေးဝန်ဆောင်မှုလုပ်ငန်းအချို့၏ အဆိုအရပြည်တွင်းရှိ ဘဏ်သုံးခုသည် အထက်ပါကြေညာချက်နှင့် ငြိစွန်းနေလျက်ရှိပြီး ကျောင်းသား၏ ကျောင်းလခနှင့်နေထိုင်စားသောက်စရိတ်အတွက် ဘဏ်ငွေစာရင်းအားယင်းဘဏ်တို့မှတစ်ဆင့် ပြသပါက ကျောင်းသားပြည်ဝင်ခွင့် အပယ်ခံရနိုင်ကြောင်း ၎င်းတို့၏ အတွေ့အကြုံများကို အခြေခံ၍ ပြောသည်။

ပညာရေးဝန်ဆောင်မှုအေဂျင်စီအချို့ထံ ရောက်ရှိသွား၍ ဘဏ်ငွေစာရင်း ကျပ်သိန်းသုံးရာခန့်ပြစရာမရှိသောကြောင့် အတိုးစနစ်ဖြင့် လည်းကောင်း၊ စာရွက်စာတမ်းအတုပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ သို့မဟုတ် အထက်ပါဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်မိသော ကျောင်းသားများသည် ပြည်ဝင်ခွင့်အတွက် ပညာအရည်အချင်းလိုအပ်ချက်ပြည့်မီသော်လည်း အပယ်ခံရခြင်းသာမက ဆယ်နှစ်ပြည်ဝင်ခွင့်ပိတ်ပင်ခံရခြင်းများရှိနေကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းအချို့မှ သိရသည်။

ပြည်ပနိုင်ငံများသို့ ပညာသင်သွားရောက်နိုင်ရန် ဝန်ဆောင်မှုဆောင်ရွက်နေသောပြည်တွင်းအေဂျင်စီအချို့နှင့်ပတ်သက်၍ ကိုရောထွဏ်းက "ကျွန်တော့်ရှေ့မှာ မြင်ရကြားရတာ ပြောရရင် ပညာရေးကို တကယ်နားလည်ပြီး စေတနာနဲ့လုပ်တဲ့သူရှားတယ်။ ကျောင်းသားရရေး အဓိကဆိုပြီး ပွဲစားဆန်ဆန် မစားရဝခမန်းတွေပြောပြီး လုပ်တာတွေရှိတယ်။ အရင်က ပြည်ဝင်ခွင့်စည်းမျဉ်းတွေက လျှပ်သာလှည့်သာရှိတော့ ကျောင်းအရွေးမှားသွားဦး၊ ပြောင်းဖို့က လွယ်တယ်။ အခု အဲ့ဒီအချက်ကို ကျောင်းသားတွေသတိပြုရမယ်။ ကျောင်းသားတွေရဲ့ တကယ့်လိုအပ်ချက်ကို သေသေချာချာ ဆွေးနွေးနိုင်တဲ့ အကြံပေးတွေ နည်းနေပါသေးတယ်။ ကျောင်းကလေးတစ်ကျောင်း၊ နှစ်ကျောင်းလောက်နဲ့ချိတ်ဆက်ထားတာမျိုး၊ ကိုယ်များများရမယ့်ကျောင်းကိုပဲ အတင်းညွှန်းတာမျိုးမဟုတ်ဘဲ တကယ့်ကိုနာမည်ရှိတဲ့ ကျောင်းပေါင်းစုံတွေနဲ့ချိတ်ဆက်ပြီး ကျောင်းသားရဲ့ ပကတိလိုအပ်ချက်နဲ့ ကိုက်ညီတဲ့ ကျောင်းမျိုးကိုရှာဖွေပေးပြီး ဝန်ဆောင်မှုပေးတဲ့သူ နည်းနေပါသေးတယ်။ ဒီကိုလာမယ့် မြန်မာကျောင်းသားတွေကို စနစ်တကျပြင်ဆင်ပြီးမှ လာစေချင်တယ်။ အထူးသဖြင့် အင်္ဂလိပ်စာကိုပေါ့။ ကျောင်းလာတက်မယ်ဆို ဘယ်လိုအဆင့်ပဲ လာတက်တက် IELTS အမှတ် ၆၊ ၇ လောက်ထိ ရနိုင်တဲ့ အနေအထား ပြင်ဆင်ထားသင့်တယ်။ ဒီက အပြောင်းအလဲတွေကိုလည်း မျက်ခြည်မပျက်လေ့လာစေချင်တယ်"ဟု ဝေဖန်သုံးသပ်အကြံပြုသည်။

မည်သို့ဆိုစေ ဗြိတိန်နိုင်ငံသည် နိုင်ငံတကာကျောင်းသားများအား တစ်ချိန်က ပေးအပ်ခဲ့သည့် အခွင့်အလမ်းများကို ရုပ်သိမ်းလိုက်ပြီဖြစ်သည်။ ကျောင်းသားများအတွက် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခွင့်ဆိုင်ရာလမ်းကြောင်းတစ်ခု အခက်အခဲဖြစ်ပေါ်ခဲ့ပြီဖြစ်သည်။ ယူကေရောက်မြန်မာကျောင်းသားများ ပြည်တော်ပြန်လာသည်ရှိသလို စင်ကာပူသို့ရောက်သွားသူများရှိနေသည်။ ယူကေသွားဖို့ ပြင်နေသော မြန်မာကျောင်းသားများ မလေးရှား၊ စင်ကာပူဘက်သွားဖို့ ဦးတည်ရာ ပြောင်းလိုက်သူများရှိနေသည်။ ကျောင်းသားလူငယ်များအား အကြံပြုဆွေးနွေးမှုများ နေ့စဉ်ပြုလုပ်နေသည့် ပညာရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူတစ်ဦးက "မြန်မာကျောင်းသားတွေမှာ ရွေးချယ်စရာ သိပ်မရှိပါဘူး"ဟုဆိုသည်။ ။



အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများ၏ သက်သာချောင်ချိရေးအတွက် ကျန်းမာရေးစံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး ပြည်သူများစားသုံးရန်သင့်တော်သည့် ဟင်းသီးဟင်းရွက်ဆီများအား မှာယူတင်သွင်းပြီး သမဝါယမဝန်ကြီးဌာနမှပြည်သူများထံသို့ အဖိုးနှုန်းချိုသာစွာဖြင့်တိုက်ရိုက်ဖြန့်ဖြူးရောင်းချသွားမည်။

ကုမ္ပဏီ - မလေးရှားနိုင်ငံရှိ SAWIT RAY SDN DHN
- ဟင်းသီးဟင်းရွက်ဆီ (PURE VEGETABLE OIL)
- PACKED(18 Litre in 1 JERRY CAN)

မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ထောက်ခံချက်ဖြင့် မှာယူတင်သွင်းသည့် တန်ချိန် ၃၀၀၀

ယခုရောက်ရှိ (ပထမအသုတ်) ၆၈၃ တန်

ဦးစားပေးဖြန့်ချိမှု - နေပြည်တော်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊

ဇူလိုင် ဒုတိယပတ်ခန့်တွင် ဒုတိယအသုတ်ထပ်မံရောက်ရှိလာမည်။

ဆက်လက်၍ ကျန်ရှိနေသည့်ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိပြည်သူများ လက်ဝယ်သို့ တိုက်ရိုက်ဖြန့်ချိရောင်းချသွားမည်။



Living Eternity Industrial Company Limited

Living Eternity Industrial Co.,Ltd

Brand Executive Male/Female 3 Posts
- (ABE Diploma is more preferable)

Management Trainee Male/Female 5 Posts
- (ABE Diploma is more preferable)

Promotion Girls Female 20 Posts (Yangon)/10posts (Mandalay)

Environment

7DAY NEWS JOURNAL

Vol.10, No.16 • JULY 7, 2011

## ကမ်းရိုးတန်းဒေသများရှိ ဒီရေတောမှတ်တမ်းများ သက်ဆိုင်ရာ အစိုးရများ ကောက်ယူ



**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်- ၂၉**


ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ထည့်သွင်းလိုက်သည့်နောက် သဘာဝဘေးအန္တရာယ်ဒဏ်ကို အများဆုံးခံရသော ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများ ပြန်လည်စိုက်ပျိုးရန်အတွက် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများမှ မှတ်တမ်းကောက်ယူနေကြောင်းသက်ဆိုင်ရာသစ်တောရုံးများမှ သိရှိရသည်။

“ကေဘယ်လောက်စိုက်ပျိုးထားလဲ။ ဘယ်နေရာတွေတော စိုက်ဖို့လိုသေးလဲစတဲ့အချက်တွေကိုတော့ စာရင်းတွေတောင်းနေပြီး အခုကြားရသလောက်တော့ ကမ်းရိုးတန်းလိုင်းတောက်လျှောက် စာရင်းတွေကောက်တယ်လို့ပြောတယ်”ဟု ရခိုင်ပြည်နယ်တွင် တာဝန်ကျ သစ်တောဝန်ထမ်းတစ်ဦးကပြောသည်။

ယင်းစာရင်းကောက်ယူခြင်းသည် သက်ဆိုင်ရာ အစိုးရမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (၈)ချက်ထုတ်ပြန်ပြီး နောက်ပိုင်းတွင် စတင်စာရင်းကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။

ဒီရေတောမည်မျှရှိသည်၊ မည်မျှစိုက်ပျိုးရန်လိုအပ်သည်ဟူသောအချက်ကိုသက်ဆိုင်ရာသစ်တောရုံးများအပြင် ယင်းဒေသများ၌ သစ်ပင်စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်နေသည့် အင်န်ဂျီအိုများတွင်လည်း စာရင်းကောက်ယူခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီးတွင် အင်န်ဂျီအိုလုပ်ဆောင်နေသည့် အဖွဲ့အချို့ထံမှသိရသည်။ စာရင်းများကောက်ယူနေဆဲဖြစ်ပြီး ဒီရေတောမည်မျှစိုက်ပျိုးရန်အတွက် ကုန်ကျစရိတ် ထုတ်ပေးခြင်းမရှိသေးကြောင်းသိရသည်။

## အင်းလေးကန်တည်တံ့ရေးဘဏ္ဍာငွေဖောင်ဒေးရှင်းတစ်ရပ်ထူထောင်ဖွယ်ရှိ



*အင်းလေးရှိ ကျွန်းမျောစိုက်ခင်းများအတွင်းမှ ဒေသခံတစ်ဦးအား တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်- ၂၇**

အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ဘဏ္ဍာငွေ ဖောင်ဒေးရှင်းတစ်ရပ်ထူထောင်ဆောင်ရွက်သွားကြရမည်ဟု ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အင်းလေးကန် ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် စိမ်းလန်းစိုပြည်ရေးအတွက် အလေးနက်ဆောင်ရွက်ရမည့် လုပ်ငန်း ၁၀ ချက်တွင် ထည့်သွင်းပြောကြားခဲ့ပြီး ယင်းဘဏ္ဍာ ငွေဖောင်ဒေးရှင်းတစ်ရပ်ကို နိုင်ငံတော်မတည်မှုနှင့် လုပ်ငန်းရှင်များ၏ ထည့်ဝင်မှုတို့ဖြင့် ထူထောင်ဆောင်ရွက်သွားကြရမည်ဟုနိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားသည်။

အင်းလေးကန်သည် ရာသီဥတုပြောင်းလဲခြင်း အကျိုးသက်ရောက်မှုကြောင့် ၂၀၁၀ ပြည့်နှစ်တွင် စံချိန်တင် ရေခန်းခြောက်ခဲ့ရသည်။ ယခုလက်ရှိတွင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းရှင်များကလည်း တစ်နိုင်တစ်ပိုင် ထည့်ဝင်လှူဒါန်းလာကြပြီး လုပ်ငန်းရှင်များ၏ လှူဒါန်းမှုကြောင့် ယခုအခါ ကျပ်သိန်းပေါင်းရာချီပြီးရှိကြောင်းသိရှိရသည်။

အင်းလေးကန်၏ အကျယ်အဝန်းသည် ၂၀၀၇ခုနှစ် ကောက်ယူသောစာရင်းများအရ ၂၄ စတုရန်းမိုင်သာ ကျန်ရှိပြီး ရေဝေရေလဲ ဧရိယာသည် ၂,၁၆၆ ဒသမ ၈ စတုရန်းမိုင်သာ ကျန်ရှိသည်။ မြန်မာနိုင်ငံ၏ ရှေးဟောင်းသဘာဝအမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံရသည့်အပြင် ASEAN Cultural Heritage လည်း ဖြစ်သည်။

## မြန်မာနိုင်ငံတွင် လူတစ်ဦးလျှင် မှန်လုံအိမ်ဓာတ်ငွေ့ ပျမ်းမျှတစ်တန်ထုတ်လွှတ်နေ

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန် - ၂၉**

မြန်မာနိုင်ငံတွင် ကမ္ဘာကြီးပူနွေးမှုကိုဖြစ်ပေါ်စေသော မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည်လူတစ်ဦးလျှင် ပျမ်းမျှတစ်တန်ရှိကြောင်း မြန်မာနိုင်ငံအတွက်ကနဦး ရာသီဥတုပြောင်းလဲခြင်း အစီရင်ခံစာရေးဆွဲသောလုပ်ငန်းအဖွဲ့ခြောက်ဖွဲ့မှ လူထုပညာပေးရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင် Ecodev NGO မှမန်နေဂျင်းဒါရိုက်တာ ဦးဝင်းမျိုးသူကပြောသည်။

လူထု ပညာပေးရေးအဖွဲ့ ၂၀၀၈- ၂၀၁၁ သုံးနှစ်တာ စီမံကိန်းကာလ ကုန်ဆုံးခါနီးနောက်ဆုံးပွဲဖြစ်သည့် တက္ကသိုလ်ဆရာ၊ ဆရာမများအား ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အကြောင်းဟောပြောဆွေးနွေးပွဲတွင်အထက်ပါပုဂ္ဂိုလ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင်မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု အခြေအနေနှင့်ပတ်သက်၍ ၁၉၉၀ပြည့်နှစ်တွင်ကောက်ယူရရှိသော အချက်အလက်များကို ကိုးကား၍ ပြောကြားခဲ့ခြင်း ဖြစ်သည်။ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊စွမ်းအင်စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှုဟူ၍ လေးပိုင်းခွဲ၍ လေ့လာထားခြင်းဖြစ်သည်။

အထက်ပါအကြောင်းအရာလေးခုသည် လူသားတို့၏ ပယောဂများပါသောကြောင့်ပျမ်းမျှတွက်ချက်လျှင်လူတစ်ဦးလျှင် မှန်လုံအိမ်ဓာတ်ငွေ့တစ်တန်ထုတ်လွှတ်ကြောင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်ရာ၌ စိုက်ပျိုးရေးကဏ္ဍမှ ၃၄ ရာခိုင်နှုန်း၊ စွန့်ပစ်ပစ္စည်းမှ ၃ ရာခိုင်နှုန်း၊ စွမ်းအင်သုံးစွဲမှုမှ ၅ ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်းမှ သုည ရာခိုင်နှုန်း ထုတ်လွှတ်ကြောင်း ပြောကြားခဲ့သည်။

ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုတွင် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးသော်လည်း ကာဗွန်စုပ်ယူမှုရှိသောသစ်တောများ ပြုန်းတီးမှုသည် ကမ္ဘာတွင် အဆင့်လေးရှိသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကနဦးအစီရင်ခံစာရေးဆွဲသောလုပ်ငန်းအဖွဲ့ ၆ ဖွဲ့၏ သုံးနှစ်တာ စီမံကိန်းကာလသည် ဇွန် ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

### Environment Cartoon




### သဘာဝပတ်ဝန်းကျင်အထောက်အကူပြု လေအေးပေးစက်များတင်သွင်း

**ရန်ကုန်၊ ဇူလိုင်-၁**

သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုသည့် carrier အမှတ်တံဆိပ်လေအေးပေးစက်များကိုပြည်တွင်းဈေးကွက်သို့မကြာမီကတင်သွင်းခဲ့ကြောင်း တင်သွင်းသောကုမ္ပဏီမှ သိရသည်။ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းသော ကုမ္ပဏီမှ သဘာဝပတ်ဝန်းကျင်အကျိုးပြု Carrier Evergreen chiller ကိုဇွန်လကုန်ပိုင်းက ဈေးကွက်နှင့်စတင်မိတ်ဆက်ခဲ့သည်။ Carrier ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် တီထွင်ထုတ်လုပ်ထားသော လေအေးပေးစက်များဖြစ်ပြီး တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ကွန်စထရစ်တစ်အင်ဂျင်နီယာလီမိတက်မှအဓိကတင်သွင်းကာကယ်ရီရာလေအေးပေးစက်များကိုမြန်မာနိုင်ငံတွင်းသို့တင်သွင်းခဲ့သည်မှာ ၃၆နှစ်ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။






Tourism
7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

# ဗီယက်နမ်အားလပ်ရက်ခေါင်းစဉ်ဖြင့် ဗီယက်နမ်လေကြောင်းက ခရီးစဉ်များရောင်း

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၃၀**

ဗီယက်နမ်လေကြောင်းလိုင်းက ဇူလိုင်လမှ ဒီဇင်ဘာလအထိ Vietnam Holiday ခေါင်းစဉ်ဖြင့် သုံးညအိပ်နှင့် လေးညအိပ်ခရီးစဉ်ကို ကန်ဒေါ်လာငါးရာကျော်ဖြင့်ရောင်းချပေးမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။

ဟန္ဒိုင်းနှင့် ဟိုချီမင်းမြို့များပါဝင်သော သုံးညအိပ်၊ လေးရက်ခရီးစဉ်တွင် ဟိုတယ်နှင့် ကားခအပါအဝင် ဒေါ်လာငါးရာသတ်မှတ်ထားပြီး လေးညအိပ်၊ ငါးရက် ခရီးစဉ်အတွက်မူကန်ဒေါ်လာခြောက်ရာသာကျသင့်မည်ဖြစ်သည်။

အဆိုပါခရီးစဉ်များအတွက် ကြယ်သုံးပွင့် (သို့မဟုတ်) ကြယ်လေးပွင့်အဆင့်ရှိဟိုတယ်များတွင် တည်းခိုရန်ပါရှိပြီး ဗီယက်နမ်လေကြောင်းပိုင် ပျံသန်းသောနေရာများ၌ ဝယ်ယူနိုင်သည်ဟု အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။

ရန်ကုန်မြို့မှ ဟန္ဒိုင်းမြို့သို့ သွားရောက်ပါက တစ်လအသွားအပြန် လက်မှတ်တစ်စောင်လျှင် ကန်ဒေါ်လာ ၃၅၀ ခန့်ရှိပြီး ရန်ကုန်မှ ဟန္ဒိုင်းသို့ တစ်ပတ်လျှင် ငါးရက်နှင့် ဟိုချီမင်းမြို့သို့ တစ်ပတ်လျှင် သုံးရက် ပျံသန်းပေးလျက်ရှိသည်။



ဓာတ်ပုံ - www.diecastaircraftforum.com




# လေဆိပ်ခွန် ကန်ဒေါ်လာ ၁၀ လေယာဉ်လက်မှတ်ခတွင် ထည့်သွင်းကောက်ခံ

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၃၀**

ဇွန်လ ၂၉ရက်မတိုင်မီ ပြည်ပနိုင်ငံများသို့ သွားရန် လေယာဉ်လက်မှတ်ဝယ်ယူထားသူများသည် လေဆိပ်ခွန်အဖြစ် သတ်မှတ်ထားသော ကန်ဒေါ်လာ ၁၀ အား ဝယ်ယူထားသည့် လေကြောင်းလိုင်းတွင် ပေးချေရမည်ဖြစ်ကြောင်းသတင်းရရှိသည်။

“ဇူလိုင် ၁ ရက်က စပြီး လေဆိပ်ခွန်ကို လေယာဉ်လက်မှတ်ထဲ ထည့်ကောက်ရမယ်လို့ နှစ်ရက်ပဲ ကြိုပြောတယ်။ ဒါကြောင့် ၂၉ ရက်မတိုင်မီ ထုတ်ထားတဲ့လက်မှတ်တွေကိုလေဆိပ်မှာကောက်ရတော့မယ်”ဟု Silk Air လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပုံမှန်အားဖြင့် လေယာဉ်လက်မှတ်ဝယ်ယူသူများမှာ အနည်းဆုံး နှစ်ပတ်စော၍ ဝယ်ယူကြသဖြင့် ယခုရက်ပိုင်း သွားရောက်သူများ၏ လေယာဉ်လက်မှတ်များတွင် လေဆိပ်အခွန်အား လေယာဉ်ကွင်း၌ ကောက်ခံရတော့မည်ဖြစ်သည်။ ထိုလေဆိပ်ခွန်အတွက် အမေရိကန်ဒေါ်လာနှင့် FEC နှစ်မျိုးစလုံး လက်ခံကြောင်း လေကြောင်းလိုင်းများက ဆိုသည်။

လေဆိပ်အခွန်အား ၂၀၁၀ ပြည့်နှစ် ဇူလိုင်လမှစ၍ ကျပ်ငါးရာမှ ကျပ်သုံးထောင်ခန့်သို့တိုးမြှင့်ကောက်ခံခဲ့ပြီး ယခုထပ်မံ၍ ဆယ်ဒေါ်လာတိုးမြှင့်ကောက်ခံခြင်းဖြစ်ကြောင်း သိရသည်။

## အထက်တန်းအိပ်စင်ပါဝင်သော မန္တလေး-မြစ်ကြီးနား အထူးရထား စတင်ပြေးဆွဲ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၂၉**

မြန်မာ့မီးရထားက မန္တလေး-မြစ်ကြီးနား ခရီးစဉ်တွင် အထက်တန်းအိပ်စင်ပါဝင်သော အထူးရထားတစ်စီးကို ဇူလိုင် ၂ရက်မှ စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးဘူတာမှထွက်ခွာမည့်အမှတ်-၃၃ အဆန်ရထားကို စနေ၊ အင်္ဂါနှင့် ကြာသပတေးနေ့တို့တွင် မွန်းလွဲ ၁ နာရီ၌ စတင်ထွက်ခွာပေးမည်ဖြစ်ပြီး မြစ်ကြီးနားဘူတာသို့ နောက်တစ်နေ့နံနက် ၅ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

ထို့အတူ မြစ်ကြီးနားဘူတာမှ ထွက်ခွာမည့် အမှတ်-၃၄ အစုန်ရထားမှာလည်း တနင်္ဂနွေ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် မွန်းလွဲ ၁ နာရီမိနစ် ၅၀ ၌ထွက်ခွာမည်ဖြစ်ပြီး မန္တလေးဘူတာသို့နောက်တစ်နေ့နံနက် ၆ နာရီတွင် ရောက်မည်ဖြစ်ကြောင်း သိရသည်။
အဆိုပါအထူးရထားများတွင် အထက်တန်းအိပ်စင်တွဲ ကိုးတွဲ၊ ရိုးရိုးတန်းတွဲတစ်တွဲနှင့် ရထားထိန်းတွဲတစ်တွဲပါဝင်မည်ဖြစ်သည်။ ၎င်းရထားများမှာ လမ်းတစ်လျှောက်၌ ရွှေဘိုဘူတာ၊ ကောလင်းဘူတာ၊ မိုးညှင်းဘူတာနှင့် မိုးကောင်းဘူတာတို့တွင် ရပ်နားပေးမည်ဖြစ်သည်။ လက်မှတ်ခအနေဖြင့် အထက်တန်းအိပ်စင်တစ်နေရာလျှင် ၁၅,၀၀၀ ကျပ်၊ ရိုးရိုးတန်း ထိုင်ခုံနေရာအတွက် ၆,၃၀၀ ကျပ်ကျသင့်မည်ဖြစ်ပြီး နိုင်ငံခြားသားများမှာ အိပ်စင်တစ်နေရာလျှင် ကန်ဒေါ်လာ ၄၅ ဒေါ်လာနှင့် ရိုးရိုးတန်းတစ်နေရာလျှင် ကန်ဒေါ်လာ ၁၈ ဒေါ်လာကျသင့်မည်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.16 · JULY 7, 2011

# Cartoon





















7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011






# တရုတ်နှင့် တင်းမာမှုများရှိနေစဉ် ဖိလစ်ပိုင်နှင့် အမေရိကန်ပူးတွဲစစ်ရေး လေ့ကျင့်မည်

**ဖိလစ်ပိုင်၊ ဇွန် – ၂၈**

တရုတ်နိုင်ငံနှင့် ရေကြောင်းအငြင်းပွားမှုများဖြစ်ပေါ်၍ တင်းမာမှုများဖြစ်ပေါ်နေစဉ် ဖိလစ်ပိုင်နှင့်အမေရိကန်နိုင်ငံတို့သည် နှစ်နိုင်ငံပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

၁၁ ရက်ကြာမြင့်မည့်စစ်ရေးလေ့ကျင့်မှုများအတွင်း အမေရိကန်ဒုံးကျည်ဖျက်ဆီးရေးသင်္ဘောနှစ်စီးသည် ဒေသတွင်း အငြင်းပွားမှုအချက်အချာကျရာ တောင်တရုတ်ပင်လယ် ဖိလစ်ပိုင်နိုင်ငံရေပြင်တွင် ကင်းလှည့်မည်ဖြစ်ကြောင်းသိရသည်။

သို့သော် နှစ်စဉ်ပြုလုပ်သည့် ယင်းစစ်ရေးလေ့ကျင့်မှုမှာ ဖိလစ်ပိုင်နှင့် အမေရိကန် နှစ်နိုင်ငံကြား ရေရှည်ပူးပေါင်းဆောင်ရွက်ရေးကို ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး မကြာမီကာလအတွင်း တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏ လုပ် ရပ်များကြောင့် ဖိလစ်ပိုင်နိုင်ငံက သက်သောင့်သက်သာမရှိခြင်းနှင့် ဆက်နွယ်မှုမရှိကြောင်း နှစ်နိုင်ငံစလုံးက အခိုင်အမာပြောကြားသည်။

အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ အတူတကွအလုပ်လုပ်ကိုင်လာသည်မှာကြာပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ စစ်ရေးလေ့ကျင့်မှုများမှနေ၍ ၎င်းတို့၏စွမ်းရည်ကို တိုးတက်စေမည်ဖြစ်ကြောင်း စစ်ရေးလေ့ကျင့်မှုများအတွက် အမေရိကန်တပ်မှူးဗိုလ်ကြီးဒေးဗစ်တက်ချ်က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

မည်သို့ပင်ဆိုစေကာမူ ယခုစစ်ရေးလေ့ကျင့်မှုအား ဖိလစ်ပိုင်နိုင်ငံနှင့် ၎င်း၏ ကိုလိုနီအုပ်ချုပ်သူဟောင်း အမေရိကန်တို့အကြားရှိသော စည်းလုံးမှုကို အချိန်မီပြသခြင်းအဖြစ် ရှုမြင်ကြကြောင်း အေအက်ဖ်ပီသတင်းတွင်ဖော်ပြသည်။ *—Ref: AFP*



7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011



## Leader's Profile

# ဘော့ဆွာနာနိုင်ငံသမ္မတ အီယန်ခါမာ

ရဲမင်း

ဒုတိယဗိုလ်ချုပ်ကြီး ဆီရက်တီခါမာအီယန်ခါမာသည် ဘော့ဆွာနာနိုင်ငံ၏ စတုတ္ထမြောက်နှင့် လက်ရှိသမ္မတဖြစ်သည်။

အီယန်ခါမာအား ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ရက်တွင် ဗြိတိန်နိုင်ငံ ဆာရေးဒေသ၌ မွေးဖွားခဲ့သည်။ ၎င်း၏ဖခင်မှာ နိုင်ငံ၏ လွတ်လပ်ရေးခေါင်းဆောင်ဖြစ်ပြီး မိခင်မှာ လူဖြူအမျိုးသမီးဖြစ်ရာ ကိုလိုနီအစိုးရက ၎င်း၏ဖခင် ဆာဆီရက်တီခါမာအား ပြည်နှင်ဒဏ်ပေးထားပြီး အိမ်နီးချင်းတောင်အာဖရိကနိုင်ငံတွင် အသားအရောင်ခွဲခြားသည့် ဝါဒကျင့်သုံးသော အစိုးရပေါ်ထွက်လာစဉ် ခါမာအား ဗြိတိန်နိုင်ငံတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ အီယန်ခါမာ၏ အဘိုးနှင့်အဘေးတို့မှာလည်း ဘော့ဆွာနာနိုင်ငံကို အုပ်ချုပ်ခဲ့သည့် လူမျိုးစုခေါင်းဆောင်နှင့်ဘုရင်များဖြစ်သည်။

အီယန်ခါမာသည် အထက်တန်းပညာကို အိမ်နီးချင်း ဆွာဇီလန်နိုင်ငံ United World College တွင်သင်ကြားခဲ့သည်။ ဗြိတိသျှနာမည်ကြီးစစ်တက္ကသိုလ် ဆင်းဟတ် စစ်ဘက်အကယ်ဒမီတွင်လည်းတက်ရောက်ခဲ့သည့် ခါမာသည် အရည်အချင်းပြည့်မီသည့် လေယာဉ်မှူးတစ်ဦးလည်း ဖြစ်သည်။

အီယန်ခါမာသည် ဘော့ဆွာနာစစ်ဘက်၏ အကြီးအကဲအဖြစ်တာဝန်ထမ်းဆောင်နေစဉ် ၁၉၉၈ ခုနှစ် မတ်လ ၃၁ရက်တွင် ရာထူးမှနုတ်ထွက်မည်ဖြစ်ကြောင်း ၁၉၉၇ ခုနှစ်က ကြေညာခဲ့သည်။ ယင်းနေ့မှာပင် သမ္မတမာဆီရေးကလည်း ရာထူးမှ အနားယူခဲ့ရာ ဒုတိယသမ္မတမိုဂေးက သမ္မတမာဆီရေးနေရာကို ဆက်ခံခဲ့ပြီး အီယန်ခါမာအား ဒုတိယသမ္မတအဖြစ်ခန့်အပ်ခဲ့သည်။

၁၉၉၉ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဘော့ဆွာနာဒီမိုကရက်တစ်ပါတီ(BDP) အောင်ပွဲခံပြီးနောက်တွင်လည်း အီယန်ခါမာသည်နိုင်ငံ၏ဒုတိယသမ္မတအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်သလို ပြည်သူ့အုပ်ချုပ်ရေးနှင့် သမ္မတရေးရာဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ သို့သော် ယင်းနှစ်နောက်ပိုင်းတွင် သမ္မတမိုဂေးက အီယန်ခါမာအား ရာထူးမှ တစ်နှစ်ခွင့်ပေးခဲ့ရာ အတိုက်အခံဘော့ဆွာနာကွန်ဂရက်ပါတီက ၎င်းဆုံးဖြတ်ချက်အား ဝေဖန်ပြောကြားခဲ့သည်။

အီယန်ခါမာသည် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်တွင် ဒုတိယသမ္မတရာထူးမှ စတင်ခွင့်ယူခဲ့ပြီး စက်တင်ဘာလ ၁ ရက်တွင်မှ ပြန်လည်၍ တာဝန်ထမ်းဆောင်သည်။ ဒုတိယသမ္မတရာထူးကိုပြန်လည်ရရှိသော်လည်း အီယန်ခါမာသည် ပြည်သူ့အုပ်ချုပ်ရေးနှင့် သမ္မတရေးရာဝန်ကြီးနေရာကိုစွန့်လွှတ်လိုက်ရသည်။

ဘော့ဆွာနာဒီမိုကရက်တစ်ပါတီ၏ ဗဟိုကော်မတီတွင် ပါဝင်နေပြီဖြစ်သော အီယန်ခါမာသည် ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် ပါတီ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ သမ္မတမိုဂေးကလည်း ဥက္ကဋ္ဌနေရာရယူရေး ထောက်ခံခဲ့သည်။

၂၀၀၈ ခုနှစ် ဧပြီလ ၁ ရက်တွင် သမ္မတမိုဂေးက ရာထူးမှ ဆင်းပေးခဲ့ပြီးနောက် အီယန်ခါမာလည်း ဘော့ဆွာနာနိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ သို့သော် လက်ရှိသမ္မတနုတ်ထွက်သွားခဲ့၍ ယာယီသမ္မတအဖြစ် လုပ်ကိုင်ရခြင်းဖြစ်ရာ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင်ပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲ၌ ဘော့ဆွာနာဒီမိုကရက်တစ်ပါတီ အောင်ပွဲခံချိန်မှသာ အီယန်ခါမာသည် ဘော့ဆွာနာနိုင်ငံ၏ စတုတ္ထမြောက်သမ္မတဖြစ်လာခဲ့သည်။

—*Ref: Wikipedia*



# ကဒါဖီ ရာထူးမှနုတ်ထွက်ပါက လစ်ဗျားတွင်ဆက်လက်နေနိုင်ကြောင်း သူပုန်ခေါင်းဆောင်ပြော

**ဘင်ဂါဇီ၊ ဇူလိုင် - ၄**

အလုံးစုံ အာဏာစွန့်လွှတ်ပါက လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီအနေဖြင့် လစ်ဗျားနိုင်ငံမှာပင် ပင်စင်ယူ၍ ဆက်လက်နေထိုင်နိုင်ကြောင်း လစ်ဗျားသူပုန်ခေါင်းဆောင်က ပြောကြားသည်။ ယင်းမှာ သူပုန်များ၏ ယခုအချိန်ထိ လိုက်လျောမှုအရှိဆုံးကမ်းလှမ်းချက်ဖြစ်သည်။

ကဒါဖီကမူ ရာထူးမှဆင်းပေးရေး နိုင်ငံတကာမှ တောင်းဆိုမှုများကို ဆက်လက်ငြင်းဆန်နေဆဲဖြစ်ပြီး အဆုံးစွန်အထိ တိုက်ပွဲဝင်သွားမည်ဟုပြောကြားထားသည်။ သို့သော် ၎င်း၏ အတွင်းလူများကမူ လစ်ဗျားခေါင်းဆောင်သည် မိမိ၏ အနာဂတ်အပါအဝင် သူပုန်များနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် အရိပ်အယောင်များပြသသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

၄၁ နှစ်ကြာ အုပ်ချုပ်မှုကို ပုန်ကန်ထကြွ၍ တိုက်ခိုက်မှုများ ငါးလကြာမြင့်လာခဲ့ပြီး နေတိုးတပ်ဖွဲ့၏ ဗုံးကြဲတိုက်ခိုက်မှုများ ရှိနေသော်လည်း ကဒါဖီမှာ အာဏာကို ဆက်လက်ဆုပ်ကိုင်ထားဆဲဖြစ်သည်။ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံး(ICC)ကလည်း ၎င်းအား လူသားမျိုးနွယ်အပေါ် တိုက်ခိုက်မှုဖြင့် ဖမ်းဝရမ်းထုတ်ပြန်ထားသည်။

ငြိမ်းချမ်းရေးအတွက် အဖြေရှာမှုအဖြစ် ကဒါဖီနုတ်ထွက်ပြီး ၎င်း၏တပ်ဖွဲ့များ၊ ၎င်းတို့၏ တပ်ရင်းများနှင့် ရှေ့တန်းစခန်းများမှ ဆုတ်ခွာပေးရန် ကမ်းလှမ်းပါကြောင်း၊ ယင်းနောက်တွင် ကဒါဖီအနေဖြင့် နိုင်ငံတွင်းမှာ နေမည်လား၊ နိုင်ငံခြားတွင်နေမည်လား ဆုံးဖြတ်နိုင်ကြောင်း သူပုန်ခေါင်းဆောင်မှုစတာဖာအဗ္ဗဒိဂျာလီက အင်တာဗျူးတစ်ခု၌ ရိုက်တာသတင်းဌာနအား ပြောကြားသည်။

—*Ref: Reuters*

## နောက်ကျောဖုံး - ရွေးကောက်ပွဲပြီးသွားသော်လည်း အမုန်းတရားများရှိနေဆဲဖြစ်ကြောင်း ထိုင်းသတင်းစာ သုံးသပ် မှ

စစ်ဘက်နှင့် ၎င်း၏ ရန်သူကြားတွင်လည်း မဟုတ်ဘဲ ထိုင်းပြည်သူများကြားတွင် ကွဲပြားခြားနားနေမှုက နိုင်ငံအားချည့်နဲ့စေသည့်အကြောင်းအရာဟု သည်နေးရှင်းကရေးသားသည်။ ပြည်သူများမှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် နိုင်ငံရေးတိုက်ပွဲတွင် အမှန်တကယ်အထိနာခဲ့သူများဟု သတင်းစာကဆိုသည်။

"ကျွန်တော်တို့ဟာ မငြိမ်မသက်မှုဒဏ်ရာဒဏ်ချက်တွေရထားတဲ့နိုင်ငံပါ။ ထိုင်းပြည်သူတွေဟာ နိုင်ငံရေးအကြောင်းအရာတွေကြောင့် တစ်ယောက်ကိုတစ်ယောက် မုန်းတီးနေကြပါတယ်။ ရိုးရိုးလေးပြောရရင် ဒါဟာ ဝမ်းနည်းစရာကောင်းပါတယ်"

လူတိုင်းလူတိုင်း အမုန်းပွားနေကြခြင်း မဟုတ်သော်လည်း လူမှုရေးမီဒီယာကွန်ရက်များ၊ အင်တာနက်စာမျက်နှာများတွင် ဝင်ရောက်ကြည့်ရှုပါက အသည်းကွဲစရာများကိုမြင်တွေ့နိုင်ကြောင်း သတင်းစာကဖော်ပြသည်။ ထို့အပြင် ထိုင်းပြည်သူများအနေဖြင့် ထိုင်းနိုင်ငံသားအချင်းချင်း သဘောထားကွဲပြားမှုကို လူ့အခွင့်အရေးအဖြစ်လက်ခံပြီး ယင်းမှာ အပြန့်ကျယ်သည့် လူ့အဖွဲ့အစည်း၏ သဘာဝအစိတ်အပိုင်းဟု အမှန်တကယ်လက်ခံမှသာလျှင် နိုင်ငံအနေဖြင့် ပုံမှန်အခြေအနေပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သည်နေးရှင်း ခေါင်းကြီးပိုင်းက သုံးသပ်ထားသည်။

—*Ref: The Nation*

## နောက်ကျောဖုံး - အိန္ဒိယဘုရားကျောင်းတစ်ခုတွင် ရွှေငွေကျောက်သံပတများ အမြောက်အများတွေ့ရှိ မှ

"ဒီပစ္စည်းတွေ တွေ့ရှိပြီးတဲ့နောက်မှာ လုံခြုံရေးထပ်ပြီး တင်းကျပ်ထားဖို့ ရဲတပ်ဖွဲ့ကိုညွှန်ကြားထားပါတယ်။ အဲဒီမှာ ရဲတွေကို အမြဲတမ်းချထားတော့မှာပါ"ဟု ကီရာလာပြည်နယ်ဥက္ကဋ္ဌ အူမန်ချန်ဒီကပြောကြားသည်။

ယင်းကျောက်သံပတ္တမြားများအား မြေတိုက်ခန်းခြောက်ခန်းတွင် သိုလှောင်သိမ်းဆည်းထားသည်မှာ နှစ်ပေါင်းတစ်ရာကျော်သွားပြီဟုယူဆရပြီး ထရာဗန်ကိုးမဟာရာဂျာများ လက်ထက်ကစတင်သိမ်းဆည်းခဲ့ဖွယ်ရှိကြောင်း အိန္ဒိယသတင်းဌာန TNN ကဖော်ပြသည်။ —*Ref: UPI*

## နောက်ကျောဖုံး - ထိုင်းနိုင်ငံတွင် ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ် တာဝန်ထမ်းဆောင်မည် မှ



မဲအရေအတွက် ၉၀ ရာခိုင်နှုန်းကျော် ရေတွက်ပြီးချိန်တွင် ပါလီမန် အမတ်နေရာ ၅၀၀ ၌ ပြူထိုင်းပါတီက အမတ်နေရာ ၂၆၀ အနိုင်ရရှိပြီး ယင်းမှာ ဒီမိုကရက်များ အနိုင်ရရှိသည့် ၁၆၃ နေရာထက် ပိုများကြောင်း ထိုင်းရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရသိရသည်။

"ရလဒ်က ရှင်းပါတယ်။ ရွေးကောက်ပွဲကို ပြူထိုင်းက အနိုင်ရရှိသွားပြီး ဒီမိုကရက်တွေရှုံးသွားပါတယ်"ဟု ဘန်ကောက်မြို့ရှိ ဒီမိုကရက်ပါတီရုံးချုပ်တွင် အဘီဆစ်ကပြောကြားသည်။

မဲရုံအထွက်တွင် မေးမြန်းထားသော စစ်တမ်းများအရ ပြည်သူ့လွှတ်တော်အမတ်နေရာ ၅၀၀ တွင် ပြူထိုင်းပါတီက အမတ်နေရာ ၃၀၀ ကျော် အနိုင်ရဖွယ်ရှိရာ ပြူထိုင်းပါတီအနေဖြင့် အခြားမဟာမိတ်ပါတီများ ရှာဖွေစရာမလိုဘဲ ကိုယ်တိုင်အစိုးရ ဖွဲ့စည်းနိုင်မည်ဖြစ်သည်။ လူထုစစ်တမ်းများအရ ယင်လက်ခ်၏ ပြူထိုင်းပါတီသည် အဘီဆစ်၏ ဒီမိုကရက်ပါတီအပေါ် ကျယ်ကျယ်ပြန့်ပြန့် အသာစီးရနေသည်။

"မဲထွက်ပေးတဲ့ပြည်သူတွေကိုကျေးဇူးတင်ပါတယ်" ဟု ရွေးကောက်ပွဲအနိုင်ရရှိပြီးနောက် စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီး ယင်လက်ခ်က ပြုံးရွှင်စွာပြောကြားသည်။

—*Ref: PTI*

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011



# အာရှတိုက်ရဲ့ ပထမဆုံးသော ကမ္ဘာ့အဆင့် တင်းနစ်ကြယ်ပွင့် လီနာနှင့် အမေးအဖြေ ၁၀

ကျော်မျိုး

တရုတ်တင်းနစ်မယ် လီနာဟာ ၂၀၁၁ ခုနှစ်ထဲမှာ ပြင်သစ်အိုးပင်းပြိုင်ပွဲမှာ ဗိုလ်စွဲပြီးနောက် အာရှကစားသမားတွေထဲကတင်းနစ်လောကရဲ့ အဓိကပြိုင်ပွဲဖြစ်တဲ့ ဂရင်းဆလင်းပြိုင်ပွဲတစ်ခုမှာဗိုလ်စွဲဖူးတဲ့ ပထမဆုံး ကစားသမား ဖြစ်လာခဲ့ပါတယ်။ လီနာရဲ့အောင်မြင်မှုဟာ အာရှတင်းနစ်လောကကို လှုပ်နှိုးနိုင်ခဲ့ပြီး တရုတ်ပြည်တွင်းမှာပဲ သူမရဲ့ပြင်သစ်အိုးပင်းပြိုင်ပွဲ ပွဲစဉ်တွေကို ရုပ်သံမှ ကြည့်ရှုသူဦးရေ သန်းပေါင်းများစွာရှိခဲ့ပါတယ်။ သူမဟာ ပြင်သစ်အိုးပင်းပြိုင်ပွဲပြီးနောက် အဓိက ဂရင်းဆလင်းပြိုင်ပွဲကြီးတစ်ရပ်ဖြစ်တဲ့ ဝင်ဘယ်ဒန်တင်းနစ်ပွဲမှာ မကြာသေးမီက ဝင်ပြိုင်ခဲ့ပေမယ့် ရှုံးနိမ့်ခဲ့ရပါတယ်။ ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းကြီးဟာ အဲဒီလို အာရှရဲ့ ထွန်းသစ်စ တင်းနစ်ကြယ်ပွင့် လီနာကိုတွေ့ဆုံမေးမြန်းထားတာကို အခုပြန်လည်ဖော်ပြပေးလိုက်ပါတယ်။ မေးမြန်းသူကတော့ ဗီလီယံလီအဒမ်ဖြစ်ပါတယ်။

**ခင်ဗျားဟာ ဝင်ဘယ်ဒန်မှာပြိုင်ခဲ့တယ်နော်။ ဒါကြောင့် ပြင်သစ်အိုးပင်းပြီးကတည်းက တရုတ်နိုင်ငံကို မပြန်ဖြစ်သေးဘူးပေ့ါ။ တရုတ်မှာ ကိုယ့်ကို ဘယ်လိုကြိုဆိုကြမလဲဆိုတာရော မျှော်လင့်ထားသေးလား။**

တရုတ်နိုင်ငံဖြစ်ရင်တော့ ကျွန်မကို လူတွေအများကြီးက လာကြိုဆိုကြမှာ၊ အားပေးကြမှာ ကျွန်မသိထားပါတယ်။ ဒါကြောင့် ကျွန်မ ပြင်သစ်အိုးပင်းပြီးတာနဲ့ မြူးနစ်မှာ လေးရက်လောက်နေပြီး ဖုန်းပိတ်ထားခဲ့ပါတယ်။ မဲလ်ဘုန်းမှာပြိုင်ပွဲပြီးတော့ တရုတ်ကို ပြန်ခဲ့ဖူးတယ်။ အဲဒီတော့ တင်းနစ်ကွင်းပေါ် အာရုံမစိုက်နိုင်တော့ဘူး။ ဒါကြောင့် အဲဒီလိုအမှားမျိုးကို အခု ထပ်မမှားချင်တော့ဘူး။

**တရုတ်နိုင်ငံမှာ လုပ်တဲ့စစ်တမ်းတစ်ရပ်အရ(မေးမြန်းခံရသူ) ၄၄ ရာခိုင်နှုန်းက ခင်ဗျား ပြင်သစ်အိုးပင်းမှာ ဗိုလ်စွဲခဲ့တာကို မျက်ရည်တွေကျပြီး စောင့်ကြည့်ခဲ့ကြတယ်။ အဲဒါမျိုးက ခင်ဗျားအတွက် ဖိအားများဝင်စေသလား။**

၄၄ ရာခိုင်နှုန်းပဲလားရှင့် (ရယ်လျက်)။ ကျွန်မထင်တာကတော့ လူတော်တော်များများ စောင့်ကြည့်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီပြိုင်ပွဲကျင်းပချိန်က ည ၉နာရီ။ ပြီးတော့ ရုံးပိတ်ရက်လည်းဖြစ်တယ်။ ဒါမှမဟုတ်လည်း အဲဒီအချိန်က ကျွန်မဗိုလ်လုပွဲကို ဒုတိယအကြိမ်ရောက်တာမို့ လူတွေက ပိုစိတ်ဝင်စားလာတာဖြစ်မယ်။ ဒါပေမဲ့ ကျွန်မ(ရှင်ပြောသလို) ဖိအားတွေများမှာကိုတော့ တစ်ခါမှ မတွေးမိဘူး။

**ခင်ဗျားအမေဟာ နေမကောင်းဖြစ်နေတာကြာပြီဆိုတော့ ခင်ဗျား တင်းနစ်ကစားတာ တစ်ခါမှ မမြင်ဖူးဘူး။ သူ့စိတ်ပြောင်းလဲလာနိုင်မယ်လို့ရော ခင်ဗျားထင်သလား။**

ကျွန်မ သူ့ကို အကြိမ်များစွာမေးဖူးပါတယ်။ သူကလည်း အမြဲဖြေတယ်။ “ဟင့်အင်း၊ ငါ့မှာ ငါ့ဘဝရှိတယ်။ မပြောင်းချင်ဘူး”တဲ့။ ပြီးတော့ သူက အားကစားတွေကိုလည်းမကြိုက်တတ်ဘူး။ ဒါ့ကြောင့် ပြင်သစ်အိုးပင်းပြီးတော့ သူ့ဆီ ကျွန်မ ဖုန်းမဆက်ခဲ့ပါဘူး။ Text Message ပဲ ပို့ဖြစ်ခဲ့တယ်။ “ကျွန်မနေကောင်းပါတယ်။ အခု ပါရီမှာ။ မြူးနစ်ကိုပြန်သွားနေတယ်”လို့။ သူကလည်း စာပြန်ပို့တယ်။ “သမီးနိုင်သွားတာ အမေကြားပါတယ်”တဲ့။

**ခင်ဗျားအတွက်ရော သူ ဂုဏ်ယူသေးလား။**

ထင်တာပဲ။ ဒါပေမဲ့ တစ်ခါတလေတော့ သူက ခံစားချက်ကို ထုတ်မပြချင်ဘူး။

**(ဆရီနာနဲ့ ဗီးနပ်စ်) ဝီလီယမ် ညီအစ်မဟာ ဒဏ်ရာပြဿနာတွေပြီးသွားတဲ့နောက် ဝင်ဘယ်ဒန်တင်းနစ်ပွဲကို ပြန်ဝင်ကစားနေပါပြီ။ သူတို့ထဲက တစ်ယောက်ယောက်နဲ့ရော ခင်ဗျား ဆုံဖြစ်ဦးမလား။**

သူတို့ ဒဏ်ရာပြန်ကောင်းပြီး ကစားနိုင်ပြီဆိုလို့ ကျွန်မ ဝမ်းသာခဲ့ပါတယ်။ ပရိသတ်တွေအတွက်ရော အမျိုးသမီး တင်းနစ်လောကအတွက်ပါ ဝမ်းသာစရာပါ။ နှစ်ယောက်စလုံးကလည်း မာကျောတဲ့ ကစားသမားတွေဖြစ်ကြတယ်။ သူတို့နဲ့ ကျွန်မ ပြိုင်ခွင့်ရချင်ပါတယ်။

**၂၀၀၈ ခုနှစ်တုန်းက ခင်ဗျားဟာ တရုတ်တင်းနစ်အဖွဲ့ချုပ်က ခွဲထွက်ခဲ့ပါတယ်။ သူတို့ကို ကိုယ့်ဆုကြေးရသမျှရဲ့ ၆၅ ရာခိုင်နှုန်း ပေးရတဲ့ကိစ္စကြောင့်နော်။ ခင်ဗျား အဲလို ခွဲထွက်ဖို့ ဆုံးဖြတ်ခဲ့တာ ငွေကြောင့်လား၊ ဒါမှမဟုတ် အခြား အကြောင်းတွေကြောင့်လား။**

အခွန် ၆၅ ရာခိုင်နှုန်း ဆောင်ရတယ်ဆိုတာပုံမှန်ပါပဲ။ အကြောင်းက တရုတ်အားကစားအဖွဲ့ချုပ်အားလုံးဟာ ကစားသမားတွေအတွက် ကုန်ကျစရိတ်အားလုံးကိုပေးရလို့ပါ။ နည်းပြအတွက် လခ၊ ဟိုတယ်မှာ တည်းခိုစရိတ်၊ ခရီးသွားတဲ့စရိတ် စသဖြင့်ပေ့ါ။ နိုင်ငံ့လက်ရွေးစင်အသင်းမှာ ရှိနေမယ်ဆိုရင် ကိုယ်က ကောင်းကောင်းမကစားနိုင်တောင် ငွေကဆက်ရနေမှာပါ။ အခုတော့ ကျွန်မဟာ ကိုယ့်အတွက် စရိတ်စကအားလုံး ကိုယ့်ဘာသာထုတ်ရမှာဆိုတော့ ဖိအားတောင် ပိုများလာတယ်ထင်ပါတယ်။ ကျွန်မတို့ဟာ အခုလည်း (တရုတ်)တင်းနစ်အဖွဲ့ချုပ်ကို ဆုကြေးရာခိုင်နှုန်း နည်းနည်းတော့ ပြန်ပေးနေရဆဲပါ။ ဒါပေမဲ့ ကျွန်မက စိန်ခေါ်မှုတွေပိုလိုချင်တယ်။ ကျွန်မကပရော်ဖက်ရှင်နယ်တင်းနစ် Tour ပြိုင်ပွဲကြီးတစ်ရပ်မှာ တစ်ခါမှ ဝင်မကစားဖူးဘူးလေ။

**ခင်ဗျားဟာ အခုဆို တင်းနစ်ကစားဖို့ ပိုပြီးစိတ်အားထက်သန်နေပြီလား။**

အရင်က တင်းနစ်ကစားတာ ကျွန်မရဲ့ အလုပ်အကိုင်တစ်ခုလို့ခံစားခဲ့ရတယ်။ အခု ကျွန်မလုပ်နေတာကိုတော့ ပိုကြိုက်တယ်။ ကျွန်မက အလုပ်မှာ ကိုယ်တိုင်လည်း ဘော့စ်ပဲလေ။ ဒီတော့ အလုပ်လုပ်ရတာပိုလွယ်လာတယ်။

**ခင်ဗျားရင်ဘတ်မှာ ထိုးထားတဲ့ ဆေးမင်ကြောင်ရုပ်နောက်ကွယ်က ဇာတ်လမ်းက ဘာများပါလဲ။**

ကျွန်မက ရိုမန်တစ်ဆန်တယ်။ ဒါကြောင့် ၁၆ နှစ် သမီးအရွယ်တုန်းက အခု ကျွန်မ ခင်ပွန်းနဲ့အတူ ကိုယ်တွေအတွက် တစ်ခုခုတော့အမှတ်တရလုပ်သင့်တယ်လို့တွေးမိခဲ့တယ်။ အဲဒါနဲ့ ပထမဆုံးအကြိမ် ကျွန်မ ဆေးမင်ကြောင်ထိုးခဲ့တယ်။ သတင်းစာတွေထဲမှာတော့ သတင်းကြီးကိုဖြစ်သွားရော။ “လီနာ့မှာ မြွေပုံ တက်တူးနဲ့”တဲ့။ အဲဒါ မြွေပုံ ဆေးမင်ကြောင်ရုပ်မဟုတ်ပါဘူး။

**ဒါဖြင့် ဘာပါလဲခင်ဗျာ။**

အသည်းနှလုံးပုံမှာ နှင်းဆီတစ်ပွင့်နဲ့ပါ။

**တင်းနစ်ကစားတာ ပြီးသွားရင် ခင်ဗျား ဘာများလုပ်ချင်သလဲ။**

အင်း၊ ကျွန်မ တင်းနစ်ကနေ အနားယူသွားရင်တော့ အိမ်ရှင်မပဲဖြစ်ချင်ပါတယ်။ တကယ်ပါ။ ကျွန်မ အမေနဲ့လည်း နည်းနည်းတော့ပိုစိတ်တူမှာပေ့ါ။ ကျွန်မ ငယ်ငယ်တုန်းက အမေက ကျွန်မနဲ့ အဖေ့ကို သိပ်ဂရုစိုက်ခဲ့တယ်။ ကျွန်မမှာ သားသမီးတွေရှိလာရင်လည်း သူတို့ကျောင်းက ပြန်လာရင် အိမ်မှာ အမြဲပျော်ပျော်ရွှင်ရွှင် နေအောင်လုပ်မယ်။


*—Ref: Ten Questions for Li Na*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.16 • JULY 7, 2011

## ရန်ပုံငွေ လှူဒါန်းမှုနှင့် ပတ်သက်၍ လေဒီဂါဂါ တရားစွဲခံရ



**လန်ဒန်၊ ဇွန် – ၂၈**

ပေါ့ပ်စတား အဆိုတော် လေဒီဂါဂါသည် ဂျပန်ငလျင်ဒဏ်ကယ်ဆယ်ရေးအတွက် ခါးပတ်ကြိုးများ ရောင်းချသည့်ကိစ္စနှင့် ပတ်သက်၍ အကျိုးအမြတ်ရယူခဲ့သည်ဟု မစ်ရှီဂန်ရှိ ဖက်ဒရယ်တရားရုံး၌ တရားစွဲဆိုခြင်း ခံထားရကြောင်းသိရသည်။ အဆိုပါ စွဲချက်တွင် ဂါဂါသည် သူမ၏ We Prays for Japan ခါးပတ်ကြိုးများကို ကိုယ်ပိုင်ဝက်ဘ်ဆိုက်မှတစ်ဆင့် ငလျင်ဒဏ်ခံပြည်သူများထံ လှူဒါန်းရန် တစ်ခုလျှင် ငါးဒေါ်လာနှုန်းဖြင့် ရောင်းချခဲ့ရာတွင် အကျိုးအမြတ်ရယူခဲ့ကြောင်း ဖော်ပြထားသည်။

မစ်ရှီဂန်မှ ဥပဒေကွန်ရက်အဖွဲ့ ၁၈၀၀ LAWFIRM မှရှေ့နေ အဲလစ်ဆင်အိုလီဗာကလည်း "ဒီအမှုနဲ့ပတ်သက်လို့ ကျွန်တော့်ရည်ရွယ်ချက်ကတော့ လေဒီဂါဂါလုပ်ခဲ့တဲ့ မသင့်တော်တဲ့ ကိစ္စတွေကိုထုတ်ဖော်ဖို့ပါ။ ပြီးတော့ ဂျပန်ကဒုက္ခသည်တွေကို သင့်လျော်တဲ့ လှူဒါန်းမှုတွေ အပြည့်အဝလုပ်ဖို့ ဖြစ်ပါတယ်" ဟုပြောသည်။

လေဒီဂါဂါသည် ဂျပန်ဒုက္ခသည်များအတွက် ခါးပတ်ကြိုးများနှင့် အခြားပစ္စည်းများ ရောင်းချခြင်းမှ ရန်ပုံငွေ ကန်ဒေါ်လာ သုံးသန်းခန့်ကိုလှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ ယခု အမှုစွဲချက်နှင့် ပတ်သက်၍ လေဒီဂါဂါနှင့် သူမ၏ ကိုယ်စားလှယ်တို့ဘက်မှ မှတ်ချက်မပေးသေးပေ။ လေဒီဂါဂါသည် ကမ္ဘာ့အကျော်ကြားဆုံး အနုပညာရှင်အဖြစ် ပြီးခဲ့သည့်လက Forbes မဂ္ဂဇင်း၏ သတ်မှတ်ခြင်းကိုခံခဲ့ရသည်။

—Ref: AP



## ဖြူဖြူကျော်သိန်း ပြောပြတဲ့ စေတနာတရား

ချမ်းခိုက်ခိုက်

**နှစ်စဉ် ဧပြီလ ၃၀ ရက်ရောက်တိုင်း သူမရဲ့မွေးနေ့အလှူအဖြစ် ပရဟိတလုပ်ငန်းတွေ၊ လူမှုအကျိုးပြုလုပ်ငန်းတွေကိုငွေသိန်းချီလှူလေ့ရှိတဲ့အဆိုတော်က ဖြူဖြူကျော်သိန်းပါ။ အလှူတွေအများကြီး လုပ်နိုင်တိုင်း ဖြူဖြူကျော်သိန်းဆိုတဲ့နာမည် အရှိန်အဝါရှိတိုင်း ပိုက်ဆံတွေအများကြီးရှာနိုင်မယ်လို့ထင်ပြီး တချို့သောလူတွေရဲ့ သူမအပေါ် ဆက်ဆံပုံဆက်ဆံနည်းကို စိတ်ပျက်လက်ပျက်နဲ့ ရယ်ချင်စိတ်လည်းဖြစ်မိပါတယ်ဆိုတဲ့ ဖြူဖြူကျော်သိန်းက အဲဒီခံစားချက်တွေကို ဒီကဏ္ဍလေးကနေပြောပြခဲ့ပါတယ်။**

အခုလတ်တလော ပြောချင်တာဆိုရင် နည်းနည်းတော့ ရယ်ရတယ်။ ဖြူဖြူ အလှူလုပ်တာနဲ့ ပတ်သက်ပြီးတော့ပေါ့။ Ironic ဖြစ်တယ်ခေါ် ရမှာပေါ့။ တကယ်တော့ ဖြူဖြူက ပိုက်ဆံချမ်းသာလွန်းလို့ လှူတာမဟုတ်ပါဘူး။ ကိုယ်ချမ်းသာတာကစေတနာပါ။ စေတနာချမ်းသာလို့လှူနေတာပါ။ ဒါကို တချို့ ဖြူဖြူ့ဆီက ပိုက်ဆံလိုချင်တဲ့သူတွေက ပိုက်ဆံသိပ်ရှိတယ်မှတ်ပြီး မတန်တဆဈေးတွေ ပြောပြောပြီး တောင်းတတ်တာတွေ တွေ့လာရတယ်။ (ရယ်လျက်) ဥပမာ နှစ်သိန်းခွဲတန်ရင် သုံးသိန်းခွဲပြောမယ်။ သိန်းရှစ်ရာတန်ရင်သိန်းတစ်ထောင်ခေါ်မယ်။ စသဖြင့်ပေါ့။ တစ်နှစ်တစ်နှစ် အလှူလုပ်ပြီးတိုင်း ကြုံရတတ်တဲ့အဖြစ်အပျက်ပါ။ ဖြူဖြူကျော်သိန်းဆိုရင် နည်းနည်းတော့ ပိုတောင်းလိုက်မယ်ဆိုပြီး အိုင်ဒီယာတွေ ရကုန်ကြတယ်ထင်တယ်။


အဲဒါကြောင့် Celebrities Talk ကဏ္ဍအတွက် ဒီအကြောင်းအရာကို အဓိကပြောချင်တာ။ တချို့ကျတော့လည်း တကယ်ပဲ တန်ရာတန်ကြေးနဲ့ စေတနာနဲ့ လုပ်ပေးကြတာလည်းရှိကြသလို တချို့ကျတော့လည်း လူ့ရဲ့စိတ်ဓာတ်ပေါ့။ လူတစ်ယောက်ချင်းစီရဲ့စိတ်ဓာတ်ပေါ် မှာပဲမူတည်တယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ များသောအားဖြင့် ကိုယ်ဒီလိုတွေ ကြုံလာတော့ စိတ်ထဲမှာ တစ်ခါတလေ စိတ်မကောင်းဖြစ်မိတယ်။ အစ်မက ပိုက်ဆံပေါလို့လှူတာ မဟုတ်ဘူး။ အစ်မမှာအပေါဆုံးက စေတနာပဲ။ အခုလိုစေတနာပေါ နေတာကို လူပေါကြီးလို့များ ထင်နေလားမသိဘူး။

စာ(၄၉)သို့

အင်တာနက်မှာ ထင်ရှားကျော်ကြားတဲ့အနုပညာရှင်တွေရဲ့ ပုံစံမျိုးစုံနဲ့ ဓာတ်ပုံတွေ၊ သတင်းတွေ ပျံ့နှံ့ခဲ့တာ ထူးခြားတဲ့ကိစ္စမဟုတ်တော့ပေမယ့် အခုနှစ်ထဲမှာတော့ အနုပညာရှင်တွေရဲ့သတင်းတွေ၊ ဓာတ်ပုံတွေက ပုံစံတစ်မျိုးနဲ့ အင်တာနက်စာမျက်နှာတွေပေါ်မှာ၊ အီးမေးလ်တွေမှာ ပိုမိုပျံ့နှံ့လာခဲ့ပါတယ်။ အဲဒီထဲက ပရိသတ်တွေအတွက် စိတ်ဝင်စားစရာအသစ်တစ်ဖန်ပြန်လည်ဖြစ်ပေါ်လာပါတော့တယ်။ နည်းပညာတိုးတက်မှုနဲ့အပြိုင် ကိုယ်ပိုင်ဘဝလွတ်လပ်မှုကိုပါခြိမ်းခြောက်လာနေတဲ့ယနေ့ခေတ်မှာ လူထုကြားက Public Figures တွေဖြစ်တဲ့ ထင်ရှားကျော်ကြားသူအချို့ရဲ့ လက်ရှိနည်းပညာတိုးတက်လာမှုကြောင့် ၎င်းတို့ဘဝအပေါ် သက်ရောက်မှုသဘောထားတွေကို စုစည်းတင်ဆက်လိုက်ပါတယ်။


## အင်တာနက်စာမျက်နှာများနှင့် သူတို့အသံ

အေးသူစံ




**နေတိုး**

တန်ဆေးလွန်ဘေးဆိုတဲ့ စကားလိုပါပဲ။ ကိုယ်ကိုယ်တိုင်ရဲ့ နေထိုင်ပြုမူပုံပေါ် မှာအများကြီး မူတည်ပါတယ်။ ကိုယ်က ဘယ်နေရာမှာဖြစ်ဖြစ် သတိလေးနဲ့နေမယ်ဆိုရင် ဒါမျိုးတွေဖြစ်စရာ မရှိနိုင်ပါဘူး။ ဒီခေတ်ကလည်း နည်းပညာတွေက အရမ်းတိုးတက်လာတော့ ဒီလိုအင်တာနက်တွေပေါ် ပုံတွေတင်တဲ့ကိစ္စကနည်းနည်းတော့ အန္တရာယ်ရှိတာပေါ့။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပြီးနေထိုင်မယ်ဆိုရင်တော့ ပိုလုံ ခြုံတာပေါ့။



**သက်မွန်မြင့်**

အင်တာနက်မှာ ပုံတွေ အတင်ခံရတာနဲ့ပတ်သက်ရင် ကိုယ့်ရဲ့အနေအထိုင်ပေါ် မှာလည်း မူတည်ပါတယ်။ ဒါပေမဲ့ လုပ်ချင်တာလုပ်လို့ရနေတဲ့ ဒီခေတ်ကြီးထဲမှာ ဘာမှကိုပြောလို့မရပါဘူး။ အခုထိတော့ သက်မွန်ရဲ့ပုံတွေ ဒီလိုမျိုး မဟုတ်တရုတ် မပါသေးတာ အတွက်တော့ ဒီလိုလုပ်နေတဲ့လူတွေရဲ့ သက်ညှာမှုတစ်ခုလို့ပဲ ပြောရမှာပေါ့။ ကိုယ့်ဘက်ကတော့ လုံခြုံအောင်တော့ နေရတာပေါ့လေ။




**ကျော်ကျော်ဗို**

ကိုယ်လုံအောင်ဝတ်ရင် တော့လုံမှာပေါ့။ မလုံအောင် ဝတ်ရင်တော့ မလုံဘူးပေါ့။ အဓိကက ဒါပါပဲ။ နည်းပညာ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လုံခြုံမှုဆိုတာက နည်းလာတာပါပဲ။ ဒါက တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဖြစ်နေကြတာပါ။ တစ်ကမ္ဘာလုံးမှာလည်း ကျော်ကြားသော အနုပညာရှင်တွေ ဖြစ်နေကြတာပဲ။ ကိုယ့်အပေါ် ပဲမူတည်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းဖို့လည်းလိုပါတယ်။ ဓာတ်ပုံဆိုတာ ကိုယ်အရိုက်ခံရင် ကိုယ့်ပုံပါမှာပါပဲ။ ခိုးရိုက်ခံရတာတွေလည်း ရှိကောင်းရှိပါလိမ့်မယ်။ အဲဒီတော့တရားသဘောအရပြောရရင် သွားသတိ၊ လာသတိ၊ စားသတိ၊ နေသတိပေါ့ဗျာ။ (ရယ်လျက်)



**မိုးယုစံ**

လူတစ်ယောက်ရဲ့သိက္ခာပိုင်းအရတော့ လုံးဝမလုပ်သင့် ဘူးလို့ထင်ပါတယ်။ မိန်းကလေးတစ်ယောက်ဖြစ်တဲ့အတွက် အဲဒီလိုမျိုးကြီး အင်တာနက်မှာ ပုံတွေတင်ခံရတာမျိုးတော့ မကောင်းပါဘူး။ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ကျခြေပျက်ယွင်းပါတယ်။ မိုးယုတို့ဆို အရမ်းဂရုစိုက်ရတယ်။ ရှော့ပင်းမောလ်တွေမှာ အဝတ်အစားသွားဝယ်ရင်တောင် အကျီလဲဝတ်ရင် အဝတ်လဲခန်းမှာ မီးတွေအကုန်ပိတ်ပြီး မမြင်မစမ်းနဲ့ ဝတ်ကြည့်ရတယ်။ ကိုယ့်ဘက်က လုံခြုံအောင်နေတာ အကောင်းဆုံးပါပဲ။



**စိုင်းစိုင်းခမ်းလှိုင်**

ကျွန်တော့်အမြင်တော့ အခုလို အင်တာနက်ပေါ် မှာ ကိုယ်မဟုတ်ပါဘဲနဲ့ ပုံတွေတင်ခံရတာ ဘာမှ မတတ်နိုင်သလိုပဲခံစားရတယ်။ တစ်ကမ္ဘာလုံး တိုးလျှိုပေါက်ဖြစ်နေတဲ့သတင်းပေးပို့မှုမှာတစ်ယောက်ယောက်က မသမာလိုက်ရင်လည်း ကျွန်တော်တို့ဘာမှမတတ်နိုင်ပါဘူး။ ကျွန်တော့်မျက်နှာနဲ့ မီဂန်ဖောက်စ် ကိုယ်လုံးတီး ပုံစံတပ်ပြီး ဝက်ဘ်ပေါ် တင်လိုက်လည်း ကျွန်တော်ဘာမှမတတ်နိုင်ဘူး။ ကျွန်တော်ဘယ်သူလုပ်တာလဲလို့ သွားရှာလို့မရဘူးလေ။ တစ်ခုတော့ရှိတယ်။ အင်တာနက်ပေါ် မှာလူမျိုးတစ်ရာ့တစ်ပါးက လူမျိုးစုံကရေးလိုက်တိုင်းတော့ အမှန်ဖြစ်မယ်လို့တော့ ယူလို့မရ ဘူး။ စိုင်းစိုင်းခမ်းလှိုင်ရဲ့ ဓာတ်ပုံတွေဆိုတာက နေရာတိုင်းမှာ ရနိုင်တယ်လေ။ စိုင်းစိုင်းပုံတင်ပြီးတော့ စိုင်းစိုင်းနာမည်ခံပြီးကောင်မလေးတွေကို လှည့်စားနေမယ်ဆိုရင်တော့ အဲဒါကိုလည်းသတိထားပေးပါလို့ တစ်လက်စတည်းပြောချင်ပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011


# ပထမဆုံးရုပ်ရှင်ရုံသုံးရုံပါသည့် Junction Square မကြာမီဖွင့်မည်

**အေးသူစံ၊ အိဖြူမွန်**
**ရန်ကုန်၊ ဇူလိုင် ၂**

ပထမဆုံး အဆင့်မြင့် ရုပ်ရှင်ရုံ သုံးရုံပါဝင်မည့် Junction Square ကို မကြာမီဖွင့် လှစ်တော့မည် ဖြစ်ပြီး ဆိုင်ခန်း ဖွင့်လှစ်လိုသူ များကို စတင်ဖိတ်ခေါ်ရောင်းချ နေပြီဖြစ်ကြောင်း ယင်းစင်တာ၏ တာဝန်ရှိသူတစ်ဦးက ပြောကြား သည်။

ရုပ်ရှင်ရုံသုံးရုံအနက် ပထမ ထပ်တွင်နှစ်ရုံထားရှိတည်ဆောက် ထားပြီး ဒုတိယထပ်တွင် တစ်ရုံ ကို တည်ဆောက်ထားသည်။ အခြား အဆင့်မြင့်ရုပ်ရှင်ရုံများနည်း တူ မြန်မာရုပ်ရှင်ဇာတ်ကားသစ် များနှင့်နိုင်ငံခြားရုပ်ရှင်ဇာတ်ကား များကို ရုံတင်ပြသသွားမည်ဖြစ်ပြီး တစ်ရုံလျှင် ထိုင်ခုံ ၂၅၀ ဆံ့ တည် ဆောက်ထားကြောင်း သိရသည်။ သုံးရုံပေါင်းလျှင်ထိုင်ခုံပေါင်း၇၀၀ ရှိမည်ဖြစ်ပြီး ဂျန်းရှင်းမော်တင် ကဲ့သို့ပင် ဈေးဝယ်ရင်း အနားယူ ကြည့်ရှုနိုင်မည့် နိုင်ငံတကာ အဆင့်မီ Junction Cineplex ဖြစ် ကြောင်း သိရသည်။

ယခုဖွင့်လှစ်တော့မည့် ရုပ်ရှင်ရုံသုံးရုံပါ Junction Square စင်တာသည်ကိုးကေကျယ်ဝန်းပြီး စတုရန်းပေ ၃၀၀၀၀၀ ကျယ်ဝန်း ကာ ကားအစီးရေ ၄၀၀ ကျော် ရပ်နားနိုင်သော ကားပါကင်ကို လည်း တည်ဆောက်ထားသည်။ ပြည်လမ်းနှင့် ကျွန်းတောလမ်း ကြားတွင် တည်ရှိပြီး ယခု စင်တာ နှင့်ဆိုပါက Juuction စင်တာများ မှာ ငါးခုမြောက်ဖွင့်လှစ်နိုင်တော့ မည်ဖြစ်သည်။



မြန်မာနိုင်ငံတွင် ဈေးဝယ် စင်တာနှင့်တွဲလျက် ရုပ်ရှင်ရုံများ ထည့်သွင်းခဲ့ခြင်းကို ပထမဆုံး စတင်ခဲ့သည့် Junction စင်တာ များကို ဖွင့်လှစ်ခဲ့သော ရွှေတောင် ကုမ္ပဏီသည် ၁၉၉၉ ခုနှစ်တွင် Junction 8၊ ယင်းနောက် Junction ဇဝန တို့ကို ဖွင့်လှစ်ခဲ့ပြီး ပထမဆုံး ရုပ်ရှင်ရုံပါ Junction နေပြည်တော်ရှော့ပင်းစင်တာကို နေပြည်တော်တွင် ၂၀၀၉ ခုနှစ် တွင်လည်းကောင်း၊ ပထမဆုံး ရုပ်ရှင်ရုံနှစ်ရုံပါ ဂျန်းရှင်းမော်တင် ကို ၂၀၁၀ ပြည့်နှစ်တွင် လည်း ကောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ ဆက်လက်ပြီး Junction စင်တာအသစ် များကို ထပ်မံဖွင့်လှစ်သွားနိုင်ရန် စီစဉ်နေကြောင်း Shopping စင်တာများ၏ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စန္ဒာထွန်းက ပြောသည်။






7DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011



## စီးတီးအက်ဖ်အမ်၏ ကိုးနှစ်မြောက် စီးရီးရောင်းရငွေမှ ထက်ဝက်ကို လူမှုရေးလုပ်ငန်းသို့ လှူဒါန်းမည်

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် ၂**

စီးတီးအက်ဖ်အမ်၏ ကိုးနှစ်မြောက်နှစ်ပတ်လည်အဖြစ် ယခုနှစ် ဇန်နဝါရီလက ပြုလုပ်ခဲ့သော တေးဂီတဖျော်ဖြေပွဲကို စီးရီးအဖြစ် ပြန်လည်ဖြန့်ချိခဲ့သည့် 'ချစ်ခြင်းရဲ့နေ့သစ်တိုင်း' တေးစီးရီး ရောင်းချရငွေများထဲမှ တစ်ဝက်တိတိ (၅၀ ရာခိုင်နှုန်း)အား လူမှုရေး လုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း အဆိုပါအခွေကို ထုတ်လုပ်သည့် Myanmar Distribution Group မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မနှစ်က ထွက်ခဲ့တဲ့ စီးတီးအက်ဖ်အမ်ရှစ်နှစ်မြောက်စီးရီးတုန်းကလည်း ရောင်းချရငွေထဲက တစ်ဝက်ကို ဟယ်လပင်လမ်းမှာရှိတဲ့ ကလေးဆေးရုံကို ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလထဲမှာ သွားရောက်လှူဒါန်းခဲ့ပါတယ်။ အခုခွေကိုလည်း ရောင်းရငွေ ၅၀ ရာခိုင်နှုန်းကို လူမှုရေးအတွက် လိုအပ်တဲ့နေရာတွေမှာ လှူသွားဖို့ စီစဉ်ထားပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ 'ချစ်ခြင်းရဲ့ နေ့သစ်တိုင်း' စီးရီးတွင် ဇော်ပိုင်၊ မင်းမော်ကွန်း၊ R ဇာနည်၊ စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ မိုးမိုး၊ အောင်ရဲလင်း၊ ဖြိုးသီဟ၊ သွန်းရွှေသျှံ၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ ရေဗက္ကဝင်း၊ ခေမီကို၊ ချမ်းချမ်း၊ ဂျင်နီ၊ ဝိုင်းစုခိုင်သိန်း၊ ရတနာမိုင်၊ စိုးပြည့်သဇင်၊ အေသင်ချိုဆွေနှင့် အယ်နီရှိုင်းတို့ သီဆိုထားပြီး စိုင်းစိုင်းခမ်းလှိုင်၊ ချမ်းချမ်းနှင့် ဂီတမိတ် Choir အဖွဲ့ ဖျော်ဖြေမှုဖြင့် တွဲဖက်သီဆိုထားသော 'အိုကမ္ဘာမြေ' သီချင်းမှာ ပရိသတ်အကြားရေပန်းစားလျက်ရှိသည်။ ယင်းသီချင်းကို ယခင်က နန္ဒစိုင်းဖြင့် တွဲဖက်သီဆိုထားပြီး ယခုအခါ ချမ်းချမ်းဖြင့် တွဲဖက်သီဆိုထားခြင်းကြောင့် ပုံစံတစ်မျိုးဖြင့် ပရိသတ်ကြိုက်နှစ်သက်မှုကို ရရှိနေခြင်းဖြစ်သည်။

## မဲလ်ဂစ်ဘ်ဆင်တို့ ဇနီးမောင်နှံ ကွာရှင်းတော့မည်

**လော့စ်အိန်ဂျလိစ်၊ ဇွန် - ၂၉**

ဟောလိဝုဒ်မင်းသားကြီး မဲလ်ဂစ်ဘ်ဆင်နှင့် ၎င်း၏ကာလရှည်ကြာလက်တွဲခဲ့သော ဇနီးသည် ရော့ဘင်တို့၏ လင်မယားကွာရှင်းရေးကိစ္စမှာ အပြီးသတ်လုနီးပါး ဖြစ်နေပြီဖြစ်ကြောင်း မီဒီယာသတင်းများတွင်ဖော်ပြသည်။ ရော့ဘင်၏ ရှေ့နေက လော့စ်အိန်ဂျလိစ်တရားရုံးတော်မှ တရားသူကြီးသည် ၎င်း၏ ကွာရှင်းခွင့်ကိစ္စများကို အတည်ပြုပြီးဖြစ်ကြောင်း၊ နောက်ဆုံးအနေဖြင့် စာရွက်စာတမ်းဖြင့် ရုံးတော်ခွင့်ပြုချက် ထုတ်ပြန်ရန်သာ ကျန်တော့ကြောင်း ဆိုသည်။ ရှေ့နေက အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခြင်းမရှိသော်လည်း တရားရုံးသည် လင်မယားကွာရှင်းမှုကိစ္စအား လာမည့်သြဂုတ်လတွင် အပြီးသတ်ဆောင်ရွက်ပေးမည်ဟု မျှော်လင့်ကြောင်းပြောသည်။ မဲလ်ဂစ်ဘ်ဆင်နှင့် ဇနီးသည်ရော့ဘင်တို့သည်(၂၈နှစ်)ကြာ အိမ်ထောင်ရေးသက်တမ်းရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်မှစ၍ ရော့ဘင်ဘက်မှ နှစ်ဦးအကြား ကွဲပြားခြားနားမှုများရှိနေသဖြင့် ကွာရှင်းခွင့်ပေးရန် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့လင်မယားသည် မဲလ်ဂစ်ဘ်ဆင် အရက်မူးကားမောင်း၍ အဖမ်းခံရပြီးနောက် ၂၀၀၆မှစ၍ သီးခြားစီ ခွဲခွာနေထိုင်ခဲ့ကြသည်။

—Ref: AP

## အနုပညာသတင်းတိုများ

**အေးသူစံ**

■သရုပ်ဆောင်မိုးယံဇွန်၏ ၂၃ နှစ်မြောက် မွေးနေ့အလှူအဖြစ် ဇွန်လ ၂၅ ရက်နေ့နံနက်က ရန်ကုန်မြို့၊ ၃၅ လမ်း ဓမ္မာရုံအနီးတွင် ဖွင့်လှစ်ထားသော ကိုလူချောအဖွဲ့ရုံးခန်းသို့ ငွေကျပ်သုံးသိန်း သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ အလှူငွေကို ကိုလူချောအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ သရုပ်ဆောင် အောင်ခိုင်က လက်ခံခဲ့ကြောင်း သိရသည်။

■ဇာတ်မင်းသားများဖြစ်ကြသူ မင်းသား ဖိုးချစ်၊ မင်းသားဟန်ဇာမိုးဝင်းနှင့် မင်းသားစွမ်းဇာနည်တို့အား မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးကိုယ်စား ရခိုင်ပြည်နယ်၏ ဂီရိလေဘေးရန်ပုံငွေရရှိနိုင်ရန်နှင့် မြန်မာအမျိုးသမီးများနေ့ရန်ပုံငွေရရှိနိုင်ရန် ကြိုးပမ်းရာတွင် ထိုက်တန်စွာ ကြိုးစားဆောင်ရွက်ခဲ့သည့်အတွက် ယင်းအစည်းအရုံးမှ ဂုဏ်ပြုပွဲကို ဇွန်လ ၃၀ ရက်နေ့က အစည်းအရုံးတည်ရှိရာ လသာမြို့နယ်၊ ၂၁လမ်း၌ ပြုလုပ်ခဲ့သည်။ ယင်းဂုဏ်ပြုပွဲတွင် ဦးစိန်မာဒင်၊ ဦးရဲဒွေး၊ ဦးမိုးဝင်းတို့က ဂုဏ်ပြုစကားပြောကြားခဲ့ပြီးဇာတ်မင်းသားသုံးဦးကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

■ဟစ်ဟော့ပ်သီချင်းများကို Orchestra တီးဝိုင်းကြီးဖြင့် တွဲဖက်ဖျော်ဖြေမည့် Hip Hop Orchestra ဖျော်ဖြေပွဲကြီးကို ဘိုဘိုအန်တာတိန်းမန့်မှ ကျင်းပရန်စီစဉ်နေကြောင်း သိရသည်။ ယင်းဖျော်ဖြေပွဲကြီးတွင် မြန်မာပြည်မှ နာမည်ကျော်ဟစ်ဟော့ပ်အဆိုတော်အများစု ပါဝင်နိုင်ရန် စီစဉ်နေသည်ဟုလည်း သိရသည်။

## ကလေးယူဖို့ အစီအစဉ်ရှိနေတဲ့ ဘီယွန်စေး

**လော့စ်အိန်ဂျလိစ်၊ ဇွန် - ၂၉**

အဆိုတော် ဘီယွန်စေးက သူမသည်အသက် ၃၀ အရွယ်၌ ရင်သွေးတစ်ဦး မွေးဖွားထားချင်ကြောင်း ဖွင့်ဟပြောကြားလိုက်သည်။ အဆိုတော်ရက်ပ်ပါဂျေဇီးနှင့် လက်ထပ်ထားသည့် ဘီယွန်စေးသည် မူလကပင် အသက်သုံးဆယ်အရွယ်နား ရောက်ပါက အများမြင်ကွင်းမှ ထွက်ကာ မိသားစုဘဝကို စတင်ချင်ကြောင်း ထုတ်ပြောခဲ့ဖူးသည်။ သူမက "အသက် ၃၀ မှာ ကလေးယူချင်တယ်လို့ ကျွန်မအမြဲပြောခဲ့ပါတယ်။ အခုကျွန်မ ၂၉ နှစ်ရှိပါပြီ။ ဒါပေမဲ့ ၃၀မှာနားမယ်လို့ ကျွန်မပြောနေရတုန်းပဲ။ အနားကလည်း မယူနိုင်သေးပါဘူး" ဟုပြောသည်။

ဘီယွန်စေးက အသက် ၂၀ တန်းအရွယ်နှင့် ၃၀ တန်းအရွယ်တို့သည်လည်း ရင့်ကျက်မှုအပိုင်းတွင်မတူညီကြောင်းဆိုသည်။ သူမက "၃၀ ဆိုတာ စံပြအရွယ်လို့ ကျွန်မထင်ပါတယ်။ အကြောင်းကကိုယ်ဘယ်သူလဲဆိုတာ သိနားလည်ပြီး ရင့်ကျက်လာလို့ပါ။ မိန်းမပျိုတစ်ယောက် ဘဝကတော့ ကျန်ခဲ့ပါပြီ။ ရှေ့ဆက်ရင့်ကျက်စွာ နေသွားဖို့ပဲ ကြည့်ပါတယ်" ဟုပြောသည်။ အဆိုတော် ဘီယွန်စေးသည် လာမည့်စက်တင်ဘာလတွင် အသက်သုံးဆယ်ပြည့်မည်ဖြစ်သည်။

—Ref: Showbiz

## စာ - ၄၇၊ ဖြူဖြူကျော်သိန်းနှင့်အင်တာဗျူး မှ

ကိုယ်တတ်နိုင်တဲ့ အင်အားနဲ့ လှူဖို့ ကြိုးစားတုန်း အခုလိုတွေ ကြုံကြိုက်လာတဲ့အခါ တစ်ခါတလေ စိတ်ထဲမှာ ကသိကအောက်တော့ ဖြစ်မိတာပေါ့။

အစ်မတို့ အနုပညာရှင်တွေဆိုတာ ပရိသတ်ပေးတဲ့ပိုက်ဆံ၊ ပရိသတ်ကျွေးတဲ့ထမင်းနဲ့တင့်တောင့်တင့်တယ်လေးတော့ နေရတာ ဟုတ်ပါတယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့ တခြားနိုင်ငံက အနုပညာရှင်တွေလိုမျိုး ကိုယ်ပိုင်ဂျက်လေယာဉ်ပျံတောင်ဝယ်မစီးနိုင်ပါဘူး။ သိန်းလေးငါးထောင်တန်ကားတို့၊ တိုက်တို့နဲ့လည်း အစ်မတို့သမ္မာအာဇီဝ အလုပ်အကိုင်နဲ့ဆို မနေနိုင်ပါဘူး။ မစီးနိုင်ပါဘူး။ ကိုယ်က သမ္မာအာဇီဝနဲ့ပဲရှာတယ်။ သမ္မာအာဇီဝနဲ့ ရတဲ့ပိုက်ဆံနဲ့ဝယ်တဲ့ပစ္စည်းတွေကို သုံးရတာ စိတ်လည်း သန့်တယ်။ ဂုဏ်လည်းယူတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့ သမ္မာအာဇီဝနဲ့ ရှာတဲ့ ဝင်ငွေအတွင်းမှာ တင့်တောင့်တင့်တယ်နဲ့နေနိုင်တာကို ဂုဏ်ယူတယ်။ ကျေနပ်တယ်။ ပီတိဖြစ်တယ်။ တခြားနိုင်ငံကလူတွေနဲ့တော့ ဘယ်လိုမှ ယှဉ်လို့ မရဘူး။ အခြေအနေတွေ အများကြီး ကွာခြားတာကိုး။ တချို့လူတွေရဲ့ စိတ်ထဲမှာကျတော့ ဖြူဖြူကျော်သိန်း နာမည်ကြားလိုက်တာနဲ့ ပိုက်ဆံတွေ အများကြီးရှာနိုင်မှာပဲ၊ နာမည်ကြီးပဲဆိုပြီး ငါတို့တော့ တောင်းပစ်လိုက်မှာပဲဆိုပြီး Reason လိုမတွေးဘူးကွာ။ သူ့ရဲ့ ပစ္စည်းတစ်ခုကို တကယ်တမ်း ရှိတဲ့တန်ဖိုး နှစ်သိန်းခွဲအစား ဘယ်နားသွားမေးမေး ဒီလောက်ပဲရှိရမယ်ဆိုရင် သူ့ရဲ့လောဘရမ္မက်ဇောကြောင့်ပဲဖြစ်ဖြစ်၊ အစ်မနာမည်ကိုကြားလို့ပဲဖြစ်ဖြစ် သူက တော့ရှာနိုင်တာပဲဆိုပြီး မရရအောင် ပိုတောင်းပစ်လိုက်မယ်ဆိုတာမျိုးကိုတော့ စိတ်မကောင်းလည်းဖြစ်တယ်။ အံ့လည်း အံ့သြတယ်။ ကိုယ်လည်း ခဏခဏကြုံရလွန်းလို့ပါ။ တော်ရုံတန်ရုံဆို အစ်မကမပြောပါဘူး။ အောင့်အည်းသည်းခံထားပါတယ်။

အစ်မရဲ့အရှိန်အဝါကြောင့် အဲဒီလို ပိုတောင်းတတ်တဲ့ကိစ္စတွေနဲ့ကြုံလာရရင် အစ်မက မသုံးဘူး။ အစ်မက အရမ်းစဉ်းစားတဲ့ မိန်းမ။ Reasonable မဖြစ်ရင် အစ်မက ဘယ်တော့မှ ဘာမှမလုပ်ဘူး။ ငါ့ကိုအချဉ်ဖမ်းနေတာလားဆိုတာ အစ်မက သိတယ်။ အရင်ကတော့ နည်းနည်းပါးပါး ခံရတယ်။ အခုကျတော့ ခံရပါများလို့သိသွားပြီ။ တစ်ခါသေဖူးပျဉ်ဖိုးနားလည်လေ။ ထပ်ခံရရင်တော့ ကိုယ်ညံ့ရာကျမယ်လေ။ ကိုယ်ရှောင်ရမယ်ပေါ့။

အဓိက အစ်မ ပေးချင်တဲ့ မက်ဆေ့ချ်ကတော့ ပိုက်ဆံပေါလွန်းလို့ လှူနေတာလည်း မဟုတ်ပါဘူး။ အစ်မမှာ အပေါ်ဆုံးက စေတနာမို့ အဲဒီစေတနာ ရေစီးကမ်းပြိုလိုက်နေတာကြောင့် တစ်နှစ်တစ်နှစ် လှူဖြစ်နေတာ။ လှူဖြစ်တဲ့ အခွင့်အရေးကိုလည်း ဘုရားက ပေးထားတယ်။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Cars 2 | Walt Disney | ၆၆,၁၃၅,၅၀၇ | ၁ |
| ၂။ | Bad Teacher | N/A | ၃၁,၆၀၃,၁၀၆ | ၁ |
| ၃။ | Green Lantern | Warner Bros: | ၈၈,၉၈၉,၄၇၇ | ၂ |
| ၄။ | Super 8 | Paramount Pic: | ၉၅,၁၁၄,၃၂၄ | ၃ |
| ၅။ | Mr. Popper's Penguins | 20th Century Fox: | ၃၉,၂၉၃,၃၄၁ | ၂ |
| ၆။ | X-Men: First Class | 20th Century Fox: | ၁၃၂,၈၉၅,၄၀၈ | ၄ |
| ၇။ | The Hangover Part II | Warner Bors: | ၂၄၃,၆၅၁,၈၆၀ | ၅ |
| ၈။ | Bridesmaids | University Pic: | ၁၄၆,၅၄၇,၃၁၅ | ၇ |
| ၉။ | Pirates of the Caribbean: On Stranger Tides | Walt Disney | ၂၂၉,၂၈၇,၂၂၆ | ၆ |
| ၁၀။ | Kung Fu Panda 2 | Dream Works Animation | ၁၅၃,၀၆၅,၆၄၁ | ၅ |

## Movie Review

### Lucky




ဘင်တစ်ယောက် ကန်ဒေါ်လာ ၃၆ သန်း ထီပေါက်သောအခါ လူစီက သူ့ကိုလက်ထပ်လိုက်သည်။ ပိုက်ဆံမက်၍ လက်ထပ်လိုက်ခြင်း ဖြစ်သော်လည်း လူစီတစ်ယောက်ဘင်အပေါ် သံယောဇဉ်တွယ်လာခဲ့သည်။ သို့သော် မကြာခင်မှာပင် ဘင်သည် ယခင်က အမျိုးသမီးများ တန်းစီ၍ သတ်ဖူးသူ လူသတ်သမားတစ်ယောက်ဖြစ်နေပြီး ၎င်းအမျိုးသမီးများအားလုံးမှာလည်း သူမနှင့် ခပ်ဆင်ဆင်တူသူများဖြစ်ကြောင်း သိရှိလာသောအခါ လူစီတစ်ယောက် ဘင်ကိုစွန့်ခွာမည်လား၊ သို့မဟုတ် သူချစ်သော ဘင်၏အမှုများကို ဖုံးကွယ်ထားမည်လားဆိုတာ. . .။

Gil Cates Jr. ရိုက်ကူးထားသည့် ဟာသဆန်ဆန်ဇာတ်ကားတွင် Colin Hanks၊ Ari Graynor၊ Ann Margaret တို့ ဦးဆောင်ပါဝင်ထားသည်။ Phase 4 Films က ဇူလိုင်လ ၁၅ ရက်နေ့တွင်ဖြန့်ချိမည် ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.10, No.16 • JULY 7, 2011


## မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်ကို ထုတ်ပယ်



ဓာတ်ပုံ - အောင်အောင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင် - ၁**

၂၀၁၄ ကမ္ဘာ့ဖလားအာရှဇုန် ပထမအဆင့် ခြေစစ်ပွဲအဖြစ် မွန်ဂိုလီးယားအသင်းအား (အဝေးကွင်း)တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်အပြီး မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်မီလန်ဇီဗာဒီနိုဗစ်အားထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခုနှစ်စပိုင်းမှစတင်၍ ၎င်း ဆာဘီးယားနည်းပြဆရာကိုင်တွယ်ခဲ့သည့် မြန်မာဘောလုံးအသင်းသည် မြန်မာအိုလံပစ်အသင်းနှင့် နှစ်ပွဲ၊ လက်ရွေးစင်အသင်းနှင့် လေးပွဲ၊ ခြေစမ်းပွဲတစ်ပွဲအပါအဝင် စုစုပေါင်း ၇ ပွဲကစားခဲ့ရာ နိုင်ပွဲတစ်ပွဲမျှမရရှိခဲ့ပေ။

၎င်းဆာဘီးယားနည်းပြဆရာ လက်ထက်တွင်မြန်မာအသင်းထက် ကမ္ဘာ့အဆင့်ရပ်တည်မှုပိုနိမ့်သည့်အသင်းသုံးသင်းအား ဆက်တိုက်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ လက်ရွေးစင်အသင်းအနေဖြင့်လည်း ပြီးခဲ့သည့် ၂၀၁၀ပြည့်နှစ်၊ဖေဖော်ဝါရီလမှစတင်ယှဉ်ပြိုင်ခဲ့သည့် AFC Challlenge Cup ပွဲစဉ်၌ တာဂျစ်ကစ္စတန်အသင်းအားသုံးဂိုး-ဂိုးမရှိရှုံးနိမ့်ခဲ့သည့် ပွဲစဉ်မှစတင်၍ ယခုကမ္ဘာ့ဖလားပထမအဆင့် ခြေစစ်ပွဲ မွန်ဂိုလီးယားအသင်းအား (အဝေးကွင်း)တွင် ရှုံးနိမ့်ခြင်းသည် ၁၁ ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆာဘီးယားနည်းပြဆရာအား ထုတ်ပယ်ပြီးနောက် ဦးဆန်းဝင်းအား နည်းပြချုပ်အဖြစ်နှင့် ဦးတင်မြင့်အောင်အား အသင်းမန်နေဂျာ၊ ဦးကြည်လွင်အား လက်ထောက်နည်းပြအဖြစ် ယာယီခန့်အပ်ခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်ပကစားသမားများ ဂိုးသွင်းပိုကောင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန် - ၂၂**

မြန်မာနေရှင်နယ်လိဂ် ဂိုးအများဆုံးသွင်းထားသူများ စာရင်းတွင် ပြည်ပကစားသမားများက အများဆုံးလွှမ်းမိုးထားကြသည်။

မြန်မာနေရှင်နယ်လိဂ် ၂၀၁၁ ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းမှ ဘရာဇီးတိုက်စစ်မှူးဂျူဗီနယ်က သွင်းဂိုးကိုးဂိုးဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသော်လည်း ကျန် ဂိုးသွင်းအများဆုံး စာရင်းဝင် ကစားသမားများထက် ဂိုးမကွာခြားလှ၍ ဒုတိယအကျော့တွင်ဂိုးသွင်းဘုရင်ဆုအတွက်ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိသည်။

တိုက်စစ်မှူးဂျူဗီနယ်သည် ယခုနှစ် ဘောလုံးရာသီမှ ရန်ကုန်အသင်းသို့ရောက်ရှိလာသူဖြစ်ပြီး ၎င်း၏နောက်တွင် ဧရာဝတီယူနိုက်တက်မှ ဂျူဗီတာ၊ ရတနာပုံအသင်းမှ အဆာလေနှင့် ဇေယျာရွှေမြေတိုက်စစ်မှူး ကျော်ကိုကိုတို့က သွင်းဂိုးရှစ်ဂိုးဖြင့် ဒုတိယနေရာတွင်ရပ်တည်လျက်ရှိသည်။

တတိယနေရာတွင်မူ ရန်ကုန်အသင်း၏ တိုက်စစ်မှူးတစ်ဦးဖြစ်သည့် ချားလ်အိုဘီက သွင်းဂိုးခုနစ်ဂိုးဖြင့် ရပ်တည်လျက်ရှိသည်။ ပြိုင်ပွဲအသင်းအားလုံး ပွဲစဉ် ၁၁ ပွဲစီ ကစားပြီးသည့် မြန်မာနေရှင်နယ်လိဂ် ၂၀၁၁ ပထမအကျော့ အပြီးတွင် ရန်ကုန်ယူနိုက်တက်က ရမှတ် ၂၆ မှတ်ဖြင့် ပထမနေရာမှ ဦးဆောင်ထားပြီး ၎င်း၏နောက်တွင် ဇေယျာရွှေမြေအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့က ကပ်လိုက်လျက်ရှိသည်။



ဓာတ်ပုံ - အောင်အောင်


စာ(၅၁)သို့




★★★အားကစားကြယ်ပွင့်★★★

## အကောင်းဆုံးဆုများအားလုံး သိမ်းပိုက်ထားသောဘောလုံးကဝေမ မာတာ

ကိုထိုက်

ကမ္ဘာ့အမျိုးသမီးဘောလုံးလောကမှာ မာတာလို့ဆိုလိုက်ရင် မသိသူမရှိတဲ့ ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးဘောလုံးသမားတစ်ဦးပါပဲ။ နာမည်ရင်းကတော့ မာတာ ဗီအေရာ ဒါဆေးလ်ဗားလို့ အမည်ရတဲ့ မာတာဟာ ဘရာဇီးအမျိုးသမီးလက်ရွေးစင်အသင်းရဲ့ မရှိမဖြစ် ရှေ့တန်းတိုက်စစ်မှူးတစ်ဦးဖြစ်ကာ အသင်းရဲ့ဂိုးသွင်းစက်တစ်လုံးလည်းဖြစ်ပါတယ်။ ဒ့ါအပြင် ထူးခြားတာက မာတာဟာ ကမ္ဘာ့ဘောလုံးလောကမှာ အမျိုးသားဘောလုံးသမားတွေတောင် မစွမ်းဆောင်နိုင်တဲ့ ဖီဖာကပေးအပ်တဲ့ ကမ္ဘာ့အကောင်းဆုံးဆုကို ၂၀၀၆ ခုနှစ်က စလို့ ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်အထိ ငါးနှစ်ဆက်တိုက်ရရှိထားတာပဲဖြစ်ပါတယ်။ ဒါပေမဲ့ မာတာမှာ အကောင်းဆုံးဆုတွေအများကြီး ပြည့်စုံနေပေမယ့် လိုအပ်နေတာတစ်ခုကတော့ ဘရာဇီးအသင်းနဲ့အတူ အမျိုးသမီးကမ္ဘာ့ဖလားမှာ ဗိုလ်စွဲရေးပါပဲ။ သူမကိုယ်တိုင်ကလည်း လက်ရှိကျင်းပနေဆဲ အမျိုးသမီးကမ္ဘာ့ဖလားမှာ အသင်းနဲ့အတူ ဗိုလ်စွဲချင်ကြောင်း ထုတ်ဖော်ထားတာမို့ စောင့်ကြည့်ရဦးမှာပါ။


စာ(၅၁)သို့








7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

# အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် မြန်မာ ဝင်ရောက်ယှဉ်ပြိုင်မည်

**ဖိုလ်ဖိုလ်ဝင်း**

**ရန်ကုန်၊ ဇွန် - ၂၉**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲ၌ မြန်မာဂျူဒိုအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဇူလိုင်လ ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာရှဂျူဒိုအဆင့်မြင့်နိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်၊ ကိုရီးယားနိုင်ငံများမှ အားကစားသမားများသာမက ဥရောပနိုင်ငံများမှလည်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲမှာ အမျိုးသားဝိတ်တန်းကိုးတန်းနဲ့ အမျိုးသမီးဝိတ်တန်းကိုးတန်း ထည့်သွင်းကျင်းပမှာဖြစ်ပါတယ်။ အဆင့်မြင့်ဂျူဒိုအားကစားသမားတွေနဲ့ ယှဉ်ပြိုင်ခွင့်ရရှိမှာဖြစ်တဲ့အတွက် အတွေ့အကြုံရရှိမှာဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာဂျူဒိုအဖွဲ့သည် ၎င်းဖိတ်ခေါ်ပြိုင်ပွဲသို့ ၂၀၀၇ ခုနှစ်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်သုံးခု ရရှိခဲ့ကြောင်း သတင်းရရှိသည်။

# ၁၆ နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာအသင်းတွင် မန္တလေးဘောလုံးအကယ်ဒမီမှ အများစုပါဝင်


ဓာတ်ပုံ - Reuters

**ဖိုလ်ဖိုလ်ဝင်း**

**ရန်ကုန်၊ ဇွန် - ၂၉**

အာဆီယံအသက် ၁၆ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ AFF U-16 Championship 2011 သို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်အသင်းတွင် ဘောလုံးအကယ်ဒမီ (မန္တလေး)မှ ကစားသမားအများစုကို အခြေခံထားကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၇ ရက်မှ ၂၀ ရက်အထိ လာအိုနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံ လူငယ်ဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာလူငယ်အသင်းသည် အုပ်စု(ခ)တွင် ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားအသင်းများနှင့် ကျရောက်လျက်ရှိပြီး အုပ်စု(က)တွင် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ အရှေ့တီမောအသင်းများ ပါဝင်လျက်ရှိကြောင်း သိရသည်။

မြန်မာလူငယ်အသင်းအား ဘောလုံးအကယ်ဒမီမှ ဘရာဇီးနည်းပြဆရာ မားကို့စ်က နည်းပြချုပ်အဖြစ် တာဝန်ယူလျက်ရှိပြီး ပြည်တွင်းတွင် ပြိုင်ပွဲအကြို ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားထားရာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။

## စာ(၅၀) - ပြည်ပကစားသမားများ ဂိုးသွင်းပိုကောင်း မှ

ပထမအကျော့မှာ ရှုံးပွဲမရှိကစားနိုင်သည့် အသင်းအဖြစ် ရောဝတီယူနိုက်တက်အသင်းက မှတ်တမ်းတင်ထားပြီး နိုင်ပွဲလုံးဝမရရှိသေးသော အသင်းအဖြစ် ဇွဲကပင်ယူနိုက်တက်အသင်းက ရပ်တည်လျက်ရှိသည်။

ယခုနှစ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်သည့် ရက္ခပူရယူနိုက်တက်အသင်းသည် မျှော်မှန်းသည်ထက် ခြေစွမ်းပြခဲ့ပြီး အဆင့် ၇ နေရာတွင်ရပ်တည်နေပြီး၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာမူ ရလဒ်များ ကျဆင်းကာ အဆင့် ၁၀ တွင်ရပ်တည်နေသည်။ ယခုနှစ်ရာသီတွင် ကစားသမားသစ်ခေါ်ယူမှုအတွက် ငွေကြေးအများဆုံးအသုံးပြုထားသည့် နေပြည်တော်အသင်းမှာ အဆင့် ၈ နေရာ၌ရပ်တည်လျက်ရှိသည်။

## စာ(၅၀)- အားကစားကြယ်ပွင့် မှ

**မာတာရဲ့ ဘောလုံးခရီးစဉ်**

မာတာဟာ ယခုလို ကမ္ဘာကျော် အမျိုးသမီးဘောလုံးဘဝကိုရောက်ရှိလာရာမှာ ဘရာဇီးရဲ့ နာမည်ကျော် အမျိုးသမီးနည်းပြဖြစ်တဲ့ ဟယ်လင်နာပါချီကိုရဲ့ ကျေးဇူးမကင်းပါဘူး။ ဟယ်လင်နာဟာ မာတာကို ၁၄နှစ်သမီးအရွယ်မှာပဲ ရှာဖွေတွေ့ရှိခဲ့ပြီး ဘရာဇီးရဲ့နာမည်ကျော်ဘောလုံးလေ့ကျင့်ရေးသင်တန်းကျောင်းဖြစ်တဲ့ ရီယိုဒီဂျနေးရိုးက ဗတ်စကိုဒဂါးမားကလပ်မှာ စတင်လေ့ကျင့်စေခဲ့ပါတယ်။ ဒီနောက်မှာတော့ မာတာဟာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို၂၀၀၀ ကနေ ၂၀၀၂ အထိ ဗတ်စကိုဒဂါးမားမှာ ကစားခဲ့ပြီးနောက် ၂၀၀၂-၀၄ ရာသီနှစ်ခုမှာတော့ ဆန်တာခရုဇ်အသင်းမှာကစားခဲ့ပါတယ်။ အဲဒီ ၂၀၀၄ ခုနှစ်အတွင်း ဖီဖာအသက် ၁၉ နှစ်အောက် ကမ္ဘာ့ချန်ပီယံရှစ် ပြိုင်ပွဲမှာ ဘရာဇီးအသင်းနဲ့ ဝင်ပြိုင်ခဲ့ပြီး ရွှေဘောလုံးဆုစတင်ရခဲ့တာဟာ မာတာရဲ့ ဘောလုံးအောင်မြင်မှုအစပါပဲ။

မာတာဟာ ၂၀၀၄ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်ထိကတော့ ဆွီဒင်အမျိုးသမီးဘောလုံးလိဂ်ပြိုင်ပွဲမှာ Umea IK ကလပ်မှာပါဝင်ကစားခဲ့ပြီး စတင်ရောက်ရှိတဲ့ ၂၀၀၃-၀၄ ဘောလုံးရာသီမှာ အသင်းကို ယူအီးအက်ဖ်အေဖလားဖိုင်နယ်ရောက်အောင်ကူညီနိုင်ခဲ့ပါတယ်။ အဲဒီ ၂၀၀၄ ဘောလုံးရာသီမှာ မာတာဟာ Umea နဲ့ လိဂ်ပြိုင်ပွဲ ဒုတိယ၊ ယူအီးအက်ဖ်အေဖလား ဒုတိယဆုတွေနဲ့ ကျေနပ်ခဲ့ရပေမယ့် လိဂ်ဂိုး ၂၂ ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ ၂၀၀၄-၀၅ ရာသီမှာတော့ Umea နဲ့အတူ လိဂ်ဂိုး ၂၁ ဂိုးသွင်းကာ ချန်ပီယံဖြစ်ခဲ့ပြီး အသင်းဟာလည်း လိဂ်ပွဲရှုံးပွဲတစ်ပွဲမှမရှိဘဲ ဗိုလ်စွဲခဲ့ပါတယ်။ ၂၀၀၅-၀၆ရာသီမှာလည်းအသင်းဟာ လိဂ်ချန်ပီယံထပ်ဖြစ်ခဲ့သလို မာတာကလည်း ယခင်နှစ်ကအတိုင်း လိဂ်သွင်းဂိုး ၂၁ ဂိုးအထိ သွင်းယူပေးခဲ့ပါတယ်။ Umea အသင်းဟာ ၂၀၀၆-၀၇ ရာသီမှာတော့ လိဂ်ချန်ပီယံအပြင် ဆွီဒင်ဖလားကိုပါ အနိုင်ရခဲ့ပြီး ယူအီးအက်ဖ်အေ အမျိုးသမီးဖလားပွဲမှာလည်း လေးကြိမ်မြောက်အဖြစ်ဖိုင်နယ်ရောက်ခဲ့ပေမယ့် အင်္ဂလန် အမျိုးသမီးကလပ်အသင်း အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရပါတယ်။ ဒီလိုနဲ့ မာတာဟာ ၂၀၀၈ ရာသီမှာ အသင်းနဲ့အတူ ဆွီဒင်ချန်ပီယံဖြစ်ခဲ့ပြီးနောက် ၂၀၀၉ နှစ်စမှာတော့ အမေရိကန်အမျိုးသမီးဘောလုံးလိဂ်က လော့စ်အိန်ဂျလိစ်ဆိုးလ်အသင်းကို သုံးနှစ်စာချုပ်နဲ့ပြောင်းရွှေ့ခဲ့ပါတယ်။ မာတာဟာ ယင်းအယ်လ်အေအသင်းမှာ ၂၀၀၉ ရာသီရဲ့ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ခဲ့သလို အသင်းဟာလည်း ရာသီရဲ့ချန်ပီယံဖြစ်ခဲ့ပါတယ်။ မာတာဟာ လော့စ်အိန်ဂျလိစ်ဆိုးလ်အသင်းရဲ့ ရာသီနားချိန်မှာ ဘရာဇီးကလပ် ဆန်းတို့စ်သို့ သုံးလအငှားစာချုပ်နဲ့သွားရောက်ကစားခဲ့ပြီး တောင်အမေရိကရဲ့ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲလို့ တင်စားခံရတဲ့ ကိုပါလစ်ဘာတေဒိုးပြိုင်ပွဲနဲ့ ဘရာဇီးပြည်တွင်းဖလားပွဲ ကိုပါဒိုဘရာဇီးဖလားပွဲတွေမှာ အသင်းကို ချန်ပီယံဖြစ်အောင် ကူညီပေးနိုင်ခဲ့ပါတယ်။

၂၀၁၀ပြည့်နှစ် ဇန်နဝါရီမှာတော့ မာတာဟာ အက်ဖ်စီဂိုးပရိုက်ဒ်အသင်းကို ထပ်မံပြောင်းရွှေ့ခဲ့ပြီး ၂၄ပွဲကစားကာ ၁၉ဂိုးသွင်းခဲ့သလို အကောင်းဆုံးကစားသမားဆုနဲ့ ဂိုးသွင်းအများဆုံးရွှေဖိနပ်ဆုတွေကို ဆွတ်ခူးခဲ့ပါတယ်။ ဒီလိုနဲ့ ၂၀၁၀ ဒီဇင်ဘာမှာတော့ မာတာဟာ အသင်းကနေ အငှားစာချုပ်နဲ့ ထုံးစံအတိုင်း ကိုပါလစ်ဘာတေဒိုးစ်ပွဲနဲ့ ကိုပါဒိုဘရာဇီးပွဲစဉ်တွေမှာ ဝင်ကစားပေးခဲ့ပါတယ်။

၂၀၁၁ ဇန်နဝါရီမှာတော့ မာတာဟာ အမေရိကန်အမျိုးသမီးဘောလုံးလိဂ်ရဲ့ Western New York Flash အသင်းကို ထပ်မံပြောင်းရွှေ့ခဲ့ပြီး သုံးနှစ်စာချုပ်နဲ့ စတင်ကစားခဲ့ပါတယ်။ အဲဒါကတော့ ယခုအထိပါ။

**နိုင်ငံတကာအောင်မြင်မှုများ**

မာတာဟာ ၂၀၀၇ ဇူလိုင်မှာ အမေရိကတိုက်လုံးဆိုင်ရာ အားကစားပွဲမှာ ဘရာဇီးအသင်းနဲ့ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်စွဲခဲ့ပါတယ်။ ဒါကြောင့် သူမရဲ့ခြေစွမ်းကို မီဒီယာတွေက ဘရာဇီးဘောလုံးဂန္ထဝင်ကစားသမားကြီးပီလီနဲ့နှိုင်းကာ 'စကတ်ဝတ်ထားတဲ့ပီလီ/အမျိုးသမီးဘောလုံးသမားပီလီ'ရယ်လို့ တင်စားတာခံခဲ့ရပြီး ပီလီကိုယ်တိုင်ကလည်း မာတာရဲ့ခြေစွမ်းကို ၎င်းနဲ့နှိုင်းယှဉ်တာကို သဘောကျကြောင်း ထောက်ခံခဲ့ပါတယ်။

မာတာဟာ ၂၀၀၇ ဖီဖာအမျိုးသမီးကမ္ဘာ့ဖလားမှာ ဘရာဇီးနဲ့ဝင်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲမှာတော့ ဂျာမနီကိုရှုံးနိမ့်ခဲ့လို့ ဒုတိယနဲ့ကျေနပ်ခဲ့ရပါတယ်။ ဒါပေမဲ့ သူမဟာ ၂၀၀၇ ကမ္ဘာ့ဖလားရဲ့ အကောင်းဆုံးကစားသမားဆုနဲ့ ရွှေဖိနပ်ဆု/ဂိုးသွင်းအများဆုံးဆုတို့ကိုရရှိခဲ့ပါတယ်။ မာတာဟာ ၂၀၀၈ ဘေဂျင်းအိုလံပစ်မှာလည်း ဘရာဇီးအိုလံပစ်အသင်းနဲ့ ငွေတံဆိပ် ဒုတိယဆုရရှိခဲ့ပါတယ်။

**ပုဂ္ဂိုလ်ရေးဘဝ**

မာတာဟာ သွေးချင်းမောင်နှမသုံးဦးရှိပြီး မိဘတွေအမည်ကတော့ အယ်ဒါရီယိုနဲ့ တာရက်ဇာတို့ဖြစ်ကြပါတယ်။ သူမဟာ ဆွီဒင်မှာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝအဖြစ်က အမေရိကန်ကို ပြောင်းရွှေ့လာပြီးနောက် ဆန်ဟိုဆေးမြို့မှာပဲ အခြေချနေထိုင်လျက်ရှိပါတယ်။ ဆွီဒင်စကားကျွမ်းကျင်စွာ ပြောတတ်တဲ့ သူမဟာ ပြီးခဲ့တဲ့ ၂၀၁၀ အောက်တိုဘာမှာတော့ ငါးနှစ်ဆက်တိုက် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုရခြင်းကို အသိအမှတ်ပြုခံရတဲ့အနေနဲ့ ကုလသမဂ္ဂရဲ့ ချစ်ကြည်ရေးသံတမန်တစ်ဦးအဖြစ်လည်း ခန့်အပ်ခံထားရပါတယ်။



မာတာ ကိုယ်ရေးအချက်အလက်များ

| | | |
|---|---|---|
| နာမည်ရင်း | - | မာတာဗီအေရာဒါဆေးလ်ဗား |
| မွေးနှစ် | - | ဖေဖော်ဝါရီ ၁၉၊ ၁၉၈၆ |
| ဇာတိ | - | ဒွါးရီယာကို၊ ဘရာဇီး |
| အရပ်အမြင့် | - | ၅ ပေ ၄ လက်မ |
| ကစားသည့်နေရာ | - | ရှေ့တန်း |
| လက်ရှိကလပ် | - | Western New York Flash |
| နိုင်ငံအသင်း | - | ဘရာဇီး |
| လက်ရွေးစင်အသင်း အောင်မြင်မှုများ | - | အမေရိကတိုက်လုံးဆိုင်ရာ အားကစားပြိုင်ပွဲဘောလုံးချန်ပီယံ ၂၀၀၃၊ ၂၀၀၇။ ဆူဒါမေရိကာနိုအမျိုးသမီးဖလားပွဲ ချန်ပီယံ ၂၀၀၃၊ ၂၀၁၀။ |



# ဆားဘီးယားကစားသမား ဂျိုကိုဗစ် နာဒယ်ကိုကျော်ဖြတ်၍ ကမ္ဘာ့အဆင့်တစ်ဖြစ်လာ

**လန်ဒန်၊ ဇူလိုင် - ၂**

ဆားဘီးယားတင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်သည် ဇွန်လ ၃၀ ရက်က ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ပြင်သစ်မှ ဝိုင်းဖရက်ဆွန်ဂါအား အနိုင်ရရှိပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် နံပါတ်တစ်ဖြစ်လာကြောင်းသိရသည်။

အသက် ၂၄နှစ်အရွယ်ရှိ ဂျိုကိုဗစ်က ယခုကဲ့သို့ ကမ္ဘာ့အဆင့်တစ်နေရာရောက်လာခြင်းအတွက် "ဒါဟာ အံ့သြစရာပါ။ ပွဲပြီးသွားတော့ ကျွန်တော့်ခံစားချက်တွေကို ဘယ်လိုထုတ်ပြရမလဲဆိုတာတောင် မသိပါဘူး" ဟုပြောသည်။

ဂျိုကိုဗစ်သည် ကွာတားဖိုင်နယ်တွင် ဝင်ဘယ်ဒန်ချန်ပီယံဆုခြောက်ကြိမ်ရခဲ့သည့် ဖက်ဒါးရားကိုအနိုင်ယူခဲ့သော ဆွန်ဂါနှင့် ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။ ၎င်းသည် ယခုအခါ အင်ဒီမာရေးကို အနိုင်ရခဲ့သော ဝင်ဘယ်ဒန်လက်ရှိ ချန်ပီယံနာဒယ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ၎င်းသည် ၂၀၀၄ ဖေဖော်ဝါရီလမှစ၍ ကမ္ဘာ့အဆင့်တစ်နေရာကို အပြန်အလှန်ရယူထားခဲ့သော နာဒယ်နှင့် ဖက်ဒါးရားတို့ပြီးနောက် ပထမဆုံးကစားသမားသစ်ဖြစ်လာသည်။

*—Ref: Reuters*


Roca
THE LEADING GLOBAL BATHROOM BRAND
www.roca.com
Made in Spain (Barcelona)
No. 12(A/B), 78th Road, Corner of 39th Street, Mandalay.
02-72741, 02-76598, 09-49232778, 09-47122678
Email - goldenlight.mdy@gmail.com


GOAL


for CHOICE
Happy Birthday to You
Kids Special
Play List of Music
For Choice Special
Movie Corner
Video Guide
Special Movie
Who is Photogenic?
People Choice
Special Sunday
Fashion & Voices
Paparazi
Designer's Choice
Movie Corner
Everyday Accessories
Star's Track
for CHOICE
Digital Receiver only

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011


# တ ုတ်တပ်မတော်က စစ်သားများလေ့ကျင့်ရန် အွန်လိုင်းဂိမ်းဖန်တီး



**ရှန်ဟိုင်း၊ ဇွန် - ၂၉**

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်သည် ၎င်း၏ တပ်သားများအား တိုက်ပွဲဝင်အရည်အချင်းနှင့် နည်းပညာကျွမ်းကျင်မှုမြင့်မားစေရန် ရည်ရွယ်၍ နိုင်ငံ၏ ပထမဆုံးသော အွန်လိုင်းစစ်ရေးလေ့ကျင့်ရေးဂိမ်းကို ဖန်တီးလိုက်ကြောင်း သိရသည်။ အဆိုပါ အွန်လိုင်းဂိမ်းမှာ ကစားသူက ပထမပုဂ္ဂိုလ်နေရာမှ ကစားရသောဂိမ်းဖြစ်ပြီး အခြားကစားသမားများအုပ်စုများလည်း ပါဝင်နိုင်သည်။

တကယ့်စစ်ပွဲ အစစ်သဏ္ဌာန် ဖန်တီးထားသည့် ဇာတ်ဝင်ခန်းများပါဝင်သော ယင်းဂိမ်းကိုဖန်တီးရန် အချိန် ၃၂လ (၂နှစ်ခွဲ ကျော်) ကြာမြင့်ခဲ့ကြောင်းသိရသည်။ ယင်းဂိမ်း၏ အချောသတ် ဗားရှင်းကို ဇွန် ၂၀ တွင် စတင်လွှင့်တင်ခဲ့သည်။ တရုတ်နိုင်ငံတွင် ယခုအခါ အွန်လိုင်းဂိမ်းကစားသူ သန်း ၃၀၀ ခန့်ရှိနေပြီး ကမ္ဘာ့အကြီးဆုံး အင်တာနက်ဈေးကွက်ကြီးဖြစ်ကြောင်း အစိုးရက ထုတ်ပြန်သော စာရင်းဇယားများအရသိရသည်။ *—Ref: Reuters*

# ကန်ဒေါ်လာရှစ်သန်းခန့် အလွဲသုံးစားလုပ်မှုဖြင့် တရုတ်(တိုင်ပေ) သမ္မတဟောင်းအား တရားစွဲဆို

**တရုတ် (တိုင်ပေ)၊ ဇွန် - ၃၀**

တရုတ်(တိုင်ပေ) သမ္မတဟောင်း လီတန်ဟွီးအား ကန်ဒေါ်လာ ၇ ဒသမ ၇၉ သန်း အလွဲသုံးစားလုပ်မှုဖြင့် တရားစွဲဆိုလိုက်ကြောင်း တရုတ် (တိုင်ပေ)အစိုးရရှေ့နေတစ်ဦးကပြောကြားသည်။

သမ္မတဟောင်းလီနှင့် ၎င်း၏ထိပ်တန်းလက်ထောက် လျူတိုင်ယင်တို့အား လျှို့ဝှက် သံတမန်ရန်ပုံငွေ တစ်ရပ်မှ ကန်ဒေါ်လာ ၇ ဒသမ ၇၉ သန်းအလွဲသုံး စားပြုလုပ်ခဲ့မှုဖြင့် ဇွန်လ ၃၀ ရက်တွင်တရားစွဲဆိုခဲ့ကြောင်း အစိုးရ ရှေ့နေချန်ဟောင်တာက ပြောကြားသည်။

မစ္စတာလီသည် ၁၉၈၈ မှ ၂၀၀၀ ပြည့်နှစ်အထိ တရုတ်(တိုင်ပေ) သမ္မတတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် တရုတ် (တိုင်ပေ)၏ ပထမဦးဆုံး လူထုဆန္ဒဖြင့် ရွေးချယ်သည့်သမ္မတအဖြစ်ရွေးချယ်ခံခဲ့ရသည်။ အခြားတရုတ်(တိုင်ပေ)သမ္မတဟောင်း တစ်ဦးဖြစ်သူ မစ္စတာချန်ရွှေဗျန်းသည်လည်း ခြစားမှုပြစ်ဒဏ်များအတွက် ထောင် ဒဏ် ၁၇ နှစ်ကျခံနေရကြောင်း သိရသည်။ *—Ref: AP*

# ဆိုက်ဘာစစ်ဆင်ရေး သင်တန်းကျောင်း တောင်ကိုရီးယား တည်ထောင်မည်

**ဆိုးလ်၊ ဇွန် - ၂၉**

တောင်ကိုရီးယားစစ်တပ်သည် မြောက်ကိုရီးယားမှ အင်တာနက်တိုက်ခိုက်မှုများကို ကာကွယ်နိုင်ရန်အတွက် ဆိုက်ဘာစစ်ဆင်ရေး သင်တန်းကျောင်းတစ်ခုကို တည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်တပ်သည် ယင်းသင်တန်းကျောင်းကို ကိုရီးယားတက္ကသိုလ်နှင့် ပူးပေါင်းကာ ၂၀၁၂ တွင် ဆိုက်ဘာကာကွယ်ရေးတက္ကသိုလ်အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်သည်။ လေးနှစ်ကြာ တက်ရောက်ရမည့် ထိုကျောင်းအတွက် တစ်နှစ်လျှင် ကျောင်းသားဦးရေ ၃၀ လက်ခံမည်ဟုဆိုသည်။

ကျောင်းတွင် သင်ကြားမည့် သင်ရိုးများ၌ အင်တာနက်မှ ဗိုင်းရပ်စ်ပါဝင်သော ကုတ်နံပါတ်များ ဖြိုခွင်းနည်း၊ ဆိုက်ဘာစစ်ပွဲအတွက် စိတ်ဓာတ်ရေးရာ ပြင်ဆင်နည်း၊ ဖြစ်နိုင်ခြေရှိသော အင်တာနက်တိုက်ခိုက်မှုများကို ကြိုတင်ကာကွယ်နည်းများ ပါဝင်မည်ဟု သိရသည်။ တောင်ကိုရီးယားအာဏာပိုင်များသည် ပြီးခဲ့သည့်မေလက နိုင်ငံတွင်းရှိဘဏ်များကို တိုက်ခိုက်ခဲ့သော ဆိုက်ဘာတိုက်ခိုက်မှု၏ နောက်ကွယ်တွင် မြောက်ကိုရီးယားထောက်လှမ်းရေး ပါဝင်ပတ်သက်နေကြောင်းစွပ်စွဲထားသည်။ *—Ref: AFP*

# အိုင်အိုဒင်းပါဝင်မှုမြင့်မားသော ကိုရီးယား ရေညှိခြောက်တစ်မျိုး ဩစတြေးလျအာဏာပိုင်များ ပိတ်ပင်

**ဆစ်ဒနီ၊ ဇွန် - ၂၉**

ဩစတြေးလျနိုင်ငံရှိ အာရှအစားအစာရောင်းချသော စူပါမားကက်ကြီးများတွင် ကိုရီးယားမှတင်ပို့သော ရေညှိခြောက်တစ်မျိုးသည် ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် အိုင်အိုဒင်းပါဝင်မှုအလွန်မြင့်မားနေကြောင်း တွေ့ရှိရသဖြင့် ယင်းတို့ကို ပြန်သိမ်းရန် အမိန့်ထုတ်ထားကြောင်း အာဏာပိုင်များကဆိုသည်။ ဩစတြေးလျ နယူးဇီလန်အစားအစာ စံချိန်စံညွှန်းအဖွဲ့ (FSANZ)သည် ကိုရီးယားကုမ္ပဏီ Wang Dried Kelp Varech Speche မှထုတ်လုပ်သော ရေညှိများကို ဈေးကွက်မှ ပြန်သိမ်းခိုင်းထားကြောင်း ဩစတြေးလျ အေပီသတင်းကလည်း ထုတ်ပြန်သည်။

ယင်းအဖွဲ့၏ ကြေညာချက်တွင်“အဲဒီရေညှိထုတ်ကုန်မှာ အိုင်အိုဒင်းပါဝင်မှုနှုန်းဟာ သာမန်ထက်မြင့်မားနေပါတယ်။ ဒီထုတ်ကုန်တွေကို ပုံမှန်စားသုံးရုံနဲ့ ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်နေတဲ့မိခင်တွေမှာ ပါကျန်းမာရေးပြဿနာတွေဖြစ်စေနိုင်ပါတယ်”ဟု ဖော်ပြထားသည်။ *—Ref: Xinhua*





7 DAY NEWS JOURNAL
Vol.10, No.16 · JULY 7, 2011

## နိုင်ငံတကာ အာကာသစခန်းနှင့် အာကာသအမှိုက်တစ်ခု တိုက်မိမလိုဖြစ်ခဲ့

**ဖလော်ရီဒါ၊ ဇွန် - ၂၉**


အာကာသထဲ မျောလွင့်နေသည့် အာကာသအမှိုက်တစ်ခုသည် နိုင်ငံတကာ အာကာသစခန်းအနီးသို့ အလွန်နီးကပ်စွာ ချဉ်းကပ်လာခဲ့သဖြင့် ISS ပေါ်ရှိ အာကာသမှူးခြောက်ဦးသည် ပြွန်ပုံသဏ္ဌာန် အာကာသယာဉ်များသို့ဝင်ရောက်၍ ကမ္ဘာမြေသို့ အရေးပေါ်ပြန်လာနိုင်ရန် ပြင်ဆင်ခဲ့ရကြောင်း သိရသည်။




အာကာသအမှိုက်သည် အာကာသစခန်းမှ ၁,၁၀၀ ပေသာ ကွာဝေးသည့် နေရာသို့ ရောက်ရှိခဲ့ကြောင်း အရာရှိများက ပြောကြားသည်။ ယင်းအမှိုက်အပိုင်းအစ၏ အရွယ်ပမာဏကို မသိရှိရသော်လည်း သေးငယ်သော အစိတ်အပိုင်းတစ်ခုပင် နိုင်ငံတကာအာကာသစခန်းအား သိသိသာသာပျက်စီးသွားစေနိုင်သည်။

ယခုအဖြစ်အပျက်မှာ အာကာသအမှိုက်တစ်ခု ISS နားသို့ ပထမဆုံးအကြိမ် အနီးကပ်ဆုံးရောက်ရှိလာခြင်းဖြစ်ရာ အာကာသခရီးစဉ်ထိန်းချုပ်ရေးစင်တာမှနေ၍ အာကာသယာဉ်မှူးများအား ရုရှားနိုင်ငံလုပ် ဆိုယုဇ်အာကာသယာဉ်များအတွင်းသို့ ဝင်ရောက်နေရာယူထားရန် ညွှန်ကြားခဲ့သည်။

ယင်းအမှိုက် ချဉ်းကပ်လာကြောင်းကို နာဆာအနေဖြင့် ၁၄ နာရီသာ ကြိုတင်သတိပေးချက်ရရှိသဖြင့် အာကာသစခန်းအား အန္တရာယ်လမ်းကြောင်းမှ မရွှေ့ပြောင်းနိုင်ခဲ့ကြောင်းသိရသည်။ ယင်းအမှိုက် အနီးဆုံးရောက်ရှိလာခဲ့ပြီး မိနစ်နည်းငယ်အကြာတွင် အရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ လက်ရှိတွင်နိုင်ငံတကာအာကာသစခန်းပေါ်၌ ရုရှားအာကာသယာဉ်မှူးသုံးဦး၊ အမေရိကန်နှစ်ဦးနှင့် ဂျပန်တစ်ဦး ရောက်ရှိနေကြောင်းသိရသည်။ —*Ref: AP*



## တင့်ကားများနှင့်တိုက်ခိုက် ဆီးရီးယား-တူရကီနယ်စပ်တွင် လူ ၁၁ ဦး သေဆုံး

**အာမန်၊ ဇွန် - ၃၀**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ဘက်တွင် သမ္မတအာဆတ်အပေါ် ကန့်ကွက်ဆန္ဒပြသူများအား ဆီးရီးယားတပ်ဖွဲ့များက သံချပ်ကာယာဉ်များအသုံးပြု၍ ဆက်လက်နှိမ်နင်းနေရာ လူ၁၁ ဦး သေဆုံးသွားကြောင်း ဒေသခံများကပြောကြားသည်။ ယင်းသို့ တိုက်ခိုက်မှုများကြောင့် တူရကီနိုင်ငံသို့ ဒုက္ခသည်ထောင်ပေါင်းများစွာ ထွက်ပြေးခဲ့ရပြီဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တူရကီနယ်စပ်မှ ၃၅ ကီလိုမီတာအကွာ ဂျာဘယ်အယ်လ်ဇော်ရဒေသတွင် သမ္မတဘာရှားအယ်အာဆတ်အပေါ် ကန့်ကွက်ဆန္ဒပြမှုများကျယ်ပြန့်လာ၍ အာဏာပိုင်များက နှိမ်နင်းခဲ့သည်။ ဇူလိုင်လ ၁၀ ရက်တွင် တွေ့ဆုံဆွေးနွေးရေးအတွက် အတိုက်အခံများကိုဖိတ်ခေါ်သွားမည်ဟု အာဏာပိုင်များက ပြောကြားပြီးတစ်ရက်အကြာ ယခုနှိမ်နင်းမှုများဖြစ်ပေါ်လာခြင်းဖြစ်သည်။

အတိုက်အခံခေါင်းဆောင်များက ယင်းကမ်းလှမ်းမှုကို ပယ်ချထားပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ ဖမ်းဆီးမှုများရှိနေစဉ် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမှာယုံကြည်ကိုးစားမှုရမည် မဟုတ်ကြောင်းပြောသည်။

သေဆုံးသူများတွင် ဆာဂျာရွာမှ လူငယ်နှစ်ဦးလည်း ပါဝင်ပြီး ဦးတည်ရာမဲ့ပစ်ခတ်မှုကြောင့် အသက် ၁၁ နှစ်အရွယ် ကလေးငယ်တစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ရာ ၎င်းအား ဆေးကုသရေးအတွက် ရွာအပြင်သို့ထုတ်မလာနိုင်ကြောင်း၊ တင့်ကားများကလမ်းများပိတ်ထားပြီး တပ်ဖွဲ့များက တရစပ်ပစ်ခတ်နေကြောင်း ဂျာဘယ်အယ်ဇော်ရမှ ကျောင်းဆရာတစ်ဦးက ရိုက်တာသတင်းသို့ တယ်လီဖုန်းဖြင့် ပြောကြားခဲ့သည်။ —*Ref: Reuters*

## အာကာသအတွင်း မျောက်တစ်ကောင် ပို့လွှတ်ရန် အီရန် ပြင်ဆင်

**တီဟီရန်၊ ဇွန် - ၂၉**

အီရန်နိုင်ငံသည် ဇူလိုင်လအတွင်း တိုင်းပြည်၏ ဒုံးပျံနှင့် အာကာသအစီအစဉ်အရ သက်ရှိမျောက်တစ်ကောင်ကို အာကာသအတွင်း ပို့လွှတ်သွားရန် စီမံထားကြောင်း သိရသည်။ အီရန်အစိုးရ သတင်းဌာန၏အဆိုအရ အီရန်အာကာသအေဂျင်စီသည် မျောက်ငါးကောင်ကို စမ်းသပ်စစ်ဆေးနေပြီး ယင်းအနက် တစ်ကောင်ကို ရွေးချယ်ကာ ကဗော့ရှ်ဂါ-၅ ဒုံးပျံဖြင့် အာကာသအတွင်း ပို့လွှတ်သွားမည်ဖြစ်ကြောင်းသိရသည်။

အီရန်သမ္မတ အာမက်ဒီနီဂျက်ကလည်း ပြီးခဲ့သည့် ဩဂုတ်လက အီရန်သည် ၂၀၁၇ ခုနှစ် အရောက်တွင် အာကာသအတွင်း လူသားတစ်ဦး ပို့လွှတ်နိုင်ရန် စီစဉ်ထားကြောင်းပြောခဲ့သည်။ အနောက်နိုင်ငံများက အီရန်၏ ကမ္ဘာ့ပတ်လမ်းအတွင်းမှ ဂြိုဟ်တုများသည် တာဝေးပစ်ဒုံးကျည်နည်းပညာဖြင့် နျူကလီးယားထိပ်ဖူးများ အသုံးပြုတိုက်ခိုက်နိုင်ကြောင်း စိုးရိမ်တကြီးထုတ်ဖော်ထားသည်။ အီရန်သည်ပြီးခဲ့သည့်အပတ်က ပြည်တွင်းဖြစ် ဒုတိယမြောက်ဂြိုဟ်တု ရာဆတ်-၁ ကို ကမ္ဘာ့ပတ်လမ်းထဲလွှတ်တင်ခဲ့သည်။ —*Ref: Reuters*

7 DAY NEWS JOURNAL
Vol.10, No.16 • JULY 7, 2011

## အဓိကရုဏ်းများကြားမှ ခြိုးခြံချွေတာရေး အစီအစဉ်ကို ဂရိပါလီမန် အတည်ပြု

**အေသင်၊ ဇွန် - ၃၀**

နိုင်ငံတကာ မြီရှင်နိုင်ငံများက တောင်းဆိုထားသည့် ခြိုးခြံချွေတာရေး အစီအစဉ်များကို ဂရိပါလီမန်က အတည်ပြုပေးလိုက်ကြောင်းနှင့် ယင်းအတွက် မျက်နှာဖုံးစွပ်ထားသည့် ကန့်ကွက်ဆန္ဒပြသူများနှင့် မျက်ရည်ယိုဗုံးများ ပစ်သည့် ရဲတပ်ဖွဲ့ကြားတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။



၂၀၁၅ အရောက်တွင် အစိုးရ၏ အသုံးစရိတ်အား ယူရို ၂၈ ဒသမ ၄ ဘီလီယံလျှော့ချရမည့်ပြင်းပြင်းထန်ထန် အငြင်းပွားခဲ့သည့် ခြိုးခြံချွေတာရေး အစီအစဉ်ကို ဂရိပါလီမန်က ထောက်ခံမဲ ၁၅၅ မဲ၊ ကန့်ကွက်မဲ ၁၃၈ မဲဖြင့် အတည်ပြုပေးခဲ့သည်။ သို့မှသာ ဂရိနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂနှင့်နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ထံမှ အရေးပေါ် ချေးငွေများ ရယူနိုင်မည်ဖြစ်သည်။

အမာခံ ဆန္ဒပြသူ လူငယ်ပေါင်း ၅၀၀၊ ၆၀၀ ခန့်က ပါလီမန်ရှေ့ရင်ပြင်တွင် မီးပန်းဒုံးကျည်ငယ်များဖြင့် ရဲတပ်ဖွဲ့အား တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ကလည်း မျက်ရည်ယိုဗုံးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း သိရသည်။ လုံခြုံရေးတပ်ဖွဲ့များက ဆန္ဒပြသူများကို ပါလီမန်ရင်ပြင်မှ ဝေးရာသို့ မောင်းထုတ်နိုင်ခဲ့သော်လည်း နေ့လယ်ပိုင်းတွင် ဘဏ္ဍာရေးဝန်ကြီးဌာနရှေ့၌ မီးလောင်မှုတစ်ခုဖြစ်ပေါ်ခဲ့သည်။ တိုက်ခိုက်မှုများမှာ ညပိုင်းအထိဆက်လက်ဖြစ်ပေါ်ခဲ့သည်။

ခြိုးခြံချွေတာမှု အစီအစဉ်များကို ပါလီမန်က အတည်ပြုပေးခဲ့ခြင်းအတွက် ဂျာမန်အဓိပတိအန်ဂျလာမာကယ် အပါအဝင် ဥရောပခေါင်းဆောင်များက ကြိုဆိုခဲ့ကြသည်။ ယင်းမဲခွဲမှုအား အမျိုးသားရေးအရတာဝန်ယူမှုဟု အီးယူဥက္ကဋ္ဌဗန်ရွန်းပေးကထောက်ခံပြောဆိုခဲ့သည်။ *—Ref: AFP*

## စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်မှုကို တောင်ကိုရီးယား လျှော့ချခန့်မှန်း

**ဆိုးလ်၊ ဇွန် - ၃၀**

ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်လာစဉ်မှာပင် တောင်ကိုရီးယားအစိုးရက ယခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကို လျှော့ချခန့်မှန်းခဲ့ပြီး ငွေကြေးဖောင်းပွမှု ခန့်မှန်းချက်ကို မြှင့်တင်လိုက်သည်။

အာရှ၏ စတုတ္ထအကြီးဆုံး စီးပွားရေးပိုင်ဆိုင်သည့် တောင်ကိုရီးယားနိုင်ငံ၏ ၂၀၁၁ ခုနှစ်အတွက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုသည် ၄ ဒသမ ၅ ရာခိုင်နှုန်းသာရှိမည်ဟု မဟာဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ပြောကြားပြီး ယင်းမှာ ပြည်တွင်းဝယ်လိုအား မျှော်မှန်းထားသည်ထက် လျော့နည်းနေခြင်းကြောင့်ဟု အကြောင်းပြသည်။

"ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထလာတာနဲ့အမျှ နိုင်ငံခြားကို ကုန်ပစ္စည်းတင်ပို့မှုတွေ သွက်လက်နေပါလိမ့်မည်။ သို့သော် ရေနံဈေးနှုန်းများ မြင့်တက်မှုကြောင့် ကုန်သွယ်ရေးယိမ်းယိုင်လာနိုင်ပြီး ပြည်တွင်းစားသုံးမှုကလည်း ကနဦးမျှော်မှန်းထားသည်ထက် နှေးကွေးလေးလံနေပါသည်"ဟု တစ်နှစ် ၂ကြိမ် ထုတ်ပြန်သည့် စီးပွားရေးခန့်မှန်းချက် အစီရင်ခံစာတွင် ဆက်လက်ဖော်ပြသည်။

"ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေရဲ့ စီးပွားရေးနာလန်ထူမှုကလည်း နည်းနည်းလေးနှေးသွားပါတယ်။ ပြည်တွင်းစားသုံးမှုကလည်း မျှော်လင့်ထားတာထက် နှေးကွေးနေပါတယ်"ဟု မဟာဗျူဟာနှင့် စီးပွားရေးဝန်ကြီးဌာန စီးပွားရေးပေါ်လစီဗျူရိုအကြီးအကဲ ယွန်ဂျောင်ဝမ်က ပြောကြားသည်။

ငွေကြေးဖောင်းပွမှု ခန့်မှန်းချက်ကိုလည်း မူလက ၃ ရာခိုင်နှုန်းမှ ယခုအခါ ၄ ရာခိုင်နှုန်းရှိမည်ဟု ဝန်ကြီးဌာနက ပြောင်းလဲခန့်မှန်းပြီး ဈေးတက်မည့် အခြေအနေမှာ စက်တင်ဘာလမတိုင်မီအထိ သိသိသာသာပြောင်းလဲမှုမရှိနိုင်ဟု ခန့်မှန်းထားသည်။

*—Ref: AFP*




7 DAY NEWS JOURNAL

# International

Vol.10, No.16 • JULY 7, 2011

**Interview**



### အာရှတိုက်ရဲ့ ပထမဆုံးသော ကမ္ဘာ့အဆင့် တင်းနစ်ကြယ်ပွင့် လီနာနှင့် အမေးအဖြေ ၁၀

စာ- ၄၆

**News Analysis**



### နိုင်ငံတွင် အရေးကြုံလာသောအခါ

စာ- ၃၆



# ထိုင်းနိုင်ငံတွင် ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ် တာဝန်ထမ်းဆောင်မည်

**ဘန်ကောက်၊ ဇူလိုင် – ၄**

ထိုင်းနိုင်ငံအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံမှထွက်ပြေးတိမ်းရှောင်နေသည့် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝါထရာဦးဆောင်သော ပြူထိုင်းပါတီက ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့ပြီးနောက် ပါတီ၏ လက်ရှိခေါင်းဆောင်၊ သက်ဆင်၏ညီမ ယင်လက်ခ်ရှင်နာဝါထရာသည် ထိုင်းနိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာရန် လမ်းပွင့်သွားပြီဖြစ်သည်။




လက်ရှိ ထိုင်းဝန်ကြီးချုပ် အဘီဆစ်ဗစ်ဂျာဂျီဗာကလည်း ရွေးကောက်ပွဲတွင် ယင်လက်ခ် အနိုင်ရရှိကြောင်း ဝန်ခံပြောကြားခဲ့ပြီး နိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာခြင်းအတွက် ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ပြူထိုင်းပါတီကိုဦးဆောင်ခဲ့သူ သက်ဆင်ရှင်နာဝါထရာမှာ လွန်ခဲ့သည့်ငါးနှစ်က ထိုင်းစစ်ဘက်မှ အာဏာသိမ်း၍ ၎င်းအား ရာထူးမှ ဖြုတ်ချခဲ့ပြီးနောက်ပိုင်းမှစ၍ နိုင်ငံမှတိမ်းရှောင်နေခဲ့ပြီး ယခုအခါ ဒူဘိုင်းတွင် နေထိုင်လျက်ရှိသည်။

ယင်လက်ခ်(၄၄ နှစ်)သည် သက်ဆင်၏ နိုင်ငံရေးလက်ဝေခံသာဖြစ်သည်ဟုရှုမြင်ခံရပြီး နိုင်ငံ၏ ၂၈ ယောက်မြောက် ဝန်ကြီးချုပ်ဖြစ်လာဖွယ်ရှိသည်။ ထိုင်းနိုင်ငံမှာ စစ်ဘက်အာဏာသိမ်းရာဇဝင်နှင့် နိုင်ငံရေးမတည်ငြိမ်မှုများနှင့်လည်း ကြုံတွေ့ခဲ့သည့်နိုင်ငံဖြစ်သည်။ စာ(၄၅)သို့

## ရွေးကောက်ပွဲပြီးသွားသော်လည်း အမုန်းတရားများရှိနေဆဲဖြစ်ကြောင်း ထိုင်းသတင်းစာ သုံးသပ်

**ဘန်ကောက်၊ ဇူလိုင် – ၄**



ထိုင်းနိုင်ငံတွင် အများက မျှော်လင့်နေသည့် ရွေးကောက်ပွဲပြီးသွား၍ 'ပြည်သူများက စကားပြောခဲ့ပြီ' ဖြစ်သော်လည်း အကြီးမားဆုံးပြဿနာကို မဖြေရှင်းရသေးဘဲ ကျန်ရှိနေသေးကြောင်း ထိုင်းသတင်းစာ သည်နေးရှင်း ခေါင်းကြီးပိုင်းတွင်ဖော်ပြသည်။

ယင်းအကြီးမားဆုံးပြဿနာမှာ လုပ်ငန်းဆောင်တာများ လုပ်ဆောင်နိုင်မည့် အစိုးရတစ်ရပ်ပေါ်ထွက်ရေးနှင့်လည်း မသက်ဆိုင်၊ ပေါက်ကွဲနိုင်ခြေရှိသည့် (သက်ဆင်၏) လွတ်ငြိမ်းချမ်းသာခွင့်နှင့်လည်း မသက်ဆိုင်၊ ထိုင်းစစ်ဘက်က မည်သို့ပြုမူမည်နှင့်လည်း မသက်ဆိုင်ကြောင်း ယင်းသတင်းစာ၏ ခေါင်းကြီးပိုင်းက သုံးသပ်ထားသည်။

ထိုင်းနိုင်ငံမှာ နှစ်ခြမ်းကွဲနေဆဲဖြစ်ကြောင်း၊ ယင်းမှာ အဘီဆစ်နှင့်သက်ဆင်အကြား ကွဲပြားမှုမဟုတ်။

စာ(၄၅)သို့

## အိန္ဒိယဘုရားကျောင်း တစ်ခုတွင် ရွှေငွေကျောက်သံပတမြား အမြောက်အမြား တွေ့ရှိ

**ကီရာလာ၊ ဇူလိုင် – ၂**

အိန္ဒိယနိုင်ငံတောင်ပိုင်း ဘုရားကျောင်းတစ်ခုအောက်တွင် ကန်ဒေါ်လာသန်းပေါင်းများစွာ တန်ကြေးရှိသည့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား အမြောက်အမြားတွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားနှင့် လက်ဝတ်ရတနာအမြောက်အမြားကို ကီရာလာပြည်နယ်ရှိ ၁၆ ရာစုတွင် တည်ထားခဲ့သည့် ဆရီပက်မာနာဘာဆွာမီဘုရားကျောင်းမြေတိုက်ခန်းများ၌တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

ယင်းအဖိုးတန်ပစ္စည်းများကို တာဝန်ရှိသူများက စာရင်းပြုစုနေဆဲဖြစ်ကြောင်း၊ တရားဝင် တန်ဖိုးသတ်မှတ်ချက်မထုတ်ပြန်သေးသော်လည်း ယင်းပစ္စည်းများ၏တန်ဖိုးသည် ရူပီး ၇၅၀ ဘီလီယံ (ကန်ဒေါ်လာသန်း ၁၇ ဘီလီယံ)ခန့်ရှိနိုင်ကြောင်း သိရသည်။ စာ(၄၅)သို့

